

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


၇ ရက် သတင်းဂျာနယ်

7 DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၃)၊ အမှတ်(၂) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက် ၊ ဗုဒ္ဓဟူး ၊ (မတ် ၁၂ ၊ ၂၀၁၄)


TRI LIVES BRILLIANTLY

# ဥပဒေတစ်ရပ်မှာ မျက်နှာဘယ်နှဖက်ရှိသလဲ

**ထွန်းခိုင်**

ရွှေသံလွင်အပါအဝင် အင်အားကြီးစီးပွားရေးကုမ္ပဏီကြီးများက နိုင်ငံအတွင်းသို့ မှောင်ခိုလမ်းကြောင်းမှ စက်သုံးဆီများခိုးသွင်းနေကြောင်း သက်သေအထောက်အထားများနှင့်တကွ ၂၀၁၂ နိုဝင်ဘာအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဝင်းမြင့်က လွှတ်တော်တွင် ဖော်ထုတ်ခဲ့သည်။

သို့သော် စက်သုံးဆီမှောင်ခိုမှုဖြင့် သံသယရှိသည့် ကုမ္ပဏီများကို အစိုးရက တရားရုံးရှေ့ပို့ဆောင်နိုင်ခဲ့ခြင်းမရှိဘဲ ၎င်းတို့တင်သွင်းလာသည့်ဆီတင်သင်္ဘောများကိုပင် ရဲတပ်ဖွဲ့ဝင်များတားဆီးစစ်ဆေးပိုင်ခွင့်မရှိကြောင်း အကြောင်းပြန်ခဲ့သည်။

စက်သုံးဆီဂါလန်ထောင်သောင်းချီ မှောင်ခိုတင်သွင်းလာသည့် စီးပွားရေးလုပ်ငန်းကြီးများကိုမတို့မထိရန်ဆုံးဖြတ်ခဲ့ပြီးနောက် ၁၆ လခန့်အကြာ ၂၀၁၄ မတ်လ



ဆန်းတွင် ရေနံစိမ်းဂါလန် ၈၀၀ ခန့် သယ်ဆောင်လာသူများကို မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက အမှုဖွင့်အရေးယူခဲ့သည်။ အကြောင်းပြချက်က ခွင့်ပြုချက်တစ်စုံတစ်ရာပါရှိခြင်းမရှိဘဲ သယ်ဆောင်လာသည်ဟု ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

စာမျက်နှာ ၈ »

## မျိုးစောင့်ဥပဒေကြမ်းနှစ်ခုက အခြေခံဥပဒေပြင်ဆင်ရေး အာရုံပြောင်းခြင်းလား

**မင်းဟိန်းကျော်**

အခြေခံဥပဒေပြင်ဆင်ရေး ဆောင်ရွက်နေသည့်ကာလတွင် အမျိုး၊ဘာသာ၊သာသနာနှင့်သက်ဆိုင်သော ဥပဒေများ ရေးဆွဲရန် လုပ်ကိုင်လာခြင်းမှာ အာရုံပြောင်းခြင်းများလားဟု နိုင်ငံရေးလေ့လာသူအချို့က သုံးသပ်မှုများလည်းရှိသည်။ အမျိုး၊ ဘာသာအတွက် အရေးကြီး၍ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြောသူများလည်းရှိသည်။

စာမျက်နှာ ၃ »

## ငြိမ်းချမ်းရေး သက်သေပြပေးပါ

**အိဖြူမွန်**

"ကျွန်မကလေးနှစ်ယောက် စစ်ပွဲဖြစ်လို့ ဟိုပြေး ဒီပြေးရင်း လမ်းမှာဆုံးသွားတယ်။ ဒီလိုမျိုး ထပ်မကြုံချင်တော့ဘူး။ သူတို့က ရွှေ့ပေးမယ်၊ ပြောင်းပေးမယ် ပြောကြတာ။ ကျွန်မတို့ကို ဘယ်လို အာမခံချက်ပေးမှာလဲ"

စာမျက်နှာ ၅ »



မြန်မာပြည်သူများ အရောက်အပေါက်နည်းသည့် အသည်းပုံရိဒ်ရေကန်ကြီး ယခုအခါ တဖြည်းဖြည်းယိုယွင်းလာနေသည် ဓာတ်ပုံ-ကိုစိုင်း

## ဒဏ္ဍာရီများစွာ မြှုပ်နှံထားတဲ့ ပျောက်ကွယ်နေသော နှလုံးသား

**ကိုစိုင်း**

အသည်းနှလုံးပုံ ရိဒ်ရေအိုင်ကြီး စတင်တည်ရှိသောနှစ်ကို မည်သူမျှတပ်အပ်သေချာမပြောနိုင်သော်လည်းအိန္ဒိယနိုင်ငံနေမိဇိုးလူမျိုးတို့၏နှစ်စဉ် ဘိုးဘွားဝိညာဉ်များလာရောက်ကန်တော့ရာ ဒေသ။ စီးပွားတိုးတက်စေရန် ရေအိုင်ထဲရှိ ဘိုးဘွားများ၏ဝိညာဉ်များလာရောက်ကန်တော့အကူအညီတောင်းခံရာ နေရာ။

အချပ်ပို A5 »



"အပစ်အခတ်ရပ်စဲရေး အောင်မြင်လိမ့်မယ်ထင်ပါတယ်။ တိုင်းရင်းသားတွေရဲ့နိုင်ငံရေးရပိုင်ခွင့်တွေကိုတော့ အစိုးရဘက်က စဉ်းစားဖို့လိုတယ်"

ရက်ရှိုင့်တပ်မတော် စစ်ရေးတာဝန်ခံနှင့် တွေ့ဆုံခြင်း

အချပ်ပို A6 »

# ငြိမ်းချမ်းရေးအတွက် ခြေတစ်လှမ်း

**အောင်သူရ**

အစိုးရနှင့် NCCT နောက်ဆုံးတွေ့ဆုံဆွေးနွေးမှုရလဒ်မှာ အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ပြီး မြန်မာ့ငြိမ်းချမ်းရေးအတွက် အောင်မှတ်ရခဲ့သည်ဟု ပါဝင်ဆွေးနွေးသူများက သုံးသပ်သည်။ ဦးအောင်မင်းကဆွေးနွေးပွဲမှာ ၈၀ရာခိုင်နှုန်း သဘောတူညီခဲ့သည်ဟုပြောသည်။

အချပ်ပို A6 »

## အများပိုင်မြေတွေ ဘယ်ရောက်သွားပြီလဲ

သူရကျော်၊ ဇေနွေထွန်း၊ ယမင်း



ဆောင်းပါး စာ-၂၀ »







## နေထိုင်မှုဘဝသစ်သို့ ပြောင်းလဲရန် Mr. Golden City က သင့်အား ဖိတ်ခေါ်လိုက်ပါသည်။

ချစ်လှစွာသော မိတ်ဆွေ.... မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကို မှတ်မိသေးရဲ့လား။ ကျွန်တော်က Mr. Golden City ပါ။ ကျွန်တော်မိတ်ဆွေဆီကို စာတစ်စောင်ပေးပို့ခဲ့ဖူးပါတယ်။ ကျွန်တော် အခု စိတ်တွေလှုပ်ရှားတက်ကြွနေပါတယ်။ ဒီGolden City မှာပဲ ကျွန်တော် အခြေစိုက်နေထိုင်ပါတော့မယ်။ ဒီနေရာမှာပဲ မိသားစုနဲ့ ပျော်ရွှင်စွာနေထိုင်ပြီးတော့ လူ့ဘဝရဲ့ သာယာမှုကို ခံစားပါတော့မယ်။

လူတိုင်းမှာ မတူညီတဲ့ မျှော်မှန်းချက်အိပ်မက်တွေရှိကြပေမဲ့ တူညီမှု တစ်ခုတော့ရှိတတ်ကြ တယ်။ ဒါကတော့ လူတိုင်းရဲ့ စိတ်ဆန္ဒမှာ စိတ်ကူးယဉ်အိမ်လေးတစ်လုံးတော့ လိုလားတောင်းတ တတ်ကြပါတယ်။ နွေးထွေးမိမ်ကျတဲ့ နေအိမ်လေးတစ်လုံးမှာ မိသားစုတွေနဲ့ ဘဝရဲ့ သာယာမှု ပျော်ရွှင်မှုကို ခံစားချင်ကြပါတယ်။ ဒါပေမဲ့ ဒီလို စိတ်တိုင်းကျအိမ်လေးတစ်လုံး ရှာတွေ့ဖို့ဆိုတာ ထင်သလောက်မလွယ်ကူပါဘူး။ ဒီကနေ့ Golden City ရဲ့ ပေါ်ပေါက်လာမှုက ကျွန်တော့်ရဲ့ ဆန္ဒ တစ်ခုကို ဖြည့်စီးပေးလိုက်သလိုပါပဲ။ မိတ်ဆွေလည်း ကျွန်တော်လိုပဲ ဒီနေရာမှာ နေထိုင်ပြီး မိမိရဲ့ မျှော်မှန်းချက်အိပ်မက်ကို အကောင်အထည်ဖော်နိုင်ဖို့ မျှော်လင့်မိပါတယ်။

March(15) ဆိုရင် Golden City က အခန်းများကို တရားဝင်စတင်ရောင်းချတော့မှာ ဖြစ်ပါတယ်။ မိတ်ဆွေနဲ့ ကမ္ဘာတစ်ဝှမ်း တူညီတဲ့ခြေလှမ်းနဲ့ လျှောက်လှမ်းနိုင်တော့မယ်။ မိတ်ဆွေကို ကမ္ဘာတစ်ဝှမ်းက အားကျမိလိမ့်မယ်။ မိတ်ဆွေအနေနဲ့ ဒီလိုရရှိလာမဲ့ ဂုဏ်နဲ့ အရှိန်အဝါအတွက် ထိုက်တန်တယ်လို့ ခံစားမိမှာ အမှန်ပါ။

ချစ်လှစွာသော မိတ်ဆွေ..... Mr. Golden City က သင့်အား တရားဝင် အကြောင်းကြားလိုက် ပါတယ်။ (2014-03-15~2014-03-17) အထိ Golden City မှ ဧည့်သည်များအားလုံးကို အခြေခံ Discount အနေနဲ့ 5% Discount ခံစားခွင့်ပေးထားပါတယ်။ (2014-03-17) နောက်ပိုင်းမှာတော့ အခြေခံ Discount က တစ်နေ့ပြီးတစ်နေ့ လျှော့ကျသွားမှာဖြစ်ပါတယ်။ Gold Card ပိုင်ရှင်အနေနဲ့ ကတော့ အခြေခံ Discount ကိုခံစားရမယ့်အပြင် Gold Card ရဲ့ Discount 5% ကိုလည်း ခံစားခွင့် ရှိမှာဖြစ်ပါတယ်။ Gold Card ပိုင်ရှင်ကတော့ (2014-03-15~2014-03-17) အတွင်းမှာ အခန်း လာရောက်ဝယ်ယူလျှင် 10% Discount ကို ခံစားရမှာဖြစ်ပါတယ်။ ဒီ(၃)ရက်တာ အချိန်ကို လက်မလွှတ်လိုက်ပါနဲ့။ ဒီအချိန်လေးကို လက်လွှတ်လိုက်ရင် ငွေကြေးဆုံးရှုံးတာနဲ့ ထပ်တူပါပဲ။ မိတ်ဆွေအတွက်လည်း နောင်တရကောင်းရမိလိမ့်မယ်။

အခန်းအရေအတွက် ကန့်သတ်ထားတာကြောင့် ကြိုရောက်လျှင် ကြိုရွေးတဲ့စနစ် ဖြစ်ပါတယ် လို့ အကြောင်းကြားပါရစေ၊ စောစောဝယ်ထားခြင်းဖြင့် ခံစားခွင့်များစွာ ခံစားခွင့်ရှိပါတယ်နော်။

မိတ်ဆွေရဲ့ လိုလားတောင်းတနေတဲ့ သာယာလှပမှုဘဝအတွက် ကျွန်တော်ဆုမွန်ကောင်း တောင်းပေးပါတယ်။ မိတ်ဆွေလည်း ကျွန်တော့်လို Golden City ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်လာဖို့ မျှော်လင့်ပါတယ်ခင်ဗျား....

**သင့်၏ မိတ်ဆွေရင်း Mr. Golden City မှ...**

**အရောင်းဖွင့်လှစ်ချိန်:**2014-03-15 (9:30am)

**ခံစားခွင့်:**အခြေခံ Discount + Gold Card Discount (5%)

(2014-03-15~2014-03-17) နောက်ပိုင်းတွင် အခြေခံ Discount 5% သည် တစ်နေ့ထပ်တစ်နေ့လျှော့ကျမှာ ဖြစ်ပါသည်။

**ဝယ်ယူမှု အစီအစဉ်:**Gold Card ပိုင်ရှင်များအား ဦးစားပေးမည်ဖြစ်သည်။ အရောင်းဌာနသို့ ရောက်ရှိလာသော နံပါတ်စဉ်အတိုင်း ကြိုရောက်လျှင်ကြိုရွေးသော စနစ်ဖြစ်ပါသည်။

**ဝယ်ယူရမည့် နေရာ:**Golden City, Yankin Road, CMA Old Building, Yankin Township , Yangon Myanmar

**ဆက်သွယ်ရန် ဖုန်းနံပါတ်:**+95(0)1-8605111    +95(0)1-8605222



GOLDEN CITY

NATIONAL LANDMARK
EXCLUSIVELY YOURS



7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

# မျိုးစောင့်ဥပဒေကြမ်းနှစ်ခုက အခြေခံဥပဒေပြင်ဆင်ရေး အာရုံပြောင်းခြင်းလား

**မင်းဟိန်းကျော်**

အချိန်ကာလအတန်ကြာ ငြိမ်သက်နေခဲ့သော မျိုးစောင့်ဥပဒေပြဋ္ဌာန်းရေးကိစ္စသည် ဖေဖော်ဝါရီ ၂၅ ရက်က နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုလွှတ်တော်နာယကသို့ ပေးပို့သည့် သဝဏ်လွှာမှ အစပြုကာ ပြန်လည်လှုပ်ရှားလာသည်။

ပြည်တွင်းတွင်ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများ၏ အဓိက အကြောင်းရင်းဖြစ်သည့် လူဦးရေမညီမျှမှုကို ပြေလည်စေရန် ရည်ရွယ်၍ ဥပဒေ လေးရပ်ကို မဖြစ်မနေ ပြဋ္ဌာန်းပေးစေလိုကြောင်း နိုင်ငံတော်ဩဝါဒါစရိယအင်းစိန်ရွာမ ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ(ဥက္ကဋ္ဌ– အမျိုးဘာသာစောင့်ရှောက်ရေးအဖွဲ့ဗဟို) ဦးဆောင်ကာ နိုင်ငံသား တစ်သန်းသုံးသိန်းကျော်လက်မှတ်ရေး ထိုး၍ သမ္မတထံသို့တင်ပြတောင်းဆိုခဲ့သည်။

အဆိုပါတင်ပြမှုတွင်ပါဝင်သည့် ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ၊ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေ၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေနှင့် လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ဥပဒေတို့ကို ဥပဒေပြုပေးနိုင်ရန် နိုင်ငံတော်သမ္မတမှ ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါပေးပို့မှုအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ယခုကိစ္စရပ်သည် နက်နဲသိမ်မွေ့သော ဘာသာသာသနာဆိုင်ရာကိစ္စရပ်များ၊ လူမှုရေး၊ လူသားအရေးများပါဝင်နေသည်ကိုသတိပြုမိသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့လက်အောက်ရှိ သာသနာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဥပဒေနှစ်ခုကို ဦးဆောင်ရေးဆွဲသင့်ပြီး ကျန်ဥပဒေနှစ်ခုကို သီးခြားတည်ရှိသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ရေးဆွဲသင့်ကြောင်း နိုင်ငံတော်သမ္မတသို့ သဝဏ်လွှာပြန်လည်ပေးပို့ခဲ့သည်။

ထိုကဲ့သို့ သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်နာယကတို့ သဝဏ်လွှာများအပြန်အလှန်ပေးပို့ပြီး ရက်အနည်းငယ်အကြာတွင် ဖော်ပြပါဥပဒေများ ပြဋ္ဌာန်းပေးရန် ဦးဆောင်စီစဉ်သူ အင်းစိန်ရွာမဆရာတော်ကြီး၏သက်တော် (၇၅) နှစ်ပြည့်စိန်ရတုမွေးနေ့ပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့မှသာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆန်းဆင့်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသည့် ဖော်ပြပါ

စာမျက်နှာ A4 ››




*အခြေခံဥပဒေပြင်ဆင်ရန် ဆန္ဒပြနေသူများ*

ဓာတ်ပုံ – ကျော်ဇင်သန်း




FROM USD 283* ALL-IN, RETURN

Experience the luxury of Singapore Airlines and SilkAir, with 16 weekly flights from Yangon to Singapore. The island city is also a short flight to 33 amazing destinations in Southeast Asia. singaporeair.com

*Terms and conditions apply.

SILKAIR
SINGAPORE AIRLINES
A great way to fly
A STAR ALLIANCE MEMBER


CAMRY
A Brand New Toyota for Every Lifestyle
HILUX
Toyota အရောင်းပြခန်းအသစ်ကိုဖွင့်လှစ်လိုက်ပြီဖြစ်ပါ၍ ကြွရောက်အားပေးရန် ဂုဏ်ယူစွာဖြင့်ဖိတ်ခေါ်အပ်ပါသည်။
လူကြီးမင်းတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ခေတ်မီ၍အကြမ်းခံနိုင်သောပုံစံအသစ် Toyota ကားအသစ်များကိုလာရောက်ကြည့်ရှုအားပေးနိုင်ပါပြီ။
Toyota နှင့်အတူမြန်မာနိုင်ငံ၏တောက်ပလာမည့် အနာဂတ်ကိုဆက်လက်ချီတက်လျှောက်လှမ်းကြပါစို့။
Brand New Toyota Showroom Now Open!
To Kaba Aye Pagoda
To Down Town
Kaba Aye Pagoda Road
TTAS CO., LTD
Head Office
Showroom
Kan Baw Za Road
TTAS CO., LTD.
Head Office & Aye & Sons Services Ltd.
Brand New Car Showroom
အမှတ်(၈၇–က)၊ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
စာတိုက်သေတ္တာအမှတ် ၁၁၂၀၁၊
ဖုန်းနံပါတ် – (၉၅၁)၅၄၀၇၄၀၊ ဖက်(စ်) – (၉၅၁)၅၄၅၄၂၄
အီးမေးလ် – ayensons@ttasmyanmar.com.mm
ရုံးချိန် – တနင်္လာ – စနေနေ့အထိ နံနက်(၉)နာရီ မှ ညနေ(၆)နာရီအထိ
ပိတ်ရက် – တနင်္ဂနွေ နှင့် အများပြည်သူရုံးပိတ်ရက်
Min Aye Yar Road
Than Lwin Road
TTAS BODY & PAINT CENTER
No.5 Yangon-pathane Road
To Yangon
To Pathane
TTAS CO., LTD.
Body Repair & Paint Center
အမှတ်(၈၅)မင်းရေဘလမ်းနှင့်သံလွင်လမ်းထောင့်၊
လှိုင်သာယာစက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။
ဖုန်းနံပါတ် – (၉၅၉)၄၂၁၇၀၀၄၀၊ ၄၅၀၀၆၂၉၉၅
အီးမေးလ် – ttasbp@gmail.com
ရုံးချိန် – တနင်္လာ – စနေနေ့အထိ နံနက်(၉)နာရီ မှ ညနေ(၆)နာရီအထိ
ပိတ်ရက် – တနင်္ဂနွေ နှင့် အများပြည်သူရုံးပိတ်ရက်
MYANMAR NATIONAL LEAGUE
TOYOTA
Official Co-Sponsor of Myanmar National League
MYANMAR
TOYOTA
Supporting Partner of Myanmar Women's National Football Team
Together with Myanmar, Toyota supports football to bring joy and excitement to local communities by partnering with the Myanmar National League and Myanmar Football Federation.
www.toyota-myanmar.com
Together, Tomorrow, Toyota
TOYOTA

Life
7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

# ငြိမ်းချမ်းရေး သက်သေပြပေးပါ

အိဖြူမွန်

ငြိမ်းချမ်းရေးမရမချင်း ဒုက္ခသည်စခန်းတွင်သာ နေထိုင်မည်ဟု စိတ်ကူးထားသူ နော်စေးလျားတစ်ယောက် လွန်ခဲ့သော ရှစ်လခန့်မှစ၍ ပြည်တော်ပြန်ရန် စဉ်းစားမိလာသည်။ အကြောင်းမှာ မြန်မာ–ထိုင်းနယ်စပ်ရှိ ကရင်စစ်ပြေး ဒုက္ခသည်များ ခိုလှုံရာအီးတူထဒုက္ခသည်စခန်းတွင် ၂၀၁၃ ဩဂုတ်လမှစ၍ အကူအညီပေးနေသော အဖွဲ့များက ပေးနေကျထောက်ပံ့မှုများကို လျှော့ချလိုက်ခြင်းကြောင့် ဖြစ်သည်။

ဇာတိရွာသို့ပြန်ရန် စဉ်းစားနေသော်လည်း ငြိမ်းချမ်းရေးမရရှိသေးသဖြင့် တိုက်ပွဲများပြန်လည်ဖြစ်ပွားမည်ကို ကြောက်၍လည်း တွန့်ဆုတ်နေသည်။ သူတို့၏ ဒုက္ခသည်စခန်းကို ထောက်ပံ့ကူညီနေသည့် အဖွဲ့များက ထောက်ပံ့မှုများကို နှစ်အလိုက် တဖြည်းဖြည်း လျှော့ချသွားမည်ဟု နော်စေးလျားတို့အား အကြောင်းကြားထားသည်။

ထောက်ပံ့နေသည့်အဖွဲ့များကဆန်နှင့်ဆားကိုအဓိကထောက်ပံ့ထားပြီး ဟင်းလျာအတွက် တောထဲတွင် ရှာဖွေစားသောက်ကြသည်။ အချို့ ဒုက္ခသည်များမှာ တစ်ဖက်ကမ်းကူးပြီး အလုပ်ခိုးလုပ်ကြသည်။ အကယ်၍ထောက်ပံ့မှုများ လုံးဝဖြတ်တောက်ပါက မည်သို့ လုပ်ကိုင်စားသောက်ရမည်လဲဆိုသည်ကို စဉ်းစားမိတိုင်း သူ၏ စိုးရိမ်ပူပန်မှုမှာ အထွတ်အထိပ်ရောက်လာလေ့ရှိသည်။

နော်စေးလျားတို့ဇာတိရွာမှာ တောင်ငူမြို့နယ် ဘောကလိကျေးရွာအုပ်စု ဆီးခဲရွာဖြစ်သည်။ ၎င်းတို့ရွာနှင့် မလှမ်းမကမ်းတွင် အစိုးရစစ်တပ်နှင့် KNU တပ်စခန်းများရှိပြီး အရင်က မကြာခဏ စစ်ပွဲများ ဖြစ်ပွားလေ့ရှိခဲ့သည်။ စစ်ပွဲများဖြစ်ပွားလျှင် ရွာအနီးရှိတောင်များတွင် ခေတ္တပုန်းခိုခဲ့ကြသည်။

ထိုသို့ပုန်းခိုလိုက် ပြန်လည်အခြေချလိုက်ဖြင့် လည်ပတ်နေရာမှ ၂၀၀၆ ခုနှစ်အရောက်တွင် KNU နှင့် အစိုးရစစ်တပ်တို့အပြင်းအထန်တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုစစ်ပွဲကြောင့် နော်စေလျားတို့ရွာမီးလောင်ပျက်စီးခဲ့ပြီး ၎င်းတို့မိသားစုအပါအဝင် စစ်ဘေးရှောင်သူ ငါးဆယ်က ရွာပျက်ကြီးကို အပြီးတိုင် စွန့်ခွာပြီး အီးတူထဒုက္ခသည်စခန်းတွင် လာရောက်ခိုလှုံနေခြင်းဖြစ်သည်။ အီးတူထဒုက္ခသည်စခန်းတွင် ဒုက္ခသည် မိသားစု နှစ်ထောင်ကျော်ရှိပြီး အားလုံးလိုလိုမှာ ကရင်ဒုက္ခ သည်များဖြစ်သည်။

၎င်းနေထိုင်ရာ ဆီးခဲကျေးရွာကို ရှစ်နှစ်ခန့် ခွဲခွာခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်လာခဲ့

စာမျက်နှာ (၈)သို့




*ဇာတိရွာသို့ ပြန်ရန် စဉ်းစားနေပြီး စစ်ပွဲပြန်ဖြစ်မည်ကို စိုးရိမ်နေသော နော်စေးလျားနှင့် အီးတူထ စစ်ဘေးဒုက္ခသည် စခန်းကို တွေ့ရစဉ်*

ဓာတ်ပုံ – အိဖြူမွန်



7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

# အမုန်းစကားများ ပျံ့နှံ့သွားပါက လူမျိုးတုံးသတ်ဖြတ်မှုအထိ ဖြစ်ပေါ်လာနိုင်



*မစ္စတာ Cherian George ကို တွေ့ရစဉ်* — ဓာတ်ပုံ – ကျော်ဇင်သန်း

**ဇေနွေထွန်း**

**ရန်ကုန်၊ မတ်-၁၀**

လူမှုကွန်ရက်နှင့် မီဒီယာတွင် Hate Speech (အမုန်းစကားများ) ပြောကြားခြင်း ပျံ့နှံ့သွားပါက နိုင်ငံတွင် လူမျိုးတုံးသတ်ဖြတ်မှုများထိ ရှိလာနိုင်သဖြင့် နိုင်ငံအတွက်အန္တရာယ်အဆင့်ကျရောက်စေနိုင်ကြောင်း စင်ကာပူနိုင်ငံရှိ တမားဆက် ဖောင်ဒေးရှင်း၊ နန်ယန်းနည်း ပညာတက္ကသိုလ်၊ Asia Journalism Fellowship ၏ ဒါရိုက်တာ Cherian George က ပြောကြားသည်။

(Hate Speech) အမုန်းတရား ပွားများစေသော စကားလုံး၊ တစ်နည်းအားဖြင့် တစ်ဖက်သို့ တိုက်ခိုက်ခြင်းများကို လူမှုကွန်ရက်နှင့် မီဒီယာများမှတစ်ဆင့် ကာတွန်း၊ စကားလုံး၊ ရေဒီယို၊ ဗီဒီယိုများအဖြစ် မြင်တွေ့နိုင်ကြောင်း ၎င်းက ဆိုသည်။

"လွန်ခဲ့တဲ့ အနှစ် ၂၀ တုန်းက ၁၉၉၄ ခုနှစ်မှာ အာဖရိကတိုက်မှာ (Rwandan Massacre) ရက် ၁၀၀ အတွင်းမှာ လူ တစ်သန်းအသတ်ခံခဲ့ရတယ်။ ဘာကြောင့်ဖြစ်လဲဆိုတော့ ရေဒီယိုကြောင့် ဖြစ်ပေါ်လာတာ။ RTLM အစီအစဉ်တစ်ခုစခဲ့တယ်။ Tutsi လူမျိုးတွေကို သူတို့ကို တိရစ္ဆာန်တွေပါပဲ။ လူသားစားတယ်။ မကောင်းဆိုးဝါးစိတ်တွေ ဝင်တယ်ဆိုတဲ့ သတင်းကို လပေါင်းများစွာ ထုတ်လွှင့်ခဲ့တယ်။ ဒါတွေကို ပြည်သူတွေက စိတ်ဝင်တစားနားထောင်နေခဲ့တယ်။ နောက်ဆုံး နိုင်ငံ့ခေါင်းဆောင်က ဒီလူတွေကို နှိမ်နင်းရမယ်လို့ ကြေညာချိန်မှာတော့ လူပေါင်းများစွာ သေဆုံးခဲ့တယ်" ဟု Mr.Cherian George က ရှင်းပြသည်။

ကမ္ဘာကြီးဟာ လွတ်လပ်မှု၊ မျှတမှုအတွက် အားနည်းသည့် လူနည်းစုများအတွက်လည်း ဥပဒေက ကာကွယ်ပေးနိုင်ရမည်ဖြစ်ပြီး အစိုးရက ဥပဒေနှင့် ကာကွယ်ပေးခြင်းအပြင်၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မီဒီယာများကလည်း ထိန်းပေးခြင်းမျိုး လုပ်သင့်ကြောင်း ရန်ကုန်မြို့ရှိ မီဒီယာစာကြည့်တိုက်တွင် စင်ကာပူနှင့် ဟောင်ကောင်သတင်းစာကျောင်းများမှ ပါမောက္ခများကလာရောက်ဆွေးနွေးခဲ့ကြသည်။

"လေ့လာကြည့်တဲ့အခါ ပြဿနာတွေအများစုက လူမျိုးနဲ့ ဘာသာရေးကို အခြေမခံဘဲ ငွေကြေး၊ အခွင့်အရေးတွေနဲ့ ဆိုင်တာကို တွေ့ရတယ်။ သို့ပေမယ့် အဲဒီပြဿနာကို ပုံဖော်တဲ့အခါ လူမျိုးဘာသာနဲ့ ပုံဖော်ကြတယ်။ တကယ်အရင်းစစ်လိုက်တဲ့အခါမေးခွန်းများစွာမေးပြီးတဲ့အခါမှာတော့ အလုပ်ရှင်နဲ့ အလုပ်သမားပြဿနာတွေ၊ အခွင့်အရေး မညီမျှမှုတွေဖြစ်နေတယ်" ဟု မလေးရှားနိုင်ငံမှ သတင်းစာဆရာ တစ်ဦးက ဝင်ရောက်ဆွေးနွေးခဲ့သည်။



## ငါးကျည်းခြောက်ဆီပြန်

ဒီတစ်ပတ်တော့ ငါးကျည်း ခြောက်ကို ခရမ်းချဉ်သီးနဲ့ အချဉ် ဆီပြန် ချက်ထားပါတယ်။

ပထမဆုံးငါးကျည်းခြောက် အကောင်ချောချောနှစ်ကောင်ကို ရေငါးမိနစ်လောက် စိမ်ပြီးမှ အသားနွှင်ထုတ်ပါမယ်။ ကြက်သွန်ဖြူနီကို မညက်တစ်ညက်ထောင်းပြီး နနွင်းမှုန့်အနည်းငယ်နဲ့ ဆီသတ်ပါ။ ပြီးရင် ကိုင်းခရမ်းချဉ်သီး နှစ်လုံးထည့်ပါ။ ကိုင်းသီးလိပ်ပြီး ဆီပြန်လာတဲ့အခါ ငါးကျည်းခြောက်အသားလေးတွေထည့် လိုက်ရုံပါပဲ။ ဆီနဲ့ လုံးပြီးတဲ့အခါ ဆုံဆေးရေလေးပဲ နည်းနည်းထည့်ပါ။ ငရုပ်သီးစိမ်းထည့်ပြီး အုပ်ထားပါ။ ရေခန်းဆီပြန်သွားမှ နံနံပင်အုပ်ပါမယ်။




7 Day News Journal အတွဲ (၁၃)၊ အမှတ် (၁)၊ စာမျက်နှာ (၆) Designer Corner ကဏ္ဍတွင် ပုံနှင့်စာလွဲမှားစွာဖော်ပြမိ၍ စာသားများ ပြန်လည်ပြင်ဆင်ကာ ဖော်ပြလိုက်ပါသည်။

LIFAN GROUP
HONLEI
LIFAN GROUP SKYGO MOTO
SKYGO
LIFAN
4.3.2014 မှ 6.3.2014 ရက်တွင် မန္တလေးမြို့တွင်
Motor Cycle ပြပွဲ ကျင်းပရာတွင်
Lifan Group မှ ပါဝင်ဆင်နွှဲမည် ဖြစ်ပါသည်။
မြန်မာနိုင်ငံအတွင်းရှိ Lifan Cycle များဟာ ထိုင်းနိုင်ငံ ၊ ဗီယက်နမ်နိုင်ငံ နှင့်တရုတ်နိုင်ငံ များတွင်
ရှိသော Lifan Cycle စက်ရုံများမှ ထုတ်လုပ်ပြီး တိုက်ရိုက် တင်ပို့ရောင်းချခြင်း ဖြစ်ပါသည်။
HONLEI : 09-5231558 SKYGO : 09-250404790 , 428174795
LIFAN : 09-428153206
www.lifan.com

# ရွှေစာရံ၏ ထန်းရွက်ပုတီးဆွဲကြိုးနှင့် မန္တလေး

ညီညီဇော်

မန္တလေးသူ၊ မန္တလေးသားများဆင်းရဲချမ်းသာမရွေး လည်ပင်းတွင် အမြတ်တနိုးဆွဲခဲ့ဖူးကြသည့် ဆွဲကြိုးလေးတစ်မျိုးရှိပါသည်။ ထိုဆွဲကြိုးကို ဈေးချိုတော်ရွှေဆိုင်တန်းမှာ လုပ်၍ မရနိုင်ပါ။ လမ်း ၈၀ တစ်ဝိုက်က နာမည်ကြီးရွှေဆိုင်တွေမှာလည်း ဝယ်ယူမရနိုင်ပါ။ သို့သော် ယခုလို တပေါင်းလအခါမျိုး ရောက်လာပြီဆိုရင်တော့ မန်းသူ၊ မန်းသားများ၏ လည်ပင်း၌ ထိုဆွဲကြိုးလေးတွေက အခံ့သားနေရာယူတတ်ကြပါသည်။ ထိုဆွဲကြိုးလေးက အဖိုးနည်းဝန်မပါသည့် ထန်းရွက်ပုတီးလေးများပင် ဖြစ်ပါသည်။

ထန်းရွက်ပုတီးဆွဲကြိုးလေးတွေက ဆွဲချင်တဲ့ အချိန်ကောက်ဝယ်ပြီး ဆွဲလို့ရသည်မဟုတ်။ မန္တလေးမြို့၏အရှေ့တောင်ဘက်မိုင် ၂၀ ခန့်အကွာတွင်ရှိသော ရွှေစာရံတပေါင်းပွဲတော်ကြီးရောက်မှသာ အားရပါးရလည်ပင်းညွှတ်အောင် ဆွဲကြရတာဖြစ်ပါသည်။ ထန်းရွက်ပုတီးလေးတွေက တကယ်တော့ ရွှေစာရံဒေသထွက် ပစ္စည်းတော့ မဟုတ်ပါ။ ရွှေစာရံနှင့် မိုင်ဆယ်ချီဝေးသည့် ကျောက်ဆည်မြို့နယ် ညောင်ဝန်းရွာမှ ထုတ်လုပ်ခြင်းဖြစ်ပါ၏။ ရွှေစာရံနှင့် ထန်းရွက်ပုတီးဆိုတာ ခွဲလို့မရတော့။ ထန်းရွက်ပုတီးဆွဲပြီး မြို့ထဲဝင်လာပြီဆိုလျှင် သေချာပြီ။ သူရွှေစာရံကပြန်လာပြီ။



*ထန်းရွက်ပုတီးဆိုင်ကို ခင်းကျင်းနေသော အမျိုးသမီးငယ်တစ်ဦးအား တွေ့ရစဉ်* ဓာတ်ပုံ – ညီညီဇော်

ထန်းရွက်ပုတီးလေးတွေက ထန်းရွက်ဖြင့် အလွယ်တကူပြုလုပ်ထားခြင်းမဟုတ်ပေ။ တစ်ပင်မှာ တစ်အုပ်တည်းသာပါသည့် ထန်းဖူးမှ ပြုလုပ်ရခြင်းဖြစ်သည်ဟု ညောင်ဝန်းရွာမှ ထန်းရွက်ပုတီးလုပ်ကိုင်သူများက ဆိုပါသည်။ ထန်းရွက်ပုတီးပြုလုပ်ရန် ပြာသိုလလောက်ကတည်းက ညောင်ဝန်းရွာသူရွာသားများ ကြိုတင်ပြင်ဆင်ရပါ၏။ ထန်းဖူးကို ဖြန့်ပြီး နေလှန်း၊ ခြောက်ပြီဆိုကိုယ်လုပ်မယ့် အရုပ်ပေါ်မူတည်ပြီး ပြန်ခွာ၊ ပြီးတော့ ဆေးရောင်စုံဆိုးကာ ထန်းရွက်ပုတီးအပါအဝင် ရွှေစာရံပွဲတော်တွင် ရောင်းနေကျဖြစ်သည့် ငါးရုပ်၊ တံခွန်လုံး၊ ယပ်တောင်အစရှိသည့် ပစ္စည်းများ ရက်လုပ်ရပါ၏။

နာမည်ကျော် ထန်းရွက်ပုတီးကိုတော့ဖြင့် ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက်မှ ဒေါ်ခွေးဆိုသူ အမျိုးသမီးကြီး တစ်ဦးက ရွှေစာရံစေတီတွင် စတင်ပြုလုပ်ရောင်းချခဲ့ပါ၏။ ဒေါ်ခွေးက သူ့ထန်းရွက်ပုတီးလေးလူကြိုက်များလာတာကြောင့် အခြားသူများကိုလည်း သူ့လိုရောင်းရဖို့ သင်ပြပေးရာမှ ထန်းရွက်ပုတီးပညာ လက်ဆင့်

**စာမျက်နှာ (၁၄)သို့**



7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014



## ၂၀၁၄ မတ်လ ၁၂မှ ၁၈ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသန့်မှန်းချက်

**ခရမ်းလွှန်ရောင်ခြည် ညွှန်းကိန်းအခြေအနေ**

ခရမ်းလွှန်ရောင်ခြည် ညွှန်းကိန်းအမြင့်ဆုံး တန်ဖိုးဖြစ်သော လွန်ကဲအဆင့်ရှိသည့် ၁၁ မှ ၁၃ .၀ တန်ဖိုးများကို တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ဧရာဝတီတိုင်းတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသအချို့တို့တွင် ကျရောက်နိုင်ပါသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်ပါတယ်။ ကျန်ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်တို့မှာ အများအားဖြင့် သာယာပါ့မယ်။ ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်တို့မှာ မုန်တိုင်းဖြစ်နိုင်ခြေမရှိပါ။ ဘင်္ဂလားပင်လယ်အော်အတွင်းမှ ရေငွေ့ပါဝင်သော လေများ မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ်ဒေသများအပေါ်သို့ တိုးဝင်လျက်ရှိပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး မွန်–တနင်္သာရီနဲ့ မြစ်ဝကျွန်းပေါ် ပင်လယ်ပြင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ လှိုင်းအမြင့် တစ်ပေမှ နှစ်ပေခန့်နဲ့ ရခိုင်ကမ်းရိုးတန်းဒေသတွင် လှိုင်းအမြင့် သုံးပေမှ လေးပေခန့် ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

နေ့အပူချိန်များဟာမကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များဟာ 38 C – 40 C ခန့်၊ နေပြည်တော်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနဲ့ အရှေ့ပိုင်းတို့တွင် 33 C – 37 C ခန့်၊ ကျန်ပြန်နယ်နဲ့ တိုင်းတို့တွင် 27 C – 32 C ခန့် ရှိနိုင်ပါသည်။

**မိုးရွာသွန်းမှုအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် သုံးရက်မှ လေးရက်ခန့် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကျန်တစ်ပြည်လုံးတွင် အများအားဖြင့် သာယာနိုင်ပါတယ်။

**မြူကျရောက်နိုင်မှုအခြေအနေ ခန့်မှန်းချက်**

ကယားပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် လေးရက်မှ ငါးရက်ခန့် နံနက်ပိုင်းအချိန်အခါများတွင် မြူအနည်းငယ်ကျဆင်းနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင်**

## ပင်စင်လစာမထုတ်ရသေးသူ လေးသောင်းကျော်ရှိ

**နိုင်လင်းအောင်**

**ရန်ကုန်၊ မတ် - ၁၀**

နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား တိုးမြှင့်ပင်စင်လစာများကို နိုင်ငံတစ်ဝန်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် လစဉ်ထုတ်ပေးလျက်ရှိသော်လည်း ဖေဖော်ဝါရီ ၂၀ ရက်ထိ ပင်စင်လစာလာမထုတ်သူဦးရေမှာ လေးသောင်းကျော်အထိ ရှိနေသေးကြောင်း ပင်စင်ဦးစီးဌာနမှ သတင်းရရှိသည်။

"ပင်စင်လစာက လာမယ့် ဘဏ္ဍာနှစ်မှာလည်း တစ်ကြိမ်ထပ်တိုးဖို့ရှိသေးတယ်။ ဒီဘဏ္ဍာနှစ်မှာ လာပြီးမထုတ်သေးတဲ့သူတွေ ကျနောက်တစ်ခါတိုးမှာလာထုတ်မယ်ဆိုရင် စာရင်းတွေက ရှုပ်သွားနိုင်တယ်။ အဲဒါကြောင့် လာပြီးထုတ်ကြဖို့ကြေညာထားတယ်" ဟု ပင်စင်ဦးစီးဌာန(ရုံးချုပ်) မှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

"မိသားစုပင်စင်ဆိုရင် သားသမီးနဲ့ မိဘတွေက ၁၅ နှစ်ပဲ ခံစားခွင့်ရှိတယ်။ အဲဒါမျိုးသက်တမ်းကုန်သွားတာပဲဖြစ်မလား။ ပင်စင်စားက ကွယ်လွန်သွားလို့အကြောင်းမကြားနိုင်တာလားဆိုတာ စောင့်ကြည့်သွားမယ်။ မတ်လကုန်လို့မှ လာမထုတ်ရင် သက်တမ်းကုန်ကွယ်လွန်ဆိုပြီး ယာယီသတ်မှတ်ထားလိုက်မယ်"ဟု ပင်စင်ဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးကပြောသည်။

"ပင်စင်လစာကိုလုပ်သက်နှစ်ပေါ်မှာမူတည်ပြီး တိုးပေးတာပါ။ လာမယ့်နှစ်မှာလည်း တိုးပေးဦးမှာဖြစ်တဲ့အတွက် လူကိုယ်တိုင်လာမထုတ်နိုင်တဲ့သူတွေအနေနဲ့လည်း ကိုယ်စားလှယ်လွှဲစာနဲ့အတူ လူလွှတ်ပြီး လာထုတ်စေချင်ပါတယ်"ဟု ပင်စင်ဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ရှင်းပြသည်။

နိုင်ငံ့ဝန်ထမ်း အငြိမ်းစားဝန်ထမ်းဦးရေ ခုနစ်သိန်းလေးသောင်းရှိပြီး ဖေဖော်ဝါရီ ၂၀ ရက်ထိ ပင်စင်လစာလာ၍ မထုတ်သေးသော ဝန်ထမ်းဦးရေ ၄၀၀၄၃ ဦး ကျန်ရှိနေသေးပြီး အများစုမှာ ကျောင်း ဆရာ၊ ဆရာမများ၊ ရဲဝန်ထမ်းများ နှင့် စစ်တပ်မှ အငြိမ်းစားများ ဖြစ်သည်။

စာမျက်နှာ (၅)မှ

## ငြိမ်းချမ်းရေး သက်သေပြပေးပါ

သည်။ အစိုးရနှင့် KNU တို့က ၂၀၁၂ ဇန်နဝါရီလတွင် ပထမဆုံး အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးခဲ့သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်တိုက်ဆွေးနွေးလာကြသလို ပြည်တွင်းဒုက္ခသည်များ နေရာချထားရေးကိစ္စများလည်း ဆွေးနွေးလာကြသည်။

ကိုယ့်နိုင်ငံအပြောင်းအလဲကို အသံလွှင့်ရေဒီယိုများမှတစ်ဆင့် ကြားသိရသော်လည်း ၎င်းစွန့်ခွာခဲ့သော နေရာကို ပြန်လည့်ကြည့်ရန် ယခင်က စိတ်ကူးပင်မရှိ။ စစ်ပွဲများ တစ်ကျော့ပြန်လည်လာမည်ကို စိုးရိမ်သောကြောင့် နေရပ်ပြန်ရေးကို ကြောက်နေခြင်းဖြစ်သည်။

သို့သော် အပြောင်းအလဲမှာ နော်စေးလျားတို့ ဒုက္ခသည်စခန်းနည်းတူ ကျန်ဒုက္ခသည်စခန်းများကို ဆန်နှင့်ဆားများ ထောက်ပံ့မှုကို လျှော့ချလိုက်သည်။ ထို့အတူ ယခင်က နာမကျန်းဖြစ်ပါက ထိုင်းနိုင်ငံတွင် ဆေးကုသရန် ငွေကြေးထောက်ပံ့နေခြင်းကိုလည်း ယခုအခါ ရပ်ဆိုင်းလိုက်ပြီဖြစ်သည်။

"ဒီနှစ်ရတဲ့ဆန် ၁၃ ကီလိုကနေ နောက်နှစ် ၁၂ ကီလို အဲဒီကနေတစ်ဆင့် ၁၀ ကီလို တဖြည်းဖြည်းလျှော့ချသွားမယ်လို့ စားနပ်ရိက္ခာထောက်ပံ့နေတဲ့ TBC အဖွဲ့က ပြောသည်" ဟု အီးတူထ ဒုက္ခသည်စခန်းမှ စောထီးမိုးက ပြောသည်။

KNU ထိန်းချုပ်နယ်မြေတွင် မူကြိုကျောင်းများ ရပ်တည်မှု ခက်ခဲလာသည့်အပြင် ကရင်ပညာရေးအဖွဲ့က ဖွင့်လှစ်ထားသည့် အခြေခံပညာမှ အထက်တန်းအထိ စာသင်ကြားခွင့်ရသည့် ကျောင်းများတွင်လည်း စာရေးကိရိယာ ထောက်ပံ့မှုများ လျှော့နည်းလာသည်။

"ဒုက္ခသည်စခန်းတွေမှာ ကလေးတွေအတွက် နှစ်စဉ်ဖွင့်ပေးနေကျမူကြိုကျောင်းတွေ နောက်နှစ်ဖွင့်ပေးနိုင်ဖို့ မသေချာဘူး" ဟု မိခင်နှင့် ကလေးများအတွက် ကူညီစောင့်ရှောက်ပေးနေသည့် ကရင်အမျိုးသမီးများအဖွဲ့ဝင်တစ်ဦးက ပြောသည်။

KNU ထိန်းချုပ်နယ်မြေများအတွင်း အခြေခံပညာအဆင့်မှ အထက်တန်းအဆင့်အထိ ကျောင်းခွဲတစ်ထောင်ကျော် ဖွင့်လှစ်သင်ကြားပေးနေသည့် ကရင်ပညာရေးအဖွဲ့တွင်လည်း သင်ထောက်ကူပစ္စည်း မလုံလောက်မှု ပြဿနာများကြောင့် ယခုနှစ်တွင် ဗလာစာအုပ်များ ကျောင်းသားများအား မထောက်ပံ့နိုင်ဟု ဆိုသည်။

"ဒီနှစ်က ကျောင်းသားတွေကို စာအုပ်တွေပေးဖို့ မလောက်ငဘူး။ နောက်နှစ်ဆိုရင် ဘယ်လိုကြုံတွေ့ရဦးမယ်မသိဘူး" ဟု အီးတူထဒုက္ခသည်စခန်းတွင် အခြေခံပညာမှ အထက်တန်းအဆင့်အထိ သင်ကြားပေးနေသောကျောင်း တာဝန်ခံမှူး စောလှလှထူးက ပြောသည်။

အစိုးရတပ်များနှင့် ကရင်လက်နက်ကိုင်တပ်ဖွဲ့များ အပြန်အလှန်ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် KNU ထိန်းချုပ်နယ်မြေ ထိုင်း–မြန်မာ နယ်စပ်တစ်လျှောက်နှင့် ထိုင်းနိုင်ငံတွင် ကရင်ဒုက္ခသည်စခန်း ၁၅ ခု ရှိခဲ့သည်။ အဆိုပါ ဒုက္ခသည်စခန်းများတွင် စစ်ဘေးရှောင် ဒုက္ခသည်ဦးရေ စုစုပေါင်းငါးသိန်းကျော်နေထိုင်လျက်ရှိသည်။

၁၉၉၆ နှင့် ၁၉၉၇ ခုနှစ်များတွင် ကရင်ဒုက္ခသည်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စားဝတ်နေရေးကိစ္စရပ်များကို ကူညီရန် ကရင်အလုပ်သမားအဖွဲ့၊ ကရင်စိုက်ပျိုးရေးယူနီယံ၊ ကရင်ပညာရေးအဖွဲ့၊ ကရင်ကျန်းမာရေးအဖွဲ့ စသဖြင့် အဖွဲ့အစည်းအသီးသီး ပေါ်ပေါက်လာခဲ့သည်။ ထိုအဖွဲ့များက နိုင်ငံတကာ ထောက်ပံ့ငွေများဖြင့် ကူညီထောက်ပံ့ရေးကိစ္စရပ်များ လုပ်ဆောင်ခဲ့သည်။

၂၀၁၂ ခုနှစ်တွင် KNU နှင့် အစိုးရတို့ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက် ငြိမ်းချမ်းရေးအတွက် ခေါင်းဆောင်များကြား အကြိမ်ကြိမ် တွေ့ဆုံခဲ့သည်။ ကေအင်န်ယူဥက္ကဌ မူတူးစေးဖိုးက သမ္မတဦးသိန်းစိန်၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နှင့် တွေ့ဆုံသည်မှာပင် ငါးကြိမ်ထိရှိပြီဖြစ်သည်။ ၂၀၁၃ နှစ်လယ်မှစ၍ မြန်မာနိုင်ငံ၏ အပြောင်းအလဲများကြောင့် ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများမှာ ပြည်တွင်းသို့ တိုက်ရိုက်ပေးလာကာ စစ်ပြေးဒုက္ခသည်များအတွက် ထောက်ပံ့ငွေများ လျော့နည်းလာသည်။ ဒုက္ခသည်အရေးကိစ္စနှင့်ပတ်သက်၍ ပြည်ပနှင့်နယ်စပ်တွင် ပေးသော အကူအညီများ လျော့လာပြီး အစိုးရနှင့်တိုက်ရိုက်ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်း များပြားလာခဲ့သည်။

"အစိုးရနဲ့ ပေါင်းစပ်လုပ်ကိုင်မယ်ဆိုရင် သူတို့ ပရောဂျက်တွေအောင်မြင်မယ်လို့ နိုင်ငံတကာ အဖွဲ့အစည်းတွေက ထင်ကြတယ်။ အရင်က နယ်စပ်မှာ ထောက်ပံ့နေတဲ့အဖွဲ့တွေက နာမည်ပြောင်းပြီး ပြည်တွင်းထဲကို ဝင်လာကြတယ်" ဟု ကရင်လူမှုအဖွဲ့အစည်းမှ စောသာဘိုးက ပြောသည်။

ဒုက္ခသည်များက ငြိမ်းချမ်းရေးမရရှိသေးမီ နေရပ်မပြန်လိုသော်လည်း ယာယီအပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးနောက် စားနပ်ရိက္ခာနှင့် အခြားကူညီထောက်ပံ့ခြင်းများ လျှော့ချလိုက်ခြင်းက ၎င်းတို့အား မဖြစ်မနေ နေရပ်သို့ပြန်ရန် ဖိအားဖြစ်စေသည်။ သို့သော် ဒုက္ခသည်အားလုံးက အမှန်တကယ်ငြိမ်းချမ်းသော အခြေအနေတွင်ရှိမှသာ နေရပ်ပြန်လိုသည်။ နေရပ်ပြန်ခါမှ စစ်ပွဲများဖြစ်ပွားပြီးပြန်ပြေးရမည်ကို စစ်ပြေးဒုက္ခသည်များ စိုးရိမ်သည်။

ဒုက္ခသည်များ နေရပ်ပြန်ရန် အသင့်မဖြစ်သေးမီ စားနပ်ရိက္ခာနှင့် အခြားကူညီထောက်ပံ့မှုများ လျှော့ချလိုက်ခြင်းသည် ဒုက္ခသည်များအတွက် အတိဒုက္ခဖြစ်စေပြီး လျှော့ချသင့်သောအချိန် မရောက်သေးကြောင်း ကရင်လူမှုအဖွဲ့အစည်းများက ပြောသည်။

စစ်ပွဲ အငွေ့အသက်များကြောင့် မသက်သာဖြင့် ရွာသားများ သတ်ဖြတ်ခံရခြင်း၊ ကျေးရွာများ မီးရှို့ဖျက်ဆီးခံရခြင်းနှင့် စီးပွားရေးမတည်မြဲခြင်း၊ နာမကျန်းဖြစ်၍ ကလေးငယ်များ သေကျေပျက်စီးရခြင်းများကို ထပ်မံမခံစားလိုကြဟု ဒုက္ခသည်များက တညီတညွတ်တည်း ပြောသည်။

"ကျွန်မကလေးနှစ်ယောက် စစ်ပွဲဖြစ်လို့ ဟိုပြေး ဒီပြေးရင်း လမ်းမှာဆုံးသွားတယ်။ ဒီလိုမျိုး ထပ်မကြုံချင်တော့ဘူး။ သူတို့က ရွှေ့ပေးမယ်၊ ပြောင်းပေးမယ် ပြောကြတာ။ ကျွန်မတို့ကို ဘယ်လို အာမခံချက်ပေးမှာလဲ" ဟု ဖာပွန်ခရိုင်မှ စစ်ပြေးဒုက္ခသည် ဖြစ်လာခဲ့သူ အသက် (၄၄) နှစ်အရွယ် နော်ဆဲနေမှူးက ပြောသည်။

ထို့အပြင် ယာယီအပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုထားသည့် ကာလအတွင်း KNU ထိန်းချုပ်နယ်မြေနှင့် နီးကပ်စွာ တည်ရှိနေသော အစိုးရစစ်တပ်များတွင် တပ်စခန်းများ ပြုပြင်ပြောင်းလဲခြင်း၊ လူအင်အား တိုးချဲ့ခြင်းနှင့် ဒုက္ခသည်စခန်းများအနီးတွင် တပ်စခန်းများ အခြေချခြင်းတို့ကြောင့် ဒုက္ခသည်တို့က မယုံကြည်ဟု ဆိုသည်။

"စစ်ပွဲပြန်ဖြစ်ရင် ကျွန်မ မပြေးနိုင်တော့ဘူး။ သူတို့က ရွှေ့ရွှေ့လို့သာပြောတာ ကျွန်မတို့အတွက် ဘာအာမခံချက်ပေးနိုင်မလဲ။ တိုင်းရေးပြည်ရေး အမှန်တကယ်ကောင်းလာရင်တော့ ပြန်ချင်တယ်။ ဒါပေမဲ့ မယုံရဲသေးဘူး" ဟု အသက် (၇၀) အရွယ် နော်စာထူးက ပြောသည်။

အစိုးရအနေဖြင့် နေရပ်ပြန်လည်နေရာချထားရေးကိစ္စကို ဆောင်ရွက်ရာတွင် အဓိကအရေးကြီးသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်ထည်ဖော်ရမည်ဖြစ်ပြီး ထိုအဆင့်အောင်မြင်ပါက ဒုက္ခသည်များ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် စိန်ခေါ်မှုများကို ဖြေရှင်းသင့်သည်ဟု ဒုက္ခသည်များအား ထောက်ပံ့ရေးဆောင်ရွက်ပေးနေသည့် ကရင်အဖွဲ့အစည်းများက ဆိုသည်။

ယာယီအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးသည် ဆိုသော်လည်း အလုံးစုံငြိမ်းချမ်းရေး မရောက်ရှိသေးသောကြောင့် ပြန်လည်ရွှေ့ပြောင်းနေထိုင်ရန်ကို တွန့်ဆုတ်နေကြသည်။ ယာယီအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးနောက် ငြိမ်းချမ်းရေးဆွေးနွေးနေသည်မှာ ၂ နှစ်ခန့်ကြာမြင့်နေပြီဖြစ်သည်။

ထို့ပြင် နေရပ်ပြန်လည် နေရာချထားရေးသည် ငြိမ်းချမ်းရေးဖြစ်စဉ်ပြီးမှ ဖြေရှင်းပါက ပိုမိုသင့်လျော်သော ဖြေရှင်းနည်းဖြစ်သည်ဟု KNU မှ ပြောရေးဆိုခွင့်ရှိသူ နှစ်ဦးက ဆိုသည်။

"ပဋိပက္ခကို အကြမ်းဖက်ဖြေရှင်းကြသည့် သမိုင်းဆိုးကို ပြန်ပြီး အသက်မသွင်းကြပါနဲ့။ အားလုံးပါဝင်တဲ့ သမိုင်းတွင် ရစ်မယ့်တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးကို မဆုတ်မနစ်နဲ့ နောက်ကြောင်းပြန်မလှည့်ရန် သန္နိဋ္ဌာန်ချလျက် တွေ့ဆုံညှိနှိုင်းခြင်း၊ ငြိမ်းချမ်းရေးအတွက် ပကတိအခြေအနေနဲ့ ကိုက်ညီတဲ့ အနာဂတ်ဖယ်ဒရယ်ပြည်ထောင်စုကြီးကို ရဲရဲဝံ့ဝံ့နဲ့ အားသွန်ခွန်စိုက်ကြိုးစားတည်ဆောက်ကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်"ဟု စောမူတူးစေးဖိုးက လော်ခီးလာညီလာခံဖွင့်ပွဲမိန့်ခွန်းတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ခေါင်းဆောင်များအားတိုက်တွန်းခဲ့သည်။ အစိုးရနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့၏ မတ်လ ၉၊ ၁၀ ဆွေးနွေးပွဲတွင် အပစ်ရပ်မူကြမ်းပြန်ရေးဆွဲရန် သဘောတူထားသည်။ အဓိပ္ပာယ်က ငြိမ်းချမ်းရေး ပိုနီးလာခြင်းလား၊ ပိုဝေးခြင်းလားမသိ။

နေရပ်စွန့်ခွာသူများက တစ်ကျော့ပြန်ဖြစ်လာမည့် ပြည်တွင်းစစ်ပွဲများကို မလိုမရှိကြတော့။ ဒုက္ခသည်များအတွက် စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးထက် အဓိကကျသော လိုချင်တပ်မက်မှုမှာ ငြိမ်းချမ်းရေးဖြစ်သည်။

ကိုယ့်နေရပ်သို့ တစ်ခေါက်ပြန်၍ အခြေအနေကြည့်ခဲ့သူ နော်စေးလျားကပြောသည်။

"ကျွန်မတို့ နေထိုင်တဲ့ နေရာတွေ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်ဖို့ ငြိမ်းချမ်းရေး ရယူပေးကြပါ။ ကျွန်မတို့ပြည်သူတွေကို တကယ်ချစ်တယ်ဆိုရင် ဒီသက်သေတစ်ခုကို အမှန်တကယ် ပြသပေးပါ။"

# နှလုံးသွေးတိုးရောဂါရှိသူများ ဆီးချိုဖြစ်ပါက လေးဆပိုခံစားရဟု ပညာရှင်များပြော

**ယမင်း**

**ရန်ကုန်၊ မတ်-၈**

နှလုံး၊ သွေးတိုးစသော အခြားရောဂါအခံရှိသူများ ဆီးချိုရောဂါဖြစ်ပွားပါက သာမန်ဝေဒနာခံစားရသူများထက် လေးဆပိုမိုခံစားရနိုင်ကြောင်း ဆေးပညာအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

“ရောဂါအခံရှိတဲ့သူဆို သူများတွေခံစားရတာထက် အဆလေးဆပိုခံစားရနိုင်တယ်။ တစ်ပြိုင်နက်တည်းမှာပဲ အခြားရောဂါကိုလည်းကုမယ်၊ ဆီးချိုကိုလည်းကုရမယ်။ ဆီးချိုဆေးကို (၁၀)နှစ်ကျော်လောက် ရေရှည်စွဲသောက်ရင် ကျောက်ကပ်ပျက်စီးနိုင်ခြေပိုများတယ်”ဟုအထွေထွေရောဂါကုဆရာဝန် ဒေါက်တာ မြင့်ဦး (ဂျီပီ)က ပြောသည်။

ထို့အပြင် မကုသဘဲထားပါက နောက်ဆက်တွဲရောဂါဆိုးကျိုးအဖြစ် နှလုံးရောဂါ၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်လုံးကွယ်ခြင်းအပါအဝင် အနာမကျက်ဘဲ ခြေထောက်ဖြတ်ရသည်အထိ ခံစားရနိုင်သည်။

ဆီးချိုရောဂါသည် နာတာရှည်ရောဂါတစ်မျိုးဖြစ်ကာ လူငယ်များထက် လူကြီးများ၌ ပိုမိုအဖြစ်များပြီး လက္ခဏာများမှာ ဆီးမကြာခဏသွားခြင်း၊ ရေပိုမိုငတ်မွတ်ခြင်း၊ အစာမကြာခဏစားခြင်း၊ ထုံလာခြင်းတို့ဖြစ်သည်။ လူ့ခန္ဓာကိုယ်တွင်အာဟာရအဖြစ်ပြောင်းလဲပေးသောဟော်မုန်းတစ်မျိုးဖြစ်သည့် အင်ဆူလင်ချို့တဲ့ခြင်းကြောင့် ကိုယ်အလေးချိန်ကျကာ ဆီးချိုရောဂါဖြစ်ပွားရခြင်းဖြစ်သည်။

“မကုသဘဲထားရင် လူကြီး၊ လူငယ်မရွေး မျက်စိကွယ်နိုင်တယ်။ ရောဂါရှိနေတဲ့သူကို glu-cose သွင်းရင် Coma တောင်ဝင်နိုင်တယ်။ ဒါတွေက ရုတ်တရက်ဖြစ်နိုင်ခြေရှိတဲ့ ရောဂါတွေမို့ အမြဲတမ်း စစ်ဆေးနေဖို့လိုပါတယ်”ဟု ဒေါက်တာဟိန်းလင်းက ပြောသည်။

ထို့ကြောင့် ရောဂါရှိသူများအနေဖြင့် နေ့စဉ်သွေးဖောက်စစ်ဆေးခြင်း၊ ဦးနှောက်သွေးကြောပိတ်၊ မပိတ်စစ်ဆေးခြင်း၊ အချိုရှောင်ခြင်း၊ ဆေးမှန်မှန်သောက်သုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုများ လုပ်ပေးခြင်းနှင့် ဆေးလိပ်သောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်းများလုပ်ရန် လိုအပ်သည်။

“ကျွန်မအမေဆို ဆီးချိုဖြစ်နေတာ (၁၀)နှစ်ကျော်ပြီ။ ဒီကြားထဲ လေကပါ ဖြတ်ထားတော့ ရောဂါနှစ်ခုကို တစ်ပြိုင်နက်တည်းကုနေရတယ်။ ဆီးချိုရောဂါက နဂိုကတည်းက သူ့ငွေးရောဂါဆိုတော့ ပိုက်ဆံလည်းကုန်၊ ဝေဒနာခံစားရတဲ့သူလည်း ယဲ့ယဲ့ပဲကျန်တော့တယ်”ဟု မရမ်းကုန်းမြို့နယ်မှ အသက်(၆၅)နှစ်အရွယ် ဆီးချိုဝေဒနာခံစားနေရသူ၏ သမီးဖြစ်သူ ဒေါ်သိန်းက ဆိုသည်။

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (WHO)က ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် ဇွန်လက ရန်ကုန်နှင့် လှည်းကူးရှိ လူဦးရေငါးထောင်ကို စစ်တမ်းကောက်ယူခဲ့ရာ မြို့ပြတွင် ၁၁ ဒသမ ၁ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၇ ဒသမ ၃ ရာခိုင်နှုန်းမှာ ဆီးချိုရောဂါဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကမ္ဘာတစ်ဝန်းလုံး၌ လူတစ်ထောင်တွင် သုံးဦးခန့် သေဆုံးပြီး တစ်နှစ်လျှင် သန်းပေါင်း ၃ ဒသမ ၂ သန်း သေဆုံးလျက်ရှိကာ မြန်မာနိုင်ငံတွင်မူ ၁၉၉၀ ပြည့်နှစ်၌ ဆီးချိုရောဂါဖြင့် သေဆုံးနှုန်းမှာ အဆင့်(၁၈)နေရာမှ ၂၀၁၀ ခုနှစ်တွင် အဆင့်(၁၅)နေရာသို့ ရောက်ရှိလာခဲ့ကြောင်း ကမ္ဘာပေါ်ရှိ ဖြစ်ပွားနေသော ရောဂါအခြေအနေများကို စစ်တမ်းကောက်ယူနေသည့် GBD (Global Burden Disease)၏ ဖော်ပြချက်အရ သိရသည်။

# မူးယစ်ဆေးသုံးစွဲသူများ၏ ၉၀ ရာခိုင်နှုန်းကျော် အိတ်ချ်အိုင်ဗီပိုးရှိ၊ မရှိ သွေးစစ်ခြင်းမရှိဟုဆို



*အကြောထဲသို့ မူးယစ်ဆေးထိုးသွင်းနေသူ တစ်ဦး*

**ရဲနောင်**

**ရန်ကုန်၊ မတ်-၈**

မူးယစ်ဆေးဝါးသုံးစွဲသူများတွင် ၉၁ ရာခိုင်နှုန်းသည် အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ရောဂါပိုး ရှိ၊ မရှိ သွေးဖောက်စစ်ဆေးခြင်း မရှိကြောင်း ဆေးသုတေသန ဦးစီးဌာနကပြုလုပ်သော စစ်တမ်းတွင် ဖော်ပြထားသည်။

ရှမ်းပြည်နယ်အတွင်းမူးယစ်ဆေးဝါးသုံးစွဲသူပေါင်း နှစ်ရာကျော်အား အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်နှင့်သက်ဆိုင်သော ဗဟုသုတနှင့် ရောဂါပိုး ကူးစက်မှုအန္တရာယ် လျှော့ချရေး အစီအစဉ်အတွက် လေ့လာမှုစစ်တမ်း ပြုလုပ်ရာတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗီပိုးကူးစက်မှုနှုန်းသည် မူးယစ်ဆေးဝါးသုံးစွဲသူများ၌ ၂၁ ရာခိုင်နှုန်းအထိ ရှိနေပြီး အဆိုပါရောဂါဆိုင်ရာ ကျန်းမာရေးဗဟုသုတနည်းပါးနေသည်ဟု သိရသည်။

“မူးယစ်ဆေးသုံးသူတွေမှာ ဒီရောဂါပိုးကူးတာက တစ်ခါသုံးအပ်မသုံးလို့ဖြစ်ကြတာ။ တစ်ယောက်ပြီးတစ်ယောက် ဒီအပ်၊ ဒီပိုက်နဲ့ပဲ Share (မျှဝေ)ပြီးသုံးနေကြတာများတယ်။ ပိုးရှိ၊ မရှိ စစ်ဆေးဖို့နဲ့ နှစ်သိမ့်ဆွေးနွေး ပညာပေးဖို့တွေ အများကြီး လိုအပ်နေပါသေးတယ်”ဟု ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် အထွေထွေရောဂါကုဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဆရာဝန်တစ်ဦးက မှတ်ချက်ပြုသည်။

မူးယစ်ဆေးဝါးသုံးစွဲသူများကြား အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားမှုလျှော့ချနိုင်ရေး ဆေးထိုးအပ်နှင့် ဆေးထိုးပြွန်အသစ်များ မျှဝေပေးသော စီမံချက်များ လုပ်ဆောင်နေသော်လည်း ၈၄ ရာခိုင်နှုန်းမှာ အဆိုပါစီမံချက်အကြောင်းကို မသိကြောင်း ပြောကြားခဲ့သည်ဟု အဆိုပါ စစ်တမ်းတွင် ရေးသားထားသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲသူပေါင်း သုံးသိန်းမှ ငါးသိန်းဝန်းကျင်အထိ ရှိနိုင်ပြီး ၎င်းတို့အနက် ထက်ဝက်နီးပါးမှာ မူးယစ်ဆေးဝါးအကြောတွင်း ထိုးသွင်းသူများဖြစ်သည်ဟု UNAIDS ၏ စာရင်းဇယားများတွင် ဖော်ပြထားသည်။



7DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

## အလျှင်အမြန်ရောက်ဂါကုသမှုဖြင့် HIV ပိုး ကူးစက်ခံထားရသော ဒုတိယကလေးရောဂါပိုးကင်းစင်

**စခရမ်မန်းတိုး၊ မတ်-၇**

HIV ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသော ကလေးငယ်တစ်ဦးကို ဆောလျင်စွာကုသမှုပေးခဲ့ခြင်းကြောင့်ရောဂါပျောက်ကင်းအောင်ကုသပေးနိုင်ခဲ့သည်ဟု ယူဆကြောင်း အမေရိကန်သုတေသနပညာရှင်များကပြောကြားခဲ့သည်။

အမေရိကန် သုတေသနပညာရှင်များသည် ကယ်လီဖိုးနီးယားပြည်နယ်၌ မွေးဖွားခဲ့သော HIV ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသည့် ကလေးငယ်အား မွေးဖွားပြီးနောက် လေးနာရီအကြာတွင် HIV ပိုးကုသပေးသည့်ဆေး အေအာဗီဆေးဝါးများဖြင့်ကုသပေးခဲ့သည်။ ကိုးလသားအရွယ်ရှိ ယင်းကလေးငယ်မှာ HIV ပိုးမရှိဟု ဆိုနိုင်ကြောင်း အမေရိကန်ပညာရှင်များက ပြောကြားသည်။

ယခုကလေးငယ်မှာ အစောပိုင်းရောဂါကုသမှုများပြီးနောက်တွင် HIV ပိုးမရှိတော့သည့် ဒုတိယကလေးဖြစ်သည်။ ကလေးငယ်၏ သွေး (သို့မဟုတ်) တစ်ရှူးများအတွင်းHIVဗိုင်းရပ်စ်ပိုးလက္ခဏာများကိုမတွေ့ရတော့ကြောင်း ဂျွန်ဟော့ပ်ကင်းတက္ကသိုလ်မှ ကလေးအထူးကုဆရာဝန် ဒေါက်တာဒီဘိုရာပါဆက်ကပြောကြားခဲ့သည်။

ပြီးခဲ့သည့်သုံးနှစ်ခန့်ကလည်း မစ္စစ္စပီပြည်နယ်မှHIV ပိုးရှိသည့်ကလေးငယ်တစ်ဦးကို အေအာဗီဆေးများဖြင့်ကုသမှုပေးခဲ့ကြောင်းနှင့် ယင်းကလေးသည် ယခုလက်ရှိတွင် ဆေးဝါးကုသမှု ရပ်တန့်လိုက်ပြီဖြစ်ကြောင်း ဒေါက်တာပါဆက်က ပြောကြားခဲ့သည်။ လောလောဆယ်တွင်ကယ်လီဖိုးနီးယားပြည်နယ်မှ ကိုးလအရွယ်ကလေးမှာ ယခုအချိန်အထိ ဆေးဝါးကုသမှုခံယူနေဆဲဖြစ်သည်။ HIV ပိုးရှိသည့်မိခင်များမှ မွေးဖွားခဲ့သော ယင်းကလေးငယ် နှစ်ဦးမှာ အစောပိုင်းရောဂါကုသမှုများ ခံယူပြီးနောက်ဆေးစစ်ချက်များတွင် HIV ပိုးမရှိတော့သော အဆင့်သို့ အန္တရာယ်မရှိဘဲ ရောက်ရှိခဲ့ပြီဟု ဒေါက်တာပါဆက်ကပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် HIVဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသူပေါင်း၃၄ သန်းကျော်ရှိသည်ဟုသုတေသနပညာရှင်များက ခန့်မှန်းထားသည်။

—Ref: BBC

## အိမ်နီးချင်းနိုင်ငံများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေ၍ ကာကွယ်ရန် သတိပေး



**ရဲနောင်**

**ရန်ကုန်၊ မတ်-၈**

အရှေ့တောင်အာရှနိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံများတွင် ကြက်ငှက်တုပ်ကွေးရောဂါများ ကူးစက်ပျံ့နှံ့နေသောကြောင့် မြန်မာနိုင်ငံအနေဖြင့် ရောဂါကာကွယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်သည်။

အိမ်နီးချင်းတရုတ်နိုင်ငံတွင် ၂၀၁၃ မတ်လမှစတင်၍ H7 N9 ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ပြီး မလေးရှားနိုင်ငံ၊ ဟောင်ကောင်နှင့် ထိုင်ဝမ်တို့ပါ ကူးစက်ပျံ့နှံ့ခဲ့ရာတွင် လူ ၃၅၅ ဦးကူးစက်ခံရ၍ ၆၇ ဦးသေဆုံးခဲ့သည်။ ထို့အပြင် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် နီပေါနိုင်ငံတို့တွင် H5 N9 ကြက်ငှက်တုပ်ကွေးရောဂါများ ကူးစက်ပျံ့နှံ့လျက်ရှိသည်။

"ကိုယ့်ဘေးနား ပတ်ဝန်းကျင်နိုင်ငံတွေမှာ အဖြစ်များလာတော့ မြန်မာနိုင်ငံအတွက် ကြိုတင်သတိထားမိအောင်ကာကွယ်နိုင်အောင် ကြေညာထားတာ"ဟု မွေးမြူရေးနှင့် ကုသရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။

ကြက်ငှက်တုပ်ကွေးရောဂါသည် ရောဂါဖြစ်ပွားပြီးကြက်ငှက်နှင့် ၎င်းတို့ထွက်ရှိသော ပစ္စည်းများမှတစ်ဆင့် လူသို့ ကူးစက်နိုင်ပြီး အဆိုပါရောဂါကူးစက် ခံရသည့် လူတစ်ယောက်အနေဖြင့် ချောင်းဆိုးခြင်း၊ လည်ချောင်း နာခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ဖျားနာခြင်း၊ မျက်စိ ရောင်ရမ်းခြင်း လက္ခဏာများဖြစ်ပေါ်လေ့ရှိပြီး ရောဂါပြင်းထန်ပါက အသက်သေဆုံးနိုင်သည်ဟု ဆေးပညာရှင်များကပြောသည်။

ယခင်က ကြက်ငှက်တုပ်ကွေးရောဂါအမျိုးအစားအဖြစ် H5 N1 သာရှိခဲ့သော်လည်း ၂၀၁၃ ခုနှစ်မှစ၍ တရုတ်နိုင်ငံတွင် H7 N9 ကြက်ငှက်တုပ်ကွေး ရောဂါပိုး၊ H5 N2 ရောဂါပိုးနှင့် တောင်ကိုရီးယားနိုင်ငံတွင် H5 N8 ကြက်ငှက်တုပ်ကွေးရောဂါပိုးများ ကူးစက်ပျံ့နှံ့လျက်ရှိသည်။

၂၀၁၄ ခုနှစ်အထိ ကမ္ဘာ့နိုင်ငံပေါင်း ၁၆ နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ H5 N1 လူသို့ ကူးစက်မှု ၆၅၀ ရှိပြီး ၃၈၆ ဦး သေဆုံးခဲ့ပြီး သေဆုံးမှုနှုန်းမှာ ၆၀ ရာခိုင်နှုန်းခန့်ရှိသည်။ မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါမှာ H5 N1 မှာ ၂၀၀၆ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့ပြီး အဆိုပါရောဂါကြောင့် အသက်ဆုံးရှုံးမှုမရှိခဲ့ကြောင်း သိရသည်။

## ကင်ဆာရောဂါ အသိပညာပေးရန် ကာတွန်းပြိုင်ပွဲပြုလုပ်မည်

**ဇော်မျိုးလှိုင်**

**ရန်ကုန်၊ မတ်-၈**

ကင်ဆာရောဂါနှင့် ပတ်သက်၍ အများပြည်သူအား အသိပညာပေးရန် ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းမှ ကာတွန်းပြိုင်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကာတွန်းပြိုင်ပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ကြိုတင်ကာကွယ်၍ရသော ကင်ဆာရောဂါများကို ကာကွယ်နိုင်ရန်၊ ကြိုတင်ကာကွယ်၍ မရသော ကင်ဆာရောဂါများကို စောစီးစွာ သိရှိနိုင်ရန် အများပြည်သူအား အသိပညာပေးရန်ဖြစ်သည်။

"ကာတွန်းနဲ့ဆိုရင် လူတွေက ပိုစိတ်ဝင်စားဖို့ လွယ်တယ်။ ဒီစနစ်က စာများများမဖတ်ဘဲနဲ့လူထုဆီကို အသိပညာရောက်ရှိနိုင်တယ်။ အဲဒါကြောင့် ပြည်သူလူထုတွေကို အသိပညာပေးတဲ့ နေရာမှာ ဆုရတဲ့ကာတွန်းတွေကို အသုံးပြုဖို့ပါ။ ဟောပြောပွဲတွေ၊ နှီးနှောဖလှယ်ပွဲတွေ၊ Health Fun Fair တွေ၊ အများပြည်သူကို Me–dical Check–up လုပ်တဲ့နေရာမှာ ဆုရတဲ့ပုံတွေကို Display ပြသထားပြီးတော့ လူတွေသိအောင် လုပ်ဖို့ရှိတယ်" ဟု ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူး ဒေါက်တာ မိုးအောင်ကျော်က ပြောသည်။

ကာတွန်းပြိုင်ပွဲကို အထက်တန်းအဆင့်၊ တက္ကသိုလ်၊ ကောလိပ်အဆင့်နှင့် အလွတ်တန်းအဆင့် သုံးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်မည့် ကာတွန်းမှာ ကင်ဆာရောဂါကာကွယ်ရေးနှင့် စောစီးစွာ သိရှိနိုင်ရေးကို စိတ်ကူးပုံဖော်၍ မင်၊ ရေဆေး (color) ကို မိမိကြိုက်နှစ်သက်ရာဖြင့် ရေးဆွဲနိုင်သည်။ ကာတွန်းပုံဆိုဒ်မှာ A3 ဆိုဒ် (၁၁ ဒသမ ၆၉ လက်မ × ၁၅ ဒသမ ၅၄ လက်မ) ဖြင့် ရေးဆွဲ၍ ရေးဆွဲသူ၏ ကိုယ်ရေးအချက်အလက်နှင့်တကွ အများဆုံး ကာတွန်းပုံ သုံးပုံ ပေးပို့ယှဉ်ပြိုင်ရမည်။

ပေးပို့သည့် ကာတွန်းပုံများကို ဝါရင့်နာမည်ကျော် ကာတွန်းဆရာကြီး ငါးဦးက စိစစ်ရွေးချယ်သွားမည်ဖြစ်ပြီး အဆင့်အလိုက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုနှစ်ဆုဖြင့် စုစုပေါင်း ၁၅ ဆု ချီးမြှင့်သွားမည်ဖြစ်သည်။ ဆုရရှိသူများကို ဧပြီလဆန်းတွင် ထုတ်ဖော်ကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြိုင်ပွဲဝင် လိုသူများသည် အမှတ် ၁၀၆၊ ၄၉ လမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်သို့ တနင်္လာ ထိ သောကြာနေ့အထိ ရုံးချိန် အတွင်း မတ်လ ၃၁ ရက် နောက်ဆုံးထား၍ ပေးပို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

EEPC INDIA | indee MYANMAR 2014 PARTNERSHIP FOR GROWTH



မြန်မာနိုင်ငံ အသေးစားနှင့် အလတ်စားလုပ်ငန်းများဆိုင်ရာ နည်းပညာနှင့် ဖြေရှင်းမှုများအတွက် ကမ္ဘာပေါ်တွင် လှည့်လည်ပြသမှုအများဆုံးအင်ဂျင်နီယာနည်းပညာပြပွဲကြီးတစ်ခု ရန်ကုန်မြို့တွင် ပြသပါတော့မည်။

မိတ်ဆက်ပါသည်

INDEE myanmar 2014

2014 ခုနှစ်မတ်လ 13 - 15ရက်နေ့၊နံနက် 9:30 မှ ညနေ 5:30ထိ၊တပ်မတော်ပြခန်း၊ရန်ကုန်။

(၂၈)ကြိမ်မြောက် INDEE (India Engineering Exhibition)ပြပွဲတွင်စက်မှုထုတ်ကုန်အမျိုး(၁၀၀)ကျော်ပါဝင်ပြီး EEPC INDIA က၂၀၁၄ ခုနှစ်၊ မတ်လ (၁၃) ရက်မှ (၁၅) ရက်အထိမြန်မာနိုင်ငံ၊ရန်ကုန်မြို့တွင်ပြသပါတော့မည်။

စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နေရောင်ခြည် စွမ်းအင်သုံးပါဝါ၊ ဓါတ်သတ္တု တူးဖော်မှု စသည်တို့နှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံခြင်းများ၊ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် ဆွေးနွေးနိုင်ပါသည်။

**ပြပွဲတွင် ပါဝင်မည့်ကဏ္ဍများ**

မော်တော်ယာဉ် ပစ္စည်းများ၊ စက်ဘီးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ကုန်ပစ္စည်းရွှေ့ပြောင်းခြင်းဆိုင်ရာ စက်ပစ္စည်းများ၊ စိုက်ပျိုးရေးဆိုင်ရာစက်ပစ္စည်းများ၊ အဝတ်အထည်ထုတ်မှု ဆိုင်ရာစက်ပစ္စည်းများ၊ အစားအသောက်ထုတ်လုပ်သည့် စက်ပစ္စည်းများ၊ သံမဏိလိပ်စက်များ၊ အခြားအထွေထွေစက်ပစ္စည်းများ၊ အထူးစက်ပစ္စည်းများ၊ ဖြတ်တောက်သည့် စက်ပစ္စည်းများ၊ မီးဖိုချောင်သုံး၊ အိမ်တွင်းသုံး စက်ပစ္စည်း ကိရိယာများသတ္တုပစ္စည်းဆိုင်ရာ ပုံသွင်းခြင်း၊ ပုံစံထုတ်ခြင်းဆိုင်ရာ စက်ပစ္စည်းများ။

ကံစမ်းမဲအစီအစဉ်
ပြပွဲကာလအတွင်း နေ့စဉ်
IPAD တစ်လုံးနှင့် SMART PHONEတစ်လုံး
မဲနှိုက် ရရှိနိုင်ပါသည်။

EEPCINDIA
ENGINEERING THE FUTURE
www.eepcindia.org

Regional
7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

# ဘုံတလာရေတံခွန်သို့ နိုင်ငံခြားသားခရီးသွားဧည့်သည် တစ်လလျှင် ၂၀ ဦး ဝန်းကျင်လာရောက်


**ကိုစိုင်း**

**ကလေး၊ မတ်-၂**

ပွင့်လင်းရာသီကာလ ချင်းပြည်နယ်တောင်ပိုင်း ဘုံတလာရေတံခွန်သို့ တစ်လလျှင် နိုင်ငံခြားသားခရီးသွားဧည့်သည် ၂၀ ဦးဝန်းကျင်လာရောက်လည်ပတ်ကြောင်း မတူပီမြို့နယ် အတွင်းရှိ ဒေသခံများထံမှ သတင်းရရှိသည်။

ဘုံတလာ ရေတံခွန်သည် ချင်းပြည်နယ် မင်းတပ်ခရိုင် မတူပီမြို့နယ် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း လေးထောင်ကျော်တွင် တည်ရှိသည်။ အဆိုပါရေတံခွန်သို့ သွားရောက်လည်ပတ်သူအများစုသည် လမ်းပန်းဆက်သွယ်ရေးကောင်းသော ပွင့်လင်းရာသီကာလများတွင် အများဆုံး လာရောက်လည်ပတ်လေ့ရှိသည်။ ၎င်းတို့သည် နတ်မတောင်သို့ လာရောက်လည်ပတ်ရာမှ ကန်ပက်လက်မြို့နှင့် မိုင်ပေါင်း ၁၅၀ ကျော်ဝေးသော မတူပီမြို့နယ်ရှိ ဘုံတလာရေတံခွန်သို့သွားရောက်လည်ပတ်ကြခြင်းဖြစ်ကြောင်း မင်းတပ်ခရိုင် အထွေထွေအုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

“ဧည့်သည်တွေကကျွန်တော်တွေ့ရသလောက်တော့ အလည်သတ်သတ်လာကြတာများပါတယ်” ဟု မတူပီမြို့နယ်နေ ချင်းတိုင်းရင်းသားတစ်ဦးက ပြောသည်။



*ဘုံတလာ ရေတံခွန်ကို တွေ့ရစဉ်*   ဓာတ်ပုံ – ကိုစိုင်း

ချင်းပြည်နယ်တွင် နိုင်ငံခြားသားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်သော နေရာသုံးနေရာအနက် ဘုံတလာရေတံခွန်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ကန်ပက်လက်မြို့နယ်အတွင်းရှိ နတ်မတောင်သို့လည်ပတ်သူ နိုင်ငံခြားသားအများစုသည် ဘုံတလာသို့ပါထပ်မံသွားရောက်လည်ပတ်ကြသည်။ သို့သော် ချင်းပြည်နယ်မြောက်ပိုင်းရှိ ရိဒ်ရေအိုင်အား ပြည်မမှတစ်ဆင့်ဝင်ရောက်လည် ပတ်သူ နိုင်ငံခြားသားမရှိသလောက်နည်းပါးပြီး လည်ပတ်သူအများစုသည် မိဇိုရမ်းပြည်နယ်နေ အိန္ဒိယနိုင်ငံသား အများစုကသာ လာရောက်လည်ပတ်တတ်ကြသည်။ ယင်းသို့ဖြစ်ရခြင်းမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့်ဖြစ်သည်။

# မုံရွာမြို့သစ်ရပ်ကွက်များတွင် အိမ်ခြံမြေဈေး နှစ်ဆခန့်မြင့်တက်

**မျိုးမင်းဦး**

**မုံရွာ၊ မတ်-၈**

မုံရွာမြို့သစ် ရပ်ကွက်များ အတွင်း ကိုယ့်အားကိုယ်ကိုးလမ်းများဖောက်လုပ်ပြီးစီးချိန် လမ်းဘေးဝဲယာ အိမ်ခြံမြေဈေး နှစ်ဆခန့်မြင့်တက်သွားကြောင်း မုံရွာမြို့ခံအိမ်ခြံမြေအကျိုးဆောင်များကပြောကြားသည်။

“မုံရွာမြို့လယ်ရပ်ကွက်တွေမှာ ဝယ်လိုအား များပေမယ့် ရောင်းလိုအားနည်းသွားပြီ။ အိမ်ခြံမြေဝယ်တဲ့သူတွေက မြို့သစ်ပိုင်းတွေမှာဦးစားပေးရွေးဝယ်တယ်။ အထူးသဖြင့် လမ်းကောင်းတဲ့နေရာတွေ ဝယ်လိုအားများတယ်။ ဒီနှစ် နန္ဒဝန်ရပ်ကွက်၊ သလ္လာမြို့သစ် ရပ်ကွက်တွေမှာ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းပြီးတာနဲ့ အိမ်ခြံမြေဈေးကထက်ဝက်ကို တက်သွားတယ်။ အရင်ပေ ၈၀×၆၀ တစ်ကွက်သိန်းနှစ်ရာကိုတောင် ဝယ်မယ့်သူမရှိတဲ့ မြေကွက်တွေက လမ်းလည်းခင်းပြီးရော သိန်းငါးရာကနေ ခုနစ်ရာအထိတက်သွားတယ်”ဟု မုံရွာမြို့နန္ဒဝန်ရပ်ကွက် အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကဆိုသည်။

“အခု သလ္လာမြို့သစ်ရပ်ကွက်အတွင်းက ရေကူးကန်လမ်းမကြီးကို ဟက်ပီးလိုက်ကလေးကစားကွင်းနဲ့ မိုးကုတ်ဝိပဿနာရိပ်သာဆရာတော်တို့ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းမယ်ဆိုတဲ့သတင်းတွေထွက်ပေါ်လာတဲ့နောက် အဝယ်လိုက်လာတယ်။ ရေကူးကန်လမ်းမြောက်ဆုံးမြေကွက်တွေဆို ပြီးခဲ့တဲ့နှစ်တုန်းက သိန်းငါးဆယ်ဝန်းကျင်ပဲရှိတာ။ အခုသိန်းသုံးရာတောင်မရောင်းတော့ဘူး။ အလယ်ပိုင်းကမြေကွက်တွေက ပြီးခဲ့တဲ့နှစ်တုန်းက သိန်းသုံးရာဝန်းကျင်က အခုသိန်းလေးရာကျော်မှရောင်းတယ်။ ရေကူးကန် ဝန်းကျင်ကမြေကွက်တွေက တစ်ကွက်ကိုသိန်းငါးရာကနေ သိန်းရှစ်ရာအထိဆိုနေပြီ။ ဒါတောင်လမ်းမခင်းရသေးဘူး။ လမ်းခင်းမယ့်သတင်းကြောင့် အဝယ်လိုက်နေတာ”ဟု မုံရွာမြို့ခံ အိမ်ခြံမြေ အကျိုးဆောင် ကိုဇော်ကြီးက ပြောကြားသည်။

မုံရွာ စက်မှုဇုန်ရပ်ကွက်အေးရိပ်သာ လမ်းဘေးဝဲယာပေ ၈၀×၆၀ မြေတစ်ကွက်လျှင် ကျပ်သိန်း ၅၀၀ မှ သိန်း ၇၀၀ ဝန်းကျင်၊ အတွင်းပိုင်းရှိပေ ၈၀×၆၀ မြေကွက်တစ်ကွက်လျှင် နေရာဒေသအလိုက် ကျပ်သိန်း ၁၀၀ မှ ကျပ်သိန်း ၄၀၀ ဝန်းကျင်၊ နန္ဒဝန်ရပ်ကွက် ဗိုလ်တေဇလမ်းဘေးဝဲယာမြေကွက်တစ်ကွက်လျှင် သိန်း ၇၀၀ မှ သိန်း ၈၀၀၊ ဂေါ်သဇင်လမ်းဘေးဝဲယာမြေတစ်ကွက်လျှင် ကျပ်သိန်း ၃၀၀ မှ ကျပ်သိန်း ၅၀၀ ဝန်းကျင် အထိဈေးတက်နေသည်ဟုဆိုသည်။

ဗိုလ်ချုပ်လမ်းမကြီးဝဲယာရှိ အိမ်ခြံမြေဈေးကွက်တွင် အိမ်ခြံမြေငှားရမ်းခ နှုန်းထားများမှာ နှစ်ဆန်းကာလထက် နှစ်ဆခန့်မြင့်တက်ခဲ့သည်ဟု အိမ်ခြံမြေ အကျိုးဆောင်များကဆိုသည်။



7 DAY NEWS JOURNAL
Vol.13, No.2 · MARCH 12 , 2014

# ဟားခါးမြို့တွင် ဒုတိယအကြိမ် နွေရာသီ ‘အ’သုံးလုံးသင်တန်းများ ဖွင့်မည်

**ကိုစိုင်း**

**ကလေး၊ မတ်-၈**

စစ်ကိုင်းတိုင်းဒေသကြီးတွင် နွေရာသီတစ်လခွဲကာလ အခြေခံပညာ စာတတ်မြောက်ရေးဒုတိယအကြိမ် အစီအစဉ်အဖြစ် အ,သုံးလုံး သင်တန်းကို ကလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ နှစ်ရာခန့်ဖြင့် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ကလေးတက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူနှစ်ရာဦးဖြင့် ဧပြီ ၁ရက်မှ မေလ ၁၅ ရက်အထိ သင်ကြားသွားမည်ဖြစ်ကာ ယခင်နှစ်က ချင်းပြည်နယ်တီးတိန်မြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။ မြို့နယ်အတွင်းစာသင်ကြားပေးမည့် ကျောင်းသား၊ကျောင်းသူများအား ရွေးချယ်ရာတွင် စေတနာအဖြစ် လုပ်ကိုင်လိုသူများကို ရွေးချယ်ခဲ့ပြီးအသုံးလုံး သင်တန်းတွင်လိုက်ပါသင်ကြားလိုသူလျှောက်ထားသူ ဦးရေသုံးရာအထိရှိခဲ့သည်။

ယခင်နှစ်က တီးတိန်မြို့နယ်နှင့် တမူးမြို့နယ်နှစ်နေရာတွင် ပြုလုပ်ခဲ့ခြင်းကြောင့်ကျောင်းသား၊ ကျောင်းသူအများအပြားခေါ်ယူခဲ့သည်။

သို့သော် ယခုနှစ်တွင် ဟားခါးမြို့နယ် တစ်မြို့နယ်တည်းတွင်ပင် ပြုလုပ်ရမည်ဖြစ်သောကြောင့် လူဦးရေ နှစ်ရာအထိသာ ခေါ်ယူခဲ့ကြောင်း ကလေးတက္ကသိုလ် ခေတ္တ ကျောင်းအုပ်ကြီးပါမောက္ခဦးအောင်ကျော်ဝင်းက ပြောသည်။

“မြန်မာနိုင်ငံမှာ စာတတ်မြောက်သူဦးရေ မြင့်တက်လာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အသုံးလုံးသင်တန်းပေးဖို့ဖြစ်ပေါ်လာတာပါ။ လိုက်ပါသင်ကြားပေးမယ့် ကလေးတွေကိုတော့ တစ်ရက်တာသင်တန်းပေးပါတယ်။ သူတို့ကို အုပ်ချုပ်ဖို့အတွက် ဆရာ၊ ဆရာမနှစ်ဆယ်ဦးသတ်မှတ်ထားပါတယ်”ဟု ကလေးတက္ကသိုလ်မှ ပါမောက္ခဦးအောင်ကျော်ဝင်းက ပြောသည်။

ချင်းပြည်နယ်မြောက်ပိုင်းအတွက်ကလေးတက္ကသိုလ်မှတာဝန်ယူသင်ကြားသွားမည်ဖြစ်ပြီး ချင်းပြည်နယ်တောင်ပိုင်းအတွက် ပခုက္ကူတက္ကသိုလ်မှ တာဝန်ယူသင်ကြားသွားမည် ဖြစ်သည်။ သွားရောက်သင်ကြားပေးကြမည့် ကျောင်းသား၊ကျောင်းသူများအတွက် နိုင်ငံတော်မှ တစ်ရက်လျှင် ကျပ်ငွေသုံးထောင် ထောက်ပံ့ကြေးအဖြစ် သတ်မှတ်ပေးထားသည်။



*ဟားခါးမြို့ကို တွေ့ရစဉ်*

ဓာတ်ပုံ– ဂျေမောင်မောင် (အမရပူရ)

# နေပြည်တော်တွင် လယ်ဧက ၃၀၀၀ ကျော် စပ်မျိုးစပါး ထုတ်လုပ်နေ

**သန်းထူး**

**နေပြည်တော်၊ မတ်-၈**

နေပြည်တော် ကောင်စီနယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်ရှိ လယ်ဧက ၃၀၀၀ ကျော်၌ လာမည့် မိုးစပါးရာသီအတွက် စပ်မျိုးစပါးများ ထုတ်လုပ်လျက်ရှိကြောင်းသတင်းရရှိသည်။

“ဧက ၃၀၀၀ စက်မှုလယ်ယာစနစ်စိုက်ကွင်းမှာလည်း လုပ်တယ်။ နောက်ပြီး လျားကူးကျေးရွာနားက ဧကတစ်ရာမျိုးစေ့ထုတ်စိုက်ကွင်းမှာလည်း စပ်မျိုးထုတ်လုပ်ဖို့ ဆောင်ရွက်နေတယ်” ဟု စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူတစ်ဦးက မတ် ၈ ရက်တွင်ပြောသည်။ ပုလဲသွယ်အမည်နှင့် ထုတ်လုပ်နေသော အဆိုပါစပ်မျိုး စပါးများကိုလာမည့် မိုးစပါးရာသီ အမီ တောင်သူလယ်သမားများ ထံ ဖြန့်ဖြူးရန် ရည်ရွယ်ထားကြောင်းလည်း ၎င်းကထပ်မံပြောကြားသည်။ စိုက်ပျိုးရေးဦးစီးဌာနသည် စပ်မျိုးစပါးများ ထုတ်လုပ်ရာတွင် သက်တမ်းတို စပါးမျိုးကိုသာ ဦးစားပေး ထုတ်လုပ်လျက်ရှိသကဲ့သို့ တောင်သူလယ်သမားများကိုလည်း သက်တမ်းတိုစပါးမျိုးသာ ရွေးချယ်စိုက်ပျိုးရန်လည်း စည်းရုံးပညာပေးလျက်ရှိကြောင်း သတင်းရရှိသည်။

“ပညာရှင်တွေပြောတာလည်း ဟုတ်ပါတယ်။ ဒါပေမဲ့ အထွက်နှုန်းနိမ့်တယ်လို့ထင်တယ်။ နောက်ပြီး ကိုယ်တစ်ယောက်တည်းက ထွင်စိုက်နေရရင်လည်း အဆင်မပြေဘူး” ဟု နေပြည်တော်ဒေသခံ လယ်သမားတစ်ဦးဖြစ်သူ ကိုမျိုးလင်းအောင်ကပြောကြားသည်။

giz Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH

## Job VACANCY ANNOUNCEMENT (010 / 2014)

### (Junior) National Expert

The Deutsche Gesellschaft fuer Internationale Zusammenarbeit (GIZ) GmbH is a federal enterprise with worldwide operations. It supports the German Government in international cooperation for sustainable development and in international education work. Most of our activities are commissioned by the German Federal Ministry for Economic Cooperation and Development (BMZ). GIZ also operates on behalf of other German ministries and other public and private sector clients both in Germany and abroad. These include the governments of other countries, the European Commission, the United Nations and the World Bank. GIZ operates in more than 130 countries. GIZ employs approximately 17,000 staff members worldwide, some 70 % of whom are local personnel.

GIZ has been present in Myanmar since 2012 and is expanding its activities in the country aiming at sustainable economic development. The three projects are:

1) Private Sector Development,
2) Technical and Vocational Education and Training, as well as
3) financial sector development.

For the project on financial sector development, GIZ is focusing especially on:
1) supporting the Central Bank in their role as regulator and supervisor of the banking sector,
2) supporting the human capacities development in the banking industry,
3) assisting the banking sector to offer appropriate financial services for SME, and
4) supporting the accounting and audit framework in Myanmar

The GIZ project on financial sector development is seeking applications from highly motivated professional candidates for the following position:

Position : (Junior) National Expert
Location : Yangon
Contract Period: May 2014 until December 2015

**Major Responsibilities:**

The (Junior) National Expert will report directly to the Head of Project. He will support and assist the GIZ FSD-team to plan and conduct activities with stakeholders and counterparts like Central Bank of Myanmar and the Parliament.
His/her major responsibilities include:

- Planning and coordination of capacity building activities and stakeholder workshops
- Assisting in the provision of specific technical input and assistance to partner institutions
- Providing support to other GIZ experts
- Assisting in impact monitoring and reporting
- General coordination and support
- Assist as an interpreter and facilitator during meetings, workshops and conferences
- Coordinating national and international consultants

**Minimum requirements:**

- Academic background: Academic degree in Economics/Finance/Business is a must;
- Working experience: Minimum 2 years of relevant work experience;
- Sound understanding of the financial and especially banking sector is desirable.
- International background: International academic and / or work experience is preferred
- IT-Skills: Confident with MS-Office (Word, Excel, Outlook) and Internet
- Language-Skills: Fluent in English and Myanmar language
- Ability to work in cross cultural setting preferred
- Teamwork and partner orientation: Strong interpersonal skills and; ability to establish and maintain effective working relations with people in a multi-cultural, multi-ethnic environment with sensitivity and respect for diversity, and with high level stakeholders (Government Ministries and Agencies, banks, international donors). Ability to identify partners´ needs and appropriate solutions;
- Self-reliance: Ability to act independently with limited supervision. Can-do attitude
- Quick learner

GIZ offers a competitive salary and a social benefits package.

**Application procedure:**

Applications are accepted until **30 March 2014,**

Qualified candidates shall send their application letter along with their non-returnable recent CV and contact detail of two referees to the following address:

Deutsche Gesellschaft für Internationale Zusammenarbeit (GIZ) GmbH
No 35 (B) / 15 New University Avenue
Yangon, Myanmar
OR
E-Mail: giz-myanmar@giz.de
Note:
Please mark the application with: “Application for Junior National Expert (010 /14).
**Only short listed candidates will be contacted.**

7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

မျက်နှာဖုံးမှ

## ဥပဒေတစ်ရပ်မှာ မျက်နှာဘယ်နှဖက်ရှိသလဲ

တရားမဝင်စက်သုံးဆီမှောင်ခိုပြုလုပ်ကြောင်း စွပ်စွဲခံရပြီး သာမန်လူများအချုပ်ထောင်များအတွင်း ရောက်ရှိနေချိန်တွင် အလားတူစွပ်စွဲမှုများနှင့် ရင်ဆိုင်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများကမူ နိုင်ငံတော်သမ္မတ၏ သီးသန့်လေယာဉ်ဖြင့် နိုင်ငံတကာခရီးစဉ်များသို့ လိုက်ပါခွင့်ရလျက်ရှိသည်။

"ကိုယ်နဲ့နီးစပ်တဲ့သူတွေကျ အရေးမယူဘဲ ပြည်သူတွေကို အရေးယူဆောင်ရွက်ရမယ့်အပိုင်းမှာ လက်သွက်ခြေသွက်လုပ်နေတာတွေဟာ မကောင်းတဲ့လက္ခဏာတွေပဲ"ဟု တရားလွှတ်တော်ရှေ့နေရောဘတ်စန်းအောင်က ပြောသည်။

တပ်မတော်ထိပ်ပိုင်းအရာရှိဘဝမှ အရပ်ဝတ်ပြောင်းလဲခဲ့ပြီး နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူချိန်တွင် ဦးသိန်းစိန်သည် ဒီမိုကရေစီလူ့ဘောင်ဖော်ဆောင်ရေးအတွက် မြန်မာနိုင်ငံသားများ တရားဥပဒေလိုက်နာရန် မကြာခဏတိုက်တွန်းလေ့ရှိသည်။

မတ်လ ၁ ရက်တွင် ပြောခဲ့သည့် ရေဒီယိုမိန့်ခွန်း၌ သမ္မတက "... မိမိတို့ပြင်ဆင်ဖို့ ကြိုးပမ်းတဲ့ဥပဒေများ တည်မြဲ နေစဉ်မှာတော့ မကြိုက်နှစ်သက်သော်လည်း နိုင်ငံကြီးသားပီသစွာ တရားဥပဒေကို လေးစားလိုက်နာခြင်းဓလေ့အမြစ်တွယ်ခိုင်မာရေးအတွက် လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေများကို လေးစားလိုက်နာကြရမှာ ဖြစ်ပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သေးသည်။

သို့သော် ပြည်သူများကို တရားဥပဒေစိုးမိုးရေးအကြောင်း ပြောနေသည့် သမ္မတနှင့် သူ၏ အစိုးရအဖွဲ့ကိုယ်တိုင်ကော အပြောနှင့် အလုပ်ထပ်တူကျပါရဲ့လား။ ပြီးခဲ့သည့်နှစ်များအတွင်းက ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်အချို့ကို နှိုင်းယှဉ်ကြည့်ကြပါစို့။

**အာဏာရပါတီနှင့်အရပ်သား**

အာဏာရပြည်ခိုင်ဖြိုးပါတီ၏ ညီလာခံကျင်းပရန်အတွက် နေပြည်တော်တွင် ပါတီ၏ထိပ်ပိုင်းခေါင်းဆောင်များသည် ၂၀၁၂ နိုဝင်ဘာအတွင်းစုဝေးရောက်ရှိခဲ့ကြသည်။ တိုင်းပြည်၏ထိပ်တန်းအာဏာပိုင်များတက်ရောက်ခဲ့ကြသည့် အဆိုပါပွဲတွင် နိုင်ငံတော်အလံပြောင်းပြန်လွှင့်ထူမှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါဖြစ်ရပ်ဖြစ်ပွားပြီး ၁၈၉ ရက်အကြာ ၂၀၁၃ မေလ ၂၂ ရက်တွင် နောက်ထပ်အလံပြောင်းပြန်ဖြစ်စဉ်တစ်ခု ထပ်မံဖြစ်ပွားခဲ့သည်။ ပြည်ခိုင်ဖြိုးထိပ်ပိုင်းခေါင်းဆောင်တစ်ဦးဖြစ်သည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခင်အောင်မြင့်နှင့် ဆွစ်ဇာလန်အထက်လွှတ်တော်ဥက္ကဋ္ဌတို့နေပြည်တော်တွင် တွေ့ဆုံရာ၌ မြန်မာနိုင်ငံအလံပြောင်းပြန်အနေအထားဖြစ်နေသည့်ပုံကို နောက်တစ်နေ့ သတင်းစာများ၌ ရောင်စုံဓာတ်ပုံဖြင့် ဖော်ပြထားသည်။

အလံပြောင်းပြန်လွှင့်ထူမှုနှင့် ပတ်သက်ပြီး ပြည်ခိုင်ဖြိုးပါတီထိပ်သီးအရာရှိကြီးများနှင့် တာဝန်ရှိသူများကို အရေးယူမှုတစ်စုံတစ်ရာပြုလုပ်ထားခြင်းရှိ၊ မရှိ အစိုးရက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ချေ။


သို့သော်လည်း ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ဆူးကလပ်ကျေးရွာမှ အုပ်ချုပ်ရေးမှူးနှင့် သာမန်ပြည်သူတစ်ဦးကို အလံပြောင်းပြန်လွှင့်ထူမှုနှင့်ပတ်သက်ပြီး အစိုးရက အရေးယူခဲ့သည်။ ၂၀၁၃ ဇန်နဝါရီ ၁၂ ရက်တွင် ကျရောက်သော ကရင်နှစ်သစ်ကူးနေ့ အခမ်းအနား၌ အလံပြောင်းပြန်လွှင့်ထူခဲ့ကြောင်း တိုင်ကြားခံခဲ့ရသည့် ၎င်းတို့နှစ်ဦးသည် ဖြစ်စဉ်ဖြစ်ပွားပြီး တစ်နှစ်ကျော် ကြာသည်အထိ တရားရင်ဆိုင်နေရဆဲဖြစ်သည်။

**အစိုးရအဖွဲ့နှင့်အရပ်သား**

"တရားဥပဒေအထက်တွင် မည်သူမျှမရှိစေရ"ဟူသော စကားကိုမကြာခဏကိုးကားနေကြသည့် အစိုးရအဖွဲ့ဝင်များကိုယ်တိုင်ကော တရားဥပဒေ၏အောက်တွင်ရှိနေပါသလားဆိုသည့် မေးခွန်းသည်လည်း လူစိတ်ဝင်စားသည့် အကြောင်းအရာတစ်ခုဖြစ်သည်။

ပြီးခဲ့သည့်နှစ် နှစ်ဆန်းပိုင်းတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီး ဦးသိန်းထွန်းအား ရာထူးမှနုတ်ထွက်ခွင့်ပြုကြောင်း သမ္မတ ဦးသိန်းစိန်က လက်မှတ်ရေးထိုးကြေညာခဲ့သည်။ နောက်ပိုင်းတွင် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိအများအပြားကို ဘဏ္ဍာငွေအလွဲသုံးစားပြုလုပ်သည်ဆိုသော စွဲချက်ဖြင့် အမှုစစ်ဆေးနေကြောင်း အစိုးရအရာရှိများက ပြောကြားခဲ့သည်။ ယင်းအရှုပ်အရှင်းနှင့် ဝန်ကြီးအား ရာထူးမှ ထုတ်ပယ်ခဲ့မှုမှာ တိုက်ရိုက်ပတ်သက်နေသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။ နုတ်ထွက်သွားသည့်ဝန်ကြီးကို မည်သည့်ပုံစံဖြင့် အရေးယူထားသည်ဆိုသည်ကိုမူ အစိုးရက ထုတ်ပြန်ခဲ့ခြင်း မရှိပေ။

သို့သော်လည်း အောက်ခြေဝန်ထမ်းများ လာဘ်စားမှုများ၊ ပြည်သူပိုင်ပစ္စည်းဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည့် အရပ်သားများကိုမူ အစိုးရက အရေးယူရန် အသင့်ဖြစ်နေခဲ့သည်။




ထို့အပြင် ပြီးခဲ့သည့် လပိုင်းအတွင်းကလည်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၏ သမိုင်းတွင်စေသည့် ပြောစကားများကို ဖြေရှင်းပေးရန် လွှတ်တော် ကိုယ်စားလှယ်အချို့က အစိုးရထံ တောင်းဆိုခဲ့သည်။

ဝန်ကြီး၏ တနင်္သာရီခရီးစဉ်အတွင်း ဒေသခံပြည်သူတစ်ဦးက ကျောက်ခင်းလမ်းအစား ကွန်ကရစ်လမ်းခင်းပေးဖို့ တောင်းဆိုရာ ပြည်ထောင်စုဝန်ကြီးက "ယခင်အစိုးရမှာလည်း ငါပါတယ်၊ ဒီအစိုးရမှာလည်း ငါပါတယ်။ ဘာမှထော်လော်ကန့်လန့်မလုပ်နဲ့ ပါးရိုက်ခံရမယ်၊ မကျေနပ်ရင်တောခို"ဟုလည်းကောင်း မကွေးခရီးစဉ်အတွင်းက "ဘာနိုင်ငံရေးသမားကိုမှ ဂရုမစိုက်ဘူး။ ဗိုလ်ချုပ်အုန်းမြင့်ဆိုပြီး နယ်တကာလှည့်ပြီး ပါးရိုက်ရဲတယ်ကွဆိုပြီး မိန့်ခွန်းပြောလာတာ၊ ကျွန်တော်ပြောတာ၊ ဘယ်နိုင်ငံရေးပါတီမှလည်း မကြောက်ဘူး" စသည့်အသုံးအနှုန်းများကို ဖြေရှင်းပေးရန် NLD အမတ်တစ်ဦး ဦးအောင်စိုးက ဖေဖော်ဝါရီလဆန်းတွင် လွှတ်တော်၌ အဆိုတင်သွင်းခဲ့သည်။

ပြည်သူလူထုအပေါ် ရန့်ရင်းကြမ်းတမ်းသော စကားများ ပြောကြားခဲ့သည့် ပြည်ထောင်စုဝန်ကြီးကို အစိုးရက အရေးယူခြင်းမပြုသည့်အပြင် အကာအကွယ်ပင်ပေးခဲ့သည်။

တစ်ချိန်တည်းတွင် လယ်ယာမြေအရေးဆောင်ရွက်သူများ၊ အစိုးရနှင့် အတိုက်အခံပြုလုပ်သူများ၏ ကြမ်းတမ်းသည့်စကားများကိုတော့ အမှုဖွင့်အရေးယူရန် အစိုးရက အမြဲလိုလိုအဆင်သင့်ဖြစ်နေခဲ့သည်။

ရောဝတီတိုင်းဒေသကြီးတွင် ၂၀၁၂ အတွင်းက ဒေသခံများအား ရဲတပ်ဖွဲ့ဝင်များ၏ လာဘ်စားမှုကို ထုတ်ဖော်ပြောကြားသဖြင့် ရဲတပ်ဖွဲ့ဂုဏ်သိက္ခာကိုညှိုးနွမ်းစေမှု ဖြင့် အချိန်မဆိုင်းဘဲဖမ်းဆီးထောင်ချခဲ့သော်လည်း ဝန်ကြီးဦးအုန်းမြင့်၏ ပြောဆိုချက်များအတွက်မူ အစိုးရက ပြတ်ပြတ်သားသားကိုင်တွယ်ရန် ပျက်ကွက်နေကြောင်း တပ်မတော်အရာရှိဟောင်း ဦးနေမျိုးဇင်က ပြောသည်။

"အစိုးရနဲ့ ထိပ်သီးပိုင်းကိုယ်၌ကိုယ်ကို သူတို့နဲ့ဆက်စပ်သော သူတို့နဲ့ပတ်သက်သော လူတွေလုပ်သမျှအကုန်လုံးကို အခုအချိန်အထိ ပြတ်ပြတ်သားသားသေသေချာချာအရေးယူနိုင်စွမ်းမရှိဘူး"ဟု ဦးနေမျိုးဇင်က ဇန်နဝါရီအတွင်းက 7 Day News နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

**အစိုးရမီဒီယာနှင့် အရပ်သားပိုင်မီဒီယာ**

ရာနှင့်ချီသောလူများသေဆုံးခဲ့ပြီး ထောင်သောင်းချီသည့် အရပ်သားများဒုက္ခသည်အဖြစ်သို့ ရောက်ရှိခဲ့ရသည့် ရခိုင်ပြည်နယ် မတည်ငြိမ်မှုအရေးကိုသတင်းများဖော်ပြ သတိကြီးကြီးထားပြီးရေးသားရန် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေက ပြည်တွင်း သတင်းမီဒီယာများကို ၂၀၁၂ ဇွန်လ ၁၀ ရက် ညနေ တွင် ခေါ်ယူ သတိပေးခဲ့သည်။

ဝန်ကြီးချုပ်က အဓိကရုဏ်းကိစ္စရပ်များ ဖော်ပြရာတွင် အစိုးရမူဝါဒများကို ချိုးဖောက်ပါက ထောင်ဒဏ်၊ ငွေဒဏ်များ ချမှတ်အရေးယူခံရနိုင်ကြောင်းလည်း သတိပေးခဲ့သည်။

"အခု (ရခိုင်) ကိစ္စ ကနေ မမျှော်မှန်းနိုင်တဲ့ ဆုံးရှုံးမှုတွေဖြစ်သွားနိုင်တယ်"ဟု ဦးမြင့်ဆွေက သတိပေးခဲ့သည်။

သို့သော်လည်း ပြည်တွင်းမီဒီယာများကိုခေါ်ယူသတိမပေးမီ ငါးရက်အလို ၂၀၁၂ ဇွန်လ ၅ ရက်က အစိုးရပိုင်သတင်းစာ၏ ထိလွယ်ရှလွယ်ရေးသားမှုကိုမူ မည်သည့်သတိပေးအရေးယူမှုမျိုးမျှမပြုလုပ်ခဲ့။

ထိုစဉ်က ရခိုင်ပြည်နယ်တောင်ကုတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော သတ်ဖြတ်မှုများကို ဖော်ပြရာတွင် "မူဆလင်ကုလား"ဟူသော စကားရပ်ကိုသုံးနှုန်းခဲ့သည်။ အဆိုပါအသုံးအနှုန်းကြောင့် အစ္စလာမ်ဘာသာဝင်များ မကျေနပ်မှုများပေါ်ပေါက်စေခဲ့ပြီး အဆိုပါအချက်အပါအဝင် အခြားအကြောင်းအရာများကြောင့် ဇလီတက်သည့်အခါ ဘင်္ဂါလီများ၏ ဒေါသအဟုန် ပိုမိုပြင်းထန်ခဲ့ကြောင်း ရခိုင်ပြည်နယ်ပဋိပက္ခများစုံစမ်းရေးကော်မရှင်အစီရင်ခံစာက ဖော်ပြသည်။

နောက်ပိုင်းတွင် ရခိုင်အရေးနှင့်ပတ်သက်ပြီး ဖော်ပြခဲ့သည့် ပုဂ္ဂလိကသတင်းဂျာနယ်တစ်ခု တရားစွဲဆိုခံခဲ့ရသော်လည်း နယ်ပယ်အသီးသီးက ဝေဖန်ခဲ့ကြသည့် အစိုးရသတင်းစာ၏ လုပ်ရပ်က ကင်းလွတ်ခွင့်ရခဲ့သည်။

**အစိုးရ အဆက်အနွယ်များနှင့် အရပ်သား**

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၂၀ ကျော်အာဏာအရှိဆုံးပုဂ္ဂိုလ်အဖြစ် ရပ်တည်နိုင်ခဲ့သည့် ဗိုလ်ချုပ်မှူးကြီးဟောင်း သန်းရွှေ၏ မြေးဖြစ်သူနေရွှေသွေးအောင်တစ်ယောက် ၂၀၁၃ မတ်လအတွင်းက ရန်ကုန်တွင် ယာဉ်ထိန်းရဲတပ်သားကိုကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သည်။

အဆိုပါသတင်းကို အစိုးရဘက်က တစ်စုံတစ်ရာတုံ့ပြန်ခဲ့ခြင်းမရှိဘဲ ဗိုလ်ချုပ်မှူးကြီးဟောင်း၏ မြေးဖြစ်သူကိုလည်း အရေးယူထားကြောင်း တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။ တာဝန်ချိန်တွင် ကိုယ်ထိလက်ရောက်စော်ကားခံရသည်ဟု သတင်းထွက်ပေါ်ခဲ့သည့် ယာဉ်ထိန်းရဲတပ်သား၏ သတင်းအစအနကိုပင် အစိုးရအရာရှိများက ဖြေကြားရန် ကြောက်ရွံ့နေခဲ့သည်။

"အထက်အရာရှိတွေက ဘော်လီဘောပုတ်သလို ဒီမှာမရှိဘူး။ မသိဘူးပဲဖြေတယ်။ ခံရတဲ့သူကလည်းကြောက်နေရှာတယ်"ဟု အဆိုပါရဲတပ်သားနှင့် တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ခွင့်ရခဲ့သည့် သတင်းထောက်တစ်ဦးက ပြောသည်။

အဆိုပါဖြစ်စဉ်အပြီး တစ်နှစ်နီးပါးအကြာတွင် ယာဉ်ထိန်းတပ်ကြပ်ကြီးတစ်ဦး ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ မီးပွိုင့်တွင် တာဝန်ထမ်းဆောင်နေစဉ် ကိုယ်ထိလက်ရောက်တိုက်ခိုက်ခံခဲ့ရကြောင်း သတင်း ထွက်ပေါ်ခဲ့သည်။

ယခုတစ်ခေါက်တွင်တော့ ဗိုလ်ချုပ်မှူးကြီးဟောင်း၏ မြေးဖြစ်သူကိစ္စတုန်းကကဲ့သို့ ပြောကြားရန်ပင်ဆွံ့အနေခဲ့သည့် အစိုးရက ငြိမ်မနေတော့။ အပြန်အလှန်အမှုဖွင့်ခဲ့ပြီး မီဒီယာများသို့ပင် ထုတ်ဖော်ပြောကြားခဲ့သည်။

ပြည်သူများအား တရားဥပဒေကိုလိုက်နာရန် အမြဲတစေတိုက်တွန်းနေခဲ့သည့် သမ္မတဦးသိန်းစိန်၏ ငါးနှစ်ကြာအစိုးရသက်တမ်းရှိသည့်အနက် မကြာမီကာလအတွင်းသုံးနှစ်ပြည့်တော့မည်ဖြစ်သည်။ အထက်ပါအဖြစ်အပျက်များသည် အစိုးရသက်တမ်းသုံးနှစ်အတွင်း ဖြစ်ပွားခဲ့သည့်အခြေအနေဖြစ်သည်။

ယခုမတ်လကုန်တွင် ပြောကြားမည့် ရေဒီယိုမိန့်ခွန်း (သို့မဟုတ်) မြန်မာနှစ်သစ်ကူးမိန့်ခွန်း၌ ပြည်သူများတရားဥပဒေကို လေးစားလိုက်နာရန် သမ္မတကထပ်ပြောကောင်းပြောလိမ့်မည်။ သို့သော်တစ်ချိန်တည်းတွင်လည်းအထက်ပါအကြောင်းအရာများကရှိနေဆဲဖြစ်သည်။ သမ္မတက ဘာကြောင့်ပြောသလိုမပြတ်သားခဲ့ပါသလဲ။ မေးခွန်းများက ရှိနေဆဲဖြစ်သည်။

"သမ္မတရဲ့ အစိုးရအဖွဲ့မှာတော့အန်တီမြင်တာတော့သမ္မတတစ်ယောက်တည်းမဟုတ်ဘူးလို့ထင်တယ်။ သမ္မတအခက်အခဲကို သမ္မတပဲသိနိုင်တယ်"ဟု ပြည်သူ့လွှတ်တော်၏ တရား ဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ရသေ့တောင်မဲဆန္ဒနယ်မှ ကိုယ်စားလှယ်ဒေါ်ခင်စောဝေက ပြောသည်။

7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

စာမျက်နှာ(၇)မှ

## ရွှေစာရံ၊ ထန်းရွက်ပုတီးဆွဲကြိုးနှင့် မန္တလေး

ကမ်းလာခဲ့ခြင်းဖြစ်သည်ဟု ထန်းရွက်ပုတီးသည် ဦးတာက ဆိုပါသည်။ ငါးရုပ်ကတော့ မန္တလေးမြို့က ဆရာမ ဒေါ်မမလေး၊ ယပ်တောင်ကိုတော့ ပခုက္ကူမြို့မှ အမျိုးသားတစ်ဦးက စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ထန်းရွက်ပုတီးသည်များက ဆိုပါသည်။ ထိုထန်းပစ္စည်းလေးတွေက ပေါ်ဦးပေါ်ဖျားထန်းရွက်ကို အသုံးပြုထား၍ ထန်းဖူးနံ့လေးတွေ မွှေးကြိုင်လို့ပင်။

ရွှေစာရံဘုရားပွဲတော်ရက်နီးလာလေလော ညောင်ဝန်းရွာသူရွာသားများ အလုပ်များလာလေလေဖြစ်သည်။ လယ်အလုပ်လုပ်လိုက်၊ ပုတီးထိုးလိုက်ဖြင့် တပေါင်းလက ဖင်လှည့်ခေါင်းလှည့်ဖြင့် ရောက်လာပါ၏။ တပေါင်းလဆန်း ၃ ရက်ဝန်းကျင်ဆို ညောင်ဝန်းရွာမှ ထန်းရွက်ပုတီးသည်များ ရွှေစာရံဘုရားပွဲတော်ဈေးသွားရောင်းရန် ပြင်ကြပြီ။ ပွဲတော်ကြီးပေမို့ အိမ်ရှိလူကုန်လိုက်ရသည်။ ရက်ရှည်နေထိုင်ပြီး ရောင်းရမှာမို့ ထမင်းဟင်းချက်စရာ အိုးခွက်ပန်းကန်တွေကအစ ယူရသည်။ ပွဲတော်မှာ ရောင်းမည့် ထန်းရွက်ပုတီးတို့ ငါးရုပ်တွေကိုတော့ နှီးတောင်းကြီးများဖြင့် ပိတ်ကာ လုံခြုံအောင် သယ်ရ၏။ ထန်းရွက်တွေမို့ အလွယ်တကူကျိုးပဲ့သွားနိုင်တာကြောင့် လူထက်ပင် ဂရုစိုက်ရသည်ဟု ထန်းရွက်ပုတီးသည်များကဆိုပါသည်။

ရွာထိပ်မှာ ချက်ဗလက်ကားသုံးစီးလောက်က တန်းစီစောင့်နေသည်။ ညောင်ဝန်းရွာမှ ထန်းရွက်ပုတီးသည်များ အလျှိုလျှိုထွက်လာပြီး ပစ္စည်းတွေ တင်ကြ၊ ဟိုလူ့အော်၊ ဒီလူခေါ်ဖြင့် ဆူညံနေလေ့ရှိသည်။ ပစ္စည်းတွေကို ကားအတွင်းထဲ သေသေချာချာထည့်၊ ပစ္စည်းတွေ များတာမို့ ခေါင်းမိုးပေါ်တင်တန်တင်ဖြင့် အလုပ်တွေ များကြပြီ။ ပစ္စည်းတွေ နေရာချပြီးပြီဆိုတော့ လူထိုင်ဖို့နေရာက သိပ်မကျန်တော့။ မတတ်နိုင်။ ထန်းရွက်ပုတီးသည်များရသည့်နေရာ ကုတ်ကပ်တက်ကာ ရွှေစာရံသို့ ချီတက်ရသည်။

ကားစတင်ထွက်လာတော့ ကားပေါ်မှာ ထန်းရွက်ပုတီးသည်များဆူလို့ ညံလို့။ ပြီးခဲ့သည့် ရွှေစာရံဘုရားပွဲကြီးက အကြောင်းတွေ စားမြုံ့ပြန်ရင်း ရယ်လိုက်၊ မောလိုက်ဖြင့် ကားတစ်စီးလုံးသူတို့အသံ။ ယခင်က ဖြတ်လမ်းတွေ မပေါ်သေးတာမို့ မန္တလေးမြို့သို့ အရင်ရောက်အောင်လာပြီးမှ ရွှေစာရံသို့ ဆတ်ကူးရသည်။ ကားစထွက်လာတုန်းက ဆူညံလာခဲ့သလောက် တဖြည်းဖြည်းအသံတွေက တိတ်ဆိတ်စပြုလာသည်။ ညဥ့်ကလည်း တဖြည်းဖြည်းနက်စပြုလာ၏။ စီးလာသည့် ချက်ပလက်ကားကြီးက တကျွိကျွိတအိအိအသံတွေကလည်း ထန်းရွက်ပုတီးသည်တွေကို ချော့သိပ်နေသယောင်ယောင်။

ညနေကစားထားခဲ့သည့် ထမင်းတန်ခိုးက ပြစပြုလာသည်။ မျက်လုံးတွေတဖြည်းဖြည်း မှေးစင်းလာကြပြီး ထန်းရွက်ပုတီးသည်အချို့ အိပ်ပျော်သွားကြပါ၏။

မန္တလေးမြို့မှ အောင်ပင်လယ်ပေါင်ရိုးကနေ ရွှေစာရံသို့ အကူးလမ်းတွေက မြို့ထဲကလို မကောင်းတော့။ ချက်ဗလက်ကားကြီးတွေကလည်း တဝုန်းဝုန်းတဒိုင်းဒိုင်းအသံတွေထွက်တဲ့အထိ ရအောင်တော့ ရုန်းပေးရှာပါသည်။ ထန်းရွက်ပုတီးသည်တွေလည်း ဆန်ခါခုံးထဲ ဆီးဖြူသီးထည့်အလှုပ်ခံရသလို တလူးလူးတလှိမ့်လှိမ့်။ သို့သော်လူကသာ ခံနိုင်ပေသိကားပေါ်တင်လာသည့် ပစ္စည်းတွေကတော့ ဒဏ်မခံနိုင်။ ကားခေါင်မိုးပေါ်တင်ထားသည့် ထန်းရွက်ပုတီး အထုပ်တွေက တဖုတ်ဖုတ်ပြုတ်ကျ၏။ ထမင်းအိုး၊ ဟင်းအိုးတောင်းတွေ ပြုတ်ကျပါ၏။ အိပ်ချင်မူးတူး မျက်စိမှုန်တိမှုန်ဝါးဖြင့် မှောင်မှောင်မည်းမည်းညဥ့်နက်မှာ ထန်းရွက်ပုတီးသည်များ မိမိတို့ ပစ္စည်းထုပ်လေးတွေ ဆင်းဆင်းကောက်ရပါ၏။ မောင်းလိုက်၊ ကောက်လိုက်ဖြင့် အုန်းချောသို့ ရောက်လာပါ၏။ အုန်းချောကနေ ရွှေစာရံကို ဆက်ကူးရမည့်လမ်းက သုံးမိုင်လောက်သာ ရှည်သော်လည်း ဖြတ်ခဲ့တဲ့လမ်းတွေထက်တော့ ပိုဆိုးသည်။ မြေသားလမ်းကြီးမို့ ညမှောင်မှောင် ဖုန်တွေတလူးလူးဖြင့် ရွှေစာရံသို့ ဆက်ကူးကြ၏။ ညသန်းခေါင်မတိုင်မီ ရွှေစာရံဘုရားသို့ ထန်းရွက်ပုတီးသည်များ ဆိုက်ရောက်ကြပါသည်။ ရောက်လျှင်ရောက်ချင်း ရွှေစာရံဘုရားဦးခိုက်ကြ၏။ဘုရားဒါယကာမ မိဖုရားစောမွန်လှအားသားသမီးများ ရောက်ပြီဆိုသည့် အကြောင်း အသိပေးကန်တော့ကြ၏။ ညဥ့်သန်းခေါင်ကျော်ပြီမို့ ထန်းရွက်ပုတီးသည်တွေ ပင်ပန်းနေပြီ။ ထို့ကြောင့် ရောင်းကုန်ပစ္စည်းတွေကို ကျကျနနမသိမ်းနိုင်တော့။ ကားပေါ်ကချပြီး ပုံသာထားလိုက်ရသည်။ လမ်းကြမ်းကြမ်းဒဏ်ကြောင့် ခန္ဓာကိုယ်များ ရိုက်ထားသလို နာကျင်လာ၍ သင့်လျော်ရာ ဖျာခင်းပြီး ထိုးအိပ်ကြတော့၏။ အဲလိုအိပ်နေရင်း ရွှေစာရံဘုရားပေါ်က ဆည်းလည်းလေးတွေ တချွင်ချွင်မြည်ပြီဆို ထန်းရွက်ပုတီးသည်များ အိပ်ရင်းပြုံးမိကြ၏။ ဆည်းလည်းလေးတွေ မြူးပြီဆို ဈေးရောင်းကောင်းတာမို့ ဒီနှစ်ရောင်းကောင်းပြီလို့တွေးကာ စိတ်လက်ချမ်းသာမိကြသည်ဟု ထန်းရွက်ပုတီးသည်များက ပြောပြသည်။

နောက်တစ်နေ့နံနက်လင်းတော့ ဘုရားလူကြီးအား မိမိတို့ ရောက်ကြောင်း သတင်းပို့ကာ ဆိုင်စတင်ဆောက်ကြပါ၏။ အများစုကတော့ ရွှေစာရံဘုရားနဲ့ ဒုဋ္ဌဝတီမြစ်အကြားမှာပင် ဆောက်ကြသည်။ ဆိုင်ဆောက်ပြီးတော့ ရွာမှ လုပ်လက်စ အလုပ်တွေ ဆက်လုပ်ရသည်။ အကြမ်းထည် ထိုးလာတဲ့ ငါးရုပ်တွေ လက်စသပ်ကြသည်။ ရွှေစာရံဘုရားပွဲက တပေါင်းလပြည့်ကျော် ၄ ရက်နေ့လောက်မှ စတာဖြစ်သော်လည်း တပေါင်းလပြည့်နေ့လောက်ကတည်းက လူစည်လေ့ရှိသည်။ လပြည့်နေ့ဆို ဈေးချို ပိတ်တာကြောင့် မန္တလေးသူ၊ မန္တလေးသားများ အများဆုံးလာရောက်တတ်ကြသည်။

ထိုနေ့လိုနေ့မျိုးဆို နံနက် ၁၀ နာရီလောက်ဆိုလျှင် ကားကြီးကားငယ်အသွယ်သွယ်ဖြင့် မန်းသူမန်းသားများလာကြပြီ။ ဖုန်တထောင်းထောင်းလမ်းကို ဖြတ်လာရသည်မို့ မန်းသူ၊ မန်းသားများ မျောက်ဖြူတွေအလားဖြစ်ကုန်ကြ၏။ ရောက်ရောက်ချင်း ရွှေစာရံဘုရားဖူးပြီးနောက် ဘုရားရင်ပြင်တော်တွင်ဖြစ်စေ၊ ဘုရားကြီးကျောင်းဝင်းအတွင်းဖြစ်စေ နေရာချကြသည်။ ပြီးနောက် ဒုဋ္ဌဝတီမြစ်တွင်ရေချိုးရန် ငါးကြီးဆိပ်သို့ဆင်းကြ၏။ ကျဥ်တက်အောင် အေးလှသည့် ဒုဋ္ဌဝတီမြစ်ရေကို ယမကာခံကာ အန်တုသူများလည်း ရှိပါ၏။ တချို့ကတော့ နားတောင်းကျချောင်းသို့ကြုံကြုံဖန်ဖန်သွားချိုးသူလည်း ရှိ၏။ ရေချိုးပြီးတော့ ပါလာသည့် ထမင်းချိုင့်ဖွင့်စားပြီးနောက် ဈေးဝယ်ထွက်ကြပါပြီ။

မန်းသူ၊ မန်းသားများက ထန်းရွက်ပုတီးတွေကို ကိုယ့်လည်ပင်းတွင် ညွတ်နေအောင် ဆင်ရုံမက အိမ်မှာရှိသည့် ဆွေမျိုးသားချင်း၊ အိမ်နားနီးချင်း၊ မိတ်ဆွေရင်းများ၏ သားသမီးများအတွက် ထန်းရွက်ပုတီးများ၊ ဝါးသေနတ်များ၊ ဝါးယပ်တောင်များကို စိတ်ဖြင့် ခွဲတမ်းချကာ ဝယ်ယူကြပါ၏။ မန်းသူ မန်းသား ပျိုပျိုအိုအို ဈေးတော့ မဆစ်တတ်ကြ။ သို့သော် အပိုအဆစ်တော့ တောင်းတတ်ကြသည်။ ထန်းရွက်ပုတီးလေးသုံးလေးကုံးမျှ လက်ဆောင်ရသွားပြီဆိုရင်ဖြင့် မန်းသူမန်းသားများ ပျော်လိုက်သည့်ဖြစ်ခြင်း။ ဒါကြောင့် ထန်းရွက်ပုတီးသည်များ မန်းသူ၊ မန်းသားများဆိုလျှင် ဈေးပိုမဆိုရဲ။ ရောင်းနိုင်မည့် အောက်ဆုံးဈေးကို တန်းပြောရောင်းရ၏။ မန်းသူ၊ မန်းသား ထုံးစံအတိုင်း ဖောက်သည်ထားသည့် ဓလေ့ကလည်း ရွှေစာရံမှာ ရိုးရာမပြတ်။

"နေရာသာ ပြောင်းမရောင်းနဲ့။ သူတို့က မှတ်ကို ထားတာ။ နှစ်တိုင်းကို လာဝယ်တာ"ဟု ဦးတာက မန်းသူ၊ မန်းသားများ၏စရိုက်အား သတိတရပြောပြပါသည်။ ဒီကြားထဲ မူးလာပြီး လက်ဆော့ခြေဆော့လုပ်ကာ ထန်းရွက်ပုတီးဖြုတ်ယူသွားသူတွေလည်း ရှိပါ၏။ "မူးနေတဲ့သူဆိုတော့ ဘာမှမဖြစ်ချင်တာနဲ့ သည်းခံရလိုက်တော့ ပါသွားတာပါပဲ"ဟုထန်းရွက်ပုတီးသည် ကိုဇော်လင်းထွန်းက အတွေ့အကြုံကို မျှဝေသည်။

သို့သော် မန်းသူ၊ မန်းသားများ ရွှေစာရံဘုရားပွဲသို့ မလာရောက်နိုင်သည့် အခြေအနေမျိုးတွေလည်း ရှိတတ်ပါသည်။ မန္တလေးက မီးဘေးမကြာခဏကြုံနေရသည်မို့ မီးလောင်တာမျိုး၊ နောက်ပြီး မန္တလေးမှာ တစ်ခုခုဖြစ်နေတာမျိုးဆိုလျှင် မန်းသူ၊ မန်းသားများ ပျော်ပွဲရွှင်ပွဲဘေးချိတ်ရသည်မို့ မလာတတ်ကြတော့။ ထန်းရွက်ပုတီးသည်များ အဖို့ ရောင်းကုန်ပစ္စည်းများ အိမ်ပြန်သယ်ဖို့သာပြင်။ ယမန်နှစ်က ဘာသာရေးအသွင်ဆောင်ထားသည့် ဖြစ်စဥ်များကြောင့် မန္တလေးမြို့တွင် ရုတ်ရုတ်သဲသဲဖြစ်ပွားခဲ့ပြီးနောက် ရွှေစာရံဘုရားပွဲတော်သို့မန်းသူမန်းသားများလာရောက်လည်ပတ်မှုနည်းပါးခဲ့ကာ ထင်သလောက် မရောင်းခဲ့ရပဲ အရင်းပါရှုံးခဲ့ကြောင်း ထန်းရွက်ပုတီးသည်များကပြောပြသည်။ "မန္တလေးမှာ မီးမလောင်ပါစေနဲ့၊ တစ်ခုခုမဖြစ်ပါစေနဲ့လို့ ဆုတောင်းနေရတယ်။ ပွဲစပြီဆို မီးလောင်တာတွေ၊ ဘာတွေ ကြားကို မကြားချင်ဘူး"ဟု ထန်းရွက်ပုတီးသည်အမျိုးသမီးတစ်ဦးကဆိုပါသည်။

သဘာဝဘေးဒဏ်ကိုလည်း ထန်းရွက်ပုတီးသည်များ ကြုံရပါသေးသည်။ မိုးဦးလေဦးစောပြီးဝင်လာသည့်အခါ မိုးတွေ၊ လေတွေကျပြီး ဘုရားပတ်လည်ရှိ ထန်းရွက်ပုတီးဆိုင်လေးများအတွင်း မိုးရေများ ဒလဟောဝင်ရောက်လာတတ်သည်။ ဆိုင်အမိုးကာများ လေဒဏ်ကြောင့် လန်ထွက်ကုန်တတ်သည်။ ထိုအခါမျိုးဆို မိုးရေကြောက်သည့် ထန်းရွက်ပုတီးနှင့် ငါးရုပ်ကလေးများ ပျက်စီးရပါ၏။ စိုက်ထားသည့် အရင်းတွေက များတာမို့ ထန်းရွက်ပုတီးသည်များ ပွဲမပြီးမချင်း ရင်တမမနှင့် နေရ၏။ "ဘုရားပွဲကြီးပြီးပြီဆိုမှ ဒီတစ်ပွဲတော့ လွတ်ပြီဟဲ့ဆိုပြီး ဟင်းချနိုင်တယ်"ဟု ဦးတာက ဆိုပါသည်။

မည်သို့ပင်ဖြစ်စေ ရွှေစာရံဘုရားပွဲတော်ကြီး ကတော့ဖြင့် နှစ်စဥ်အစဥ်အလာမပျက်ကျင်းပနေဆဲဖြစ်ပါသည်။ ထန်းရွက် ပုတီးလေးတွေကို တမက်တမောဝယ်ကြမည့် ဈေးဝယ်သူများကို အမျှော်ကြီးမျှော်နေကြမည့်သူများလည်း ရှိနေဦးမည်ဖြစ်ပါသည်။

**YIT Social Network (1993-2000)**

**သူငယ်ချင်းဟောင်းများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

ကျောင်းသား ကျောင်းသူဟောင်းများအချင်းချင်း ပြန်လည်ဆက်သွယ်နိုင်ရေး အာစရိယပူဇော်ပွဲကျင်းပနိုင်ရေး၊ ကျန်းမာရေးအရ ကူညီစောင့်ရှောက်မှုပေးရန်လိုအပ်နေသောဆရာ၊ ဆရာမများနှင့် သူငယ်ချင်းများအား ထောက်ပံ့ကူညီနိုင်ရေးတို့အတွက် ရည်ရွယ်၍ YIT Social Network (1993-2000) ကို (၁၂. ၁. ၂၀၁၄)ရက်တွင် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ပါသည်။ သို့ပါ၍ သူငယ်ချင်းဟောင်းများအနေဖြင့် ဆက်သွယ်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန်- (၁) ကိုနေလင်း (Civil) ဖုန်း- ၀၉-၅၀၂၂၂၂၀၊
(၂) ကိုရဲထွတ် (Mech) ဖုန်း- ၀၉-၅၁၃၇၉၉၃၊
(၃) ကိုမျိုးမင်းဦး (EC) ဖုန်း- ၀၉-၇၃၁၇၃၂၈၀၊
(၄) ကိုဇော်မင်းဦး (EP) ဖုန်း- ၀၉-၄၂၀၀၁၂၁၂၄၊
(၅) ကိုမြတ်ကျော်ကျော် (Mining) ဖုန်း- ၀၉-၅၁၆၁၂၅၆

Facebook: :http://www.facebook.com/groups/1993YIT2000/

**ပြင်ဦးလွင်မြို့ အနီးစခန်း အ.ထ.က**

**တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ**

ပြင်ဦးလွင်မြို့အနီးစခန်း အ. ထ. က တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို (၂၅-၅-၂၀၁၄) တနင်္ဂနွေနေ့ နံနက် ၈း၀၀ နာရီတွင် အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား/သူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြပါရန်နှင့် အလှူငွေများဆက်သွယ် လှူဒါန်းနိုင်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဦးပဏ္ဏဝ(ဒိုးပင်ပရဟိတဆရာတော်) (၀၉-၂၅၆၀၁၇၉၅၇) | ၇။ | ဦးကျော်သူဆွေ (၀၉-၄၂၁၂၉၃၇၂) |
| ၂။ | ဦးဌေးမြင့် (၀၉-၄၇၁၃၈၀၁၁) | ၈။ | ဒေါ်ဝင်းလဲ့လဲ့ (သစ္စာမြိုင်) (၀၉-၂၀၄၄၉၂၄) |
| ၃။ | ဦးအောင်မြင့် (၀၉-၃၃၀၁၆၈၈၁) | ၉။ | ဒေါ်တင်မျိုးသူ(ပွင့်လန်း) (၀၉-၂၀၄၃၄၃၁) |
| ၄။ | ဦးမြင့်လွန်း (၀၉-၃၃၁၄၃၀၀၆) | ၁၀။ | ဒေါ်သိင်္ဂီကလျာနွယ် (၀၉-၂၀၁၅၇၀၁) |
| ၅။ | ဦးဝင်းမြင့် (၀၉-၄၉၂၁၃၅၁၈) | ၁၁။ | ဒေါ်ဖြိုးဖြိုးသွယ် (၀၉-၄၀၂၇၀၂၅၈၂) |
| ၆။ | ဦးကျော်မျိုးထက် (၀၉-၂၅၀၃၇၉၀၁၉) | ၁၂။ | ဒေါ်ခင်အုန်း (၀၉-၃၃၁၄၃၁၄၇) |

ကျွန်တော်တို့၏ **Super Market** အသစ်သည် မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ပါသဖြင့် လူကြီးမင်းတို့၏ စားသောက်ကုန်ပစ္စည်းများကို ရောင်းချရန်စိတ်ဝင်စားပါက အောက်ပါဖုန်းနံပါတ်သို့ဆက်သွယ်၍ လာရောက်ဆွေးနွေးနိုင်ပါသည်။

**No.18(B), 1st Floor, Bo Yar Nyunt Street, Dagon Township, Yangon.**

**Phonenumber-09450065703,09448002174**

**ဝန်ထမ်းအလိုရှိသည်**

♦ **Designer** - **2 Posts** ကျား/မ

**Illustrator & Photoshop** ကျွမ်းကျင်သူ

- လုပ်ငန်းအတွေ့အကြုံ (၂)နှစ်အထက်ရှိသူဖြစ်ရမည်။ လစာကောင်းကောင်းပေးမည်။

လျှောက်ထားသူများသည် မကြာသေးမီက ရိုက်ထားသော ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ကိုယ်ရေးရာဇဝင်အသေးစိတ်၊ နေရပ်လိပ်စာ အပြည့်အစုံရေးပြီး အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**အမှတ်-၃၆,၃၈၊ အခန်း-၇၀၃၊ ၈ လွှာ၊ မြေနုလမ်း၊ မဟာမြိုင်မှတ်တိုင်၊ စမ်းချောင်းမြို့နယ်။**

# Education

7 DAY NEWS JOURNAL

Vol.13, No.2 • MARCH 12 , 2014

## အခြေခံပညာ ကျောင်းနေနှုန်းမြင့်မားရေးနှင့် တက္ကသိုလ်များ ပိုမိုလွတ်လပ်ရေးဆောင်ရွက်နေဟုဆို

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၆**

အခြေခံပညာကဏ္ဍတွင် ကျောင်းနေနှုန်းမြင့်မားရေးနှင့် အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်များ ပိုမိုလွတ်လပ်ရေးတို့ကို အဓိကထားဆောင်ရွက်နေကြောင်း ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက အမျိုးသားအဆင့်လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲတွင် ပြောကြားသည်။

အခြေခံပညာကဏ္ဍတွင် ကျောင်းအပ်နှံနှုန်း၊ ကျောင်းနေမြဲနှုန်း၊ အတန်းကူးပြောင်းနှုန်း ညွှန်းကိန်းများ မြင့်မားလာရေးတို့ကို ပြောင်းလဲအကောင်အထည်ဖော်နေပြီး အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်များ နိုင်ငံတကာ အဆင့်မီရေးနှင့် ပိုမိုလွတ်လပ်ရေး၊ သုတေသနနှင့် သင်ကြားရေးကို နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ သုတေသနအခြေပြု တက္ကသိုလ်များဖြစ်လာစေရန် ဦးတည်ပြောင်းလဲခြင်းတို့ ဆောင်ရွက်နေကြောင်း ဒုသမ္မတကပြောသည်။

မြန်မာနိုင်ငံတွင် ပညာရေးစနစ်နိမ့်ကျမှုကြောင့် အခြေခံပညာအဆင့်တွင် နှစ်စဉ်ကျောင်းထွက်နှုန်းသိန်းနှင့်ချီရှိနေပြီး အဆင့်မြင့်ပညာတွင်လည်း တက္ကသိုလ်များသည် ဗဟိုချုပ်ကိုင်မှုအောက်တွင်ရှိနေခြင်းကြောင့် တိုးတက်မှုအားနည်းနေကြောင်း နိုင်ငံတကာအဖွဲ့အစည်းများက ထောက်ပြထားသည်။

“အခြေခံပညာကဏ္ဍမှာ မူဝါဒပိုင်းကျွမ်းကျင်တဲ့သူမရှိတော့ဘူး။ ဝန်ကြီးနဲ့ ဒုဝန်ကြီးတွေကလည်း အဆင့်မြင့်ပညာကလာတဲ့သူတွေချည်းပဲ။ အဆင့်မြင့်ပညာမှာလည်း ဆောက်လုပ်ရေးကန်ထရိုက်တွေ၊ စားသောက်ဆိုင်ကန်ထရိုက်တွေပေါ် အာရုံစိုက်တာတွေရှိနေတယ်”ဟု ပညာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ဝေဖန်သုံးသပ်သည်။



*အခြေခံကျောင်းတစ်ကျောင်းကို တွေ့ရစဉ်* ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

အစိုးရနှင့် ပညာရေးဝန်ကြီးဌာန၏ ပညာရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်နေခြင်းအပေါ် အရပ်ဘက်ပညာရေးအဖွဲ့အစည်းများနှင့် ပညာရေးဝန်ထမ်းများကမကျေမနပ်ဝေဖန်မှုများလည်းပြင်းထန်လာသည်ကို တွေ့ရသည်။

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် လုံးဝအမှီသဟဲပြုနေသည့်အပြင် ပညာရေးသည် နိုင်ငံနှင့် လူမျိုး၏ ဖွံ့ဖြိုးတိုးတက်မှုအခြေခံအုတ်မြစ်အဖြစ် ယုံကြည်ခံယူသည့်အတွက် နိုင်ငံတော်၏ ပညာရေးအဆင့်အတန်းနှင့် အရည်အသွေး မြင့်မားလာစေရေးအတွက် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်နေကြောင်း ဒုသမ္မတကဆိုသည်။

## အစိုးရနှင့် ပြည်သူ့လွှတ်တော်တို့၏ အမျိုးသားပညာရေး ဥပဒေနှစ်ခု ထိပ်တိုက်တွေ့ဖွယ်ရှိနေ

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၈**

အစိုးရကဖွဲ့စည်းထားသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီသည် အမျိုးသားပညာရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေ(မူကြမ်း)တို့ကို လွှတ်တော်အဆင့်ဆင့်သို့ တင်ပြအတည်ပြုချက်ရယူမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီကလည်း အမျိုးသားပညာရေးဥပဒေမူကြမ်းကို ရေးဆွဲပြီး လွှတ်တော်သို့ တင်ပြရန် စီစဉ်ထားခြင်းကြောင့် အစိုးရနှင့် ပြည်သူ့လွှတ်တော်တို့၏ ဥပဒေနှစ်ခုထိပ်တိုက်တွေ့ဖွယ် ရှိနေခြင်း ဖြစ်သည်။

“ဥပဒေမူကြမ်းဆိုတာက ဘယ်သူမဆိုရေးဆွဲလို့ရတယ်လေ။ တစ်ခုရှိတာက တကယ်အကောင်အထည်ဖော်မယ့် ပညာရေးဝန်ကြီးဌာန မပါဘဲနဲ့ ရေးဆွဲထားတဲ့ ဥပဒေဆိုရင် လက်တွေ့ အခက်အခဲရှိနိုင်ပါတယ်။ ပညာရေးက အတွေ့အကြုံရှိတဲ့သူတွေရဲ့ အကြံဉာဏ်တွေထည့်သွင်းဖို့ လိုပါတယ်” ဟု ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီမှ အကြံပေးပညာရှင်တစ်ဦးက ဆိုသည်။

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီသည် အမျိုးသားအဆင့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး အမျိုးသားပညာရေးဆိုင်ရာ မူဝါဒများနှင့်အမျိုးသားပညာရေးဥပဒေမူကြမ်းပြုစုရေးအတွက် အချက်အလက်များကို ညှိနှိုင်းသဘောတူညီမှု ရလဒ်ကောင်းများရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ယခင်ပညာရေးဝန်ကြီးဟောင်းနှင့် ယခုလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်းဦးဆောင်သော ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီက တစ်နှစ်နီးပါးအချိန်ယူပြင်ဆင်ရေးဆွဲထားသော အမျိုးသားပညာရေးဥပဒေမူကြမ်းကို လွှတ်တော်သို့တင်ပြရန် စီစဉ်နေချိန်တွင် သမ္မတရုံးဝန်ကြီးဦးတင်နိုင်သိန်းဦးဆောင်သော ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီကလည်း အမျိုးသားပညာရေးဥပဒေမူကြမ်းရေးဆွဲ၍ လွှတ်တော်သို့ တင်ပြရန် စီစဉ်နေခြင်းဖြစ်သည်။

ပညာရေးဆိုင်ရာ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပြင်ပပညာရှင်များဖြင့်ဖွဲ့စည်းထားသော ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးနိုင်ငံလုံးဆိုင်ရာ ကွန်ရက် (NNER) ကလည်း အမျိုးသားပညာရေးမူဝါဒကို ပြုစုရေးဆွဲထားသည်။

ပြည်သူ့လွှတ်တော်၏ ပညာရေးမြှင့်တင်မှု ကော်မတီ၊ အစိုးရ၏ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီနှင့် အရပ်ဘက်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များပါဝင်သော NNER တို့ကြား အပြန်အလှန်တွေ့ဆုံဆွေးနွေးမှုများရှိခဲ့သော်လည်း မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် အဖြေရှာထုတ်နိုင်ခြင်းမရှိသေးပေ။

## ADB-JSP ဘွဲ့လွန်ပညာသင်ဆု လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ မတ်-၈**

အာရှဖွံ့ဖြိုးမှုဘဏ်–ဂျပန်ပညာသင်ဆုအစီအစဉ် (ADB–JSP) အတွက် ဝိဇ္ဇာသိပ္ပံမဟာဘွဲ့၊ စီးပွားရေးမဟာဘွဲ့နှင့် ပါရဂူဘွဲ့ပညာသင်ယူမည့် မြန်မာကျောင်းသားများ လျှောက်ထားနိုင်ကြောင်း သတင်းထုတ်ပြန်သည်။

စီးပွားရေး၊ စီမံခန့်ခွဲမှု၊ သိပ္ပံနှင့် နည်းပညာနှင့် အခြားဖွံ့ဖြိုးတိုးတက်ရေးဆက်စပ်နယ်ပယ်များကို လေ့လာသင်ယူမည့်ကျောင်းသားများသည် အာရှနှင့်ပစိဖိတ်ဒေသရှိ တက္ကသိုလ်များတွင် တက်ရောက်ခွင့် ရရှိမည်ဖြစ်သည်။

ပညာသင်ဆုအစီအစဉ်သည်တစ်နှစ်မှ နှစ်နှစ်ထိသင်တန်းအား ထောက်ပံ့သွားမည်ဖြစ်ပြီး ပညာသင်ယူပြီးဆုံးပါက မိမိနိုင်ငံသို့ပြန်၍ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပါဝင်ဆောင်ရွက်ရန် မျှော်လင့်ထားကြောင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အာရှဖွံ့ဖြိုးရေးဘဏ်–ဂျပန်ပညာသင်ဆုအစီအစဉ်သည် နှစ်စဉ်ကျောင်းသား သုံးရာခန့်ကို ဒေသတွင်း ဆယ်နိုင်ငံရှိ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ယူရန် ကျောင်းဝင်ခွင့် ပြုလျက်ရှိသည်။

ပညာသင်ဆုအစီအစဉ်အတွက် အသက်(၃၅)နှစ်အောက်ကျောင်းသားများလျှောက်ထားရန် သတ်မှတ်ထားပြီး အသေးစိတ်အချက်အလက်များကို www.adb.org တွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်မည်ဖြစ်သည်။




BRAND'S
အမြင့်မားဆုံးစွမ်းဆောင်ရည် အတွက်
ဘရင်းဂျင်စင်းကြက်ပေါင်းရည်ကို နေ့စဉ် သောက်ပါတယ်
ဂျင်စင်းပေါင်းစပ်
ကောင်းမြတ်တဲ့
ဖော်မြူလာ
BRAND'S
ကျွန်တော်က အိပ်မက်ဆုံရာအစီအစဉ်နဲ့ အခြားဂီတ
သင်တန်းတွေမှာ သင်ကြားမှုတွေ မပြတ်လုပ်နေရပါတယ်။
ဘရင်းဂျင်စင်းကြက်ပေါင်းရည်ကို နေ့စဉ်သောက်လို့ မောပန်း
နွမ်းနယ်မှုမရှိဘဲ ကျန်းမာလန်းဆန်းပြီးအားရှိနေတာပေါ့။
ခိုင်မြဲသာ
(အဆိုတော်၊ Vocal Trainer)
X-tra
Herbs
BRAND'S
花旗參雞精
Essence of
Chicken
with Ginseng X-Tra Herbs
ပင်ပန်းနွမ်းနယ်မှုမှန်သမျှ ပျောက်ကင်းစေပြီး လုပ်ငန်းတာဝန်
များကို ပုံမှန်ထက်ပင် စွမ်းရည်မြင့်မားစွာ လုပ်ဆောင်နိုင်ခြင်း
ဂျင်စင်းပေါင်းစပ်ထားတဲ့ ကောင်းမြတ်သော ဖော်မြူလာ၏
အစွမ်းကြောင့် သက်လုံကိုအထူးကောင်းမွန်စေပြီး ခွန်အားကို
လည်းတိုးမြှင့်စေနိုင်ခြင်း

7DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014



# အလုပ်အကိုင်ပြပွဲတွင် ဟောင်ကောင်၌ အိမ်ဖော်အဖြစ် လုပ်ကိုင်ရန် လျှောက်ထားသူ ၅၀၀ ကျော်ရှိ

**အေးမြတ်သူ**

**ရန်ကုန်၊ မတ်-၇**

လှိုင်မြို့နယ်အတွင်းကျင်းပပြုလုပ်သော ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ပြပွဲတွင် ပြည်ပနိုင်ငံများအတွက် အလုပ်လျှောက်လွှာပေါင်း၇၉၀၀ ကျော်အနက် ဟောင်ကောင်သို့အိမ်အကူလုပ်သားအဖြစ် လုပ်ကိုင်ရန် လျှောက်ထားသူ ငါးရာကျော်ရှိကြောင်း ပြည်ပအလုပ်အကိုင်အေဂျင်စီအသင်းချုပ်မှ သတင်းရရှိသည်။

ပြပွဲတွင်အလုပ်နေရာအများဆုံးခေါ်ယူသည့် ဟောင်ကောင်မှ အိမ်အကူအလုပ်နေရာကိုလျှောက်ထားသူ ၅၀၃ ဦးရှိခဲ့ကာ ဟောင်ကောင်ကဲ့သို့အိမ်အကူလုပ်သားခေါ်ယူသည့် စင်ကာပူနိုင်ငံသို့ လျှောက်ထားသူ စာရင်းမှာ အရေအတွက်အတိအကျဖော်ပြထားခြင်းမရှိပေ။ သို့သော်စင်ကာပူသို့ အလုပ်လျှောက်ထားသူဦးရေမှာ တစ်ထောင်ကျော်ရှိပြီး အများစုမှာ ကျွမ်းကျင်လုပ်သားအလုပ်နေရာကို ဦးစားပေးလျှောက်ထားကြောင်း သိရှိရသည်။



*လှိုင်မြို့နယ်အတွင်း ကျင်းပသည့် အလုပ်အကိုင်ပြပွဲသို့ တက်ရောက်လာသူများ*

ဓာတ်ပုံ – ကျော်ဇင်သန်း

မတ်လ ၁ ရက်မှ ၂ ရက်ထိ လှိုင်မြို့နယ် Myanmar Info Tech တွင် ပြုလုပ်ခဲ့သော ပြည်တွင်း၊ ပြည်ပအလုပ်အကိုင် ပြပွဲတွင် ပြည်တွင်းပြည်ပ ကုမ္ပဏီများသို့ လျှောက်ထားခဲ့သည့် အလုပ်လျှောက်လွှာပေါင်း တစ်သောင်းကျော်ရှိသည်။ ပြည်ပသို့ အလုပ်လျှောက်လွှာ၇၉၀၀ ကျော်နှင့်ပြည်တွင်းအလုပ်လျှောက်လွှာ ၂၅၀၀ ကျော်တို့ရရှိသည်။

အဆိုပါပြပွဲတွင် ပြည်ပနိုင်ငံပေါင်း ၁၀ နိုင်ငံခန့်မှ အလုပ်ခေါ်ယူကမ်းလှမ်းခဲ့ပြီး မလေးရှားသို့အလုပ်လျှောက်ထားသူ ၂၆၀၀ ကျော်၊ ထိုင်းနိုင်ငံသို့ လျှောက်ထားသူ ၂၃၀၀ ကျော်၊ ဂျပန်သို့ လျှောက်ထားသူ၁၉၀ ကျော်လက်ခံရရှိခဲ့သည်။

ယင်းနိုင်ငံပေါင်း၁၀နိုင်ငံမှာ မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ ဟောင်ကောင်၊ ဂျပန်၊ ဘရူနိုင်း၊ ယူအေအီး၊ အိုမန်၊ ဘာရိန်းနှင့် ကာတာတို့ဖြစ်သည်။ ထို့အပြင် ပြပွဲအတွင်း ပြည်ပ အလုပ်လျှောက်ထားသူများအား ၎င်းတို့အလုပ်လျှောက်ခဲ့သည့် နိုင်ငံများမှ ပြဋ္ဌာန်းထားသော ဥပဒေအတိုင်းလုပ်သားအကျိုးခံစားမှုတို့ ရရှိမည်ဖြစ်သည်။ လက်ရှိထိုင်းနိုင်ငံတွင် တစ်ရက်လျှင် ဘတ် ၃၀၀ ရရှိလျက်ရှိပြီး မလေးရှားနိုင်ငံတွင် တစ်ရက်လျှင် ရင်းဂစ်ငွေ ၉၀၀ သတ်မှတ်ထားသည်။

---

**Free Classified**

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**
Assistant Production Manager
M (1) Post
HR Manager M/F (1) Posts
Sales/Marketing Manager
M/F (1) Post
PH:09 73192935

---

**ဝန်ထမ်းအလိုရှိသည်**
အချက်အပြုတ်ကျွမ်းကျင်
(ယိုးဒယား၊ တရုတ်၊ ရှမ်း)
မီးဖိုချောင်အကူ/ပန်းကန်ဆေး
စားပွဲထိုး/မုန့်ဖို
အအေးဖျော်ကျွမ်းကျင်
ဖုန်း–၀၁ ၅၃၅၃၅၀

---

**ဝန်ထမ်းအလိုရှိသည်**
WFP Myanmar is seeking the quali–fied candidates for the below.
Job Title – Programme officer (1) Post, Grade – NO.A, Duty Station–Maungdaw.
No.5, Kanbawza St, Shwe Taung Kyar 2 Ward, Bahan Tsp. email: wfpmyanmar.vacancy@wfp.org

---

**ဝန်ထမ်းအလိုရှိသည်**
ခေါင်းလျှော်စက်ဆွဲကျွမ်းကျင် မ (၁) ဦး
ဘာသာစုံကျွမ်းကျင် မ(၁)ဦး
UK အလှပြုပြင်ဆိုင်
အမှတ် (၅၆)၊ ရှုခင်းသာမြို့ပတ်လမ်း၊ ခိုင်ရွှေဝါမှတ်တိုင်၊ သာကေတမြို့နယ်။
ဖုန်း–၀၉ ၄၂၁၁၆၃၆၉၃

---

**ဝန်ထမ်းအလိုရှိသည်**
Sale & Marketing Executive M/F (4) PostsSale Promoter M/F (4) Posts
(ဘွဲ့ရ (သို့) အခြေခံပညာအထက်တန်းအောင်)
E'ko Branch: Bld A–2, Ground Floor, ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁ ၆၅၅၉၁၀

---

**ဝန်ထမ်းအလိုရှိသည်**
– အရောင်းဝန်ထမ်း မ (၁၀)ဦး။
– ဆယ်တန်းအောင် (သို့) ဘွဲ့ရ။
– အသက်(၂၅)နှစ်ဝန်းကျင်။
– အထည်အရောင်းပိုင်းဆိုင်ရာ အတွေ့အကြုံရှိသူ ဦးစားပေးမည်။
– နှစ်ပတ်အတွင်း လာရောက်လျှောက်ထားရန်။
ရွှေပိုးနန်းတော်ပိုးထည်ဆိုင်
ဖုန်း–၀၉–၇၃၁၂၆၂၈၁

---

**ဝန်ထမ်းအလိုရှိသည်**
Operation Assistant F (1) Post ဘွဲ့ရ (သို့) အခြေခံပညာအထက်တန်းအောင်၊ အတွေ့အကြုံမရှိ၊ လုပ်ချင်ကိုင်ချင်စိတ်ရှိသူဦးစားပေးမည်။
Grand Fortuna Co., Ltd.
info@grandfortuna.net,
info.grandfortuna@gmail.com
Ph: 095401546

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်း ကျား (၂) ဦး
အရောင်းအကူ ကျား (၂) ဦး
Office Staff မ (၁) ဦး
ဖုန်း–၀၉ ၅၀၉၀၉၆၈

---

**ဝန်ထမ်းအလိုရှိသည်**
Money Exchange Counter တွင် ဝန်ထမ်း မ (၅) ဦး အမြန်အလိုရှိသည်။ ဘွဲ့ရ၊ ရုပ်ရည်ပြေပြစ်၍ အင်္ဂလိပ်စကားအသင့်အတင့်ပြောတတ်ရမည်။
ဖုန်း–၀၉ ၇၃၁၈၄၂၀၈

---

**ဝန်ထမ်းအလိုရှိသည်**
Housekeeper အမျိုးသမီး (၁)ဦး နိုင်ငံခြားသားနေအိမ်တွင် တာဝန်ထမ်းဆောင်ရန်၊ အသက် ၂၁မှ ၂၈နှစ်အတွင်း၊ ရုပ်ရည်သန့်ပြီး သန့်ရှင်းမှုရှိရမည်။
Email:tztztz78@gmail.com
ဖုန်း–၀၉ ၅၀၃၃၇၃၉

---

**ဝန်ထမ်းအလိုရှိသည်**
Admin Staff (M)
Sales Executive (Wholesale) (M)
Assistant Store Keeper (M)
Driver (Delivery) (M)
Secretary (F)
Thiri Cosmetic Co.,Ltd (Mistine)
PH:–01 373001

---

**ဝန်ထမ်းအလိုရှိသည်**
Sale & marketing Executive M/F (4)
Sale Promoter M/F (4)
E'ko Branch:bld–A2, Ground Floor, ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၁ ၃၇၆၇၄၄

---

**အလိုရှိသည်**
ပညာသင်ဝန်ထမ်း မ (၁၀) ဦးအလိုရှိသည်။ အသက် ၁၆မှ ၃၅ နှစ်၊ ဓာတ်ပုံပညာကိုအမှန်တကယ် စိတ်ဝင်စားသူ၊ သင်တန်းပြီးက အလုပ်ပြန်လည်ခန့်ထားမည်။ ဖုန်း–၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**
Myanmar Good Link Co.,Ltd
3D Designer ကျား/မ (၁) ဦး
အသက် 18 မှ 30 ကြား။ 3D Software များ ကောင်းမွန်စွာ ကိုင်တွယ်နိုင်ရမည်။
ဖုန်း–၀၉ ၃၁၂၅၆၆၀၁

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း မ (၁) ဦး
အရောင်းဝန်ထမ်း မ (၅) ဦး
စက်ချုပ်ကျွမ်းကျင် မ (၅) ဦး
အိမ်အကူ မ (၁) ဦး
ကလေးထိန်း မ (၁) ဦး
ဖုန်း–၀၉ ၅၀၀၆၄၄၃

---

**ဝန်ထမ်းအလိုရှိသည်**
ASIA PLAZA HOTEL YONGON
FO Supervisor (2) Posts
HR Manager (1) Posts
HR Supervisor (1) Posts
Receptionist (4) Posts
Operation Executive (1) Posts
Electrical Engineer (E.P) (2) Posts
PH:01 391070(Ext:110)

---

**ဝန်ထမ်းအလိုရှိသည်**
အမျိုးသမီးဝန်ထမ်း (၅) ဦး အမြန်အလိုရှိသည်။ လစာ ငါးသောင်းကျပ်။
အမှတ် (၂၀) ရွှေတောင်တန်းလမ်း။
ဖုန်း–၀၁ ၂၂၇၁၉၉

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်း အလိုရှိသည်။
SHINE ရွှေဆိုင်
အမှတ် (၈၄)၊ လမ်းမတော်လမ်း၊ မဟာဗန္ဓုလနှင့် ကမ်းနားလမ်းကြား။
ဖုန်း–၀၁ ၂၂၆၁၄၁

---

**ဝန်ထမ်းအလိုရှိသည်**
Ass: Accountant F (1) Post
ကွန်ပျူတာ အခြေခံသုံးနိုင်သူ၊ ဘွဲ့ရ။
S.P FASNISON (AIIZ)
Kabaraye Villa. D(9),Mayangone Township Yangon. PH:01 655829

---

**ဝန်ထမ်းအလိုရှိသည်**
Caishter (ကွန်ပျူတာ) ကျား (၃) ဦး
Waiter ကျား (၃) ဦး
ဓားကိုင် ကျား (၃) ဦး
အကြော်ဆရာ ကျား (၃) ဦး
ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၃) ဦး
ညစောင့် ကျား (၃) ဦး
သန့်ရှင်းရေး ကျား (၃) ဦး
ဖုန်း–၀၉ ၃၁၂၇၆၃၅၃

---

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်း (မ–၁၀ ဦး)၊ ပညာအရည်အချင်းအခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။ ရုပ်ရည်ပြေပြစ်သူ၊ အရောင်းစိတ်ဝင်စားသူဖြစ်ရမည်။ အမှတ်(၃၉၀)၊ အင်ကြင်းမြိုင်လမ်းသွယ်(၄)လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။
ဖုန်း–၀၉–၇၃၁၂၈၂၆၈

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း (၅) ဦး
အထွေထွေလုပ်သား (၁၅) ဦး
လစာ တစ်သိန်းဝန်းကျင်ခန့်။
ဖုန်း–၀၉ ၂၅၀၀၆၂၃၁၂

---

**ဝန်ထမ်းအလိုရှိသည်**
Assistant IT Manager M (3) Posts
Assistant Sale and Marketing Manager
M/F (5) Posts
Sale and Marketing Supervisor
M/F (4) Posts
Junior Coordinator M/F (5) Posts
PH: 01 559433

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း ကျား (၅) ဦး
အသက် ၂၅ နှစ်အထက်၊ သက်တမ်းသုံးနှစ်ရှိ၊ လစာ ညှိနှိုင်း။
တုန်းတာကုမ္ပဏီလီမိတက်
တိုက် ၃၊ အခန်း ၄/၅၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
Hotel Shwe Gone Daing
Laundry Supervisor M(1) Post
Engineering Inspector M (2) Posts
Construction Urgen
Email: monyeekyaw@gmail.com
PH:01 552583

---

**ဝန်ထမ်းအလိုရှိသည်**
**ကန်တော်လေးအထူးကုဆေးခန်း**
Medical Imaging Techonologist (Ra–diographer) ကျား/မ (၂) ဦး
Pharmacist မ (၃) ဦး
Pharmacy Sales မ (၅) ဦး
Receptionist မ (၃) ဦး
Ofice Staff မ (၃) ဦး
ဖုန်း–၀၁ ၃၈၄၀၄၂

---

**ဝန်ထမ်းအလိုရှိသည်**
လက်သမားလုပ်ငန်း ၊ ပန်းရန်လုပ်ငန်း မျက်နှာကြက်လုပ်ငန်း၊ သံချိသံကွေးလုပ်ငန်း ၊ Welding လုပ်ငန်း
ဖုန်း–၀၉ ၄၉၆၀၃၀၉၁

---

**ဝန်ထမ်းအလိုရှိသည်**
Civil Engineer M/F (2) Posts
Office Staff M/F (2) Posts
Operation Manager M (1) Posts
Secretary F (1) Posts
KING GROUP Construction Co.,Ltd
PH:09 422484546

---

**စာရင်းစစ်လုပ်ငန်း**
Auditor M/F (3) Posts
Assistant Auditor M/F (3) Posts
ကျွမ်းကျင်ယာဉ်မောင်း M (2) Posts
အမှတ် ၂(က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့ နယ်၊ ရန်ကုန်။ ဖုန်း–၀၁ ၆၅၇၈၃၀

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

# လုံခြုံစိတ်ချစွာသုံးစွဲနိုင်ပါသည်

▪အောင်ခိုင်၊ မရန်

ဈားကိုင်အစောင့်များစောင့်ကြပ်၍ မူးယစ်ဆေးဝါးရောင်းချနေသော နေရာတစ်နေရာကို သင်မြင်တွေ့ဖူးပါသလား။

မူးယစ်ဆေးဝါးဝယ်ယူသူများပြားလှ၍တန်းစီစောင့်ဆိုင်းနေရသော နေရာတစ်နေရာကို သင်ရောက်ဖူးပါသလား။

ကမ္ဘာကျော်ကျောက်စိမ်းမြို့တော်ဖားကန့်မြို့သို့ သင်ရောက်ရှိခဲ့လျှင် ယင်းကဲ့သို့ မြင်ကွင်းမျိုးစုံကို မြင်တွေ့နိုင်ပါသည်။

ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်မှ ယခင်ကေအိုင်အေထိန်းချုပ်နယ်မြေတစ်ခုဖြစ်သည့် မောဖောင်းဘွမ်ဒေသသို့ သွားရောက်သော လမ်းတစ်နေရာတွင် လမ်းခွဲတစ်ခု မြင်တွေ့ရမည်ဖြစ်သည်။


ယင်းလမ်းခွဲမှညာဘက်လမ်းအတိုင်း သွားရောက်လျှင် ကမ္ဘာကျော်ကျောက်စိမ်းတုံးများထွက်ရှိရာ မော်စီစာသို့ ရောက်ရှိမည်ဖြစ်သည်။

သို့မဟုတ်ဘဲ လမ်းခွဲဘယ်ဘက်ရှိ မထင်မရှားတောလမ်းလေးမှ တစ်ဆင့် သစ်ပင်များ အုပ်ဆိုင်းနေသည့် တောင်ကုန်းလေးပေါ် တက်လှမ်းသွားပါက ဓားကိုင်ထားသော အမျိုးသားနှစ်ဦးစောင့်ကြပ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ယင်းနေရာမျိုးသည် ဓာတ်ပုံရိုက်ရန် မဆိုထားနှင့် လာနေကျမဟုတ်သည့် သူစိမ်းများတွက်တော့ အန္တရာယ်ပင်ကြုံတွေ့နိုင်သော နေရာတစ်ခုလည်းဖြစ်သည်။

ခပ်မြင့်မြင့်တစ်နေရာမှ နေ၍ တောင်ကုန်းပေါ်တက်ရောက်လာသူများကို သတိထားကြည့်ရှုနေသော အမျိုးသားနှစ်ဦး၏ ရှေ့မလှမ်းမကမ်းတွင် ဆိုင်ကယ်များ တန်းစီ ရပ်ထားသည်ကိုတွေ့ ပြီး အမျိုးသမီးတစ်ဦးက ဆိုင်ကယ်ရပ်နားခကောက်ယူနေသည်။

ယင်းတောင်ကုန်းပေါ်မှ တစ်ဖက်ချိုင့်ဝှမ်းထဲသို့ဆင်းသွားသည့် တောလမ်းလေးတစ်လျှောက်တွင် ဆေးထိုးအပ်ခွံများက ပြန့်ကျဲလျက်ရှိသည်။ ချိုင့်ဝှမ်းထဲတွင်တော့ ဈေးဆိုင်လေးများ၊ ရှေ့မျက်နှာစာတွင် ခြောက်လက်မပတ်လည် အပေါက်လေးတစ်ပေါက်သာဖောက်ထားသည့်တဲအိမ်လေးများ၊ ယင်းတဲအိမ်များရှေ့တွင် တန်းစီစောင့်ဆိုင်းနေသူများအပြင် စီးကရက်ကိုယ်စီခဲ၍ ဘယ်ဘက်လက်ဖျံတွင် အပ်စိုက်ထားသူများနှင့် မျက်လုံးကို မှေးစင်း၍ ထိုင်လျက်မိန်းမောနေကြသူများကို မြင်တွေ့နိုင်ပါသည်။



*မူးယစ်ဆေးဝါးဝယ်ယူရန် တန်းစီစောင့်ဆိုင်းနေသူများ*

ဓာတ်ပုံ – အောင်ခိုင်

ယင်းမြင်ကွင်းမှာ ကျောက်စိမ်းမြို့တော် ဖားကန့်ရှိ ဘိန်းဖြူရောင်းချသောနေရာတစ်နေရာကို တွေ့မြင်ရသည့်မြင်ကွင်းတစ်ခုပင်ဖြစ်ပါသည်။

အနယ်နယ်အရပ်ရပ်မှလာရောက်လုပ်ကိုင်စားသောက်ကြသော ရေမဆေးကျောက်တူးသမားတစ်သိန်းကျော်ရှိမည်ဟု ခန့်မှန်းထားသော ဖားကန့်မြို့နယ်တွင် မူးယစ်ဆေးဝါးကို အလွယ်တကူရရှိနိုင်သည်။ ဖမ်းဆီးအရေးယူမှုများတွင် အားနည်းမှုများရှိနေကြောင်း ဒေသခံများက ပြောပါသည်။

"ဘိန်းဖြူက ဒီမှာ ငါးရာဖိုးက အစဝယ်လို့ရတယ်။ ဖမ်းရင်လည်း သုံးတဲ့ လူလောက်ပဲ မိတာ တကယ်ရောင်းတဲ့အကြီးတွေကို မမိပါဘူး"ဟု ဖားကန့်မြို့မှ ဘာသာရေးဆရာတစ်ဦးကပြောကြားသည်။

ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့၏ စာရင်းဇယားများအရမူ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုမှာ နှစ်ဆမြင့်တက်လျက်ရှိသည်။ ၂၀၁၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးမှုပေါင်း ၁၁၀ မှုကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် မူးယစ်ဆေးဝါးမှု ၂၁၁ မှုကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှ သိရှိရသည်။

ကချင်ပြည်နယ်တွင် ဘိန်းဖြူကို ဈေးပေါပေါဖြင့်အလွယ်တကူ ကျယ်ပြန့်စွာရရှိနိုင်ပြီး ဖားကန့်ဒေသမှ အလုပ်သမားအချို့မှာလည်း ဘိန်းဖြူသုံးစွဲ၍အလုပ်လုပ်နေကြသည့် ပုံပေါ်ကြောင်း ကမ္ဘာကျော်ရိုက်တာသတင်းဌာန၏ အထူးဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြထားသည်။

ယင်းဆောင်းပါးတွင် ဖားကန့်ဒေသမှ အလုပ်သမားထက်ဝက်ခန့်မှာ ဘိန်းဖြူကို သုံးစွဲကြောင်းနှင့် တရားဝင်အချက်အလက်ကိန်းဂဏန်းများရရှိရန်မှာ မူအလွန်ခက်ခဲကြောင်းလည်းရေးသားထားသည်။

ဖားကန့်ဒေသရှိ ဘိန်းဖြူကို ဆေးထိုးအပ်ဖြင့် ထိုးသွင်းသုံးစွဲသူများ၏ လေးဆယ်ရာခိုင်နှုန်းမှာ HIV Positive ဖြစ်ပွားနေပြီး ယင်းပမာဏမှာ တစ်နိုင်ငံလုံးရှိ ဘိန်းဖြူကို ဆေးထိုးအပ်ဖြင့် သုံးစွဲမှုကြောင့် HIV Positive ဖြစ်ပွားနှုန်းထက် နှစ်ဆရှိကြောင်း ကျန်းမာရေးလုပ်သားများကို ကိုးကား၍ ရိုက်တာဆောင်းပါးတွင် ဖော်ပြထားပါသည်။

အစိုးရတပ်နှင့် ကေအိုင်အေတို့ကြား တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့မှုကြောင့် ၂၀၁၂ ခုနှစ်လယ်ပိုင်းမှစတင်၍ ကျောက်စိမ်းလုပ်ကွက်များကို ပိတ်ထားခဲ့သော ဖားကန့်ဒေသတွင် မူးယစ်ဆေးဝါးကိုအလွယ်တကူရရှိနိုင်ခြင်းမှာတရားဥပဒေစိုးမိုးမှုတည်ငြိမ်းမှုမရှိခြင်းကြောင်း ဖြစ်ကြောင်းဒေသတွင်းအဖွဲ့အစည်းများက ထောက်ပြပြောဆိုကြသည်။

အလွယ်တကူရရှိနိုင်ပြီး ဒေသခံများက "လေးဖြူ"ဟု တင်စားခေါ်ဝေါ်ကြသည့် ဘိန်းဖြူကို ဖားကန့်မြို့နယ်ရှိလူငယ်၊ လူလတ်များကြားနည်းလမ်းအမျိုးမျိုးဖြင့် သုံးစွဲနေကြသည်။

ဝါသိပ်မရင့်သေးသူများက ဘိန်းဖြူမှုန့်ကို စီးကရက်ဘူးခွံတွင် ပါရှိသည့် ရွှေရောင်စက္ကူစဖြင့် ပြုလုပ်ထားသော ခွက်ထဲတွင် ထည့်၍ ဂက်စ်မီးခြစ်မီးတောက်ကို သိပ်မပြင်းစေရန် ချိန်ညှိမီးရှို့ကာ ပိုက်ဆံ(သို့မဟုတ်) စက္ကူဖြင့်လိပ်ထားသော ပိုက်ဖြင့် ရှူလေ့ရှိကြသည်။

"နဂါးငွေ့ရှူတယ်လို့ခေါ်တယ်" ဟု ဒေသခံတစ်ဦးကဆိုသည်။

နဂါးငွေ့ရှူခြင်းထက် အဆင့်မြင့်သော သူများကတော့ ဘိန်းဖြူမှုန့်ကို ခွက်ထဲတွင် မိုးရေဖြင့် ဖျော်ကာ ဆေးထိုးအပ်ဖြင့် သွေးပြန်ကြောတွင်းသို့ ထိုးသွင်းကြသည်ကို တွေ့ရသည်။

"မူးယစ်ဆေးစွဲတာက အရမ်းထိလွယ်ရှလွယ်ပြဿနာဖြစ်တော့ ဆေးဖြတ်ဖို့ ရော၊ နောက်ရောင်းတာ၊ ဝယ်တာ တားဆီးဖို့ရောက အားလုံးပူးပေါင်းဆောင်ရွက်မှရတာပါ။ ပြည်သူတွေကလည်း ပါဝင်သင့်တယ်"ဟု ကချင်ပြည်နယ်တွင် ဆယ်စုနှစ်တစ်ခုနီးပါးမူးယစ်ဆေးဝါးနှင့် HIV ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သူတစ်ဦးကသုံးသပ်ပြောဆိုပါသည်။

မူးယစ်ဆေးဝါးကို အလွယ်တကူဝယ်ယူရရှိနိုင်သောကြောင့် လူပြတ်သည့် နေရာများတွင် ဘိန်းဖြူထိုးနေကြသူများ၊ မူးယစ်ဆေးရောင်းသောနေရာများတွင် တန်းစီစောင့်ဆိုင်းဝယ်ယူနေသော မြင်ကွင်းများမှာ ဖားကန့်ဒေသခံများအတွက်တော့ရိုးနေပြီဖြစ်သည်။

သက်ဆိုင်ရာက ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နေသော်လည်း ဖားကန့်မြို့နယ်တွင် မူးယစ်ဆေးဝါးဝယ်ယူရရှိနိုင်မှု(အထူးသဖြင့် ဘိန်းဖြူ)မှာအခြားအရပ်ဒေသများနှင့် နှိုင်းယှဉ်ပါက လွယ်ကူလွန်းလှပါသည်။

"လူငယ်ဆယ်ယောက်မှာ ခုနစ်ယောက်က ဆေးစွဲနေတယ်။ ကြာရင် ရင်လေးစရာပါ။ ဘာကြောင့် ဒီမှာပိုပြီးတော့ အဲဒီလိုဖြစ်နေတာလဲ စဉ်းစားသင့်နေပြီ" ဟု ဘာသာရေးဆရာတစ်ဦးက ဆိုသည်။

ခိုင်ခိုင်ကျော် (ကျိုက်ထိုဆိုင်ခွဲ) မိတ်ဆက်

ကျိုက်ထိုဆိုင်ခွဲသည် ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမကြီးပေါ်ရှိ ကျိုက်ထိုမြို့နယ်၊ လက်ပြကျေးရွာအလွန် ဗောဓိကိုးထောင်အနီး အေးရိပ်ငြိမ်အရပ်၌ တည်ရှိပါသည်။ ဆံတော်ရှင်ကျိုက်ထီးရိုးဘုရားကြီးနှင့် မိနစ် (၂၀)ခန့် ကွာဝေးပြီး ရန်ကုန်မြို့မှ ကျိုက်ထိုဆိုင်ခွဲသို့ ကားမောင်းချိန်(၂း၃၀)ခန့် ကြာမြင့်ပါသည်။ ဆိုင်ပတ်လည်၌ ကားစီးရေ (၅၀)ရပ်နားရန် ကားပါကင်ရှိပြီး ကားကြီးများအတွက် ရေဖြည့်၊ ရေဆေးရန် နေရာများ ပြုလုပ်ထားပါသည်။ သီးသန့် သန့်စင်ခန်းများပါဝင်သော (VIP) Air-Con အခန်းများထားရှိပြီး မြန်မာထမင်းဟင်းနှင့် မြန်မာ့ရိုးရာ အစားအစာများအပြင် တရုတ်၊ ထိုင်းအစားအစာများကို ထည့်သွင်း စီစဉ်ထားပါသည်။ ခိုင်ခိုင်ကျော် ဆိုင်သေးသေးလေးမှစ၍ သက်တမ်းတစ်လျှောက် ရရှိခဲ့သော အတွေ့အကြုံ ကောင်းများကို အခြေပြု၍ ခရီးသွားမိဘပြည်သူများအတွက် စိတ်ချမ်းသာမှုရှိစေရန် အကောင်းဆုံး စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာအသိပေးအပ်ပါသည်။

16.3.2014 Grand Opening

ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ပြည်လမ်းဆိုင်ခွဲ - မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်းလမ်း၊ ပြည်လမ်း၊ ရန်ကုန်တက္ကသိုလ်အနီး။
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။
ရန်ကုန်တက္ကသိုလ်ဆိုင်ခွဲ - တောင်ငူဆောင် Canteen၊ ရန်ကုန်တက္ကသိုလ်။
ဝန်ဆောင်မှုဌာန - ဖုန်း ၀၉-၇၃၀၀၆၄၂၂၊ ၀၉-၄၃၁၃၆၆၆၉၊ ၀၉-၅၁၅၉၀၁၄၊ ၀၉-၇၃၀၀၀၇၀၇၊ ၀၉-၄၂၀၀၆၀၅၅၊

7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014



# ပြည်တွင်းကုမ္ပဏီများ အမည်ခွဲဖြင့် ဖွင့်လှစ်သူများလာ

**ပြည့်သိမ်း**

**ရန်ကုန်၊ မတ်-၁၀**

ပြည်တွင်းကုမ္ပဏီ အချို့သည် ယခုနှစ်ပိုင်းအတွင်း ငွေကြေးကုန်ကျသော်လည်း အမည်ခွဲများဖြင့် ထပ်မံဖွင့်လှစ်သူများလာကြောင်း သတင်းရရှိသည်။

"အခု အခွန် စနစ်တကျကောက်တော့မယ်ဆိုတော့ အကြွေးကျန်ပြဿနာတွေနဲ့ ရှုပ်ကုန်မှာစိုးလို့ ခွဲကြတာပါ" ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် ဒေါက်တာစိုးထွန်းက ပြောသည်။

လက်ရှိတွင် ကုမ္ပဏီအသစ်ဖွင့်ပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အောက်တွင် ဝင်ငွေခွန်အပါအဝင် အခြားသော အခွန်များသုံးနှစ်သက်သာခွင့်ရမည်ဖြစ်သည်။

ထို့အပြင် ကုမ္ပဏီ အချို့သည် ယခင်က အခွန်ဆောင်ရန်ပျက်ကွက်မှုများ ရှိနေသဖြင့် ရှယ်ယာရှင်အသစ်ဖြင့် လုပ်ငန်းသစ်များ လုပ်ကိုင်ရာတွင် အခွန်အကြွေးကျန် ပြဿနာများကို ဖြေရှင်းရန် မလိုလားကြပေ။ ယခင်ကျန်ရှိနေသော အခွန်ကြွေးကျန်များကိုလည်း ပေးဆောင်ရန် ခက်ခဲသဖြင့် ကုမ္ပဏီသစ်များ တည်ထောင်နေကြခြင်းလည်း ဖြစ်နိုင်ကြောင်း လှိုင်သာယာစက်မှုဇုန်မှ လုပ်ငန်း ရှင်ကြီးတစ်ဦးက ပြောသည်။

"ကုမ္ပဏီအသစ်တစ်ခု ဖွင့်ရင် ငါးသိန်းကနေ ၁၀ သိန်းကြားကုန်တယ်။ တရားဝင် အခွန်ဆောင်ပြီး စနစ်တကျ ဖွင့်မယ်ဆိုရင် ဖွဲ့စည်းခွင့်ရှိပါတယ်" ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးနှင်းဦးက ပြောသည်။

ပြည်တွင်း၌ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများ ၂၀၁၃ ခုနှစ် တစ်နှစ်ပတ်လုံးနှင့် ၂၀၁၄ ဇန်နဝါရီလကုန်အထိ ကုမ္ပဏီပေါင်း ၇၆၀၀ ကျော် တိုးလာသည်။ ၂၀၁၃ ဇန်နဝါရီ ၁ ရက်တွင် ပြည်တွင်း၌ မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီ ၃၂၀၀၀ ကျော်ရှိရာမှ ၂၀၁၄ ဇန်နဝါရီလကုန်တွင် ၄၀,၀၀၀ ကျော်ထိ ရှိလာသည်။

ပြည်တွင်း၌ ကုမ္ပဏီအုပ်စုကြီးအချို့မှာလည်း အမည်လွှဲဖြင့် ကုမ္ပဏီအသစ်များဖွဲ့၍ လုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်လာသည်။ ပြည်တွင်း၌ အဖျော်ယမကာများ ထုတ်လုပ်ရောင်းချသည့် IBTC ကုမ္ပဏီအုပ်စုသည် Cycle and Carriage အမည်ဖြင့် ကားကုမ္ပဏီထောင်သည်။

ဒိုင်းမွန်းစတားကုမ္ပဏီအုပ်စုက Capital Automotive အမည်ဖြင့်လည်းကောင်း၊ လှည်းတန်းခုံးကျော်တံတား အပါအဝင် ရန်ကုန်မြို့၏ အချက်အချာကျသော စစ်ထောက်ချုပ်ရုံးနှင့် လေဟာပြင်ဈေးမြေနေရာများကို အစိုးရထံမှ လွှဲပြောင်းရယူ လုပ်ပိုင်ခွင့်ရရှိထားသော ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်ကလည်း အောင်တံခွန် ကုမ္ပဏီအမည်ဖြင့်လည်းကောင်း အမည်ခွဲများဖြင့် ကားအရောင်းပြခန်းများ ဖွင့်လှစ်လာသည်။

# သောင်တူးသင်္ဘောသစ်များဖြင့် ဧရာဝတီ၊ ချင်းတွင်းရှိ နေရာခြောက်ခုတွင် ရေလမ်းကြောင်းရှင်းမည်

**ခန့်ထက်**

**ရန်ကုန်၊ မတ်-၁၀**

သောင်တူးသင်္ဘောသစ်များဖြင့် ဧရာဝတီ၊ ချင်းတွင်း အပါအဝင် မြစ်ကြောင်း ခြောက်နေရာတွင် ရေလမ်းကြောင်းကောင်းမွန်ရေး သောင်တူးလုပ်ငန်းများ ဆောင်ရွက်နေပြီး မိုးမကျမီ ကာလအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သတင်းရရှိသည်။

ချင်းတွင်းမြစ်အတွင်း မင်းကင်း၊ ဧရာဝတီမြစ်အတွင်း အင်းဝမြို့အနီးရှိ မီးသွေးတိုက်၊ ဗန်းမော်မြို့နှင့် ရခိုင်ပြည်နယ် မာန်အောင်၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ဖျာပုံမြစ်နှင့် ရန်ကုန်တိုင်းဒေသကြီး ငမိုးရိပ်ချောင်း စသည့်နေရာများတွင် ရေလမ်းကြောင်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ရေ

အရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းမှာပါ သုံးနေတယ်" ဟု ဦးသောင်းလွင်က ပြောသည်။

ရေလမ်းကြောင်း ပျက်စီးမှုများကြောင့် ဧရာဝတီမြစ်မှာ ကမ်းပါး ပြိုကျမှုအများဆုံး ဖြစ်ခဲ့သည်။

သောင်တူးသင်္ဘောများကို မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းများတွင်သာမက အင်းလေးကန် ထိန်းသိမ်းရေး လုပ်ငန်းများတွင်လည်း အသုံးပြုမည် ဖြစ်ကြောင်း သတင်းရရှိသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 225,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 268,000 |
| Galaxy S3 | 360,000 |
| Galaxy S4 Mini | 363,000 |
| Galaxy S4 | 505,000 |
| Galaxy Mega 5.8 | 330,000 |
| Galaxy Note II | 430,000 |
| Galaxy Tab3 7" | 290,000 |

လှူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 400,000 |
| Xperia J | 165,000 |
| Xperia P | 258,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s(32GB) | 825,000 |
| iPhone 5s(16GB) | 720,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 128,000 |
| G 520 | 125,000 |
| G 610s | 134,000 |
| G 700 | 218,000 |
| Ascend P6 | 290,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 150,000 |
| Y 300c (CDMA) | 99,000 |

မတ်လ (၈) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51–4900 | 640,000 |
| Panasonic(LED) | THL32B6X | 275,000 |
| Sony (LED) | 32W45 | 330,000 |
| LG (LED) | 32LN5120 | 260,000 |
| **DVD** | | |
| Samsung | BD–E 5500(Blu–ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G–IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 325,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 245,000 |
| Panasonic | NR.BT224 | 245,000 |
| **Washing** | | |
| Samsung | WA95W9 | 180,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS–E1067) | 245,000 |
| Mitsubishi Electric | 1.0HP(MS–F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 225,000 |

အထက်ပါဈေးနှုန်းများမှာ မတ်လ (၈) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၅,၃၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၅၀ |
| အုတ်(ကုန်းအုတ်–ပထမတန်းစား) | တစ်လုံး | ၁၁၅ |
| အုတ်(ကုန်းအုတ်–ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ်(၈ပေါင်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၅ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀–၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၉,၀၀၀ |
| ကျောက် | တစ်ကျင်း | ၁၀၅,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၄၇၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၂၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀ |
| Posco ကြယ်စိမ်း | တစ်ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | တစ်ပေနှုန်း | ၂၆၅ |
| ထုံး(၈ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (1"–1"½ ") | တစ်ပိဿာ | ၁,၃၂၀ |
| အိမ်ရိုက်သံ (1"–1"½") | တစ်ပိဿာ | ၁,၄၂၀ |

အထက်ပါဈေးနှုန်းများမှာ မတ်လ (၈) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀–၁,၇၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀–၁,၃၀၀ |
| ဆန် (ဇီယာ) | တစ်ပြည် | ၇၀၀–၈၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၄၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀–၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀–၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၁၀–၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၃,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၃၀၀–၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀–၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀–၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၃၀၀–၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀–၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀–၂၆,၀၀၀ |
| တီလားဗီးယား | တစ်ပိဿာ | ၁,၆၀၀–၂,၀၀၀ |

မတ်လ (၈) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Mar (13) | 815 | 940 | 920 | 950 |
| Mar (14) | 815 | 940 | 920 | 950 |
| Mar (15) | 815 | 940 | 920 | 950 |
| Mar (16) | 815 | 940 | 920 | 950 |
| Mar (17) | 815 | 940 | 920 | 950 |
| Mar (18) | 815 | 940 | 920 | 950 |
| Mar (19) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| | |
|---|---|
| **ASUS** | |
| Intel Core i3 1.8 GHz, 4 GB DDR3, 500GB HDD, HD, 14" | 489,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 655,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD, 14" | 802,000 |
| Intel Core i7 1.8 GHz, 4 GB DDR3, 750 GB HDD ,15.6" | 969,000 |
| **DELL** | |
| Intel Core i3 1.8 GHz, 2 GB DDR3, 500GB HDD, 14" | 479,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 596,000 |
| Intel Core i5 2.6 GHz, 4 GB DDR3, 750 GB HDD, 15.6" | 704,000 |
| Intel Core i7 1.8 GHz, 8 GB DDR3, 1 TB HDD, 14" | 822,000 |
| **HP** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 440,000 |
| Intel Core i3 1.5 GHz, 4 GB DDR3, 500 GB HDD, 14'' | 567,000 |
| Intel Core i5 2.5 GHz, 6 GB DDR3, 500 GB HDD, 15.6'' | 637,000 |
| Intel Core i7 2.4 GHz, 4 GB DDR3, 1 TB HDD, 15.6" | 1,077,000 |

7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014




# အများပိုင်မြေတွေ ဘယ်ရောက်သွားပြီလဲ

■ သူရကျော်၊ ဇေနွေထွန်း၊ ယမင်း

ပုလဲ မြို့သစ်ရပ်ကွက်သုံး ခုထိပ်ရှိ မီးတားမြေ ဟုခေါ်သည့် အများပိုင်မြေလွတ်ထဲ၌ ယမန်နှစ်မှ စတင်ကာ အုတ်တံတိုင်းခတ်၍ နာရေးကူညီမှုအသင်းတည်ဆောက်ထားသည်။ ထပ်မံ၍ အဆောက်အအုံဆောက်လုပ်ရန်အတွက်လည်း အကွက်ရိုက်နေကြသည်။

အဆိုပါ မြို့သစ်အတွင်း၌ အကြီးမားဆုံး ကတ္တရာသိုလှောင်ရုံ (ဗဟို) ရှိ၍ ရပ်ကွက်နေပြည်သူများ၏ မီးဘေးအန္တရာယ် အကာအကွယ်ဖြစ်စေရန်အတွက် မြို့သစ်စတည်ကတည်းကရှိပြီး အဆိုပါမြေကွက်လပ်သည် အလျား ၇၅ ပေ × အနံ ပေ ၃၇၀၀ ကျော် ရှည်လျားကာ ရပ်ကွက်မီးဘေးလုံခြုံရေးအတွက် လွန်စွာအရေးကြီးသည်ဟု ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူးဟောင်း ဦးရဲမြင့်က ဆိုသည်။

“ရပ်ကွက်မှာ မီးတားမြေဆိုတာ ထားပေးရမှာ။ အခုလို အဆောက်အအုံတွေ ဆောက်ဖို့လုပ်လာကြတာဟာ ကျွန်တော်တို့ ရပ်ကွက်ထဲက လူတွေအတွက် အကြီးမားဆုံး အန္တရာယ်ပဲ။ လုံးဝလက်မခံနိုင်ဘူး” ဟု အဆိုပါမြို့နယ် အုပ်ချုပ်ရေးမှူးအဖြစ် ငါးနှစ်တာ တာဝန်ထမ်းဆောင်လာခဲ့သော ဦးရဲမြင့်က ဆိုပါသည်။

မီးတားမြေဆိုသည်မှာ မီးဘေးအန္တရာယ်ကြုံပါက ရပ်ကွက်တစ်ခုနှင့်တစ်ခု မီးမကူးစေရန်၊ မီးသတ်ကားများ အဝင်အထွက်ပြုလုပ်နိုင်ရန်၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် ဒုက္ခသည်များခိုလှုံနိုင်ရန် ထားရှိသောမြေဖြစ်ပါသည်။

အများပြည်သူနှင့်သက်ဆိုင်နေသော အများပိုင်မြေထဲတွင် အဆိုပါ မီးတားမြေလည်း တစ်ခုအပါအဝင်ဖြစ်ကာ ယခုကဲ့သို့ အများပိုင် မြေများပေါ်၌ အဆောက်အအုံများ ဆောက်လုပ်လာခြင်းသည် နိုင်ငံတစ်ဝန်း အများအပြားရှိနေသည်။ ထို့အပြင် အများပိုင်မြေများပေါ်တွင် ခေတ္တနေအိမ်၊ ဆိုင်ခန်း၊ ကားဝပ်ရှော့စသဖြင့်ဆောက်ပြီး နှစ်ကြာရှည်လာသောအခါ သူပိုင်မြေလုပ်သွားသူများလည်း ရန်ကုန်မြို့ အပါအဝင် နိုင်ငံတစ်ဝန်း မနည်းပါ။

မြောက်ဥက္ကလာပမြို့နယ်၌လည်း နှစ်ငါးဆယ် သက်တမ်းရှိခဲ့သောမီးတားမြေကွက်ပေါ်တွင် ယခင်အစိုးရလက်ထက်က ဘောလုံးကွင်း၊ ထိုမှတစ်ဆင့် ကန်စွန်းခင်းဖြစ်သွားကာ ရေနုတ်မြောင်းပျောက်ကွယ်ပြီး လူနေအိမ်များဖြစ်လာကြောင်း မြို့သစ်စတည်ကတည်းက နေထိုင်လာသူတစ်ဦးက ပြောသည်။

“ဒီလိုမျိုး ဘောလုံးကွင်းတစ်ကွင်းစာမကတဲ့ မီးတားမြေက အခုကန်စွန်းခင်းတွေဖြစ်ပြီးတော့ မိုးတွင်းဆို ရေလျှံတဲ့ဒုက္ခကို တစ်ရပ်ကွက်လုံး ခံရတာပေါ့။ ကျွန်တော်တို့အနေနဲ့ ဘယ်လိုမှ လက်မခံနိုင်ဘူး” ဟု ၎င်းက ဆိုသည်။

ထို့ကြောင့် နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် မိုးတွင်းကာလတွင် ရပ်ကွက်အတွင်း ရေလျှံခြင်းများ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိပြီး အထက (၂)၊ အမက (၄) နှင့် အမက (၂၆) ကျောင်းနေရာများတွင် ရေနစ်မြုပ်၍ ကျောင်းပိတ်ရခြင်းများရှိခဲ့ကြောင်း ရပ်ကွက်သားများက ပြောသည်။

မြို့ပြင်၌ရှိသည့် အများပိုင်မြေကွက်များတွင် ယင်းပြဿနာ အများဆုံးတွေ့နေရပြီး ပြဿနာအများစုမှာ မြေပွဲစားများက ခြယ်လှယ်လုပ်ကိုင်ခြင်းဖြစ်ကြောင်း ပုလဲမြို့သစ်ရှိ ပြည်ခိုင်ဖြိုးပါတီမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်းက သုံးသပ်ပြောဆိုသည်။

“မီးတားမြေကွက်တို့ဆိုတာက အများပိုင်မြေကွက်တွေပါ။ စည်ပင်သာယာက ပိုင်တယ်ဆိုရင်တောင် လုပ်ငန်းရှင်တွေနဲ့ ပေါင်းပြီး နေရာချပေးတာတို့ မလုပ်သင့်ပါဘူး။ ခုဆို ရပ်ကွက်ထဲက အများပိုင်မြေတွေက စည်ပင်မြေလား၊ အိုးအိမ်မြေလားဆိုတာ မရှင်းဘူး။ ဒီကိစ္စတွေ ကွဲကွဲပြားပြား သိရဖို့ လွှတ်တော်ထဲ တင်သွားမယ်” ဟု ၎င်းက ဆိုသည်။

“မီးတားမြေကွက်တွေရှိထားမယ်ဆိုရင်အရေးနဲ့အကြောင်းဆိုရင် မီးသတ်ကားတွေ အလွယ်တကူ ဝင်ထွက်သွားလာလို့ရတာပေါ့။ ခုနောက်ပိုင်း မီးသတ်ကန်တွေပိတ်ပြီး အိမ်ဆောက်လာတာ မီးသတ်ကားတွေ ဝင်ဖို့အတွက် လမ်းတွေမရှိတော့လို့ ဆုံးရှုံးမှုတချို့ ကြုံနေတာကိုတွေ့ရတယ်။ မီးသတ်ကန်တွေကို ပိတ်ပြီး အိမ်ဆောက်တာ အဆိုးဆုံးပဲ။ တစ်ခါဆို မီးလောင်လို့ ရေသွားယူတဲ့အခါ မီးသတ်ကန်ပျောက်နေတဲ့အတွက် မီးသတ်ကန်နေရာမှာ ဆောက်ထားတဲ့ အိမ်ကို တစ်ခြမ်းဖျက်ပြီး ရေသွယ်ယူရတဲ့အဖြစ်တွေကြုံရတယ်။ ဒီလိုအဟန့်အတားတွေ ရှိနေတာက ပြည်သူတွေအတွက် နစ်နာဆုံးရှုံးမှုပိုများတာပေါ့”ဟု မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ (ဗဟိုဌာနချုပ်)မှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ဝန်းကျင်ခန့်က ဗိုလ်ချုပ်အောင်ဆန်းရှိစဉ် ချပေးထားသည့် ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက်၌လည်း လမ်းမြေနေရာ၌ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဖြိုးစေတနာအမည်ရှိ ဆေးခန်းတစ်ခုကို ၂၀၀၉ ခုနှစ်က ဖွင့်လှစ်ခဲ့သည်။

ထိုသို့ဖွင့်လှစ်ခဲ့ခြင်းမှာ ရပ်ကွက်ရှိ ပြည်သူများမှ တောင်းဆိုမှုကြောင့်ဖြစ်ကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဦးအောင်သိန်းလင်းတို့ကိုယ်တိုင် ဆေးခန်းကိုဖွင့်ခဲ့ကြောင်းနှင့် စည်ပင်က ဂရန်ချပေးထားကြောင်း ယင်းဆေးခန်းတာဝန်ခံ ဦးတေဇဝင်းက ဆိုသည်။

“ဆေးခန်းနေရာက စည်ပင်မြေဖြစ်ပါတယ်။ စည်ပင်က ခွင့်ပြုထားလို့ အခုဂရန်လည်း ရှိပါတယ်” ဟု ၎င်းက ဆိုသည်။

ထို့ပြင် အများပိုင်ဆိုင်သော အားကစားကွင်းနေရာကို ရာပြည့်ဈေးပြောင်းရန် စည်ပင်က စီစဉ်မှုကို ရပ်ကွက်မှ ဝိုင်းကန့်ကွက်၍ အစီအစဉ်ပျက်သွားကြောင်း ဗိုလ်စိန်မှန်ရပ်ကွက်သားများက ပြောကြားသည်။

ပြီးခဲ့သည့် ၂၅ နှစ်တာကာလအတွင်း ဘောလုံးကွင်းနှင့် အားကစားကွင်း ရှစ်ကွင်းထက် မနည်းကို အဆောက်အအုံများ ဆောက်လုပ်ကာ အသွင်ပြောင်းလိုက်ကြောင်း ပန်းဥယျာဉ်နှင့် အားကစားကွင်းအဆောက်အအုံများဆောက်လုပ်ခြင်းမှ ကာကွယ်ရေးကော်မတီ (ယာယီ) အထွေထွေအတွင်းရေးမှူး ဦးအေးမင်းက ပြောသည်။

သမ္မတဦးသိန်းစိန်လက်ထက်တွင် တစ်ချိန်က ဈေးများ ဘီယာဆိုင်များ၊ လူနေအဆောက်အအုံများဖြင့် အသွင်ပြောင်းခံရသည့် ဘောလုံးကွင်းများကို ယခင်အစိုးရနှင့်မတူသည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ အစိုးရသစ်၏ မူဝါဒအသစ်က ဘောလုံးကွင်း၊ အားကစားကွင်းများဖြစ်အောင် ပြုလုပ်ပေးခြင်းမျိုးမဟုတ်။ အထပ်မြင့်ကွန်ဒိုများ၊ ဆိုင်ခန်းများ၊ စက်သုံးဆီဆိုင်များအသွင်ပြောင်းကာ ၎င်းတို့နှင့်နီးစပ်သည့် သူဌေးသူကြွယ်များထံ လက်ဆင့်ကမ်းခြင်းပင်ဖြစ်သည်။ ထိုနည်းလမ်းဖြင့် အများပိုင် အားကစားကွင်းများ ပျောက်ကွယ်လာရသည်။

ပန်းခြံ၊ အားကစားကွင်းများနှင့်ပတ်သက်၍ ဆန္ဒထုတ်ဖော်ဖူးသူ တောင်ဥက္ကလာပမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က “ပန်းခြံလို၊ အားကစားကွင်းလို မြေနေရာမျိုးမှာ ဆိုင်းဘုတ်တွေတင်ပြီး ကိုယ်ကျိုးစီးပွားရှာတာတွေရှိလာတယ်။ ဒီလူတွေက ဘယ်လိုလုပ်စားရမလဲဆိုတာကို သက်ဆိုင်ရာကို နည်းအမျိုးမျိုးနဲ့ ပေါင်းတတ်သင်းတတ်တဲ့အတွက် အခုလက်ရှိအစိုးရအနေနဲ့ ဒါတွေကိုဖြေရှင်းပေးသင့်တာပေါ့”ဟု မှတ်ချက်ပြုသည်။

အများပြည်သူနှင့်သက်ဆိုင်သောမြေကို အများပိုင်မြေဟု ခေါ်၍ လွန်ခဲ့သောနှစ် ၁၀၀၊ နှစ် ၂၀၀ ဝန်းကျင်ကတည်းကရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါမြေများကို မီးတားမြေ၊ သာသနာ့မြေ၊ ဗလီမြေ၊ အစိုးရမြေ၊ တပ်မြေ၊ အိုးအိမ်မြေ၊ ဘုရားမြေ၊ စည်ပင်သာယာမြေဟူ၍ ခွဲခြားသတ်မှတ်ထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“စည်ပင်သာယာမြေပေါ်မှာ အဆောက်အအုံဆောက်လုပ်ခွင့်၊ လူနေခွင့်မရှိသလို မီးတားမြေပေါ်မှာလည်း အဆောက်အအုံတွေ လုပ်ခွင့်မရှိဘူး။ တကယ်လို့ ဆောက်မယ်ဆိုရင်တောင် ယာယီအနေနဲ့သာလုပ်ခွင့်ရှိပါတယ်” ဟု စည်ပင်သာယာရေးကော်မတီမှ အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

အများပိုင်မြေများပေါ်တွင် အဆောက်အအုံများဆောက်လုပ်လာခြင်းနှင့်ပတ်သက်၍ “အခုမြို့နယ်တွေမှာ အများပိုင်မြေတွေပေါ် အဖွဲ့အစည်းကပဲဖြစ်ဖြစ် ပါတီတွေကပဲဖြစ်ဖြစ် ဆောက်နေကြတယ်ဆိုတာက အဲဒီမြေက ပုဂ္ဂလိကမြေလား၊ အစိုးရမြေလား။ အဲဒါမျိုးရှိတယ်။ အစိုးရနေရာပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကပဲဖြစ်ဖြစ် ငှားရမ်းလုပ်နေကြတာဖြစ်နိုင်တယ်” ဟု အထက်ပါအရာရှိကဆိုသည်။

ယခုအခါ အများပိုင်မြေများပေါ်၌ ရပ်ကွက်နေပြည်သူများက မြေနေရာချဲ့ယူခြင်း၊ အစိုးရပိုင်းက ပုဂ္ဂလိကများအား ဂရန်မြေချထားပေးခြင်းနှင့် လုပ်ငန်းရှင်များက အဆောက်အအုံများ ဆောက်လုပ်လာကြခြင်းကြောင့် အများပိုင်မြေနေရာများ ပျောက်ကွယ်လာကြောင်း ရန်ကုန်မြို့နေ ပြည်သူအချို့က ပြောသည်။

ရန်ကင်းမြို့နယ်အတွင်းရှိ တိုက်များရှေ့ အများပိုင်မြေကွက်လပ်များပေါ်၌ ကားပါကင်နေရာများယူထားခြင်း၊ ဝပ်ရှော့များ ဆောက်လာခြင်းတို့ကြောင့် အများပိုင်မြေများ ပျောက်ဆုံးခဲ့ရကြောင်း ရန်ကင်းမြို့နယ်နေသူတစ်ဦးကပြောသည်။

အချပ်ပို A8 သို့

# Technology

7DAY NEWS JOURNAL

Vol.13, No.2 • MARCH 12 , 2014





ဓာတ်ပုံ-ကျော်ဇင်သန်း

## တန်ဖိုးနည်းသင်ပုန်းကွန်ပျူတာရောင်းအား ၂၀၁၃ တွင် ၅၆ ရာခိုင်နှုန်းမြင့်တက်

**နယူးဒေလီ၊ မတ်-၆**

တန်ဖိုးနည်းသင်ပုန်းကွန်ပျူတာများ ဝယ်လိုအား မြင့်တက်မှုကြောင့် အိန္ဒိယနိုင်ငံ၌ ၂၀၁၃ တွင် သင်ပုန်းကွန်ပျူတာရောင်းအား ၅၆ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီးအလုံးရေ ၄ ဒသမ ၁၄ သန်း ရောင်းချခဲ့ရကြောင်း သုတေသနလုပ်ငန်း IDC က ဖော်ပြသည်။

၂၀၁၂၌သင်ပုန်းကွန်ပျူတာအလုံးရေ၂ ဒမသ ၆၆ သန်းရောင်းချခဲ့ရကြောင်း IDC ၏ ကြေညာချက် တစ်ရပ်တွင် ဖော်ပြထားသည်။ ယင်းသင်ပုန်းကွန်ပျူတာဈေးကွက်ကို ဆမ်ဆောင်းကုမ္ပဏီကဦးဆောင်ထားပြီး ဈေးကွက်ဝေစု ၁၈ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ မိုက်ကရိုမက်စ်ကုမ္ပဏီက ၈ ဒသမ ၉ရာခိုင်နှုန်းနှင့် Apple ကုမ္ပဏီ က ၇ ဒသမ ၅ ရာခိုင်နှုန်းရောင်းချခဲ့ရကြောင်းသိရသည်။ ၂၀၁၃အောက်တိုဘာ မှ ဒီဇင်ဘာအထိ နောက်ဆုံးသုံးလတာကာလအတွင်း သင်ပုန်းကွန်ပျူတာအလုံး ရေ ၇၅၁,၉၈၄ ရောင်းချခဲ့ရသည်။

၂၀၁၄ တွင်သင်ပုန်းကွန်ပျူတာရောင်းအားပြောင်းလဲမှုမရှိနိုင်ဟု IDCကမျှော်လင့်ထားသည်။ ၂၀၁၃ ပထမသုံးလအတွင်း တန်ဖိုးနည်းသင်ပုန်းကွန်ပျူတာများကြောင့် သင်ပုန်းကွန်ပျူတာရောင်းအားမြင့်တက်လာခဲ့ပြီး ဒုတိယသုံးလပတ်တွင်ရောင်းအားကျသွားခဲ့ကြောင်းသိရသည်။

နှစ်ကုန်ခါနီး ဝယ်လိုအားများလာသော်လည်း ၂၀၁၃ ဒုတိယသုံးလအတွင်း သင်ပုန်းကွန်ပျူတာဝယ်ယူမှုနှေးကွေးသွားသည်ဟု IDC ကဖော်ပြသည်။

အိန္ဒိယစံသတ်မှတ်ရေးအဖွဲ့ BIS ၏အသိအမှတ်ပြုမှုကို အစိုးရက သဘောတူခွင့်ပြုလိုက်ခြင်းနှင့်သင်ပုန်းကွန်ပျူတာနှင့်စမတ်ဖုန်း နှစ်မျိုးပေါင်းထားသည့်pha-blet များ လူကြိုက်ပိုများလာမှုတို့ကြောင့်သင်ပုန်ကွန်ပျူတာရောင်းအား မြင့်တက်ခြင်းကို အတားအဆီးဖြစ်စေနိုင်ကြောင်း IDC မှ သုတေသနမန်နေဂျာကီရန် ကူးမားကပြောသည်။



သို့သော် စီးပွားရေးအရသုံးစွဲသူများကြား သင်ပုန်းကွန်ပျူတာဝယ်ယူမှုမှာ မြင့်တက်ခဲ့ကြောင်းသိရသည်။ *—Ref: PTI*

## ကိုယ်ပိုင်မိုဘိုင်း Application တည်ထောင်သူ (သို့မဟုတ်) ကုမ္ပဏီတစ်ခုလျှင် အူရီးဒူးက ကန်ဒေါ်လာ တစ်သိန်းဖိုးထောက်ပံ့

**နိုင်လင်းအောင်**

**ရန်ကုန်၊ မတ်-၈**

ပြည်တွင်း၌ အောင်မြင်ရန်အလားအလာရှိသော ကိုယ်ပိုင်မိုဘိုင်း Application စတင်တည်ထောင်သူ (သို့) ကုမ္ပဏီတစ်ခုလျှင် အမေရိကန်ဒေါ်လာ တစ်သိန်း(ကျပ်သိန်းတစ်ထောင်ခန့်) တန်ဖိုးရှိသည့် အကူအညီများ ထောက်ပံ့ပေးသွားမည့် Ideaboxအစီအစဉ် တစ်ခု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အူရီဒူးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဒေါက်တာ Nasser Marafih က ပြောကြားသည်။

"စွန့်ဦးတီထွင်တွေဟာ သစ်လွင်တဲ့ မိုဘိုင်း Application တွေကို တီထွင်ကြပေမယ့် ဈေးကွက်ထဲကို ရောက်အောင် လုပ်ဖို့အတွက် အရင်းအနှီးအင်အားမရှိကြပါဘူး။ ဒါကြောင့် နည်းပညာကျွမ်းကျင်မှုနဲ့ ဘဏ္ဍာရေးအကူအညီတွေ ထောက်ပံ့ပေးခြင်းကြောင့် ဈေးကွက်ရှိတဲ့ နိုင်ငံတွေမှာ သန်းနဲ့ချီတဲ့လူတွေကို အကျိုးပြုမယ်လို့ မျှော်လင့်ပါတယ်" ဟု ဒေါက်တာ Nasser Marafih က ပြောသည်။

အူရီးဒူးမြန်မာကဆောင်ရွက်မည့် Ideabox ၏သဘောတရားမှာလေးလမှ ခြောက်လအထိကြာမြင့်သော မြေတောင်မြှောက်ပေးသည့် ပဏာမခြေလှမ်းအစီအစဉ်ဖြစ်သည်။ အဆိုပါအစီအစဉ်တွင် စီးပွားရေးစတင်တော့မည့်ကုမ္ပဏီများကို အမေရိကန် ဒေါ်လာ တစ်သိန်းတန်ဖိုးရှိသော အခြေခံဘဏ္ဍာငွေထောက်ပံ့ပေးခြင်း၊ ရုံးခန်းနေရာပေးခြင်း၊ အခြားမရှိမဖြစ်လိုအပ်သော အခြေခံဘဏ္ဍာငွေထောက်ပံ့ခြင်းနှင့် ဆက်စပ်လျက်ရှိသော အခြားအဖွဲ့အစည်းများ၊ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာပညာရှင်များနှင့်မိုဘိုင်းဆက်သွယ်ရေး ကြော်ငြာများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်စေခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ တီထွင်ဆန်းသစ်တာတွေကို အထောက်အကူအစီအစဉ်မှာ အားလုံးပူးပေါင်းဆောင်ရွက်ဖို့ မဟာဗျူဟာရေးဆွဲပြီးပါပြီ။ အထူးသဖြင့် ဝေးလံတဲ့ ဒေသတွေက လူထုအတွက် ဦးစားပေးထားပါတယ်။ ၆၅ သန်းသော ပြည်သူတွေအတွက်လည်း ကောင်းကျိုးရှိမယ်လို့ ယုံကြည့်ပါတယ်"ဟု အူရီးဒူးမြန်မာ အမှုဆောင်ဒါရိုက်တာ အရာရှိချုပ် Ross Cormack က ပြောကြားသည်။

လက်ရှိတွင် ပြည်တွင်း၌ မိုဘိုင်း Application ရေးဆွဲသူအများစုသည် အရင်းအနှီးမတတ်နိုင်သည့်အတွက် ကိုယ်ပိုင်လုပ်ငန်းလုပ်နိုင်ခြင်းမရှိဘဲ ကုမ္ပဏီများ၌သာသွားရောက်လုပ်ကိုင်နေရပြီး ယခုကဲ့သို့ ထောက်ပံ့ပေးမည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာနိုင်သလို Application ရေးဆွဲသူများအနေဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းရလာနိုင်ကြောင်း ပြည်တွင်းရှိ ပရိုဂရမ်မာတစ်ဦးကပြောသည်။

အူရီးဒူးကုမ္ပဏီအနေဖြင့် Ideabox ကဲ့သို့ အိုင်တီပညာရှင်များက မြေတောင်မြှောက်ပေးသည့်အစီအစဉ်ကို တူနီးရှားနိုင်ငံ၊ အယ်လ်ဂျီးရီးယားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်လည်း ဆောင်ရွက်ပေးခဲ့သည်။

မြန်မာနိုင်ငံ၌ Ideabox အစီအစဉ် ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှု ပိုမိုရရှိစေနိုင်ရန် အူရီးဒူးသည် စင်ကာပူနိုင်ငံရှိ Silicon Straits နှင့် ပူးပေါင်း၍ အင်တာနက်ပေါ်ရှိ Star-up အစီအစဉ်တစ်ခုရေးဆွဲခြင်း၊ ဩစတြေးလျနိုင်ငံအခြေစိုက်တွန်းအားပေးသူ Pollenizer နှင့် ပူးပေါင်း၍မိုဘိုင်းဆက်သွယ်ရေးနည်းပညာ အစီအစဉ် Ideabox တို့ကိုဆောင်ရွက်သွားမည်ဖြစ်သည်။





လုပ်ငန်းသုံးကွန်ပျူတာစာရင်းကိုင်စနစ်

iLedger

Call...
09-730 85653
01-703 625



မိမိလုပ်ငန်းတွင်အချိန်ပြည့်ကြီးကြပ်နေရခြင်း၊ ဖောက်သည်အကြွေးကျန်နှင့်ရှင်းတမ်းများရရှိရန်ခက်ခဲနေခြင်း၊ နေ့စဉ်အရောင်းစာရင်း၊ ငွေစာရင်းများ မှန်ကန်မှုရှိရန်အချိန်ကုန်နေရခြင်းတို့မှသက်သာလိုသောလုပ်ငန်းရှင်များအတွက် အသုံးပြုရလွယ်ကူသော iLedger မြန်မာကွန်ပျူတာစာရင်းကိုင်စနစ်ကို iNTEGRA Systems Company ၄၅၉ဘီ၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်း၊ ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။

# ဖေ့စ်ဘွတ်ခ်သုံးခြင်းနှင့် အစားအသောက် မူမမှန်ခြင်း ဆက်စပ်မှုရှိကြောင်း လေ့လာတွေ့ရှိ

**ဖလော်ရီဒါ၊ မတ်-၆**

ဖေ့စ်ဘွတ်ခ်ကို အချိန်ကြာမြင့်စွာအသုံးပြုသည့် အမျိုးသမီးငယ်တစ်ဦးအနေဖြင့် အစားအသောက်မူမမှန်ခြင်းပိုမိုဖြစ်ဖွယ်ရှိသည်ဟု ဖလော်ရီဒါပြည်နယ်တက္ကသိုလ်မှ သုတေသီများပြုလုပ်ခဲ့သည့် လေ့လာမှုတစ်ရပ်အရသိရသည်။

လူမှုရေးဖိအားနှင့် အစဉ်အလာအတိုင်းထုတ်ဝေသည့် မီဒီယာတို့ကို အစားအသောက်မူမမှန်ဖြစ်စေသည့် လွှမ်းမိုးမှုအရှိဆုံးကဏ္ဍနှစ်ခုအဖြစ် စိတ်ရောဂါကု ဆရာဝန်များစတင်သတ်မှတ်ခဲ့ကြသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဖေ့စ်ဘွတ်ခ်မှာ ယင်းကဏ္ဍနှစ်ရပ်ကို ပေါင်းစပ်ထားသည်။

ယခုအခါ ရေကူးဝတ်စုံဝတ်ဆင်ထားသည့် အမျိုးသမီးများ၏ ပိန်ပိန်ပါးပါးနှင့်စံထားလောက်သောဓာတ်ပုံများကို မဂ္ဂဇင်းမျက်နှာဖုံးများတွင်သာ တွေ့မြင်ရသည်မဟုတ်ဘဲ ဖေ့စ်ဘွတ်ခ်စာမျက်နှာများတွင် ဂရုတစိုက်ဖန်တီးထားသောမိတ်ဆွေသူငယ်ချင်းများ၏ ဓာတ်ပုံလှလှများကိုဖော်ပြနေကြကြောင်း၊ ယင်းအချက်မှာအစားအသောက် မူမမှန်မှု အန္တရာယ်များ



*ဖေ့စ်ဘွတ်ခ်သုံးစွဲနေသူတစ်ဦးကို တွေ့ရစဉ်* ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ပြားလာနိုင်သည်ဟု မိမိတို့သိထားသော ကဏ္ဍနှစ်ရပ်၏ အလွန်ထူးခြားသောပေါင်းစပ်မှုဖြစ်သည်ဟု အထက်ပါလေ့လာမှုကိုဦးဆောင်သူ စိတ်ရောဂါပါမောက္ခမစ္စစ်ပါမယ်လာကေနီးလ်ကပြောသည်။

ကောလိပ် ကျောင်းသူ ၉၆၀ ဦး၏ အလေ့အထများကို မစ္စစ်နီးလ်က လေ့လာခဲ့ပြီး၎င်း၏ လုပ်ဖော်ကိုင်ဖက်များက တစ်နေ့လျှင် မိနစ် ၂၀ခန့်ဖေ့စ်ဘွတ်ခ်သုံးသူများမှာပင် အစာစားချင်စိတ်မရှိခြင်း၊ အစားစားအချိန် မမှန်ခြင်းနှင့် အစားအသောက်မူမမှန်ခြင်းများအတွက်အန္တရာယ်ပိုများကြောင်း အစားအသောက်ဆိုင်ရာနိုင်ငံတကာဂျာနယ်တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံတွင် အစားအသောက်မူမမှန်သောအမျိုးသမီးသန်း ၂၀အထိရှိကြောင်းသိရသည်။ မိမိတို့၏ လေ့လာမှုမှာ ဖေ့စ်ဘွတ်ခ်ကိုမကောင်းပြောရန်မရည်ရွယ်ဟု မစ္စစ်နီးလ်ကပြောသည်။ အားလုံးခြုံငုံကြည့်ပါက ဖေ့စ်ဘွတ်ခ်မှာသတင်းပေးပို့နိုင်သောလူမှုရေးဝက်ဘ်ဆိုက်တစ်ခုသာဖြစ်သည်။

ဖေ့စ်ဘွတ်ခ်တွင်ဓာတ်ပုံတစ်ပုံတင်လိုက်ချိန်၌ မိမိဖြစ်စေလိုသည့်အရာကိုစဉ်းစားရန် မိမိကိုယ်မိမိ ပစ္စည်းတစ်ခုမဟုတ်ဘဲ လူတစ်ယောက်ဖြစ်သည်ကို အမှတ်ရရန် ဖေ့စ်ဘွတ်ခ်သုံးသည့်အမျိုးသမီးငယ်များအား မစ္စစ်နီးလ်ကတိုက်တွန်းထားသည်။ *—Ref: UPI*

# မိုဘိုင်းဖုန်းများ လိုင်းပြတ်ကျခြင်းမှာ မိုဘိုင်းစခန်းမှ ဖိုက်ဘာကြိုး ပြတ်တောက်ခြင်းကြောင့်ဖြစ်

**ဆွေမွန်**

**ရန်ကုန်၊ မတ်-၈**

မိုဘိုင်းဖုန်းများ ခေါ်ဆိုရာတွင် ဖုန်းလိုင်းပြတ်ခြင်းမှာ မိုဘိုင်းစခန်းတစ်ခုမှ ဖိုက်ဘာကြိုးပြတ်တောက်ခြင်းများကြောင့်ဖြစ်ပြီး မိုဘိုင်းစခန်းနှင့် ၅ ကီလိုမီတာအတွင်း ပြတ်တောက်ခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

မိုဘိုင်းဖုန်းများခေါ်ဆိုရာတွင် ဖုန်းခေါ်ဆိုမရဘဲ Call Ended ဖြစ်ခြင်း၊ မိုဘိုင်းဖုန်းခေါ်ဆို၍ မရခြင်းနှင့် ဖုန်းလိုင်းပြတ်သွားခြင်းများ ဖြစ်ပေါ်မှုများရှိနေပြီး ညပိုင်းတွင် ပိုမိုခေါ်ဆို၍ မရခြင်းများရှိနေကြောင်း မိုဘိုင်းသုံးစွဲသူများက ပြောသည်။

"ညဘက် ၁၁ နာရီလောက်ဆိုရင် ဖုန်းကဘယ်လောက်ခေါ်ခေါ် Call Ended ပဲ ဖြစ်ဖြစ်သွားတယ်။ မက်ဆေ့ချ်ပို့ရင်လည်း မရောက်ပြန်ဘူး။ ခေါ်လို့မရတာလည်းနှစ်ရက်၊သုံးရက်ဆက်တိုက်လောက်ဖြစ်တယ်"ဟုပုဇွန်တောင်မြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ထိုသို့ ဖိုက်ဘာကြိုးပြတ်တောက်ခြင်းများဖြစ်ပါကအဆိုပါ BDS တယ်လီဖုန်းတာဝါ တိုင်ရှိသည့် မိုဘိုင်းစခန်းနှင့် ၅ ကီလိုမီတာအတွင်းတွင် ခေါ်ဆိုမှု ပြတ်တောက်ခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာတစ်ဦးက ပြောသည်။


"ဖိုက်ဘာကြိုးတွေ ပြတ်တာဖြစ်ရင် အဲဒီနားတစ်ဝိုက်မှာ Service မရတော့တာဖြစ်တယ်။ တာဝါတိုင်နားကလွဲပြီး ကျန်တဲ့ နေရာတွေဘယ်မှ Serviceမရတော့ဘူး။ အဲဒါမျိုးနေပြည်တော်မှာလည်း ဖြစ်ဖူးတယ်။ " ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာက ပြောသည်။

လက်ရှိ ရန်ကုန်မြို့တွင် မိုဘိုင်းဆက်သွယ်ရေးစခန်းပေါင်း ၃၅၀ ကျော်ရှိနေပြီး အဆိုပါစခန်းတစ်ခုခုမှ ဖိုက်ဘာကြိုးများ ပြတ်တောက်မှုဖြစ်ပါက ထိုစခန်းမှ ဆက်သွယ်ရေးဝန်ဆောင်မှုစနစ်ဖြန့်ကြက်ပေးထားသည့် မြို့နယ်များတွင် ဖုန်းလိုင်းပြတ်တောက်မှုများရှိနေခြင်းဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။



# မပြယ်သည့်အဆိပ် (သို့မဟုတ်) ၈၈ မတ်လ ကျောင်းသားလှုပ်ရှားမှု

**ချမ်းငြိမ်း**




ပူပြင်းခြောက်သွေ့သော၊ အတိတ်ကိုလှုပ်နိုးစေသော၊ သွေးစွန်းသော မတ်လနေ့ရက်များ တစ်ကျော့ပြန်လာချေပြီ။ သည်အချိန်ရောက်လေတိုင်း နာကြည်းမှုအဆိပ်တို့ဖြင့် သုတ်လိမ်းထားသောနှလုံးသားသည် တဆတ်ဆတ်တုန်ယင်လာပြီး ဘယ်သောအခါမှ ပြယ်လွင့်နိုင်ခြင်းမရှိသည့် ထိုအဆိပ်တို့သည် တိုး၍သာပြန့်ကားဖွံ့တည်လာသည်။ ထိုအခါ အင်းလျားကို မမြင်ရပါလျက် နေ့နေ့ညညမြင်နေမိသည်။ ဂျပ်ဆင်ကို မမြင်ရပါလျက် မျက်စိထဲမှ မထွက်၊ အဓိပတိလမ်းမနှင့်ဘွဲ့နှင်းသဘင်ခန်းမ၊ ကျောင်းသားသမဂ္ဂခွပ်ဒေါင်းအလံ၊ ဘဝဂ်ထိအောင်ညံနေသော ကြွေးကြော်သံများ၊ အနီရောင်နဖူးစည်းများ၊ ပြီးတော့... တိတ်တဆိတ်ရောက်ရှိလာသော လူသတ်သမားများ၊ လက်နက်ဆို၍အပ်တိုတစ်ချောင်းမျှယူဆောင်မလာသော ကျောင်းသား၊ ကျောင်းသူများကို ချိန်ရွယ်ထားသော မောင်းပြန်သေနတ်များ၊ သံချပ်ကာတင့်ကားကြီးများ၊ နံပါတ်တုတ်များ ဝီခနဲဝဲတက်လာလျှင် ဖြာခနဲပွင့်ထွက်သွားသော သွေးစက်များ . . ။

နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်ကျော်ကြာသိမ်းဆည်းထားခဲ့သည့် ရင်ထဲကစာတစ်ပုဒ်ဖြစ်ပါသည်။ စက်မှုတက္ကသိုလ် ကျောင်းသားမောင်ဖုန်းမော်နှင့် မောင်စိုးနိုင် သတ်ဖြတ်ခံရသည့်အချိန်မှစ၍ ပေါ်ပေါက်လာသော ၈၈ မတ်လ ကျောင်းသားလှုပ်ရှားမှုကြီးသည် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံကြီး၏ အရှဏ်ဦးဖြစ်ခဲ့သည်။ ထိုလှုပ်ရှားမှုကြီး အတွင်း ပါဝင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများ၏ဘဝသည်နောင်တစ်ချိန်တွင် ဖရိုဖရဲ ဖြစ်သွားကြသည်။ သေသူသေ၊ ထောင်ထဲရောက်သူရောက်၊ တောထဲရောက်သူရောက်၊ အချို့က နိုင်ငံခြားမှာ၊ အချို့က သင်္ဘောပေါ်မှာ၊ အချို့က တက္ကစီမောင်းနေဆဲ၊ ဘဝတွေအတော်များများ တစ်စစီကွဲကွာသွားကြသည်။ ဤဆောင်းပါးသည် ၈၈ မတ်လ ကျောင်းသားလှုပ်ရှားမှုအတွင်း ပါဝင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများကို သတိတရဦးညွတ်တသစိတ်ဖြင့် ရေးသားသောဆောင်းပါးတစ်ပုဒ်ဖြစ်ပါသည်။

(၁)

တိုင်းပြည်ကို နှစ်ပေါင်း ၂၆ နှစ်ခန့်ကြာ မက်လုံးပေး၍တစ်ဖုံ၊ ခြိမ်းခြောက်၍တစ်မျိုး၊ လှည့်ဖြား၍တစ်သွယ် နည်းအမျိုးမျိုးဖြင့် လှည့်ပတ်အုပ်ချုပ်ခဲ့သော စစ်အာဏာရှင်ဦးနေဝင်းနှင့်အပေါင်းပါတစ်စုတို့သည် ၁၉၈၇ အောက်တိုဘာလတွင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများစာရင်း (ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံ LDC) အဖြစ်သွတ်သွင်းခံရဖို့ကုလသမဂ္ဂအဖွဲ့ကြီးထံ လျှောက်ထားခဲ့ပါသည်။ ထိုလျှောက်ထားချက်အရ ၁၉၈၇ ဒီဇင်ဘာတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်ခဲ့ရသည်။ အာဏာလက်ကိုင် သူတို့သည် ထိုမျှဖြင့်အားမရသေး၊ ၎င်းတို့တရားဝင် ထုတ်ထားသောငွေစက္ကူများကိုတရားမဝင်တော့ဟုဆိုကာ ရုတ်တရက်ပယ်ဖျက်လိုက်ခြင်းသည် တိုင်းသူ ပြည်သားများအဖို့ အရှိုက်ကို လက်သီးပုန်းအထိုးခံရသလိုအထိနာခဲ့ရသည်။ ထိုသို့သောတအုံနွေးနွေးအချိန်တွင် စက်မှုတက္ကသိုလ်ကျောင်းသားအချို့နှင့် ကြို့ကုန်းရပ်ကွက်ရှိလူငယ်အချို့ ခိုက်ရန်ဖြစ်ပွားသည်ကိုအကြောင်းပြု၍ မသက်မညှာ အင်အားသုံးဖြိုခွင်းခဲ့ရာမတ်လ၁၃ရက်တွင်ကုန်ထုတ်ဓာတုကျောင်းသားမောင်ဖုန်းမော်ကျည်ဆန်ထိမှန် သေဆုံးခဲ့ရသလိုကျန်ကျောင်းသားတစ်ဦးဖြစ်သူ မောင်စိုးနိုင်မှာလည်း ရက်ပိုင်းအတွင်း သေနတ်ဒဏ်ရာဖြင့်ပင် ကွယ်လွန်ခဲ့ရှာသည်။ ထို့ကြောင့် ကျောင်းသားထုကြီးမှာမခံမရပ်နိုင်ဖြစ်ကာ အစိုးရကိုတုံ့ပြန်ဖို့အရေး စုရုံးခဲ့ကြသည်။

(၂)

၁၉၈၈ မတ်လ ၁၆ ရက်

**တစ်ပါတီစနစ် အလိုမရှိ**
**အာဏာရှင်စနစ် အလိုမရှိ**
**ကျောင်းသားအခွင့်အရေး**
**ချက်ချင်းပေး**
**မီးတုတ် မီးတုတ် ရှို့ရှို့**
**အရေးတော်ပုံအောင်ရမည်**

ရန်ကုန်တက္ကသိုလ်ကျောင်းဝင်းထဲ၌ ကျောင်းသား၊ ကျောင်းသူများ၏ကြွေးကြော်သံများသည် ဘဝဂ်ထိအောင် ညံနေပါသည်။ မတ်လအပူရှိန်ကို အမှုမထားဘဲ လက်သီးလက်မောင်း တန်း၍ အဆက်မပြတ်အော်ဟစ်ပြီး လက်ရှိ အစိုးရ၏လုပ်ရပ်များအပေါ် အပြင်းအထန်ရှုတ်ချနေကြသည်။ စက်မှုတက္ကသိုလ်ပိတ်လိုက်ပြီဖြစ်၍ ရန်ကုန်တက္ကသိုလ်ပင်မ၌ စုရုံးရောက်ရှိနေခြင်းဖြစ်သည်။ ဗိုလ်တထောင်၊ ကြည့်မြင်တိုင် အစရှိသည့်တက္ကသိုလ်နယ်မြေများမှ အင်အားစုများပါ ပါဝင်လာ၍ အဓိပတိလမ်းမကြီးတစ်လျှောက်ကျောင်းသားထုသည်ဖွေးဖွေးလှုပ်လျက်ရှိသည်။ အပြင်ဘက်တွင်ကား လူသတ်စစ်ခွေးများက သွားရည်တများများဖြင့် စောင့်ကြည့်လျက်...၊ တကယ်တမ်းတွေးကြည့်ပါလျှင်ယခုဆန္ဒပြနေသောကျောင်းသား၊ ကျောင်းသူအများစုမှာ အသက်နှစ်ဆယ်ပင် မပြည့်ကြသေး။ ဆယ့်ရှစ်၊ ဆယ့်ကိုးနှစ်အရွယ်လေးများဖြစ်ကြသည်။သို့သော်ကျောင်းသား သွေးမြေသို့ခသောအခါ ဘာသိဘာသာမနေနိုင်တော့မတိုင်ပင်ရပါလျက် အစဉ်အလာကြီးသောကျောင်းသားတို့၏သွေးစည်းမှုပြသနိုင်ခဲ့သည်။

**ဖမ်းဆီးကျောင်းသား**
**ပြန်လွှတ်ရေး**
**ဒို့အရေး ဒို့အရေး**
**နေဝင်းအစိုးရဆင်းပေးရေး**
**ဒို့အရေး ဒို့အရေး**

နေရှိန်မြင့်လာသည်နှင့်အမျှ ထောင်နှင့်ချီသောကျောင်းသား၊ ကျောင်းသူများသည် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း လှည့်လည်စီတန်းကာ ကြွေးကြော်သံများကြွေးကြော်ကြသည်။ကျောင်းသားအတော်များများသည် နဖူးတွင်အနီရောင်အဝတ်ကို စည်းထားလျက် ပုဆိုးတိုတို၊ လွယ်အိတ် စလွယ်သိုင်းလျက် တက်တက်ကြွကြွ အော်ကြသည်။ ကျောင်းသူလေးများမှာလည်း ထဘီတိုတိုဝတ်၍ လွယ်အိတ်ကို စလွယ်သိုင်းထားကြသည်။ အဓိပတိလမ်း၊ ပုဂံလမ်း၊ စစ်ကိုင်းလမ်း၊ ဂျပ်ဆင်၊ စီးပွားရေးတက္ကသိုလ်ဘက် စီတန်းလှည့်လည်ကြသည်။ မောသောအခါ ကျောင်းသားများနားနေဆောင် (RC) ရှေ့ရပ်နားကာ တစ်ဦးချင်းစီနားနေဆောင်ခေါင်မိုးပေါ်သို့တက်ကာဟောပြောကြသည်။ ထိုသို့ဖြင့် မွန်းလွဲနှစ်နာရီတိုင်လာခဲ့သည်။ထို့နောက် ကျောင်းသားထုကြီးသည် ကျောင်းပရိဝုဏ်ပြင်ပထွက်၍လှိုင်နယ်မြေရှိ ကျောင်းသား၊ ကျောင်းသူများနှင့်ပူးပေါင်းရန် ပြည်လမ်းမဘက် ဦးတည်လိုက်ကြသည်။ လှည်းတန်းထိပ်သာသာခန့် တွင် လက်နက်ကိုင်တပ်ကို မြင်ရသည်။ ကျောင်းသားများကားမမှု၊ ကျောင်းသားတစ်ဦးက လွယ်အိတ်ထဲမှ တစ်စုံတစ်ရာကိုထုတ်လိုက်သည်။ ကျောင်းသားသမဂ္ဂခွပ်ဒေါင်းအလံ...၊ အလံကိုမြင်ရ၍ ကျောင်းသားထုကြီးမှာ ပိုမိုတက်ကြွလာပြီး တဝေါဝေါတသောသောဖြစ်နေသည်။ ခွပ်ဒေါင်းအလံကား တပ်ဦးမှာတလူလူလွင့်ချေပြီ။ ခွပ်ဒေါင်းအလံအောက် ကျောင်းသား၊ ကျောင်းသူတွေငါးယောက်တစ်တွဲ စီတန်း၍ အစိုးရဆန့်ကျင်ရေး ကြွေးကြော်သံများအော်ဟစ်ကာ ပြည်လမ်းမအတိုင်း လှိုင်တက္ကသိုလ်ဘက်သို့ ချီတက်ခဲ့သည်။ နှစ်ပေါင်းများစွာအတွင်း မမြင်တွေ့ခဲ့ရသော မြင်ကွင်း . . .၊ တိုင်းပြည်၏အရေးအရာကိစ္စများသည် ကျောင်းသားတပ်ဦးမှစခဲ့သည်ချည်း။ ယခုလည်း မိမိတို့ကျောင်းသားတွေအနာခံရမည်ကိုသိလျက်နှင့် မည်သို့မျှတုန်လှုပ်မှုမရှိ၊ သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့ သမိုင်းမှာလုပ်စရာရှိသည့်ကိစ္စကိုလုပ်သည့်သဘော။ အားလုံးညီညွတ်စွာဖြင့် စစ်အာဏာရှင်ကို ဆန့်ကျင်ခဲ့ကြသည်။

(၃)

ရာထောင်ချီ ချီတက်လာသော ကျောင်းသားထုကြီးသည် ပြည်လမ်းမတစ်နေရာအရောက် တုံ့ခနဲရပ်သွားကြသည်။ စစ်ခွေးများ ... ရှေ့တည့်တည့်မှာ စစ်ခွေးတွေက လမ်းကိုပိတ်ဆို့နေရာယူထားကြသည်။ လည်စည်းအနီဒိုင်းကာတုတ်ကိုင်လုံထိန်းတပ်ဖွဲ့၊ သည့်နောက် ယမ်းအားအလွန်ပြင်းသည့် ဂျီ–သရီး၊ ဂျီ–ဖိုး သေနတ်ကိုင်စစ်တပ်၊ ထို့နောက်ဘရင်းကယ်ရီယာ အမြောက်များ..။

ကျောင်းသားထုကြီးသည် ရုတ်တရက် ဘာလုပ်ရမှန်းမသိတွေဝေသွားသည်။ အချင်းချင်း တစ်ယောက်တစ်ပေါက်အသံတွေထွက်လာသည်။ အချို့က ပြည်လမ်းမပေါ်ထိုင်ချလိုက်သည်။ အချို့က အင်းလျား ကန်ပေါင်ဘက်ထွက်သွားကြသည်။ ရှေ့မတိုးသာဖြစ်နေသော အချိန်တွင်ကျောင်းသားအတော်များများ ပေါက်ကွဲကုန်ကာ လက်ညှိုးငေါက်ငေါက်ထိုး၍ စစ်တပ်ကိုဆဲကြသည်။ သည်လို အလွန်တရာတင်းမာနေသောအချိန်မျိုးတွင် နောက်ကြောင်းပြန်လှည့်မည်လား၊ အသေခံဝင်မည်လားတစ်စုံ တစ်ရာကိုဆုံးဖြတ်ရတော့မည်။

**အချပ်ပို (A4) သို့**

7DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

# မင်းဒင်ရဲ့ သက်ခိုင်

မင်းဒင်



(ယခင်အပတ်မှအဆက် . . . )

**အခန်း(၂၀)**

**ဖူးခက်သားမှန်လျှင် ပါးပြင်တွင် အမာရွတ်ရှိ၏။**

ကိုသက်ခိုင်နှင့် ကျွန်တော် ဖူးခက်တွင်အတူရှိနေခဲ့သည့်ကာလများကား ရှည်လျားလှသည်ဟု ဆိုရမည်။ သူ၏ ပြည်တော်ပြန်ရေးမှာ မရေရာသည့် နည်းတူ ကျွန်တော်သည်လည်း ဈေးဆိုင် သံယောဇဉ်ဖြင့် ဖူးခက်နှင့်ခွဲခွာခဲ့သည်ဖြစ်၍ ကံတူအကျိုးပေးခြင်း ထပ်တူကျနေသည်ဟု ဆိုနိုင်သည်။ သူနှင့် ကျွန်တော်တွေ့ဆုံခဲ့ကြလေသည့် နေရာမျိုးစုံတွင် ထွေရာလေးပါးအကြောင်းအရာမျိုးစုံကို တောင်စဉ်ရေမရပြောဖြစ်ကြသည်ချည်းဖြစ်၏။ ထို့ကြောင့် မည်သည့်အကြောင်းအရာကို မည်သည့်နေ့ရက်တွင် ပြောဆိုခဲ့ကြောင်းမှတ်သားမိရန်လွယ်ကူလှသည်မဟုတ်လေရာ အောက်ပါအကြောင်းအရာမှာ သူနှင့် ကျွန်တော်ဖူးခက်တွင်အတူရှိနေစဉ် စကားလက်ဆုံကျခဲ့ခြင်းဟုသာ ဖော်ပြနိုင်တော့သည်။

အမှတ်ရနေသည်ကား ထိုရက်များသည် ဖူးခက်ကျွန်း၏ အမှတ်သင်္ကေတဖြစ်သော သက်သတ်လွတ်ပွဲတော်ကျင်းပသည့် နေ့ရက်များဖြစ်၏။ နေရာကား ဖူးခက်မြို့မ၊ စဖန်ဟင်းကမ်းခြေရှိ တရုတ်ဘုံကျောင်းတွင်ဖြစ်ပြီး စပ်စပ်စုစုနိုင်လှသော ကိုသက်ခိုင်၏ စရိုက်အမူအကျင့်ကြောင့်ပင် ထိုနေရာသို့ရောက်ခဲ့ရခြင်းဖြစ်၏။

ဖူးခက်သက်သတ်လွတ်ပွဲတော်ကို ထိုင်းပြက္ခဒိန်ကိုအခြေခံလျက်နေ့ရက်ကို သတ်မှတ်ရွေးချယ်ပြီး နှစ်စဉ်အောက်တိုဘာ၊ နိုဝင်ဘာများတွင် ကိုးရက်တိုင်ကျင်းပလေ့ရှိသည်။ ထိုရက်များတွင် ဖူးခက်မြို့သူမြို့သားအများစုသည်အထက်အောက်အဖြူရောင်အဝတ်များကိုသာ ဝတ်ဆင်ကြသည်။ ထိုင်းဘာသာစကားဖြင့် ကင်ဂျေးပွဲတော်ဟု ဆိုသည်။ သက်သတ်လွတ်အစားအစာများကို မြို့အနှံ့ဖွင့်လှစ်ရောင်းချကြသည်။ ယုံကြည်စွဲလမ်းမှုပြင်းထန်သော ထိုင်းလူငယ်အချို့၏ ပါးပြင်အသီးသီးတွင် ချွန်ထက်သောဓား၊ စူးချွန်၊ သံပိုက်ချွန်စသည့် အချွန်မျိုးစုံဖြင့် ထိုးဖောက်ကာ တရုတ်ရိုးရာဆိုင်းဗုံများတီးမှုတ်ကာ မြို့တွင်းလမ်းများအနှံ့လှည့်ပတ်ကြသည်။

ဖူးခက်သားတို့သည် မိမိတို့နေအိမ်အသီးသီးရှေ့မှ စောင့်ကြိုလျက် ပန်းမာန်၊ သစ်သီးမျိုးစုံ၊ နံ့သာအမွှေးတိုင်တို့ဖြင့် ပါးတွင်ဓားချွန်၊ စူးချွန်များထိုးထားသည့် နတ်ဝင်သည်များကို ကန်တော့လေ့ရှိကြသည်။ အဆိုပါပွဲတော်နေ့ရက်များတွင် နိုင်ငံတကာညှေ့သည်များ ပိုမိုများပြားလေ့ရှိ၏။ သူတို့သည် ထိုပွဲတော်ကို အံ့ဘနန်းဖြစ်ရပ်အဖြစ် ဓာတ်ပုံဗီဒီယိုမှတ်တမ်းမျိုးစုံတင်လေ့ရှိကြ၏။

“လိုက်သာလိုက်ခဲ့စမ်းပါဗျာ။ ထူးဆန်းတာတော့အမှန်ပဲ။ ဖူးခက်မှာနေခဲ့ဖူးတယ်ဆိုရင် ဒီအကြောင်းတော့ သိထားသင့်တယ်”ဟူသော သူ၏ဆွယ်တရားကို ကျွန်တော်ကိုယ်တိုင်လည်း ငြင်းဆန်လိုသော ဆန္ဒမရှိခြင်းကြောင့်အဆိုပါတရုတ်ဘုံကျောင်းသို့ ဒုတ်ဒုတ်ထိရောက်ခဲ့ရခြင်းပေတည်း။ ကိုသက်ခိုင်သည် အပိုစကားကိုဆိုခဲ့ခြင်းမဟုတ်ကြောင်း ထိုနေ့က ကျွန်တော်မျက်မြင်ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်က သက်သေခံလျက်ရှိသည်။ ရှေးခေတ်တရုတ်ရိုးရာအဝါရောင်၊ အနီရောင်ဝတ်စုံဝတ်ဆင်ထားကြသူများကို ကျော်လွှားတိုးဝှေ့လျက် ဘုံကျောင်းအတွင်းရောက်ရှိချိန်တွင် တွေ့မြင်ရသည့်မြင်ကွင်းကား တရုတ်နတ်ဆရာတော်တစ်ယောက်သည် ထိုင်းလူငယ်တစ်ယောက်၏ ပါးပြင်ကို အရှည်တစ်ပေခွဲ၊ အပြားသုံးလက်မခန့်ရှိသော ဓားဖြင့်ထိုးဖောက်နေခြင်းပေတည်း။

နတ်ဆရာသည် တစ်စုံတစ်ခုသောဂါထာကို မန်းမှုတ်လျက်ရှိချိန်တွင် လူငယ်၏ကိုယ်ခန္ဓာသည် တဆတ်ဆတ် တုန်လျက်ရှိ၏။ နတ်ဆရာသည် လူငယ်ပါးစပ်ဘေးမှ ပါးပြင်ကိုလက်တစ်ဖက်ဖြင့် ညင်သာစွာပွတ်သပ်ရင်း အခြားတစ်ဖက်တွင် အရှည်တစ်ပေခွဲခန့်ရှိသော ဓားကိုကိုင်ထားသည်။ ဘေးလူများမကြားနိုင်သည့်ဂါထာမျိုးစုံကို နှုတ်မှတဖွဖွ ရေရွတ်ရင်း ရုတ်ခြည်းဆိုသလို လူငယ်၏ ပါးပြင်ကို ဓားဖြင့်ညင်သာစွာ ဖိသွင်းလိုက်သည်။ ဓားဦးသည် လူငယ်၏ပါးစပ်မှထွက်လာ၏။ သွေးအနည်းငယ်စို့လာသည်ကို နတ်ဆရာက လက်ဖြင့် အသာသပ်ချလိုက်သည့်အခါ ချက်ချင်းဆိုသလိုပင် သွေးတိတ်သွားသည်။ အဆိုပါနည်းအတိုင်းပင် နောက်လူငယ်လေးငါးယောက်ကို တစ်လက်မခွဲခန့်အချင်းရှိသည့် သံပိုက်လုံးချွန်၊ လက်သမားသုံးလွန်ပူ အပါအဝင် အချွန်မျိုးစုံတို့ဖြင့် ပါးပြင်တို့ကို ဆက်တိုက်ထိုး ဖောက်ပေးနေလေသည်။ ရှေ့တွင်ဆိုခဲ့သည့်အတိုင်း ပါးပြင်မှ ဝင်အပ်သော စူးချွန်တို့သည် ပါးစပ်မှ ပြန်ထွက်လာသည်။ ကာယကံရှင်လူငယ်တို့၏ မျက်နှာတွင် နာကျင်မှုအရိပ်အယောင်ကိုမှ မမြင်ရချေ။

အဆိုပါဖူးခက်သက်သတ်လွတ်ပွဲတော်ကို ဖူးခက်လမ်းမများပေါ်တွင် အကြိမ်များစွာ အဝေးအနီးမှ မြင်တွေ့ဖူးသော်ငြား ယခုကဲ့သို့ အနီးကပ်မမြင်ဖူးလေသည့် ကျွန်တော့်မှာ အံ့သြလွန်းသောကြောင့် ဘေးမှာရပ်နေသည့် ကိုသက်ခိုင်ကိုပင် မေ့လျော့နေမိသည်။

နတ်ဆရာသည် မည်သို့သော ဂါထာကိုမန်းမှုတ်လေ သနည်း။ တစ်စုံတစ်ခုပူးဝင်နေဟန်ရှိသည့် ထိုင်းလူငယ်တို့သည် မည်သည့်အတွက်ကြောင့် နာကျင်ခြင်းဝေဒနာကို မခံစားရသနည်း။ အထက်အောက်ဝတ်စုံအဖြူကို ဝတ်ဆင်ကာ၊ သက်သတ်လွတ်ကိုးရက်စားရသည့် အဓိဋ္ဌာန်ဝင်ရုံမျှဖြင့် ဤသို့မယုံကြည်နိုင်ဖွယ်ရာစွမ်းအားတို့ အမှန်ပင်ပေါ်ထွက်လာလေသလော။ အတွေးမျိုးစုံ၏ အဖြေကို သိလိုစိတ်ကြောင့် ကိုသက်ခိုင်ဆီသို့ ဦးတည်မိပြန်သည်။

“ဟော့လူ။ ထူးဆန်းတာတော့ အမှန်ပဲဗျ။ ဘေးကကြည့်နေတဲ့ သူတောင် ကြက်သီးထတယ်။ ခင်ဗျားသိသလောက်ရှင်းစမ်းပါဦး”

“ရော။ ခရေစေ့တွင်းကျတော့ ဘယ်သိပါ့မတုံးဗျ။ ခင်ဗျားသာမန်ကာလျှံကာမြင်တွေ့ဖူးနေတာကို လက်တွေ့အတွင်းကျကျသိရအောင် ကျွန်တော်ခေါ်လာတာ”

“အခုဝင်နေတာ ကုလားနတ်လား။ တရုတ်နတ်လားဗျ။ ဗမာပြည်မှာကျွန်တော်မြင်ဖူးတွေ့ဖူးသလောက် ဟိန္ဒူကုလားမီးနင်းပွဲတော်တွေမှာ စူးတွေ၊ သံချိတ်တွေနဲ့ခန္ဓာကိုယ်ကိုဖောက်ကြ၊ ချိတ်ကြတာတော့မြင်ဖူးတယ်”

“ဟုတ်တယ်ဗျ။ ကျွန်တော်ငယ်ငယ်ကနေခဲ့တဲ့ ကမာရွတ်ချစ်တီးဘုရားကျောင်းမီးနင်းပွဲတွေမှာလည်း ကိုယ်ခန္ဓာကို ဖဲထီးသံချောင်းလို စူးချွန်တွေ ငါးမျှားချိတ်အကြီးစားလို သံချိတ်တွေနဲ့ ထိုးကြဖောက်ကြတာမြင်ဖူးပေမယ့် ဒီလို ပါးကနေပါးစပ်အထိပေါက်အောင် ဒီလောက်ကြီးတဲ့ ဓားတွေ၊ သံပိုက်လုံးတွေ၊ လွန်ပူတွေနဲ့ ထိုးဖောက်ကြတာတော့ ထူးဆန်းလွန်းတယ်။ ထိုင်းလူငယ်တချို့ဆိုရင် ပါးပြင်ကို လှံတိုလှံရှည်တွေနဲ့ တင်မက ခြောက်လုံးပြူးသေနတ်တွေနဲ့တောင် ထိုးဖောက်ထားကြတာမြင်ဖူးတယ်ဗျ။ လျှာတွေကိုလည်းစူးချွန်မျိုးစုံနဲ့ ဖောက်ကြလေရဲ့။ ကျွန်တော်ဒီအကြောင်းကို စပ်စုနေတာကြာပြီဗျ”

“ဒါဆိုလည်း ခင်ဗျားသိသလောက် ဇာတ်စုံခင်းပါဦးဗျာ”

“ဖူးခက်သားတွေ အစဉ်အဆက်ယုံကြည်ကျင်းပလာကြတဲ့ ဒီသက်သတ်လွတ်ပွဲတော်ရဲ့ မြစ်ဖျားခံရာဒဏ္ဍာရီဟာ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ရာ့ငါးဆယ်လောက်က ဖူးခက်ကိုရောက်လာခဲ့တဲ့ တရုတ်ဇာတ်အဖွဲ့တစ်ခုကနေ စတင်ခဲ့တာတဲ့ဗျာ”

“ဟ။ ဘယ့်နှယ်တရုတ်ဇာတ်အဖွဲ့က ပါလာရပြန်တာတုံး”

“ဟုတ်တယ်။ ဖူးခက်ကျွန်းကြီးဟာ ငွေဖြူထွက်တဲ့ အရပ်မို့ ရှေးပဝေသဏီ ကတည်းက တရုတ်လူမျိုးတွေ ရွက်လှေကြီးတွေနဲ့ရောက်လာပြီး အခြေချ၊ စီးပွားလာရှာကြတယ်။ ထူးခြားတာက ထိုင်းယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုတွေဟာ ဗုဒ္ဓဘာသာကို အခြေခံတာကြောင့် ဟိန္ဒူဗြဟ္မဏအငွေ့အသက်တွေလည်း ရောနေဟန်ရှိတယ်။ ကျွန်တော်ပဲ မနှံ့စပ်လို့လားမဆိုနိုင်ဘူး။ ဖူးခက်မှာ ဟိန္ဒူဘုရားကျောင်းတော့ မတွေ့မိသေးဘူးဗျ။ ဗမာဂေါ်ရခါး၊ ထိုင်းဂေါ်ရခါးတွေအများကြီးတွေ့ရပေမယ့် ဟိန္ဒူဘာသာဝင်တွေ မရှိသလောက်ရှားတယ်။ သေချာတာကတော့ ဖူးခက်မြို့တင်မက ထိုင်းနိုင်ငံတစ်လွှားမှာ စီးပွားရေးအချက်အချာကျတဲ့ လုပ်ငန်းကြီးတွေကို တရုတ်လူမျိုးတွေပိုင်ကြတာများတယ်”

“ကဲပါဗျာ။ပါးထဲကို ဓားထိုးထည့်နေကြတဲ့ ဇာတ်လမ်းအစ တရုတ်ဇာတ်အဖွဲ့ အကြောင်းသာ ဆက်စမ်းပါဗျ”

“အလွယ်ပြောရရင် ဟိုးရှေးရှေးတုန်းကပေါ့ဗျာ။ တရုတ်ဇာတ်အဖွဲ့တစ်ဖွဲ့ဟာ ဖူးခက်မြို့ခံ တရုတ်လူမျိုးတွေရဲ့ ဆက်သွယ်ဖိတ်ခေါ်မှုကြောင့် ဖူးခက်မြို့ကို ရောက်လာကြသတဲ့။ ရှေးခေတ်က တရုတ်ဇာတ်အဖွဲ့ဆိုတော့ နန်းတွင်းအဝတ်အစားတွေဝတ်၊ မျက်နှာဖုံးတွေတပ်၊ မိတ်ကပ်ထူထူကြီးတွေ ခြယ်ပြီးကကြတာမျိုး ဖြစ်မယ်ဗျ။ သတိပြုစရာအချက်ကတော့ အဲဒီအချိန်ကာလတုန်းက ဖူးခက်ကျွန်းကြီးဟာ တစ်ကျွန်းလုံးနီးပါးတောကြီး မျက်မည်းလိုသာ ရှိနေသေးဟန်တူပါရဲ့။ ရောက်လာတဲ့ဇာတ်အဖွဲ့ဟာ တရုတ်ပြည်မကြီးကလား၊ စင်ကာပူလိုနေရာကလားတော့ ကျွန်တော်လည်း အတိအကျ မဆိုနိုင်ဘူး။ အဲဒီဇာတ်အဖွဲ့ ဖူးခက်ကျွန်းပေါ်လည်းရောက်ရော ဇာတ်အဖွဲ့တစ်ဖွဲ့လုံးဟာ ရောဂါအမည်ရှာမရတဲ့ မူးဝေအော့အန်၊ ကိုယ်လက်မအီမသာဝေဒနာမျိုးစုံခံစားကြရသတဲ့ဗျ။ နောက်ဆက်တွဲအနေနဲ့ ဖူးခက်ကျွန်းသားတွေပါ ကပ်ဆိုက်သလိုဖြစ်ပြီး အလားတူဝေဒနာတွေ ခံစားကြရသတဲ့။ တတ်ကျွမ်းနားလည်သမျှဆေး

7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014



ဓာတ်ပုံ – မင်းဒင်

# (၂)

နည်းပေါင်းစုံနဲ့ ကုသပေမယ့် မပျောက်ကြဘူးတဲ့။ နောက်ဆုံးတော့ဘုရားကုကုတယ်ဆိုမလား။ တရုတ်ရိုးရာ နတ်ဝင်သည်နဲ့ကုတယ်ပြောရမလားပဲ။ ဖူးခက်ကျွန်းပိုင်ကြီးနဲ့ နတ်ဒေဝတာ၊ တရုတ်ရိုးရာနတ်တွေကို တိုင်တည်ပြီး ဆုတောင်းကြသတဲ့။ အမိုက်အမဲတွေမှိုင်းရှင်ကြီးရှင်ကောင်းတို့ မနှစ်မြို့တဲ့ အပြုအမူအနေအထိုင်၊ အပြော အဆိုတွေ ရှိခဲ့ရင် ဗွေမယူဘဲ ခွင့်လွှတ်ဖို့၊ သစ်သီးမျိုးစုံ၊ ပန်းမန်၊ အမွှေးနံ့သာတိုင် တွေနဲ့ တောင်းပန်ကြတယ်။ အပြစ်ကိုပေးဆပ်တဲ့အနေနဲ့ အကျင့်သီလဖြူစင်စွာ ဆောက်တည်ကြောင်း သက်သေအဖြစ် အဝတ်ဖြူတွေကို ကိုးရက်တိတိ ဝတ်ပါ့မယ်။ သူ့ တစ်ပါး အသက်မပါတဲ့ သက်သတ်လွတ် အစားအစာတွေကို ကိုးရက်တိုင်တိုင် အဓိဋ္ဌာန်နဲ့ စားပါ့မယ်ဆိုတဲ့ တိုင်တည်စကားလည်း ဆိုကြသတဲ့ဗျ။ တိုက်ဆိုင်လေသလား။ ကျွန်းပိုင်ကြီး၊ နတ်ဒေဝတာတွေနဲ့ ရိုးရာနတ်တွေကပဲ အစွမ်းထက်လေသလား မဆိုနိုင်ဘူးဗျာ။ အဓိဋ္ဌာန်ကိုးရက် မပြည့်ခင်မှာ ဇာတ်တစ်ဖွဲ့လုံးဟာ ယူပစ်သလို ရောဂါတွေပျောက်ကင်းကြကုန်လေ၏တဲ့။ အဲဒီအချိန်၊ အဲဒီအကြောင်းကနေ အစပြုပြီး ဖူးခက်ကျွန်းမှာ သက်သတ်လွတ်ပွဲတော်ကို နှစ်စဉ်ကျင်းပလာခဲ့ကြတာ ဒီနေ့ ထက်ထိတိုင် ဆိုပါတော့။ ခက်တာက အဲဒီဒဏ္ဍာရီထဲမှာ ပါးကိုဓားတွေ စူးချွန်တွေနဲ့ ဘာကြောင့်ဖောက်ကြရတယ်ဆိုတာ ပါမလာပြန်ဘူး။ ဒီတော့ ရိုးရာနတ်ကိုးကွယ်မှုကနေ အံ့မခန်းအစွမ်းပြခန်းတွေ နောက်ဆက်တွဲအဖြစ် တိုးလာတယ်လို့သာ မှတ်ပေတော့ဗျာ။ ခုချိန်မှာတော့ ဖူးခက်ကျွန်းသား စစ်စစ်မှန်ရင် ပါးမှာဓားဒဏ်ရာ အမာရွတ်ရှိရမယ်ဆိုတဲ့အထိ ယုံကြည်မှုပြင်းထန်နေကြလေရဲ့။ တစ်ဆက်တည်း မှတ်သားစရာကောင်းတာကတော့ ဖူးခက်ကျွန်းရဲ့ အဲဒီထူးခြားတဲ့ အလေ့အထကို ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်တွေက အကွက်ကျကျ စီမံခန့်ခွဲပြီး ခရီးသွားမြှင့်တင်ရေးကြော်ငြာအနေနဲ့ တစ်ကမ္ဘာလုံးကို ဖြန့်လိုက်တဲ့အခါမှာတော့ ဒီပွဲတော်ဟာ ခရီးသွားလုပ်ငန်းကို အကြီးအကျယ် အထောက်အကူပြုလေရောပေါ့ဗျာ။ အဲဒီပွဲတော်ရက်တွေမှာ ဖူးခက်တစ်မြို့လုံးမှာရှိတဲ့ ဟိုတယ်အားလုံး ပြည့်လျှံနေအောင် ကြိုတင်စာရင်းသွင်းထားကြလေသတဲ့။ ကြော်ငြာကောင်းလွန်းလို့ ထင်ပါရဲ့။ ဒီပွဲကို တရုတ်လူမျိုးတွေသာမကထိုင်း လူမျိုးခြားဘာသာဝင်မျိုးစုံလည်း အနည်းဆုံးသက်သတ်လွတ် အဓိဋ္ဌာန်နဲ့ စားကြ၊ နိုင်ငံခြားသားတွေလည်း ဝင်နွှဲနေကြသဗျ။ ဖြောက်အိုးတစ်ခုတည်းတင် အဲဒီရက်ပိုင်းမှာ ရောင်းရငွေဟာ ထိုင်းဘတ်သန်းသုံးဆယ်ကျော်ရှိသတဲ့။ တစ်မျှော်တစ်ခေါ်ဖြစ်နေတဲ့သက်သတ်လွတ် ဈေးဆိုင်တန်းရှည်ကြီးတွေကလည်း ကမ္ဘာ့လှည့်ခရီးသည်တွေကို စွဲဆောင်နေကြလေရဲ့”

“ခင်ဗျား စကားပြောလိုက်ရင် ဆန်းတော့ဆန်းပါရဲ့။ ဒါပေမဲ့ တခြားအကြောင်းဘက်ကိုချည်း လှည့်လှည့်သွားတော့ နားထောင်ရတဲ့သူအတွက် ဒုက္ခတစ်မျိုးဗျ”

“ဘယ်ဘက်မှ မလှည့်ရပေါင်ဗျာ။ ကျွန်တော့်ဇာတ်လမ်းကို အဆုံးသတ်ရရင် အဲဒီရှေးဟောင်း တရုတ်ဇာတ်အဖွဲ့ ပထမဆုံးအဓိဋ္ဌာန်ပြုခဲ့တဲ့ ဘုံကျောင်းဟာ အခုခင်ဗျားနဲ့ ကျွန်တော်ရောက်နေတဲ့ စဖန်ဟင်းဘုံကျောင်းပဲတဲ့ခင်ဗျ”

“ဩော်၊ ဒီလိုလား၊ ကျွန်တော်က အခုမြင်နေရတဲ့ ဖူးခက်သားတွေ ဓားပြီးနေကြတဲ့အကြောင်းရင်းကို သိချင်နေတာဗျ”

“အမယ်လေးဗျာ။ ကျွန်တော့်ကိုများ မဟာပညာကျော်ထင်နေလေရော့သလား။ ဒီလျှို့ဝှက်ချက်ကိုများ ကျွန်တော်သိနေရင် အခုလိုခင်ဗျားဘေးမှာ မတ်တတ်ရပ်ပြီးဘယ်စကားပြောနေပါတော့မတုန်း။ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးအဖြစ် အလုပ်များနေလောက်ရောပေါ့။ နေဦးဗျ။ထူးဆန်းတဲ့ကိုးကွယ်ယုံကြည်မှုတွေနဲ့ ပတ်သက်လို့ ကျွန်တော်သိသလောက်တော့ ပြောပြချင်သေးတယ်။ ကျွန်တော်ငယ်စဉ်ကတည်းက ချစ်တီးဘုရားမီးနင်းပွဲပေါင်းများစွာကို မလွတ်တမ်းကြည့်ခဲ့ဖူးတာမို့ ဒီလိုအံ့မခန်းစွမ်းရည်တွေ ဖြစ်ပေါ်လာအောင် ဘယ်လိုစီမံဖန်တီးကြတယ်ဆိုတာ အသေးစိတ်လိုက်စုံစမ်းခဲ့ဖူးတယ်။ စပ်စုဖူးတယ်။ အမယ်၊ နာမည်ကျော်ရုပ်ရှင်မင်းသားကြီး ဦးကျော်ဟိန်းရဲ့ ညီအရင်း၊ နှုတ်ခမ်းမွှေးကားကားနဲ့ ကိုဇော်ထူးတောင် ကမာရွတ်ဘုတာရုံလမ်းထိပ်က ချစ်တီးဘုရားမီးနင်းပွဲမှာ နှစ်တိုင်းလိုလိုဝင်နင်းတာကိုယ်တိုင်မြင်ဖူးတယ်ဗျ။ မီးနင်းမယ့်ကွင်းကြီးထဲမှာ နှစ်ရက်လောက်ကြိုပြီး မီးနင်းမြောင်းတစ်ခုတူးကြတယ်။ လက်မောင်းလုံးလောက် အရွက်သစ်မာထင်းတုံးတွေကို တစ်ညနေလောက်ကြိုပြီး မီးရှို့ထားကြတာ။ မီးနင်းမြောင်းနဲ့ အပြည့် မီးခဲတွေတရဲရဲနဲ့ ပေါ့ဗျာ။ မီးနင်းတဲ့သူဟာ မီးနင်းမြောင်းကို ကျော်ဖြတ်ပြီးရင် အုန်းရည်တွေ ဖြည့်ထားတဲ့ ကန်ခပ်သေးသေးမှာ ခဏရပ်ပြီး ခြေထောက်ကို အုန်းရည်စိမ်ရတယ်။ နေဦးဗျ။ မီးနင်းပွဲမဝင်ခင် မီးနင်းမယ့်သူတွေဟာ မလှမ်းမကမ်းက ချစ်တီးဘုရားရေကန်မှာ ရေဆင်းချိုးပြီး နတ်သွင်းကြရသေးတာလည်း ကျွန်တော်မှတ်မိနေတယ်။ မီးနင်းမြောင်းထဲကို စပြီးဆင်းမယ့်မြောင်းထိပ်မှာ ချစ်တီးဘုရားကျောင်းက နတ်ဆရာတစ်ယောက်ရှိနေသလို အုန်းရည်ကန်မှာ အသင့်စောင့်နေတဲ့ နတ်ဆရာတစ်ယောက်လည်း တွေ့နေရသဗျ။ မီးနင်းတဲ့အခါ ချစ်တီးဗုံသံတွေကို ဆူညံနေအောင် တီးမှုတ်နေကြလေရဲ့။ အဲဒီဗုံသံတွေကို ချစ်တီးနတ်တွေက လွှတ်ကြိုက်ထင်ပါရဲ့ဗျာ။

လူအတော်များများကတော့ မီးပုံကြီးပေါ် ခြေဗလာနဲ့ မီးနင်းတဲ့အခါ ကိုးဆယ့်ခြောက်ပါး ရောဂါပျောက်ကင်းတယ်။ အခက်အခဲမျိုးစုံက လွန်မြောက်တယ်လို့ ယုံကြည်ကြတယ်။ ဒီလောက်ပဲဗျ။ အတွင်းကျကျသိချင်တဲ့ ကျွန်တော်ကတော့ ကျွန်တော့်ဘော်ဒါအရင်းကြီး လူမိုက်ဘားလားကို အစ်အောက်ပြီး မေးမြန်းကြည့်ခဲ့ဖူးတယ်။ ဟုတ်တယ်လေ၊ ဘားလားက ဟိန္ဒူကုလားလူမိုက်ဆိုတော့ ချစ်တီးဘုရားဂေါပကရွေးပွဲမှာ ဩဇာရှိတယ်။ ချစ်တီးဘုရားကျောင်းက ပုဏ္ဏားတွေနဲ့လည်း အချိတ်အဆက်ရှိတယ် မဟုတ်လား။ သူပြောပြသမျှကတော့ မီးနင်းပွဲမကျင်းပခင် ရက်တွေမှာ ချစ်တီးဘုရားကျောင်းက နတ်ဆရာလို ပုဂ္ဂိုလ်ဟာ ချစ်တီးသင်္ချိုင်းကို သွားပြီး ရွတ်ရ၊ ဖတ်ရ တိုင်တည်ရတာတွေရှိသတဲ့ဗျ။ အဲဒီရက်ပိုင်းတွေမှာ မီးနင်းမယ့်သူတွေဟာ အိပ်ရာထူထူမှာ မအိပ်ရဘူး။ ကြမ်းပြင်ပေါ်မှာ သာအိပ်ရတယ်။ မိန်းမကိစ္စကင်းအောင်နေရသတဲ့ဗျ။ အဲဒီအဓိဋ္ဌာန်ရက်ကလည်း အတိအကျသတ်မှတ်ထားတာတော့ မဟုတ်ပြန်ဘူး။ တချို့တစ်လ၊ တချို့တစ်ပတ်လောက်ပဲတဲ့။ အကြိမ်ပေါင်းများစွာ မီးနင်းဖူးတဲ့ ဘားလားကြီးရဲ့ ကိုယ်တွေ့အရ တစ်ကြိမ်မှာတော့ သူမီးနင်းဖို့ အဓိဋ္ဌာန်ဝင်နေတုန်း တစ်ရက်မှာ သူ့မိန်းမတင်ပါးကို နောက်ရင်း၊ ပြောင်ရင်း ပုတ်မိလို့မီးနင်းပွဲမှာ သူ့ခြေထောက်ကို မီးစွဲလောင်ဖူးသတဲ့။ ချစ်တီးသင်္ချိုင်းမှာ ဘာဂါထာတွေရွတ်တယ်၊ ဖတ်တယ်ဆိုတာ သိရအောင် ကြိုးစားကြည့်ခဲ့ပေမယ့် ထိပ်တန်းလျှို့ဝှက်ဖြစ်နေလို့ ခေါ်ခွင့်မရှိဘူးတဲ့ဗျာ။ တိုတိုနိဂုံးချုပ်ရရင် အဲဒီထူးဆန်းတဲ့ ဖြစ်ရပ်တွေရဲ့ ဇာတ်သိမ်းခန်းဟာ အဓိဋ္ဌာန်အမျိုးမျိုးနဲ့ ဂါထာမန္တရားတွေမှာ ချည်းအဆုံးသတ်နေတယ်ဗျ။ ကျွန်တော့်ထက် လက်တွေ့ကျတဲ့ နိုင်ငံခြားသား ကမ္ဘာ့လှည့်ခရီးသည် တချို့ကတော့ မီးနင်းတဲ့ ပုဂ္ဂိုလ်တွေရဲ့ ခြေဖဝါးမှာ အပူချိန်တိုင်းကိရိယာတွေ တပ်ဆင်ပြီး စုံစမ်းထောက်လှမ်းကြတာလည်း ရှိသေးရဲ့။ ဘယ်လိုအချက်အလက်ကို ရှာဖွေတွေ့ရှိခဲ့ကြသလဲ ကျွန်တော်မပြောနိုင်ပေမယ့် အမေရိကန်လိုနိုင်ငံမှာ မီးနင်းသင်တန်းရှိတယ်လို့တောင် ကြားဖူးနေတယ်ဗျာ။

“နေပါဦးဗျ။ ခင်ဗျားကကော ဒီလိုမီးပုံပေါ် ခြေဗလာနဲ့နင်းတာ။ ဓားတွေနဲ့ ထိုးကြ၊ ဖောက်ကြတာတွေကို ယုံကြည်သလား။ အကြံအဖန်လုပ်တယ်လို့ကော မစဉ်းစားမိဘူးလားဗျာ”

“ဘယ့်နှယ်ပြောပါလိမ့်။ မြင်သမျှယုံရရင် ဒေးဗစ်ကော့ပါးဖီးလ်ကိုကိုးကွယ်ရမယ့်ကိန်းပဲ။ သို့ပေမဲ့ ကျွန်တော်လေ့လာမိသလောက် ဒီကိစ္စရပ်တွေဟာ ထူးခြားဆန်းကျယ်တာတော့ အမှန်ပဲဗျာ။ ကမ္ဘာကြီးပေါ်မှာ မယုံနိုင်စရာအဖြစ်တွေ အများကြီးရှိလေရဲ့။ ပျောက်စေဆရာတစ်ယောက်ဟာ ခွဲစိတ်ကိရိယာ၊ ဘာဓားလက်နက်မှ မပါဘဲ ဗိုက်ထဲကို လက်ထိုးနှိုက်ပြီး ဆေးကုသနိုင်တဲ့ ဖြစ်ရပ်မျိုးကိုလည်း ကျွန်တော်ဖတ်ဖူးတယ်။ ခင်ဗျားဆက်ပြီး စဉ်းစားကြည့်လေ။ ကမာရွတ်ချစ်တီးဘုရားမီးနင်းပွဲတို့၊ ဖူးခက်မှာ ပါးကို ဓားနဲ့ထိုးဖောက်တဲ့ အဖြစ်တွေရဲ့ နောက်ကွယ်မှာ မသမာမှု၊ လှည့်ဖျားမှုတစ်စုံတစ်ရာရှိနေရင် ဖော်ထုတ်နိုင်အောင် ပညာရှင်မျိုးစုံ၊ လေ့လာသူမျိုးစုံက နှစ်တိုင်း လာပြီး စူးစမ်းထောက်လှမ်းနေကြတာမို့ အဖြေမှန်ပေါ်မယ်ဆိုရင် ဒီလောက်နှစ်ပေါင်းရာချီပြီး ဘယ်လိုလုပ်ဒီပွဲတော်တည်တံ့ပါ့မလဲ။ ကျွန်တော်တွေးမိတာတော့ ဒီကိစ္စရပ်တွေဟာ စိတ်စွမ်းအင်ရဲ့ လျှို့ဝှက်ချက်တွေထင်ပါရဲ့။ အထူးသဖြင့် အနောက်တိုင်းသားတွေ ဟာ အရှေ့တိုင်းသားတွေလောက် စိတ်ရဲ့ လျှို့ဝှက်ချက်ကို ရှာဖွေတွေ့ခဲ့ဟန်မတူဘူး။ ဂါထာမန္တရားဆိုလို့ ကျွန်တော်အလယ်တန်းကျောင်းသားဘဝ၊ အလက (၁) လှိုင်မှာ တက်နေတုန်းဆုံခဲ့ရတဲ့ ကျွန်တော့်ဆရာတစ်ယောက် အကြောင်း သတိရမိသေးတယ်ဗျ။

သူ့နာမည်က ဆရာဦးစိုးမြင့်တဲ့။ အခုထက်ထိ သက်ရှိထင်ရှားရှိနေတုန်းပါပဲ။ ဆရာက ဆွေကြီး၊ မျိုးကြီးခေတ်ပညာတတ် အသိုင်းအဝိုင်းကဗျ။ ဝါသနာပါလို့သာ ကျောင်းဆရာဝင်လုပ်နေတာ။ ဆရာဦးစိုးမြင့်ဟာ အားလပ်ချိန်တိုင်းလိုလိုမှာ အနက်ရောင် စိတ်ပုတီးကြီးတစ်ကုံးနဲ့ ပါးစပ်က အမြဲတမ်းလိုလို တဖွဖွရွတ်နေတတ်လို့ ကျွန်တော်မဝံ့မရဲစပ်စုကြည့်တော့ ဆရာက လက်ထိတ်တွေ၊ ချည်နှောင်ထားတဲ့ကြိုးတွေကို ချက်ချင်းဖြေနိုင်လွှတ်နိုင်တဲ့ ဂါထာကို ရွတ်နေဆိုပဲ။ ကျွန်တော်လည်း “ဓာရဏပရိတ်များလား ဆရာ” လို့ မေးမိတော့ “မဟုတ်ဘူးကွ။ အခုရွတ်နေတဲ့ ဂါထာက အထက်လမ်းဆရာတွေသုံးတဲ့ ဂါထာ”ဆိုပဲ။ ဆရာကတောင် “ဟော့ကောင် သက်ခိုင်၊ မင်းလက်တွေ့စမ်းမလား၊ငါဂါထာရွတ်ပြီး လက်တွေ့ပြမယ်”လို့လည်း ဆိုဖူးလေရဲ့။ ကျွန်တော်လည်း ဆရာ့ကို ငယ်ကြောက်ဆိုတော့ သူ့ကိုမယုံရာကျလေမလားဆိုပြီးအသာနောက်ဆုတ်နေလိုက်ရတယ်ဗျာ။ ကြားဖူးနားဝတွေတော့ အများကြီးပါဗျာ။ ကျွန်တော့်ဇာတိမှိုက်ပင်ရွာတောကျောင်းမှာ ကျောင်းထိုင်ဆရာတော်အဖြစ် သီတင်းသုံးခဲ့တဲ့ ဘုန်းကြီးဦးချစ်လှဆိုတာလည်း နတ်မောက်နယ်တစ်ဝိုက်မှာတော့ လောကီအစီအရင်အတော်ကျွမ်းဆိုပဲဗျ။ ရွှံ့နဲ့လုပ်ထားတဲ့ နွားရုပ်တွေကို ဂါထာမန္တရားအစီအရင်နဲ့ သက်ရှိနွားတွေလို ထငေ့့နိုင်အောင်တောင် စွမ်းဆိုပဲ။ အဲသလောက်တောင်စွမ်းတဲ့ ဘုန်းကြီးဦးချစ်လှအခုတော့ ပျံလွန်တော်မူသွားရှာပါပြီ။

မှိုက်ပင်နဲ့ တစ်နယ်တည်း ရုံးတောဆိုတဲ့ရွာက ကျောင်းထိုင်ကိုယ်တော် တစ်ပါးဟာလည်း တစ်ရပ်တစ်ကျေးမှာရှိနေတဲ့ ဆွေမျိုးရင်းချာတွေ နာမကျန်းတဲ့အခါ ဘယ်သို့ဘယ်ပုံရှိနေတယ်ဆိုတာ သိချင်ရင် မျက်စိကို မှိတ်ထားခိုင်းပြီး သုတ်ရင်ထားတဲ့ ဆေးမြစ်ကို မျက်ခွံပေါ်မှာ တင်လိုက်ရုံနဲ့ တကယ်အပြင်မှာ မြင်ရတဲ့မြင်ကွင်းလိုမြင်နိုင်အောင် စွမ်းနိုင်ပြန်သတဲ့။

ဒီလိုဂါထာမန္တရား၊ ပျောက်စေဆရာ၊ တစ္ဆေသူရဲလိုဖြစ်ရပ်ဆန်းတွေ၊ ဒဏ္ဍာရီဆန်ဆန်စကားတွေကိုအမြဲလိုလိုကြားနေရတော့ အရှေ့တိုင်းနိုင်ငံတွေက လူအများစုအသည်းအသန် စိတ်ဝင်စားကြတာ ဆန်းတော့မဆန်း လှပေဘူး။ ထိုင်းလူမျိုးတွေကတော့ အဲဒီလို ကိစ္စမျိုးတွေမှာ တော်တော့်ကို အစွဲအလမ်းကြီး ကြလေရဲ့”

“ခင်ဗျားက ဘာတွေကြုံဖူးလို့ပြောနိုင်တာတုံး၊ ရှေ့ဆက်ပါဦးဗျ”

“ကျွန်တော် ကြုံဖူးကြားဖူးထားတာတွေကို အကုန်လျှောက်ပြောရရင် ခင်ဗျားနဲ့ ကျွန်တော်လေတဖြူးဖြူးနဲ့ ဒီစဖန်ဟင်း ကမ်းခြေမှာပဲ စောင်ကလေးခြုံပြီး ကွေးကြရလိမ့်မယ်ထင်ပါရဲ့။ ကဲ၊ မြို့ထဲလှည့်မယ့် တရုတ်နတ်ဝင်သည်အဖွဲ့နဲ့ မြို့ထဲလိုက်လျှောက်ကြည့်ကြဦးစို့။ တရုတ်ဗုံတွေ၊ လင်းကွင်းသံတွေနဲ့လိုက်လျောညီထွေဖြစ်သွားအောင်“ရန်ကနာဘာဘူ၊ ကကူရန်ခြောက် ဖေးလေးဆပ်၊ ဖေးလေးဆပ်”လို့သာ နောက်ကနေလိုက်အော်ကြစို့ဗျာ”

**(ဆက်လက်ဖော်ပြပါမည်)**

> ဒီလိုဂါထာမန္တရား၊ ပျောက်စေဆရာ၊ တစ္ဆေသူရဲလို ဖြစ်ရပ်ဆန်းတွေ၊ ဒဏ္ဍာရီဆန်ဆန်စကားတွေကို အမြဲလိုလို ကြားနေရတော့ အရှေ့တိုင်းနိုင်ငံတွေက၊ လူအများစု အသည်းအသန်၊ စိတ်ဝင်စားကြတာ ဆန်းတော့မဆန်းလှပေဘူး။ ထိုင်းလူမျိုးတွေကတော့ အဲဒီလို ကိစ္စမျိုးတွေမှာ တော်တော့်ကို အစွဲအလမ်း ကြီးကြလေရဲ့

ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဇွဲညဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ ချစ်ပိုင်း၊ ဇွဲမာန်၊ ဇော်မျိုးလှိုင်၊ နိုင်လင်းအောင်၊ ငူလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ဂျီ-၁၂၊ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဂီ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ဘယ်လိုမြန်မာတွေပါလိမ့်

**မြင့်မိုရ်ရဲဆွေ**




မြန်မာဘာသာကို လေ့လာရင် စကားလုံးတိုင်းမှာ သီးခြား အဓိပ္ပာယ်ရှိတဲ့အတွက် Mono Syllable လို့ပြောဆိုကြပါတယ်။ "မြန်မာ" လို့ဆိုတဲ့နေရာမှာ 'မြန်' က အဓိပ္ပာယ်တစ်မျိုး၊ 'မာ'က အဓိပ္ပာယ်တစ်မျိုးရှိပြီး အဲဒီစကား နှစ်လုံးပေါင်းစည်းထားတဲ့ အဓိပ္ပာယ် (သို့မဟုတ်) ဂုဏ်ရည်နဲ့ ပြည့်ဝသူများလို့ ဆိုရမှာ ဖြစ်ပါတယ်။

'မြန်' ဆိုတဲ့ မြန်မာစကားရဲ့ အဓိပ္ပာယ်က သွက်လက် မြန်ဆန်ခြင်း၊ လျင်မြန်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ 'မာ'ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်က သန်မာခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် မြန်မာဆိုတာ 'သွက်လက်မြန်ဆန်ပြီး သန်မာသူများ' လို့ အဓိပ္ပာယ်ရပါတယ်။ နိုင်ငံခြားသားများကမေးရင် စာရေးသူတို့က မြန်မာဆိုတာ Fast and Strong လို့ ဝင့်ကြွားပြီးပြောလေ့ရှိပါတယ်။ မိမိကိုယ်တိုင်လည်း အထက်ပါ အဓိပ္ပာယ်နဲ့ လျော်ညီတဲ့ ဂုဏ်ရည်များပြည့်ဝသူ မြန်မာပြည်သားဖြစ်ရတာကို ဂုဏ်ယူမဆုံးရှိခဲ့ပါတယ်။

ဒီနေရာမှာ အဓိပ္ပာယ်နဲ့ လျော်ညီတဲ့ ဂုဏ်ရည်များဆိုတာကို ထပ်မံရှင်းပြချင်ပါတယ်။ သွက်လက်မြန်ဆန်ပြီး သန်မာမှုရှိတယ်ဆိုတဲ့ နေရာမှာ မြန်မာပြည်သားအများစုဟာ ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ကြတဲ့အတိုင်းအသိဉာဏ်ရဲ့ ထိန်းကျောင်းမှုနဲ့ ကံသုံးပါးအမှုတွေကို ထက်ထက်မြက်မြက် သွက်သွက်လက်လက် ဆောင်ရွက်တတ်တဲ့ မြန်မာ့ဂုဏ်ရည်ကို ဖော်ညွှန်းလိုခြင်း ဖြစ်ပါတယ်။ စာရေးသူတို့ ငယ်စဉ်ကပင် မိဘများနဲ့အတူ ဓာရဏပရိတ်တော်ကို ရွတ်ဖတ်ပွားများခဲ့ကြပါတယ်။ စာဖတ်သူဟာ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ "တစ်ပြည်သူမရွှေထား" ဝတ္ထုကို ရုပ်ရှင်အဖြစ် ဖန်တီးထားတာ ကြည့်ခဲ့ဖူးမှာပါ။ အဲဒီရုပ်ရှင်ထဲက 'ထား' (မေသန်းနု)တို့ အိမ်ခြံအတွင်း ပါတီပေးနေကြတဲ့ ဇာတ်ဝင်ခန်းမှာ ထားရဲ့အဘွားကိုညအိပ်ရာဝင်ခါနီး 'မောင်မောင်'(ကျော်သူ) က ရွတ်ဖတ်ပြခဲ့တာ ဓာရဏပရိတ်တော်ပဲ ဖြစ်ပါတယ်။ အဲဒီပရိတ်တော်မှာ 'ဗုဒ္ဓဿဘဂဝတော၊ သဗ္ဗံကာ ယကမ္မံ(သဗ္ဗံဝစိကမ္မံ၊ သဗ္ဗံမနောကမ္မံ) ဉာဏပုဗ္ဗံမံ ဉာဏာနုပရိဝတ္တံ'ဆိုတဲ့အပိုဒ်ပါရှိပါတယ်။ အဓိပ္ပာယ်က ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား အလုံးစုံသော ကိုယ်ဖြင့်ပြုအပ်သော အမှုသည် ဉာဏ်တော်ပြဋ္ဌာန်းခြင်း ရှိသည်။ ဉာဏ်တော်၏ နောက်သို့ အစဉ်လိုက်သည်လို့ အဓိပ္ပာယ်ရပါတယ်။ အဲဒီလိုပါပဲ အလုံးစုံသော နှုတ်ဖြင့်ပြုလုပ်သောအမှု၊ စိတ်နှလုံးဖြင့် ပြီးသောအမှုများသည်လည်း ဉာဏ်တော်ပြဋ္ဌာန်းခြင်း၊ ဉာဏ်တော်၏နောက်သို့ အစဉ်လိုက်ခြင်း ရှိသည်လို့ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် ဗုဒ္ဓရဲ့ အဆုံးအမဖြင့်တည်သော ဗုဒ္ဓဘာသာဝင်မြန်မာတို့ဟာလည်း မိမိတို့နေစဉ်ကံသုံးပါးနဲ့ ပြုသမျှကိစ္စတွေကို သတိတရား လက်ကိုင်ထားပြီး ဉာဏ်နဲ့မကွာလျင်မြန်သွက်လက်စွာပြီးမြောက်အောင် ဆောင်ရွက်လေ့ရှိတဲ့ သန်မာသူမြန်မာများသာ ဖြစ်ကြပါတယ်။ အသိဉာဏ်ရဲ့ ထိန်းကျောင်းပံ့ကိုင်မှုမပါရင် အရာခပ်သိမ်းကို စိတ်မြန် လက်မြန် ဒေါသနဲ့ ပြုမူလေ့ရှိပြီး အလွန်အတ္တမာနကြီးတဲ့ မြန်မာတွေပဲ ဖြစ်လာမှာပါ။

ယနေ့မြန်မာ့လူ့အဖွဲ့အစည်းကို လေ့လာကြည့်ရင် ဒုတိယအမျိုးအစား မြန်မာတွေတိုးတက်များပြားလာတာ တွေ့နေရပါတယ်။ အလွန်ရက်စက်ပြီး ယခင်က လုံးဝမကြားဖူးတဲ့ ကျူးလွန်မှုတွေ၊ အလွန်ယုတ်မာလှတဲ့ ကျူးလွန်မှုတွေကို ကျူးလွန်နေကြတာ နေ့စဉ်နဲ့အမျှ ကြောက်ခမန်းလိလိ ကြားသိနေရပါတယ်။ ဒါတွေကို ကျူးလွန်ကြတာ ငါတို့ မြန်မာတွေမှ ဟုတ်ပါရဲ့လားလို့ သံသယစိတ်ကြီးမားစွာနဲ့ ယုံရခက်ခက် ဖြစ်ခဲ့ရပါတယ်။ မှတ်မှတ်ရရ ၂၀၁၃ ခုနှစ်က ဖြစ်ပါတယ်။ ထန်းတပင် နယ်အတွင်း မော်တော်ယာဉ်ငှားခတောင်းတာကို မပေးတဲ့အတွက် မိခင်အရင်းကို ဓားနဲ့ ထိုးသတ်ပြီး နယ်စပ်ကိုထွက်ပြေးခဲ့တဲ့ သားလူမိုက်ရဲ့အမှုဟာ စာရေးသူတို့ မြန်မာ့လူ့အဖွဲ့အစည်းကိုကြီးစွာတုန်လှုပ်စေခဲ့တာ အမှန်ပါပဲ။ အရက်သေစာ သောက်စားပြီး ဒေါသအရင်းခံနဲ့ စိတ်မြန်လက်မြန်မိခင်အရင်းကို အသေသတ်တဲ့သားက မြတ်စွာဘုရားရှင်လက်ထက်က ဖခင်ကို သတ်တဲ့အဇာတသတ်မင်းသားထက်သာလွန် မိုက်မဲလှပါတယ်။ ထပ်မံပြီး လက်လှမ်းမီသမျှ ခြေမြန် လက်မြန် ခွန်အားသန်မာတဲ မြန်မာတို့ရဲ့ ဉာဏ်နဲ့ မယှဉ်တဲ့ မိုက်မဲမှုများကို တင်ပြလိုပါတယ်။ နေ့ရက်တော့ မမှတ်မိပါဘူး။

အမှတ်(၂) လမ်းမကြီးတောင်ဒဂုံဘက်လမ်းကြောင်းပေါ်မှာ နောက်အိမ်ထောင်ပြုတာကို မကျေနပ်တဲ့သမီးက ဖခင်ကို ပြစ်တင်ပြောတော့ စိတ်မြန်လက်မြန် သန်သန်မာမာနဲ့ ဒေါပွတဲ့ 'မြန်မာဖခင်'က သမီးကိုဓားနဲ့အသေထိုးသတ်လိုက်ပါသတဲ့။

အင်ပူ၊ လိပ်ကန်ကြီး ရွာဟောင်းမှာ မရီးဖြစ်သူကိုကောက်ရိပ်ခ ညာတောင်းခိုင်းရကောင်းလားဆိုပြီး မတ်ဖြစ်သူက တုတ်နဲ့ကျောကုန်းရော၊ ခြေထောက်တွေကိုပါ ရိုက်ပြီး နှင်ချလိုက်ပါတယ်။ မရီးကကြောက်လန့်ပြီး နေအိမ်အနီးချုံပုတ်ထဲမှာ ပုန်းနေတာကို အတင်းအဓမ္မဆွဲထုတ်ပြီး မတ်တတ်ရပ်ခိုင်းပါတယ်။ မရပ်နိုင်ဘဲလဲကျရှာတာကို မရပ်နိုင်ရကောင်းလားဆိုပြီး ကောက်ရိုးနဲ့ ထန်းလက်တွေပုံလို့ အရှင်လတ်လတ်မီးရှို့သတ်လိုက်ပါသတဲ့။

သုံးခွ၊ ကဒ္ဒပွနကျေးရွာအုပ်စုမှာ လင်ဖြစ်သူကို ပဲမခူးဘဲနေတဲ့အတွက် ဇနီးဖြစ်သူက အလုပ်လုပ်ဖို့ပြောရာမှ စကားများပြီး လယ်ကွင်းထဲမှာ မြန်မာခင်ပွန်းက ဓားနဲ့ ၁၄ ချက်တိတိ အသေထိုးသတ်လိုက်ပါသတဲ့။

စာမျက်နှာ(၃၂) သို့

# Business

7DAY NEWS JOURNAL

Vol.13, No.2 • MARCH 12 , 2014




*ငွေဆောင်ကမ်းခြေကို တွေ့ရစဉ်* ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# အကြံ့နက်ာလကမ်းခြေသွားသူများလာ၍ ကြိုဌားအခန်းများ ဟိုတယ်တိုင်းလိုလို ပြည့်နေဟုဆို

**ခန့်ထက်**

**ရန်ကုန်၊ မတ်-၈**

သင်္ကြန်ကာလတွင်ကမ်းခြေအပန်းဖြေသွားသဖြင့် ဟိုတယ်ခန်းကြိုတင်မှာကြားမှုမြင့်တက်လာကာ သင်္ကြန်မတိုင်မီတစ်လခန့်အလိုတွင် အခန်းများပြည့်လုနီးဌားရမ်းထားပြီးဖြစ်ကြောင်း ကမ်းခြေအသီးသီး၏ ဟိုတယ်အသိုင်းအဝိုင်းမှ သတင်းရရှိသည်။

ယခုနှစ်သင်္ကြန်ကာလတွင် ချောင်းသာ၊ ငွေဆောင်နှင့် ငပလီကမ်းခြေများသို့ သွားရောက်အပန်းဖြေသူများအတွက် ကြိုတင်ဌားရမည့် အခန်းများပြည့်လုနီးပါးဌားရမ်းထားရပြီး ဖြစ်သည်။

"ဈေးကွက်ကို အရင်ကတည်းက ကြေညာပြီးလုပ်တဲ့ ဟိုတယ်တွေကတော့ အခုအခန်းတွေ ကြိုတင်ဌားပြီး သွားလောက်ပြီ။ အသစ်ဆောက်ထားတဲ့ ဟိုတယ်က အခန်းတွေပဲ ကျန်လောက်တော့တယ်"ဟုငပလီဟိုတယ်ဇုန်မှ တာဝန်ရှိသူ ဦးကျော်စွာမောင်မောင်ကပြောသည်။

နိုင်ငံခြားသားအများစုသွားရောက်သော ငပလီတွင် ယခုနှစ်သင်္ကြန်တွင်းကာလ၌ ရခိုင်ရိုးရာ သင်္ကြန်ပွဲပြုလုပ်မည်ဖြစ်၍ ပြည်တွင်းမှ အပန်းဖြေလာရောက်သူများလည်း ပိုမိုမြင့်တက်လာနိုင်ကြောင်း ၎င်းကခန့်မှန်းသည်။

ငွေဆောင်ကမ်းခြေရှိ ဟိုတယ်အခန်းများမှာလည်း ကြိုတင်မှာယူထား၍ အပြည့်ဌားထားရပြီး ယခုနှစ်သင်္ကြန်သည် မနှစ်ကထက် လာရောက်သူပိုမိုများနိုင်သည်ဟု ငွေဆောင်ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သိုက်ကပြောသည်။

"သင်္ကြန်နားနီး ဧပြီလဆန်းလောက်မှ လာဌားတဲ့သူတွေအတွက်တော့ အခန်းမရတော့မှ ကျိန်းသေတယ်"ဟု ၎င်းကပြောသည်။ ယခုနှစ်တွင် ငွေဆောင်ကမ်းခြေသို့လာရောက်လည်ပတ်သူများတွင် ပြည်တွင်းဧည့်သည်များသာမက နိုင်ငံခြားသား ဧည့်သည်များပါ လာရောက်မှု တိုးတက်လာကြောင်း သတင်းရရှိသည်။

"အရင်က ပြည်တွင်းက တစ်ရာလောက်လာရင် နိုင်ငံခြားသားက ငါးဆယ်လောက်လာတယ်။ အခုက ပြည်တွင်းတစ်ရာဆိုရင် နိုင်ငံခြားသားလည်းတစ်ရာပဲ"ဟု ဦးအောင်သိုက်ကဆိုသည်။

ချောင်းသာ ကမ်းခြေတွင် ကြိုတင်ဌားရမ်း၍ရသောဟိုတယ်များပြည့်နေပြီး ယခုနှစ်သင်္ကြန်တွင်လည်း ချောင်းသာ၌ ဟိုတယ်များအပြင် တည်းခိုခန်းများပြည့်နိုင်သောကြောင့် မနှစ်ကနည်းတူရွာထဲတွင် တည်းခိုသူများနှင့် စည်းကားနိုင်ကြောင်း ချောင်းသာဟိုတယ်ဇုန် ဘဏ္ဍာရေးမှူး ဦးကျော်ဟိုးကဆိုသည်။

၂၀၁၄ ဖေဖော်ဝါရီလကုန်အထိငပလီတွင်ဟိုတယ်နှင့်တည်းခိုရိပ်သာ ၂၂ လုံးနှင့် အခန်းပေါင်း ၈၀၀ ကျော်၊ ချောင်းသာတွင် ဟိုတယ်နှင့် တည်းခိုရိပ်သာ ၂၁ လုံး၊အခန်းပေါင်း ၈၀၀ နီးပါးနှင့် ငွေဆောင်တွင် ဟိုတယ်နှင့် တည်းခိုခန်း ၂၃ လုံးနှင့် အခန်းပေါင်း ၁၂၀၀ ကျော်ရှိသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၇၂ | ၉၈၁ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၉ | ၇၇၉ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၄၈ | ၁၃၆၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၉ | ၃၀. ၁ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၈ | ၁၆၀ | ကျပ် |

၂၀၁၄ မတ်လ ၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၅၉၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၂၀၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၃.၃၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၁၂၅၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၁.၀၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၆၈၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၆၄.၂၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၂၅၆၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၃၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၄၃၁.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၀.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၄.၃၇ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၆၀၅ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၁၀၂ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၈၀၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၁၀၈၅ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃.၆၇၂ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃၆.၇၇၂၅ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၃၇.၇၀ |
| ရေနံစိမ်း | စည် | ၁၀၈.၈၁ |
| ငွေ | အောင်စ | ၂၀.၈၇ |
| ကြေးနီ | ပေါင် | ၃.၁၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၆၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ မတ်လ ၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

# မန္တလေးတိုင်းအတွင်း ဓာတ်ဆီဆိုင်ဖွင့်လိုသူများ စည်းကမ်းချက်နှင့်ညီပါက ခွင်းချက်မရှိ ခွင့်ပြုနေဟုဆို

**အေးမွန်ရာပြည့်**

**မန္တလေး၊ မတ်-၉**

မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်ဆီဆိုင်ဖွင့်လိုသည့် လုပ်ငန်းရှင်များအား သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိပါက ထောက်ခံချက်များ ချွင်းချက်မရှိ ချပေးနေကြောင်း သတင်းရရှိသည်။

မြေယာကိစ္စ အရှုပ်အထွေးများ၊ စည်ပင်နယ်နိမိတ်များဖြစ်သည့် လမ်းဧရိယာများအတွင်း ကျရောက်နေခြင်း၊ မီးဘေးအန္တရာယ်ကျရောက်နိုင်ခြင်း စသည့် သတ်မှတ် အခြေအနေများနှင့် ကိုက်ညီမှုရှိပါက ဓာတ်ဆီဆိုင်ဖွင့်ခွင့် ထောက်ခံချက်များအားချပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဦးကျော်မြင့်က ပြောသည်။

"သတ်မှတ်ချက်တွေနဲ့ကိုက်ညီမှုရှိတယ်။ ဓာတ်ဆီဆိုင်ဖွင့်တာနဲ့ပတ်သက်ပြီးလည်း ကန့်ကွက်မယ့်သူမရှိဘူးဆိုရင် သတ္တုတွင်းဝန်ကြီးဌာနကိုထောက်ခံပေးလိုက်တာပဲ။ ဒီက ထောက်ခံချက်ရရင် သတ္တုတွင်းကလည်း ဆီလှောင်ကန်တွေ လုံခြုံမှုရှိ၊ မရှိကိုဆက်စစ်ဆေးပြီးဖွင့်ခွင့်ပေးတာ"ဟု ဝန်ကြီးဦးကျော်မြင့်က ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရောက်ရှိလာသည့် ဓာတ်ဆီဆိုင်ဖွင့်ခွင့် ထောက်ခံချက်များကို သတ်မှတ်ချက်နှင့်ညီလျှင် အလွယ်တကူ ထောက်ခံပေးနေသော်လည်း အချို့ဆီဆိုင်ဖွင့်ခွင့်လျှောက်လွှာများမှာ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်စသည့် အောက်ခြေမှ အုပ်ချုပ်မှုအဆင့်ဆင့်တွင် ကြန့်ကြာမှုများရှိနေသေးကြောင်း ၎င်းက ဆိုသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်၊ မြို့နယ်၊ ခရိုင် အုပ်ချုပ်ရေးစသည့် အဆင့်များမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ တစ်ကြိမ်ရောက်ရှိလာလျှင် ဖွင့်ခွင့်လျှောက်လွှာပေါင်း နှစ်ဆယ်ခန့်အထိ ပါဝင်လာတတ်ကြောင်း၊ ယင်းလျှောက်လွှာများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများ၏ ဆုံးဖြတ်ချက်ဖြင့် ဖွင့်ခွင့်များ ချထားပေး



*ဆီဆိုင်တစ်ခုကို တွေ့ရစဉ်*

နေခြင်းဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သတင်းရရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းတွင် တရားဝင်ဖွင့်ခွင့် ရရှိထားသည့် ဓာတ်ဆီဆိုင်ပေါင်း ၂၈၄ ဆိုင်ထိ ရှိနေပြီး လက်ရှိအချိန်ထိ ဓာတ်ဆီဆိုင်ဖွင့်ရန် လျှောက်လွှာတင်မှု များစွာရှိနေဆဲဖြစ်သည်ဟု လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်က ပြောသည်။




## တရုတ်နှင့် စင်ကာပူနိုင်ငံမှ ကုမ္ပဏီရှစ်ခု ရင်းနှီးမြှုပ်နှံမှုကော်မရှင် ထပ်မံခွင့်ပြု

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မတ်-၉**

ဒေသတွင်းနိုင်ငံများ ဖြစ်သော စင်ကာပူနှင့်တရုတ်နိုင်ငံမှ ကုမ္ပဏီရှစ်ခုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထပ်မံခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါကုမ္ပဏီရှစ်ခုတွင် စင်ကာပူမှ လုပ်ငန်းခြောက်ခုဖြစ်ပြီး တရုတ်နိုင်ငံမှ ကုမ္ပဏီနှစ်ခုဖြစ်သည်။

တရုတ်နိုင်ငံမှ ကုမ္ပဏီနှစ်ခုမှာ လျှပ်စစ်အချက်ပေးကိရိယာ၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် လယ်ယာသုံးစက်ကိရိယာများထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို လာရောက်လုပ်ကိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီနှစ်ခုလုံးသည် ပြည်တွင်းလုပ်ငန်းရှင်များနှင့်ဖက်စပ်လုပ်ကိုင်သွားမည်ဖြစ်သည်။

လျှပ်စစ်အချက်ပေး ကိရိယာနှင့် လျှပ်စစ်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းကို တရုတ်နှင့်မြန်မာလုပ်ငန်းရှင်များ ဖက်စပ် လုပ်ကိုင်ရာတွင် Jiulin Technology ကုမ္ပဏီအမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေချလုပ်ကိုင်သွားမည် ဖြစ်သည်။

လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံမှ ကုမ္ပဏီနှစ်ခုနှင့် တရုတ်ကုမ္ပဏီတို့ ဖက်စပ်လုပ်ကိုင်မည်ဖြစ်ပြီး ၎င်းမှာလယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပိုင်မြေများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား တင်ဒါခေါ်ယူခဲ့ရာတွင် တင်ဒါအောင်မြင်ခဲ့သည့်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်ကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တစ်ဆင့်တင်ပြလာမှုအပေါ် စိစစ်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စင်ကာပူအခြေစိုက်ကုမ္ပဏီခြောက်ခုမှာ ဆက်သွယ်ရေးကွန်ရက် အထောက်အကူပြုလုပ်ငန်းလုပ်ကိုင်မည့် ကုမ္ပဏီသုံးခုအပါအဝင် သကြားနှင့် ဓာတ်မြေဩဇာထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ အချိုရည်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်သကြားထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းများ လုပ်ကိုင်မည့်ကုမ္ပဏီများဖြစ်သည်။

အဆိုပါစင်ကာပူကုမ္ပဏီများတွင် ဆက်သွယ်ရေးကွန်ရက်အထောက်အကူပြုလုပ်ငန်းလုပ်ကိုင်မည့်ကုမ္ပဏီသုံးခုသည် ရာခိုင်နှုန်းပြည့်ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် လုပ်ကိုင်ခွင့်ရရှိခဲ့ပြီးကျန်လုပ်ငန်းများမှာ ပြည်တွင်းလုပ်ငန်းရှင်များနှင့် ဖက်စပ်လုပ်ကိုင်မည်ဖြစ်သည်။



JULIAN STRATENSCHULTE/ EPA

# သမ္မတပူတင်၏ အလောင်းအစား

ကြည်နေဝင်းမင်း

ရုရှားသမ္မတ ဗလာဒီမာပူတင်က လတ်တလောယူကရိန်းတိုက်ပွဲကို သူအနိုင်ရလိုက်ပြီဟု ထင်ကောင်းထင်ပါလိမ့်မည်။ သို့သော် စစ်ပွဲတစ်ခုလုံးကတော့ ရှုံးနိမ့်ဖွယ်ရှိနေပါသည်။

ရုရှားမျိုးနွယ်များကို ဒုက္ခပေးရင်း ကိဗ်မြို့တွင် ယူကရိန်းတို့က ခေတ်သစ်နာဇီပုံစံ တရားမဝင်အာဏာသိမ်းမှု စတင်ခဲ့သည်ဟု ရုရှားမီဒီယာများတွင်သိမ်းကျုံးဝါဒဖြန့်ခဲ့သော်လည်းခရိုင်းမီးယားတွင် စစ်ရေးအရ ကြားဝင်မှုကို ရုရှားနိုင်ငံသားလေးပုံတစ်ပုံအောက်ကသာ ထောက်ခံကြောင်း ကရင်လင်၏ ကိုယ်ပိုင်လူထုစစ်တမ်းများတွင် တွေ့ရှိခဲ့ကြပါသည်။

ဥရောပတစ်ဝန်းတွင်မူ အစိုးရအရာရှိများနှင့် စွမ်းအင်လုပ်ငန်းအမှုဆောင်အရာရှိများက ရုရှားရေနံနှင့် သဘာဝဓာတ်ငွေ့အပေါ် အားကိုးမှီခိုနေရခြင်းကို လျှော့ချနိုင်ရန် အခြားရေနံပိုက်လိုင်းလမ်းကြောင်းများနှင့် သဘာဝဓာတ်ငွေ့အရည်ရနိုင်မည့် နည်းလမ်းများရှာဖွေရေးကို အပူတပြင်းလုပ်ဆောင်နေကြသည်။ ရုရှားတို့၏ လွှမ်းမိုးမှုထီးရိပ်အောက် ကြာရှည်စွာ အခိုင်အမာရှိနေခဲ့သည်ဟု ထင်မှတ်ခံရသော ကာဇက်စတန်ကဲ့သို့ ဗဟိုအာရှနိုင်ငံများက ပူတင်၏ လှုပ်ရှားမှုအပေါ် တရားဝင်ပူပန်မှုပြသခဲ့ကြသည်။ ရုရှားအမျိုးသားများကို ကာကွယ်ရေးနာမည်ခံ၍ ယင်းကဲ့သို့ ကြားဝင်ကိုယ်တွယ်မှုမျိုးမှာအနာဂတ်တွင်ငင်းတို့အပေါ် ကျရောက်နိုင်သည်ကိုလည်း သိရှိနေကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ နီးပါးက ရောမဘုရင်ပြည့်ရှင်မင်း ကာလလီဂူလာက ယခုလိုပြောခဲ့သည်။ "သူတို့တစ်တွေ ငါ့ကိုကြောက်ရွံ့နေသရွေ့ ငါ့ကိုမုန်းနေပလေ့စေ"ဟူ၍ပင်။ ယင်းမှာ ပူတင်၏မူဝါဒပင်ဖြစ်နေပုံရသည်။ ဆိုချီမြို့တွင် ငွေကြေးပုံအောသုံးစွဲ၍ ရရှိလာခဲ့သော ပါဝါအပျော့အကျိုးကျေးဇူးမှန်သမျှကို ပူတင်က လွှင့်ပစ်လိုက်သည်။ ဆိုချီတွင် နွေရာသီ၌ ကျင်းပရန်စီစဉ်ထားသော ဂျီ-၈ ထိပ်သီးဆွေးနွေးပွဲကိုလည်းသူ့အနေဖြင့်ဆုံးရှုံးသွားလောက်ပါသည်။ ရုရှားနိုင်ငံ၏ ဂျီ-၈ အဖွဲ့ဝင်နေရာကိုပင် ဆုံးရှုံးကောင်းဆုံးရှုံးနိုင်ပြီး ယင်းအဖွဲ့ကလည်း ယခုအခါ ၎င်းတို့၏ အစဉ်အလာ ဂျီ-၇ တည်ဆောက်ပုံဆီ ပြန်သွားပုံပေါ်နေသည်။

ပူတင် အသိမ်မွေ့ဆုံးကျူးလွန်သော အမှားမှာ ရုရှားအနေဖြင့် စီးပွားရေးအရသော်လည်းကောင်း လူဦးရေအရသော်လည်းကောင်း ကြီးကျယ်သောခန့်မှန်းချက်တစ်ရပ်ကို ထိန်းသိမ်းနိုင်စွမ်းမရှိချိန်တွင် ရုရှားနိုင်ငံအားအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်မှုဆီ တွန်းတင်ခြင်းဖြစ်နိုင်ပါသည်။ တဖြည်းဖြည်းကျုံ့လာသော လူဦးရေသန်း ၁၄၀ နှင့်အတူ ရုရှားနိုင်ငံ၏ ပြည်တွင်းစုစုပေါင်း ကုန်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)မှာ ၎င်းထက်လူဦးရေ ၄၀ ရာခိုင်နှုန်းနည်းပါးသော အီတလီနိုင်ငံ၏ ဂျီဒီပီခန့်သာရှိသည်။

ရုရှားနိုင်ငံ၏ စီးပွားရေးမှာလည်း ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် အခြားကုန်ကြမ်းပစ္စည်းများ နိုင်ငံခြားတင်ပို့ရောင်းချမှုအပေါ် အသည်းအသန်မှီခိုနေရသည်။ အမေရိကန်နိုင်ငံ၏ စွမ်းအင်အချက်အလက်အဖွဲ့၏ အဆိုအရ ရုရှားနိုင်ငံ၏အမျိုးသားဘတ်ဂျက် ၅၂ ရာခိုင်နှုန်းနှင့်ညီမျှသော နိုင်ငံခြားတင်ပို့ရောင်းချမှု နှစ်စဉ်ဝင်ငွေ

> **"သူတို့တစ်တွေ ငါ့ကို ကြောက်ရွံ့နေသရွေ့ ငါ့ကို မုန်းနေပလေ့စေ" ဟူ၍ပင်။ ယင်းမှာ ပူတင်၏ မူဝါဒပင် ဖြစ်နေပုံရသည်။**

ကန်ဒေါ်လာ ၅၁၅ ဘီလီယံမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့ရောင်းချခြင်းမှ ရရှိခြင်းဖြစ်သည်။

ရေနံဈေးနှုန်းမြင့်မား၍ ရရှိလာသောဝင်ငွေအမြောက်အမြားကို ပူတင်က တတိတိသုံးဖြုန်းပစ်သည်။ ရုရှားအနေဖြင့် ငွေကြေးချေးငှားရခြင်းမှ ရှောင်ရှားနိုင်ရန် ရေနံစိမ်းတစ်စည်လျှင် အနည်းဆုံး ၁၇ ကန်ဒေါ်လာရရှိရန်လိုအပ်သည်ဟု ရုရှားဘဏ္ဍာရေးဝန်ကြီးဌာနက တွက်ချက်ထောက်ပြခဲ့သည်။ ယခုနှစ်တွင် ယင်းသို့ဘတ်ဂျက်လိုငွေ၊ ပိုငွေ တစ်တန်းတည်းဖြစ်ရေး ရေနံဈေးနှုန်းမှာ ကန်ဒေါ်လာ ၁၀၀ ဖြစ်သည်။ ပူတင်က ယင်းမှရရှိသော ငွေကြေးများကို ပင်စင်စားများ၊ ရဲတပ်ဖွဲ့၊ စစ်တပ်၊ အစိုးရအလုပ်အကိုင်ကဏ္ဍများနှင့်ဆောင်းရာသီအိုလံပစ်အတွက် ကန်ဒေါ်လာ ၅၀ ဘီလီယံသုံးစွဲခြင်းကဲ့သို့ ပြိုးပြိုးပြက်ပြက်စီမံကိန်းများတွင်ပုံအောသုံးစွဲသည်။

ရုရှားအမျိုးသားပိုင် ရေနံကုမ္ပဏီ ဂက်စ်ပရွန်မှာလည်း ဥရောပဖောက်သည်များနှင့် ဈေးနှုန်းများ လျှော့ချရန် ပြန်လည်ညှိနှိုင်းမှုများ လုပ်ဆောင်နေရသည်။ ပြီးခဲ့သည့်ဇွန်လကဥရောပဖောက်သည်များအတွက် သဘာဝဓာတ်ငွေ့ဈေးနှုန်းကို ကုဗမီတာတစ်ထောင်လျှင် ကန်ဒေါ်လာ ၄၀၂ မှ ကန်ဒေါ်လာ ၃၈၀ အထိ လျှော့ချပေးခဲ့ရသည်။ ဥရောပနိုင်ငံများဆိုလျှင် ဈေးကွက်လမ်းကြောင်းသစ်များရှာဖွေရင်း ရုရှားနိုင်ငံထက် နော်ဝေးနိုင်ငံပိုင် Staoil ကုမ္ပဏီကပိုမိုဝယ်ယူနေကြသည်။

ရုရှားနိုင်ငံသားများကိုယ်တိုင်ကလည်း ပူတင်က ၎င်းတို့နိုင်ငံကို ရင်းနှီးမြှုပ်နှံစရာကောင်းသောနေရာဖြစ်အောင် လုပ်ဆောင်နေသည်ဟု မယုံကြည်ကြပုံပေါ်သည်။ ပြီးခဲ့သည့် ၂ နှစ်က တစ်နှစ်လျှင် ရုရှားနိုင်ငံမှ စီးဆင်းသွားသော ငွေကြေးပမာဏမှာ ကန်ဒေါ်လာ ၆၀ ဘီလီယံနီးပါးစီရှိပြီး ယခုနှစ် ဇန်နဝါရီက စီးဆင်းမှုမှာ တစ်လတည်းမှာပင် ကန်ဒေါ်လာ ၁၇ ဘီလီယံအထိ ရောက်ရှိခဲ့သည်။ ပြီးခဲ့သည့်နှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ မဖြစ်စလောက် ၁ ဒသမ ၂ ရာခိုင်နှုန်းသာရှိပြီး ယင်းတိုးတက်မှုအများစုမှာလည်း ဆိုချီအိုလံပစ်ပြိုင်ပွဲအတွက် သုံးစွဲရာမှ ရရှိလာခြင်းဖြစ်သည်။

ရုရှားတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်နေခဲ့ပါသည်။ သို့သော် ယခုအခါတွင် ဥပဒေစိုးမိုးမှုနှင့် အခွန်စနစ်အစိုးမရဘဲ ခြစားမှုမြင့်မားသောနိုင်ငံတွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများ မည်မျှလုံခြုံစိတ်ချရသည်ကို နိုင်ငံတကာကော်ပိုရေးရှင်းကြီးများက ချင့်ချိန်လာခဲ့၍ အခက်အခဲများကြုံတွေ့လာရသည်။ ယမန်နှစ်ကပင် ရုရှားနိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လက်ခံရရှိရာတွင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ နောက် တတိယနေရာသို့ ရောက်ရှိသွားခဲ့သည်။

အရေးပါသော မေးခွန်းမှာ စိတ်မချရသော နိုင်ငံတကာလက်တွဲဖက်နှင့် အနိုင်ကျင့်သူဟူသော နာမည်ကြီးမှုထက် ပူတင်အနေဖြင့် မည်သည့်အကျိုးကျေးဇူးရရှိခဲ့ပါသနည်း။ ပူတင်က ခရိုင်းမီးယားကျွန်းဆွယ်ကို ရယူလိုက်သော်လည်း ရုရှားမှာသီးဗက်တိုပိုလ်ဒေသတွင် ရေတပ်အခြေစိုက်ခွင့်ရရှိထားပြီးဖြစ်ရာ ခရိုင်းမီးယားမှာ ရုရှားနိုင်ငံ၏ပင်လယ်နက်အင်အာကို အနည်းအကျဉ်းသာ တိုးတက်လာစေနိုင်ပါသည်။ ဥရောပနှင့် အမေရိကန်နိုင်ငံတို့၏ ဆက်ဆံရေးတွင် သံတမန်ရေးအရ ပေးဆပ်ရမှုများရှိနေလင့်ကစား ယူကရိန်းအပေါ် ရုရှားဩဇာလွှမ်းမိုးမှုကို ဆက်လက်ထိန်းသိမ်းထားရန် ၎င်း၏ စိတ်ပိုင်းဖြတ်ထားမှုကို ပူတင်ပြသခဲ့သည်။

သို့သော်လည်း ယင်းသို့ဖြစ်ရန် ပြုမူပုံမှာ ဆင်ကဲ့သို့အင်အားကြီးမားသော အိမ်နီးချင်းအပေါ် ယူကရိန်းတို့၏ နာကြည်းမှုကို မီးထိုးပေးသဖွယ်ရှိပြီး ကြီးပွားတိုးတက်နေဆဲ၊ လွတ်လပ်သော ဥရောပတွင်ပါဝင်ခြင်းနှင့်အာဏာရှင်ဆန်ပြီး ပါဝါပြချင်သော ရုရှား၏လက်အောက်ခံနိုင်ငံဖြစ်ခြင်း ကြားကွဲပြားမှုကို ယူကရိန်းနိုင်ငံသားများအား သတိပေးနေသလိုရှိသည်။

ပူတင်က အနောက်နိုင်ငံများစိတ်ဓာတ်အင်အားနည်းပါးပြီး မှတ်ဉာဏ်နည်းသည်ဟု အလောင်းအစားလုပ်ခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ ၂၀၀၈ ခုနှစ်က ဂျော်ဂျီယာကို ကျူးကျော်သကဲ့သို့ပင် ရေရှည်တွင်ပေးဆပ်ရမှုနည်းသည်ဟု ထင်နိုင်သည်။ ဥရောပ၏ စိတ်ကောင်းနှလုံးကောင်းနှင့် လေးစားမှုကို ၎င်းလိုအပ်သည်ထက် ရုရှားနိုင်ငံ၏ စွမ်းအင်နှင့်ဈေးကွက်ကို ဥရောပကပိုမိုလိုအပ်သည်ဟုလည်းပူတင်ထင်ကောင်းထင်နိုင်ပါသည်။

အနောက်တိုင်း ဒီမိုကရေစီနိုင်ငံများမှာ တုံ့ပြန်ရန်နှေးကွေးပြီး စစ်ရေးရှုပ်ထွေးမှုများ ကြုံတွေ့လိုချင်စိတ်နည်းပါးကောင်းနည်းပါးပါလိမ့်မည်။ သို့သော်လည်း ၎င်းတို့က "သူတို့တစ်တွေ ငါ့ကိုကြောက်ရွံ့နေသရွေ့ ငါ့ကိုမုန်းနေပလေ့စေ"ဟူသော ဆောင်ပုဒ်ဖြင့် အုပ်ချုပ်သော နောက်ထပ်ခေါင်းဆောင်တစ်ဦးကို အမှတ်ရနေကြပါသည်။ ၎င်းတို့တစ်တွေက ရောမဘုရင်ကာလီဂူလာ အကြောင်း စဉ်းစားနေကြခြင်း မဟုတ်ပါ။

*—Ref: Putin's Gamble*

7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

7DAY BOOK REVIEW

# ရွှေဝါပြည်

ရန်ကုန်ဘဆွေ




"ရွှေဝါပြည်၌ ဆန်ပေါ၏ ထို့ကြောင့် ရွှေဝါပြည်သားတို့အားလုံး ထမင်းဝနေကြ၏။ ထမင်းဝသောကြောင့် ထုံးစံအတိုင်း ပျင်းကြ၏။ ပျင်းသောကြောင့် တဖြည်းဖြည်းဖျင်းလာ၏။ ဖျင်းလာသောကြောင့် ကြာသော် ငတ်ကြကုန်၏။ ထို့ပြင် ရွှေဝါပြည်သူ ပြည်သားအားလုံး ဘာမျှမအောင့်နိုင်၊ စိတ်အားညံ့ဖျင်းလာ၏။ ဘာမျှမလုပ်ဘဲ ဘယ်အရာမဆို အချောင်လိုချင်လာ၏။ ဘယ်သူမဆို မိမိအဖို့ချည်း စဉ်းစားလာကြ၏။ ဘာကိစ္စမဆို မိမိဘက်ကချည်း တွေးတောလာကြ၏။

ဤမျှနိမ့်ကျသော ရွှေဝါ ပြည်သူ ပြည်သားတို့၏ စိတ်နေယိုယွင်းမှုသည် ဝမ်းရောဂါ ကူးစက်သကဲ့သို့ မိမိစစ်တပ်တွင်းသို့ ရောက်အောင် ကူးစက်နေပြီကို ဗိုလ်ချုပ်ကြီးသန်မာသည် ယခုမှ သိ၏။

ဗိုလ်ချုပ်ကြီးသန်မာ၏ မျက်လုံးထဲ၌ ရွှေဝါပြည်ကြီးသည် နေပူကျဲကျဲတွင်ကြည့်ရင်း အရည်ပျော်ကျနေသော ရေခဲတုံးကြီးကဲ့သို့ ဖြစ်လာ၏။ ဖြစ်နိုင်လျှင် ဤ ရွှေဝါပြည်ကြီးတစ်ခုလုံးကို အဏုမြူဗုံးများဖြင့် တစ်ပြိုင်နက်တည်း ကြဲချဖောက်ခွဲပစ်ချင်လာ၏။ တွေးရင်းတွေးရင်းအလွန်စိတ်မချမ်းမသာ ဖြစ်နေရာမှ ငေါက်ခနဲထရပ်၏"

ရွှေဝါပြည်၏ အဖွင့်နိဒါန်းကို စတင်ဖတ်ရှုမိသည်နှင့် စာဖတ်သူ အတွေးစိတ်ကူးတွင် မည်သည့်နိုင်ငံ၏ မည်သည့်ခေတ်ကာလ အခြေအနေကို ရေးဖွဲ့လေမည်လည်းဟု တွေးမိပါလိမ့်မည်။ သို့သော်လည်း စာရေးသူ ရန်ကုန်ဘဆွေ၏ 'ရွှေဝါပြည်သည်' စာရေးသူ၏ စိတ်ကူးဖြစ်၏ဟု ဆို၏။ ရွှေဝါပြည်စာအုပ်ကို ပထမအကြိမ်အဖြစ် တော်လှန်ရေးကောင်စီ လက်ထက် ၁၉၆၈ ခုနှစ်တွင် ထုတ်ဝေလိုက်သောအခါ ထုတ်ဝေပြီးပြီးချင်းမှာပင် စာအုပ်ဈေးကွက်အတွင်းမှ လိုက်လံသိမ်းဆည်းခံခဲ့ရသည်။ သို့ရာတွင် ရွှေဝါပြည်သည် ထိုခေတ် ထိုအခါက စာဖတ်သူတို့ကြား တိုးတိုးတိတ်တိတ် လက်ဆင့်ကမ်းရင်း ရောက်ရှိခဲ့ဖူးသည်။ ယခုနှစ်ပေါင်း ၄၅ နှစ်အလွန်မှာတော့ ရွှေဝါပြည်သည် စာဖတ်သူလက်သို့ဝယ် ရောက်ရှိလာပြီဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးကာလတွင် ထဲထဲဝင်ဝင်ပါဝင်ခဲ့သူ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ထိပ်ပိုင်းနေရာများမှ ပါဝင်ခဲ့သူဖြစ်သည့် စာရေးသူ ရန်ကုန်ဘဆွေ၏ ရွှေဝါပြည်သည် စာရေးသူ၏ အတွေးစိတ်ကူးဖြစ်သည်ဟု ဆိုသော်လည်း ကုန်းဘောင်ခေတ်နှောင်းပိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုခေတ်၊ လွတ်လပ်ခါစ မြန်မာပြည်။ တော်လှန်ရေးကောင်စီခေတ် စသည်တို့ကို ကွက်ကွက်ကွင်းကွင်း ဖော်ထုတ်ရေးသားထားသော စာအုပ်လည်း ဖြစ်သည်။ စာအုပ်တွင် လွတ်လပ်ရေးကြိုးပမ်းမှုခေတ်မှ တော်လှန်ရေးကောင်ခေတ်တို့ကိုပုံဖော်ရာ၌ ဇာတ်ကောင်စရိုက်တို့ကို အထင်းသားမြင်ရ၏။ ရွှေဝါပြည်တွင်ပါဝင်သော ဇာတ်ကောင်များ၏ အမည်များကို ဦးတည်တံ့၊ ဦးကောက်ကျစ်၊ ဦးကံပေး၊ ဗိုလ်ချုပ်ကြီးသန်မာစသည့် နာမည်ပြောင်များပေး၍ ရေးသားထားသော်လည်း စာဖတ်သူ၏ အတွေးမျက်လုံးထဲတွင် ဇာတ်ကောင်တို့၏မူရင်းပုံသဏ္ဍာန်များ ထင်ရှားလာမည်ဖြစ်သည်။ ရွှေဝါပြည်သည် စာရေးသူဖြတ်သန်းခဲ့ရသော ခေတ်တစ်ခေတ်ကို အတွင်းကျကျမှတ်တမ်းတင်ထားသော သရော်စာဆန်သည့် ဝတ္ထုတစ်ပုဒ်ဟုဆိုလျှင် မှားအံ့မထင်။ ဖတ်ရှုသူအနေဖြင့် ရွှေဝါပြည် စာအုပ်ကို ဖတ်ရှုနေရင်းမှ ဇာတ်လမ်းကို ကြိုတင်သိချင်စိတ်တို့ နိုးကြွလာအောင် လှုံ့ဆော်သွားမည်ဖြစ်သည်။ စာအုပ်ကို ငါတို့စာပေက တန်ဖိုး ၄၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## သင်္ကေတပုံနဲ့ လိင်ကွဲပြားမှုကို ဘယ်အချိန်က သတ်မှတ်ခဲ့တာလဲ

အမျိုးသားများနှင့် အမျိုးသမီးများ ဖော်ပြရာတွင် လိင်ကွဲပြားမှုကို လိုက်၍ ယနေ့ခေတ်ဆေးပညာ၊ မီဒီယာနှင့် အခြားနယ်ပယ်များစွာ၌ gender symbol ခေါ် လိင်ကွဲပြားမှုဆိုင်ရာ သင်္ကေတပုံများဖြင့် ဖော်ညွှန်းသုံးစွဲလေ့ရှိကြသည်။ အမျိုးသားများကို ရည်ညွှန်းသည့် သတ်မှတ်သင်္ကေတမှာ ဝလုံးအဝိုင်းပေါ်တွင် မြားချွန်ငယ်တစ်ခုရှိပုံဖြစ်ပြီး အမျိုးသမီးသင်္ကေတမှာ ဝလုံးအောက်တွင် အပေါင်းလက္ခဏာရှိသည့်ပုံဖြစ်သည်။ ထိုသင်္ကေတများမှာ နက္ခတ်ဗေဒင်သင်္ကေတများမှ ဆင်းသက်လာခြင်းဖြစ်ပြီး အမျိုးသားသင်္ကေတမှာ မားစ်ဂြိုဟ်ခေါ် အင်္ဂါဂြိုဟ်ကို ရည်ညွှန်းပြီး အမျိုးသမီးသင်္ကေတမှာ ဗီးနပ်စ်ဂြိုဟ်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ထိုသင်္ကေတများကို ရီနေဆွန်းခေတ် (တစ်ဖန်ပြန်၍ဆန်းသစ်သောခေတ်) မှစ၍ အသုံးပြုလာကြခြင်း ဖြစ်သည်။ သစ်ပင်များ (ဖို၊မ) ခွဲရာတွင် ထိုသင်္ကေတများကိုဆွီဒင် ရုက္ခဗေဒပညာရှင်ကားလ်လင် နေးယပ်စ်က ပထမဆုံးအသုံးပြုခဲ့သည်မှာ ၁၇၅၁ ခုနှစ်က ဖြစ်သည်။

—Ref: Wiki

# တစ်ပတ်တာကံကြမ္မာ

မတ်လ ၁၂ ရက်မှ ၁၈ ရက်အထိ

စံဇာကီဘို

### ARIES မိဿရာသီဖွား (မတ် ၂၁-ဧပြီ၂၀)

ကောင်းသောအပြောင်းအလဲနှင့်တိုးတက်မှုဖြစ်မည်။ ရည်ရွယ်ချက်သစ်များနှင့်အောင်မြင်မည်။ အခက်အခဲများကျော်ဖြတ်နိုင်မည်။ ငွေကြေးအကုန်အကျများမည်။ ဦးတည်ချက်ပြောင်းလဲပြီး ဆောင်ရွက်သောကိစ္စမှ တက်လမ်းအဆင့်ဆင့်ဖြစ်မည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အရာရာအဆင်ပြေမည်။ အခက်အခဲကြားမှ တိုးတက်မည်။ အကြံသစ်ရည်ရွယ်ချက်သစ်များကို လက်တွေ့ဆောင်ရွက်အောင်မြင်မည်။ သူတစ်ပါးကြောင့်ဖြစ်ပေါ်သောအညံ့များကိုကျော်လွှား၍တိုးတက်မှုသစ်များဖြစ်မည်။ အလုပ်တိုးတက်မည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

မတော်တဆထိခိုက်မှုဂရုစိုက်ရမည်။ ရန်အပြိုင်အတိုက်အခံများမည်။ မူလရည်မှန်းထားသည်နှင့်လက်တွေ့ကွာဟမည်။ အစပိုင်းခက်ခဲပြီး အဆုံးပိုင်းတွင်အောင်မြင်မည့်အနေအထားရှိမည်။ စက်ပစ္စည်းများ ပျက်ယွင်းမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

လမ်းသစ်ထွင်၍အောင်မြင်မည်။ အခက်အခဲကျော်လွှားနိုင်မည်။ အပြိုင်အဆိုင်များကိုကျော်လွှား၍တိုးတက်မည်။ ကိုယ်ပိုင်စိတ်ကူးအကြံဉာဏ်နှင့်ဆောင်ရွက်သည်များမှ ထင်ရှားသောအောင်မြင်မှုများဖြစ်မည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အခွင့်အရေးနှစ်ခု တစ်ပြိုင်တည်းပေါ်မည်။ လမ်းသစ်ထွင်ပြီးလုပ်သောကိစ္စမှ ကောင်းသောအကျိုးဆက်ရလာမည်။ ကာလအတန်ကြာငြိတွယ်နေသောပြဿနာမှကင်းလွတ်မည်။ စာရွက်စာတမ်းကိစ္စ စကားပြောဆိုအောင်မြင်မည်။ အမှုပြဿနာကြုံက အနိုင်ရရှိမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

သူတစ်ပါးအတွက်ကြားဝင်ဆောင်ရွက်ရခြင်းကြုံမည်။ လူမုန်းခံရခြင်းကြုံမည်။ သူတစ်ပါးကိစ္စများအတွက် ကြားဝင်ဆောင်ရွက်ရင်း ပြဿနာအခက်အခဲများကိုရင်ဆိုင်ရခြင်းကြုံမည်။ ဥပဒေနှင့်မကင်းသောကိစ္စမှန်သမျှရှောင်ပါ။ ရုံးရောက်၊ ဂါတ်ရောက်ဖြစ်မည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

မတော်တဆထိခိုက်မှုအန္တရာယ်ကြုံမည်။ အခက်အခဲများတစ်မျိုးပြီးတစ်မျိုးဖြေရှင်းနေရမည်။ စိတ်ပင်ပန်းစရာများကြုံမည်။ မူလစီစဉ်ထားသည်နှင့် လက်တွေ့ကွာဟမည်။ လုပ်ငန်းဟောင်းကိုရပ်၍ လုပ်ငန်းသစ်စတင်ရမည်။ အပြိုင်အဆိုင်အားလုံးကျော်လွှားနိုင်မည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ဦးတည်ချက်သစ်နှင့်တိုးတက်မှုများကြုံမည်။ ရည်မှန်းချက်သစ်နှင့်အောင်မြင်မည်။ တစ်ပြိုင်နက်တည်းလုပ်ငန်းနှစ်မျိုးကိုလုပ်ကိုင်အောင်မြင်ခြင်းရှိမည်။ ကူညီသူများနှင့်တွေ့မည်။ အပြောင်းအလဲကိစ္စများဆောင်ရွက်ပြီးတိုးတက်မည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

စိတ်အနှောင့်အယှက်များ၊ အတိုက်အခံများနှင့်ကြုံတွေ့ရမည်။ ဦးတည်ချက်ပြောင်းပြီးလုပ်သောကိစ္စများမှ ထူးခြားသောတက်လမ်းများရမည်။ အိမ်တွင်းရေး၊လူမှုရေးညံ့မည်။ အချစ်မှားခြင်း၊ ဆုံးဖြတ်ချက်မှားခြင်းများရှိမည်။ပြဿနာဟောင်းများဖြေရှင်းရမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အရာရာသတိရှိရမည့်ကာလဖြစ်သည်။ အခက်အခဲများ၊ အတိုက်အခံများအနှောင့်အယှက်များနှင့် ထိပ်တိုက်တွေ့ကြုံရမည်။ သံယောဇဉ်မထားသင့်သူကိုသံယောဇဉ်ထားခြင်း၊ မပေါင်းသင့်သူကိုပေါင်းမိခြင်းများရှိမည်။ အနီးကပ်လူ သစ္စာဖောက်မည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)


အပြိုင်အဆိုင်များကြားမှ တက်လမ်းများပေါ်ပေါက်မည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ပဋိပက္ခများဖြေရှင်းနိုင်မည်။ ကိုယ်ပိုင်မူ၊ ကိုယ်ပိုင်ဟန်ကိုအခြေတည်ပြီးဆောင်ရွက်၍ ကောင်းသောအကျိုးအမြတ်ရမည်။ယုံကြည်လွှဲအပ်ထားသူများမှ သစ္စာမဲ့မည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အန္တရာယ်အနှောင့်အယှက်များရောပြွမ်းနေသည်။ ပြဿနာတစ်စုံတစ်ရာဖြစ်တော့မည်ကို စိတ်ထဲမှအလိုအလျောက်သိလျက်နှင့် ပေါ့ပေါ့တန်တန်သဘောထားမှုကြောင့် မဖြစ်သင့်သောဆုံးရှုံးနစ်နာမှုများကြုံမည်။ ရန်များဝန်းရံနေမည်။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၇၅)



### အလျားလိုက်

၁။ အာဂုံဆောင်စနစ် ဆက်လက်ကျင့်သုံးနေသောကျောင်းများ
၄။ ကိုယ်အင်္ဂါအစိတ်အပိုင်းများ အရောင်းအဝယ်လုပ်ခြင်း
၆။ ချောင်းသာတွင် တရားမဝင်တည်ရှိနေသော အရာများ
၈။ နာမည်ကျော် ဟောလိဝုဒ်မင်းသမီးကြီးတစ်ဦး
၁၀။ ဆရာဝန်အလုပ်ကြောင့် အသက်ဆုံးရှုံးနိုင်သည့် နိုင်ငံ
၁၁။ မောင်တောနယ်စပ်အဝင်များလာသူများ

### ဒေါင်လိုက်

၁။ မီးအိမ်ရှင်ဆရာဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သော မြို့တစ်မြို့
၂။ ကြော်ငြာအားဖြင့်ရောင်းနေသော သဘာဝအရည်
၃။ ပွဲတက်ဝတ်စုံလှလှလေးများရနိုင်သော နေရာတစ်နေရာ
၅။ မြန်မာလုပ်သား ပိုမိုခေါ်ယူသောနိုင်ငံ
၇။ မြန်မာက ဂျပန်မှ အမြောက်အမြားတင်သွင်းသောအရာ
၉။ နာမည်ကျော် မြန်မာကဗျာဆရာတစ်ဦး


**Smart Dictionary ကံထူးသူ**

**၁။ ဒေါ်ညို၊ ၈/မကန(နိုင်)၀၁၃၂၆၆ ဆုံရပ်ကွက်၊ မကွေးမြို့။**

**ကျန်အဖြေမှန်သူများ**

**၂။ ဦးအောင်ကြိုင်၊ ၁၂/အလန(နိုင်)၀၁၈၀၅၁**
**၃။ မြတ်ပွင့်ဖြူလွင်၊ ၁၂/အစန(နိုင်)၁၉၃၄၅၆**
**၄။ ဝင်းမြင့်အောင်၊ ၁၂/အစန(နိုင်)၀၁၉၈၄၄**
**၅။ မစိမ်းစိမ်းသူ၊ ၁၁/ကတလ(နိုင်)၀၀၄၃၁၂**
**၆။ မဖြူဖြူဖြိုး၊ ၁၄/ဘကလ(နိုင်)၀၀၁၇၅၄**
**၇။ ကိုဇော်မိုးနိုင်၊ ၁၄/စနဖ(နိုင်)၀၀၄၅၁၃**

**ပဟေဠိ အမှတ်စဉ်(၂၇၄)အဖြေမှန်**




**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ........................................

**နေရပ်လိပ်စာ** ..................................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၂၂) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၄–၃–၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

**ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး**

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

## Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**ဒေါ်မေစံပယ်ဦး**

မူလတန်း Study/Study Guide သင်ကြားပေးသည်။

ဖုန်း– ၀၉ ၃၁၃၃၈၄၇၂

**ဆရာမဒေါ်လှလှသန်း**

မူလတန်း၊ အလယ်တန်း၊ တက္ကသိုလ်ဝင်တန်း (တစ်ဘာသာ)ချင်း Study,Study Guide သင်ကြားပေးသည်။

ဖုန်း– ၀၉ ၄၂၀၁၆၂၅၉၃

**သင်ကြားပေးသည်**

Grade 4 to 9 အထိ ဘာသာစုံ Teaching & Study Guide လုပ်ပေးသည်။

ဖုန်း–၀၉ ၈၆၁၂၉၆၆

**ရောင်းမည်**

ထောက်ကြံ့စစ်သချိုင်းအနီး ၂၅ ပေ၊ ပေ ၅၀ (ပါမစ်မြေ) လုံးချင်းတစ်ထပ်တိုက်၊ ရေချိုးခန်း၊ အိမ်သာ၊ မီးဖိုဆောင်၊ အိပ်ခန်း၊ ဧည့်ခန်း ဖွဲ့ပြီး၊ ရေ (အဝီစိရေ)၊ မီးအဆင်သင့်၊ ကျပ်သိန်း (၃၈၀) ဖုန်း – ၀၉၄၃၁၃၂၉၆၆

**Queen Fashion (ဒေါ်တင့်တင့်)**

ဖက်ရှင်ဒီဇိုင်း(တစ်ဘာသာ) တစ်ပတ်၊ အခြေခံမှစ၍ ဘာသာစုံအထူးသင်တန်း (တစ်လ)။ အပ်ချုပ်သင်တန်း အမှတ်–၃၇၊ ၃လွှာ၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်။

ဖုန်း– ၀၉ ၅၁၃၂၃၇၃

**ပညာဒါန**

ကိတ်မုန့် ပေါင်မုန့်၊ ပီဇာ၊ ဘာဂါ၊ ရေခဲမုန့်၊ အချိုရည်မျိုးစုံ၊ တရုတ်အစားအစာ၊ ကော်ရည်၊ ကြေးအိုး၊ ကုန်းဘောင်ကြီးကြော်၊ ချိုချဉ်ကြော်၊ ငါးကင်၊ ဒံပေါက် (အစိမ်းဖောက်) . . . . ..။

ဖုန်း–၀၁ ၄၀၀၁၆၃

**သင်တန်းသူခေါ်ယူခြင်း**

အမျိုးသမီးအလှအပဆိုင်ရာ ဘာသာရပ် ရှစ်မျိုးလုံး ဆိုင်ဖွင့်နိုင်သည်အထိ တာဝန်ယူသင်ကြားပေးသည်။ ဆုလဲ့(အမျိုးသမီးသီးသန့်) Hair & Beauty Spa

ဖုန်း–၀၉ ၅၀၇၈၅၀၅

**လျှုဒါန်းနိုင်ပါသည်**

ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်းတရားပို့ချပေးရန် သင်တန်းပြတရားကျောင်းဆောင်လှူဒါန်းလိုသူများ ဆရာတော်နှင့်ဆက် သွယ်ပါ။ အောင်ဆုပန်စာသင်တိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်။

ဖုန်း–၀၉ ၇၃၀၈၉၆၈၀

**FAMILY RESTAURANT**

တရုတ်ဟင်းလျာစားသောက်ဆိုင် ၄ရပ်ကွက်၊အမှတ်(၈၃၃)၊သုဓမ္မာလမ်းမ၊ မ/ဥက္ကလာပ။

**ဝယ်ယူနိုင်ပါသည်**

သရုပ်ဆောင်ဝါသနာပါသော လူငယ်များအတွက် သရုပ်ဆောင်နှင့် ပတ်သက်သော စာအုပ် ၃၀ ဝယ်ယူရရှိနိုင်ပါသည်။

ဖုန်း–၀၉ ၃၁၀၅၅၇၉၃

**ရောင်းမည်**

NISSAN (Vanette) 8.5 Kg Model 2005/AC/P,W/P,S Engine 1800 cc /gasoline 6F . . . . .

PH:09 449249588

**ရောင်းမည်**

AKK SHOPPING MALL ရှေ့ရှိမျက်နှာစာ 25'အကျယ်365sqftရှိသည့်ဆိုင်ခန်းအမြန်ငှားမည် အထူးပြင်ဆင်ပြီး ရွှေဆိုင်သို့မဟုတ် phone ဆိုင်ဖွင့်ရန် နေရာကောင်း။ တစ်လ–7သိန်းခွဲ

ဖုန်း–၀၉ ၅၀၂၂၆၃၃

**ငှားမည်**

ကျိုက္ကဆံလမ်းမပေါ် ၃ လွှာ၊ ၃၉ ကားဂိတ်ရှေ့ (၁၄×၆၀)၊လှျာထိုးထပ်ခိုးဝက် အိမ်သာရေချိုး၊ ကြွေပြားခင်းကပ်၊ ရှေ့နောက်သံပန်း။ တစ်လ– နှစ်သိန်းသုံးသောင်း။

ဖုန်း–၀၉ ၇၃၀၄၉၅၄၃

**ရောင်းမည်**

မင်းရဲကျော်စွာ ၂ လမ်း၊ တောင်ဥက္ကလာ၊ မြေညီ ပေ (၁၈×၅၂)၊ သိန်း (၅၀၀)။

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

တောင်ဥက္ကလာ ပါရမီလမ်းမပေါ် ပေ (20x60)၊ ဂရန်မြေ၊ သိန်း (၅၀၀၀)။

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**ငှားမည်**

သဃ်န်းကျွန်း၊ စံပြဈေး၊ လေးထောင့်ကန်လမ်းမ၊ လူစည်၊ လုပ်ငန်းလက်ခံ၊ (၂၅× ၅၀)ပေ၊ 2RC–35L။

ဖုန်း–၀၉ ၃၁၂၈၄၇၆၃

**ရောင်းမည်**

မြောက်ဒဂုံ(၄၀)၊ ရပ်ကွက်၊ သခင်မြလမ်း၊ ထောင့်ကွက်၊ (၄၀×၆၀)၊ ဂရန်၊ သိန်း (၁၀၀၀) ညှိနှိုင်း။

ဖုန်း–၀၉ ၃၁၂၈၄၇၆၃

**ကွန်ပျူတာပြုပြင်တပ်ဆင်ခြင်း**

Software Installation,System Services, System Clean & Virus Clean. Network Installation & Services. PC–4500/–

PH:09 31058583

**အိမ်တိုင်ရာရောက်သင်ပေးသည်**

Tuotial,Project များကို Assembly, C Program သုံး၍ Project Board, Development board များဖြင့် လက်တွေ့လုပ်ဆောင်ရမည်။

ဖုန်း–၀၉ ၄၄၈၀၀၃၂၅

**အိမ်တိုင်ရာရောက်သင်ပေးသည်**

ကွန်ပျူတာအခြေခံမှစပြီး ကလေးငယ်များနှင့် လုပ်ငန်းခွင်တွင် ကျွမ်းကျင်စွာ သုံးတတ်စေရန် Internet & Email, MYOB,Peachtree အိမ်တိုင်ရာရောက် သင်ပေးသည်။

ဖုန်း– ၀၉ ၄၄၄၀၁၁၂၇၉

**Web Site ရေးဆွဲသည်**

MWP | Web Development Services မှ ကုမ္ပဏီလုပ်ငန်း၊ သင်တန်းကျောင်း၊ ခရီးသွားလုပ်ငန်း အစရှိသော လုပ်ငန်းများအတွက် WebSite များကို အစအဆုံး တာဝန်ယူရေးဆွဲပေးလျက်ရှိပါသည်။ ဆက်သွယ်ရန်

ဖုန်း– ၀၉ ၇၃၂၁၈၀၂၁

**ဝန်ထမ်းအလိုရှိသည်**

ဓာတ်ပုံပညာရှင်နှင့် ကွန်ပျူတာပညာသင်ပေးပြီး အလုပ်ပြန်လည်ခန့်ထားပေးမည်။ ပညာသင် မ (၅) ဦးအလိုရှိသည်။

ဖုန်း– ၀၉ ၂၂၇၁၉၉

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်း (၁) ဦး Sales & Marketing ကျား (၂) ဦး ၊ မ(၂) ဦး

ဖုန်း– ၀၉ ၄၄၈၀၀၁၆၅၁

**ရောင်းမည်**

တောင်ဥက္ကလာ၊ ပင်းယ ၁၁ လမ်း၊ ပေ (၁၉×၅၂)၊ မြေညီ၊ သိန်း–၆၅၀၊ မှန်ခန်း၊ သိန်း– ၄၅၀ (၃ လပိုင်းစတင်မည်)။

ဖုန်း–၀၉–၄၂၀၀၀၄၄၃၂

**ဝန်ထမ်းအလိုရှိသည်**

အရောင်းဝန်ထမ်း မ (၁၀) ဦး အခြေခံပညာ အထက်တန်းအဆင့် အောင်မြင်ပြီးသူ၊ ရုပ်ရည်ပြေပြစ်သူ။ အမှတ်–၃၉၀၊ အင်ကြင်းမြိုင်လမ်းသွယ် ၄ လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း– ၀၁ ၅၇၂၁၈၆၊

၀၉ ၇၃၁၂၈၂၆၈

**ရောင်းမည်**

ပါရမီစိန်ဂေဟာအနီး၊ အနော်ရထာလမ်း၊ မရမ်းကုန်းမြို့နယ်၊ မြေညီ၊ ပေ(12 x 50)၊ သိန်း (450)။

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**သင်ကြားပေးသည်**

၈၊ ၉၊ တက္ကသိုလ်ဝင်တန်းနွေသချာသီးသန့်သင်တန်း ကလေးများထူးချွန်ရန် တာဝန်ယူသည်။

ဖုန်း–၀၉ ၇၃၁၄၂၀၂၀

**ရောင်းမည်**

၁၀ မိုင်၊ လေဆိပ်လမ်းသွယ်(၃)၊ ပေ (40x100)၊ သိန်း (၅၀၀၀)။

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**တပ်ဆင်ပေးပါသည်**

စက်မှုဇုန် လုပ်ငန်းရှင်များအတွက် Wireless Network ချိတ်ဆက်၍ နှစ်မိုင်မှ ငါးမိုင်အထိ လှမ်းကြည့်နိုင်သော CCTY/IPCAMERA များတပ်ဆင်ပေးပါသည်။

ဖုန်း–၀၉ ၃၁၉၄၅၅၁၈

**ငှားမည်**

သာကေတ၊ ရောဝဏ်ရိပ်သာ၊မြေအကျယ် 800spfL ခန့်၊ အိမ်အကျယ် ၄၂× ၃၅၊ (2RC) 4MBR, 1 SBR, Line Ph (2) Nos: A/C (8) Nos: ကားဂိုဒေါင် ၂၂×၃၅ (2RC). PH:09 73201784

**ရောင်းမည်**

တောင်ဥက္ကလာ၊ ယဿဝတီလမ်းမကြီးပေါ်၊ ၁၃ ရပ်ကွက်၊ ပေ (၁၈×၅၅)၊ မြေညီ – သိန်း (၅၅၀)၊ လေးလွှာ သိန်း (၃၅၀)။

ဖုန်း–၀၉ ၄၂၀၀၀၄၄၃၂

**ရောင်းမည်**

အိပ်ခန်း သုံးခန်း၊ အဲကွန်း ငါးလုံး၊ ကြိုးဖုန်း တစ်လုံးပါသည်။ လေးလွှာ၊ (၈) ရပ်ကွက်၊ သစ္စာဥယျာဉ်အိမ်ရာ၊ တ/ဥက္ကလာ။ ဖုန်း–၀၉ ၅၁၇၄၇၂၆

**ရောင်းမည်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်–ပြည်ခရိုင်ချင်းဆက်လမ်းမပေါ်ရှိ ဥယျာဉ်ခြံမြေ (၄၆.၀၀) ဧက တစ်ဆက်စပ်တည်းရောင်းမည်။

ဖုန်း–၀၉ ၄၂၃၆၆၁၉၃၇

**ROYAL TUN SERVICE**

အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို အိမ်တိုင်ရာရောက် ဆေးကြော၊ ပြုပြင်၊ တပ်ဆင်ပေးပါသည်။

ဖုန်း–၀၉ ၃၁၀၆၈၇၄၉

7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

စာမျက်နှာ (၂၆)မှ

# ဘယ်လို မြန်မာတွေပါလိမ့်

လှိုင်သာယာမှာ ကွဲကွာနေတဲ့ ဇနီးဟောင်းနဲ့ အဖော်အမျိုးသမီးကို မြန်မာခင်ပွန်းကရက်ရက်စက်စက် အက်စစ်နဲ့ပက်လိုက်ပါသတဲ့။

ပုဇွန်တောင်မြို့နယ်မှာ အစ်ကိုအရင်းနဲ့ ဇနီး(မရီး)ဖြစ်သူကို မတ်တော်သူက ဦးခေါင်းကိုထုရိုက်သတ်ပြီး သော့ခတ်ထားလိုက်ပါသတဲ့။

ကြည့်မြင်တိုင်မြို့နယ်မှာ လင်မယားနှစ်ဦးစလုံး ဉာဏ်နဲ့ မယှဉ်အရက်ဝင်ပြီး ချစ်ခင်သမျှ သက်သေပြမယ်ဆိုကာ ကိုယ့်ကိုယ်ကိုယ်အပြိုင်အဆိုင်ဓားနဲ့ထိုးကြရာမှ အတွင်းလူနာဘဝရောက်ကြလေသတဲ့။

တောကျွဲအင်းမြို့မှာ ငွေသိန်း ၃၀ ခန့်နဲ့ ရွှေထည်ပစ္စည်းများကို အတိုးရဖို့ အပ်နှံထားပြီး လူမှုရေးအရ မှီခိုနေရှာတဲ့ အမျိုးသမီးတစ်ဦးက အိမ်ရှင်ထံမှငွေသုံး သိန်းပြန်တောင်းတဲ့ကိစ္စနဲ့ စကားများရာမှ အိမ်ရှင်အမျိုးသားကြီးက စိတ်မြန် လက်မြန် သန်သန်မာမာနဲ့အမျိုးသမီးရဲ့ လည်ပင်းကိုလှီးပြီး ခေါင်းဖြတ်သတ်လိုက်ပါတယ်။ ရွှေထည်ပစ္စည်းတွေကို ယူရုံမျှမက ခန္ဓာကိုယ်က အဝတ်အစားတွေပါ ချွတ်ပြီး ပီနံအိတ်ထဲထည့်၊ ဦးခေါင်းကိုကြွပ်ကြွပ်အိတ်ထဲထည့်၊ ဆိုင်ကယ်နဲ့ ဖြူးမြို့ဘက်ကို မောင်းပြီး ခေါင်းကိုတခြား၊ ကိုယ်ကိုတစ်နေရာ လွှင့်ပစ်ခဲ့ပါသတဲ့။

လွန်ခဲ့တဲ့ နှစ်လခန့်ကပဲ ရှေ့လူနောက်လူကြည့်ပြီး ဟင်းခပ်စားဖို့ ဆုံးမတဲ့ ဖခင်ကို မကျေနပ်တဲ့သားက အသေသတ်လိုက်ပါသတဲ့။ (မြေလတ်ပိုင်း တစ်နေရာလို့ ထင်ပါတယ်)

အထက်ပါ ဒုစရိုက်မှုတွေဟာ 'မြန်မာ့စိတ်ရင်း မြန်မာ့လူမှုရှုခင်း' အလှတွေကို ကမ္ဘာ့အလယ်မှာ ဆိုးရွားစွာယိုယွင်းပျက်စီးစေခဲ့တာ အမှန်ပဲ ဖြစ်ပါတယ်။ ထပ်မံပြီးမြို့ပြရဲ့ လူမြင်ကွင်း လမ်းမကြီးတွေပေါ်မှာ စိတ်မြန်လက်မြန်နဲ့ ကျူးလွန်မှုအမျိုးမျိုးကိုလည်း တွေ့မြင်နိုင်ပါသေးတယ်။ ဖေဖော်ဝါရီ ၃ ရက်က အလုံလမ်းမှာ လူငယ်နှစ်ဦးရဲ့ယာဉ်ကို လူငယ်လေးငါးဦးက ယာဉ်နဲ့နောက်မှ လိုက်တိုက်တဲ့အမှု၊ ဖေဖော်ဝါရီ ၁၇ ရက်က ပြည်လမ်းပေါ်မှာ ပြိုင်ကားငါးစီးက အငှားယာဉ်တစ်စီးကို ပိတ်ဆို့ပြီး အုတ်ခဲ၊ ဘော့စဘောတုတ်စတာတွေနဲ့ ရိုက်နှက်မှု၊ ဖေဖော်ဝါရီ ၁၀ ရက် က သိမ်ဖြူလမ်းထောင့်မီးပွိုင့်မှာ ယာဉ်ထိန်းရဲကို အမျိုးသမီးတစ်ဦးနှင့် အမျိုးသားသုံးဦးက ဝိုင်းဝန်းဆဲဆိုရိုက်နှက်မှုစတဲ့အမှုတွေကမြို့ပြဒေသမြန်မာ့ဂုဏ်ရည်ကို ထိခိုက်ကျဆင်းစေခဲ့ပြန်ပါတယ်။ ရန်ကုန်မြို့ကြီးရဲ့ သုဝဏ္ဏအားကစားကွင်းမှာ ဇွဲကပင်အသင်းပိုင် ရှင်က ဒိုင်လူကြီးကိုပါးရိုက်တာလည်းမြန်မာနိုင်ငံအားကစားသမိုင်းမှာ အလွန်ယုတ်ညံ့တဲ့ ကျူးလွန်မှုတစ်ရပ်အဖြစ် မှတ်တမ်းဝင်သွားခဲ့ပါတယ်။အားကစားအသင်း တည်ထောင်သူ ကိုယ်တိုင်က အားကစားစိတ်ဓာတ်ကို ဆန့်ကျင်ပြီး လူမြင်ကွင်းမှာ စိတ်မြန်လက်မြန် ဒေါသမာနပြင်းထန်လှတဲ့ မြန်မာရယ်လို့ သရုပ်ပြခဲ့ခြင်းလည်း ဖြစ်ပါတယ်။

အသစ်အသစ်တွေဝင်လာတဲ့ သက်မဲ့မော်တော်ယာဉ် အသီးသီးမှာ ဘရိတ်ပါပေမယ့် အသိဉာဏ်ဘရိတ်မပါတဲ့ မြန်မာယာဉ်မောင်းများရဲ့ စိတ်မြန်လက်မြန် မောင်းနှင်မှုကြောင့် တစ်နေ့တခြား တိုးပွားနေတဲ့ ယာဉ်တိုက်မှုတွေကလည်း ဖောက်ပြန်ချို့ယွင်းလာတဲ့ 'မြန်မာ့စိတ်ရင်း' ကို ပြသနေပါတယ်။ စည်းကမ်းဆိုတာ ဆင်ခြင်ဉာဏ်ရှိသူတို့ရဲ့ လည်ဆွဲရတနာဖြစ်ပါတယ်။ ဆင်ခြင်ဉာဏ်ကင်းမဲ့သွားပြီဆိုတော့ စည်းကမ်းကိုမစင်ပုပ်လို ကျောခိုင်းတတ်ကြပါတယ်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ် အထိ ငါးနှစ်အတွင်း ယာဉ်တိုက်မှုက နှစ်စဉ် ၁၄ ရာခိုင်နှုန်းတိုးပြီး သေဆုံးသူက ၁၄၅၇၃ ဦးထိ ရှိလာပါတယ်။ ၂၀၀၉ ခုနှစ်မှာ ၂၁၇၃ ဦးရှိရာမှ ၂၀၁၃ ခုနှစ်မှာ ၁၆၀၀ နီးပါးတိုးပွားလာပြီး ၃၇၂၃ ဦး သေဆုံးမှုစံချိန်တင်ခဲ့ပါတယ်။ နေ့စဉ်တစ်နေ့ကို ပျမ်းမျှ ဆယ်ဦးမက သေဆုံးနေကြပါတယ်။ ယာဉ်တိုက်မှု ၉၀ ရာခိုင်နှုန်းက ယာဉ်မောင်းများ စည်းကမ်းပျက်ခြင်းကြောင့်လို့ သိရပါတယ်။ မန္တလေးမြို့ကြီးမှာ အဲဒီလိုစည်းကမ်းပျက်ပြီး အမှုတွေတိုးတိုးလာလို့ ၂၀၁၄ ခုနှစ် မတ်လမှာ ယာဉ်ထိန်းရဲအင်အားနဲ့ မနိုင်တော့ဘဲ စည်ပင်ရဲနဲ့ နယ်မြေရဲတပ်ဖွဲ့ဝင်တွေကပါဝင်ရောက်ပူးပေါင်း ဆောင်ရွက်ပေးနေရတယ်လို့ ဆိုပါတယ်။ အသိဉာဏ်အဆင့်မြင့် သူ အများအပြားနေထိုင်ရာ နေပြည်တော်ကောင်စီနယ်မြေမှာတောင် လွန်ခဲ့တဲ့နှစ်လအတွင်း ယာဉ်မတော်တဆမှုကြောင့် ၂၆ ဦးသေဆုံးခဲ့ရပါတယ်။ ၂၀၁၃ ခုနှစ်အတွင်း ၂၁၉ ဦး သေဆုံးခဲ့ပါတယ်။

မြန်မာတို့ရဲ့ စာရိတ္တမဏ္ဍိုင်ချို့ယွင်းလာပုံကလည်း မုဒိမ်းမှုသတင်းများအရ ကြောက်ခမန်းလိလိပါပဲ။ အရွယ်မရောက်သေးတဲ့ ဆယ်နှစ်သမီးအောက် ကလေးအရွယ်တွေအပေါ် ကျူးလွန်တဲ့ အမှုတွေ တိုးပွားလာတာ၊ အထူးသဖြင့် သုံးနှစ်သမီးကိုတောင်ချမ်းသာမပေးကြတာ၊ ဖခင်အရင်းတွေက သမီးအရင်းတွေအပေါ်မှာ အကြိမ်ကြိမ်ကျူးလွန်ကြတာစတဲ့အမှုတွေက မကြားဝံ့မနာသာပါပဲ။ အသေးစိတ်ကို ရှက်ဖို့ကောင်းလွန်းလို့ မတင်ပြလိုတော့ပါဘူး။ မဟုတ်တဲ့နေရာမှာ သွက်လက်မြန်ဆန်ပြီး သန်မာနေကြတဲ့ မြန်မာတွေက အင်တာနက်ခေတ်၊ ခိုးကူးခွေခေတ်မို့ ဆန်းဆန်းပြားပြား လွန်ကျူးမှုများလာသလားလို့ အောက်မေ့မိပါတယ်။ ဒီကြားထဲမှာ ရုပ်ရှင်ဇာတ်ကားတစ်ခုရဲ့ နာမည်ကလည်း ရွတ်ရပြောရမှာ အလွန်ခွတီးခွကျနိုင်လှပါတယ်။ 'မာကြီးရှည်'တဲ့။ မိတ်ဆွေတစ်ဦးက 'မောက်လန်ပြဲ'ဆိုပြီး ဇာတ်ညွှန်းတစ်ပုဒ်ရေးနေတယ်တဲ့။ တလွဲမထင်ပါနဲ့။ နဖူးမောက်၊ နှုတ်ခမ်းလန်ပြီး ပါးစပ်ပါပြဲနေတဲ့ အကျည်းတန်ချစ်သူတစ်ယောက်အကြောင်း ဟာသဇာတ်လမ်းရေးနေတာပါလို့ ရှင်းပြပါတယ်။ ဘယ်လိုမြန်မာတွေပါလိမ့်နော်လို့ အော်ပြီး ညည်းလိုက်ချင်ပါရဲ့။

အမှန်တော့ ကံသုံးပါးကို ဉာဏ်အားနဲ့မယှဉ်နိုင်၊ မထိန်းနိုင်၊ ဦးဆောင်မှုမပြုနိုင်ကြရင် မြန်မာ့လူ့အဖွဲ့အစည်းမှာ ဒီမိုကရေစီကျင့်စဉ်တွေဟာလည်း ဘယ်လိုမျှ အောင်မြင်စွာ အမြစ်မတွယ်နိုင်ပါဘူး။ စိတ်မြန် လက်မြန် အပြုအမူတွေကြောင့် ကောင်းမွန်တဲ့ အုပ်ချုပ်မှုလည်း ဖြစ်မလာဘဲ သန့်ရှင်းတဲ့အစိုးရနဲ့ တစ်သက်တာဝေးကြရမှာပါ။

ဝန်ကြီးအဆင့်တာဝန်ယူတဲ့ ပုဂ္ဂိုလ်ကိုယ်တိုင် မိမိရဲ့ ဝစီကံအမှုကို ဉာဏ်ပညာနဲ့ မထိန်းသိမ်းနိုင်တော့ ဒုတိယအမျိုးအစား မြန်မာထဲမှာပါဝင်နေပါပြီ။ ပြည်ထဲရေးဝန်ကြီးဌာနအတွင်းမှာတောင် အချင်းချင်းတိုင်ကြားတဲ့ တိုင်ကြားစာပေါင်း ၄၀၀ အထိ ရှိတယ်လို့ ဒုတိယဝန်ကြီးက ဖေဖော်ဝါရီ ၁၄ ရက်က ကလေးမြို့မှာကျင်းပတဲ့ ဝန်ထမ်းများနဲ့ တွေ့ဆုံပွဲမှာပြောကြားခဲ့တယ်လို့ သိရှိရပါတယ်။ ဒုတိယဝန်ကြီးက မူးယစ်ဆေးဝါးဆိုတာ သိန်းထောင်ချီတန်ဖိုးရှိပြီး အမြတ်အစွန်းကြီးမားတာကြောင့် ဖမ်းဆီးတဲ့နေရာမှာ ငွေကြေးကိစ္စတွေ ရှိလာနိုင်တာမို့ ရဲတပ်ဖွဲ့ဝင်တွေ စိတ်ဓာတ်ပိုင်းဆိုင်ရာ ခိုင်မာကြဖို့ ပြောကြားခဲ့ကြောင်း `၁၆–၂–၂၀၁၄ နေ့ထုတ် 7Day Daily မှ ဖတ်ရှုခဲ့ရပါတယ်။ ဒါဟာ ရဲတပ်ဖွဲ့ဝင်တွေကို မြန်မာပီသကြဖို့ ပထမတန်းစား မြန်မာတွေဖြစ်ဖို့ ဒုတိယဝန်ကြီးက ပြောကြားလိုက်တာပဲ ဖြစ်ပါတယ်။

ဒုတိယဝန်ကြီးကပဲ မန္တလေးမြို့က ပထမတန်းစား မြန်မာရဲတပ်ဖွဲ့ဝင်တွေရဲ့အကြောင်း ပြောသွားခဲ့ပါတယ်။ မူးယစ်ဆေးအမှုနဲ့ တရားခံတစ်ယောက်ကို ဖမ်းတယ်။ အဲဒီရဲတပ်ဖွဲ့ဝင်ကို သိန်း ၃၀၀ ပေးတယ်။ မရဘူး ဖမ်းမှာပဲဆိုပြီးဖမ်းတော့ အဲဒီလူက သိန်းတစ်ထောင့်ငါးရာတိတိပေးတယ်။ ဒါပေမဲ့ဘယ်လောက်ပေးပေးမယူဘူး။ ဖမ်းမှာပဲဆိုပြီး ဖမ်းဆီးခဲ့ရာမှ သူနဲ့ဆက်စပ်တဲ့ လူတွေအားလုံးကို ဖော်ထုတ်နိုင်ခဲ့တယ်ဆိုတာကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံမှ ဝန်ထမ်းတွေ၊ ပြည်သူတွေထဲမှာ အသိဉာဏ်ရဲ့ ထိန်းကျောင်းမှုနဲ့ သွက်လက်လျင်မြန်ပြီး စိတ်ဓာတ်ခိုင်မာတဲ့ 'မြန်မာ' တွေရှိနေတယ်ဆိုတာ အထင်အရှား သက်သေပြလိုက်တာပါပဲ။ ထပ်မံပြီး သက်သေပြရရင် နိုင်ငံတစ်ဝန်းလုံးအပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်း ရေးစာချုပ်ချုပ်ဆိုနိုင်ဖို့ ဉာဏ်ပညာကြီးမားစွာနဲ့ ဆောင်ရွက်နေတဲ့ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားခေါင်းဆောင်များ၊ ဒီမိုကရေစီနိုင်ငံ တည်ထောင်ရာမှာ ပြည်သူတွေရဲ့ အခန်းကဏ္ဍကို မေးမှိန်စေတဲ့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြတဲ့ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်သူများဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးရှုခင်း၊ လူမှုရေးရှုခင်းအလှကို ဉာဏ်အားနဲ့ စုပေါင်းဖန်တီးနေကြတဲ့ စွမ်းဆောင်ရှင် မြန်မာများဖြစ်ကြောင်း အထင်အရှားတွေ့ရှိနိုင်ပါတယ်။ အလားတူ သက်သေပြနိုင်တဲ့ မြန်မာတွေဟာ အခြားနယ်ပယ်အသီးသီးမှာလည်း မထင်မရှားအများအပြား ရှိနေကြပါတယ်။

နိဂုံးချုပ်အားဖြင့် စာရေးသူတို့ မြန်မာပြည်သားတွေဟာ မိမိကိုယ်ကိုယ်မိမိ မြန်မာလို့ဆိုတဲ့နေရာမှာ ဘယ်လိုမြန်မာလဲဆိုတာကို ဆန်းစစ်ကြည့်ကြစေချင်ပါတယ်။ နေ့စဉ်ကံသုံးပါးနဲ့ ပြုသမျှကိစ္စတွေအားလုံးကို သတိတရားလက်ကိုင်ထားပြီး ဉာဏ်ရဲ့ထိန်းကျောင်းမှုအောက်မှာ လျင်မြန်သွက်လက်စွာ ဆောင်ရွက်တတ်တဲ့ ခွန်အားသန်မာသော မြန်မာများဖြစ်ကြပါစေ။ ဉာဏ်ရဲ့စေစားမှုကင်းပြီး စိတ်မြန်လက်မြန်ပြုမူလေ့ရှိတဲ့ အတ္တမာနစွမ်းအားသန်မာသော မြန်မာများမဖြစ်ကြပါစေနဲ့လို့ ဆုတောင်းလိုက်ရပါတယ်ခင်ဗျား။ ။

## JOKE

### ပိုက်ဆံအားလုံးပေး

၂၄ နာရီဖွင့်သော ၇–၁၁ ဆိုင်တစ်ဆိုင်သို့ အမျိုးသားတစ်ဦးဝင်လာပြီး အိတ်ကပ်ထဲမှ ဒေါ်လာ ၂၀ တန်တစ်ရွက်ထုတ်၍ အကြွေလဲပေးပါရန် ပြောသည်။ ကောင်တာစာရေးက အကြွေလဲပေးရန် စာရင်းကိုင်စက်ကို ဖွင့်လိုက်စဉ်မှာပင် အမျိုးသားက သေနတ်ဆွဲထုတ်၍ စက်အတွင်းရှိသော ပိုက်ဆံအားလုံးကို ထုတ်ပေးရန် ပြောလိုက်ရင် စာရေးကလည်း စက်ထဲတွင်ရှိသော ပိုက်ဆံအားလုံးကို လုံးထွေးပြီး အနုကြမ်းစီးသူ လက်ထဲထည့်ပေးလိုက်သည်။ အနုကြမ်းစီးသူ၏ ဒေါ်လာ ၂၀ တန်မှာကောတာတွင် ကျန်ရစ်ခဲ့ပြီး ကောင်တာစာရေးလုံးထွေးပေးလိုက်သော စက်ထဲမှာ ငွေအရေအတွက်မှာ ၁၅ ဒေါ်လာဖြစ်သည်။

### ပြိုင်ပွဲ

ကလေးငါးဦးရှိသော မိသားစုတွင် မိခင်ဖြစ်သူက မိသားစုဝင်အားလုံးကို ခေါ်ယူလိုက်ပြီး ယခုလိုပြောလိုက်သည်။ "အမေ့ပြောစကားကို နားထောင်ပြီး ချက်ချင်းထပြီး တိတ်ကျကျလုပ်ကိုင်ပေးတဲ့ သူကို အခုလာမယ့် စနေနေ့ကျရင် မုန့်ဖိုး ငါးဒေါ်လာပေးမယ်"ဟု မိခင်ကပြောရာ အငယ်ဆုံးသားလေးက "အဲဒါမတရားဘူး မေမေ။ အဲဒါဆိုရင် ဖေဖေပဲ လွယ်လွယ်နိုင်သွားမှာပေါ့"ဟု ပြောရင်း မျက်ရည်များကျလာတော့သည်။

ဆရာကြီးမင်းသိင်္ခ ၏
သူဌေး ဖြစ်တော့မည်
ထီထိုးနည်း နှင့်ထီပေါက်အောင်လုပ်နည်း
ဖော်ထုတ်ရေးသားသူ ဝင်းဇော် (သစ်တော)
ဒီဘဝမှာ ထီပေါက်ကံမပါတော့ပါဘူးဟု ဆိုနေသူများနှင့်
ထီပေါက်အောင်ဉာဏ်ကူလို့မရပါဘူးဟု ဆိုနေသူများ အတွက်
ထီအကျိုးပေး ကိန်းဂဏန်းရှာနည်း၊
အဓိဋ္ဌာန်ပြုနည်းနှင့်ကံပွင့်၊ ကံမြင့်ပညာယတြာပြုနည်းများ
မရမ်းတလင်းစာပေ – ဖုန်း–၀၁ ၅၄၃၂၉၇၊ ၀၉ ၅၁၀၀ ၂၉၆၅

UD Group
ကရိန်းဝန်ဆောင်မှုလုပ်ငန်း

50 Ton
30 Ton
28 Ton
26 Ton
25 Ton
16 Ton
15 Ton
8 Ton
3 Ton
H-216/32 ၊ ... မန္တလေး ။ 09-2050000, 09-6504700
... 067-24333 , 09-6504900

# Environment

7 DAY NEWS JOURNAL

Vol.13, No.2 • MARCH 12 , 2014


# ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး နိုင်ငံတကာအဖွဲ့သို့ မြန်မာဝင်ရန် လာမည့်ဘဏ္ဍာနှစ်တွင် လျှောက်လွှာတင်မည်

**ပြည်သိမ်း**

**ရန်ကုန်၊ မတ်-၈**

သဘာဝသယံဇာတများ တူးဖော်ထုတ်လုပ်ရာတွင် ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး နိုင်ငံတကာ (EITI)အဖွဲ့သို့ ဝင်ရောက်ရန် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄–၁၅ ဘဏ္ဍာနှစ်စတွင်လျှောက်လွှာတင်ရန် စီစဉ်ထားကြောင်း နိုင်ငံတော်သမ္မတ၏ စီးပွားရေး၊ လူမှုရေးအကြံပေး ကော်မတီအဖွဲ့ဝင် ဒေါက်တာ ဇော်ဦးက ပြောကြားသည်။

“သုံးပွင့်ဆိုင် အဖွဲ့တွေလည်း အကြိမ်ကြိမ် ဆွေးနွေးပြီးပြီ။ လျှောက်လွှာတင်ရေးကိုလည်း သဘောတူထားပြီ။ ဒါကြောင့် သကြၤန်မတိုင်မီမှာ လျှောက်လွှာတင်ဖို့ စီစဉ်ထားတာပါ”ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်မကုန်မီ EITI အဖွဲ့ဝင်ဖြစ်လာမည်ဟုလည်း ဒေါက်တာဇော်ဦးက ပြောကြားသည်။

နိုင်ငံတကာ (EITI)အဖွဲ့သို့ ဝင်ရောက်ခွင့်ရရှိရေးအတွက် အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ အပါအဝင် သုံးပွင့်ဆိုင်ဆွေးနွေးပွဲများကို ၂၀၁၂ ခုနှစ်မှ စတင်ကျင်းပခဲ့သည်။

ထို့အပြင် သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ကို ၂၀၁၄ ဖေဖော်ဝါရီ ၁၀ ရက်တွင် အစိုးရပိုင်းမှ ညွှန်ကြားရေးမှူးခြောက်ဦး၊ ပုဂ္ဂလိကမှ ခြောက်ဦးနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုးဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။

သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ကို ဖွဲ့စည်းထားသော်လည်း သယံဇာတ တူးဖော်ရေးအပိုင်းတွင် ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများက စိုးရိမ်နေသည်။

လက်ရှိအချိန်တွင် EITI စံချိန်မီအဖွဲ့ဝင်နိုင်ငံ ၂၃ နိုင်ငံရှိပြီး အစီရင်ခံစာ မတင်ရသေးသော အဖွဲ့ဝင်နိုင်ငံပေါင်း မြန်မာအပါအဝင် ၁၆ နိုင်ငံရှိသည်။

# တစ်နိုင်ငံလုံးရှိ ဝါးချစ်သူအသင်းဝင်များ ဧပြီလဆန်းတွင် တွေ့ဆုံပြီး ဝါးစိုက်ပျိုးပညာများ ဆွေးနွေးမည်

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ မတ်-၈**



*ရခိုင်ပြည်နယ် တစ်နေရာတွင် ဝါးဖောင်မျှောလာသည်ကို တွေ့ရစဉ်*

ဓာတ်ပုံ – မောင်ကံ

မြန်မာတစ်နိုင်ငံလုံးရှိ ဝါးချစ်သူအသင်းဝင်များ ဧပြီလဆန်းတွင် ဝါးစိုက်ပျိုးမှုနည်းပညာများနှင့် ပတ်သက်သည့် ဆွေးနွေးပွဲ ပြုလုပ်မည်ဟု သတင်းရရှိသည်။

ဝါးချစ်သူများ တွေ့ဆုံဆွေးနွေးပွဲတွင် ဇန်နဝါရီလက ဖွဲ့စည်းလိုက်သည့် ဝါးချစ်သူများအသင်းကို စနစ်တကျ ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ပြီး အသင်းကို တရားဝင်မှတ်ပုံတင်နိုင်ရန်လည်း လုပ်ဆောင်သွားမည်ဟု ဝါးချစ်သူများအသင်းမှ ဒေါ်ဒေဝီသန့်စင်က ပြောသည်။

ဝါးထွက်သည့် ဒေသများတွင် ဝါးကို အသုံးပြုသော်လည်း ဝါးကိုစနစ်တကျစိုက်ပျိုးရမည်ကို မသိရှိသည့်အတွက် ဝါးစိုက်ပျိုးမှုနည်းပညာများကို ဝါးထွက်ရှိသည့် ဒေသများတွင် သင်တန်းများပေးသွားမည်ဟု ဆိုသည်။

ဝါးနှင့်ပတ်သက်သည့် ထုတ်ကုန်များဖြင့် အိမ်နီးချင်းနိုင်ငံများမှ ဝင်ငွေအမြောက်အမြား ရရှိနေချိန်တွင် မြန်မာနိုင်ငံသည် ကမ္ဘာတွင် ဝါးပင်များ ပေါက်ရောက်မှုတွင် တတိယအများဆုံးနိုင်ငံဖြစ်သော်လည်းဝါးနှင့်ပတ်သက်သည့် ထုတ်ကုန်များ တင်ပို့နိုင်ခြင်း မရှိသေးပေ။

“ဝါးထုတ်ကုန်များ ဈေးကွက်က ကြီးနေပြီ။ ဝါးထုတ်ကုန်တွေ မပို့နိုင်ခင် အရင်သင်တန်းပေးရမယ်။ အများစုက ဝါးအစေ့က စိုက်လို့ရတယ်ဆိုတာ မသိကြသေးဘူး” ဟု ဒေါ်ဒေဝီသန့်စင်က ပြောသည်။

မြန်မာနိုင်ငံအနှံ့အပြားတွင် အလေ့ကျပေါက်ရောက်သည့် ဝါးပင်များသည် လူအများ၏ အလွန်အကျွံခုတ်ယူသုံးစွဲမှုကြောင့် ရှားပါးလာသည့်အတွက် ဝါးကို စနစ်တကျ စိုက်ပျိုး၍ အခြေခံကျေးလက်နေပြည်သူများကို ဝါးထုတ်ကုန်များနှင့် ပတ်သက်၍ နည်းပညာများကို ဖြန့်ဝေသွားရန် ရည်ရွယ်၍ ဝါးချစ်သူများအသင်းကို ဖွဲ့စည်းခဲ့သည်။




# Tourism

7Day News Journal

Vol.13, No.2 • MARCH 12 , 2014

# ကလောနှင့် အင်းလေးမှ ဒေသခံဧည့်လမ်းညွှန်များအား သင်တန်းပေးမည်

**ခန့်ထက်**

**ရန်ကုန်၊ မတ်-၈**

ကလောနှင့်အင်းလေးဒေသများမှ ဒေသခံဧည့်လမ်းပြများအားဧည့်လမ်းညွှန်ဆိုင်ရာ ပညာရပ်များကို ဗဟုသုတပေးရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းဥက္ကဋ္ဌ ဦးဖော်ဝင်းချိုကပြောကြားသည်။

တရားဝင် ဧည့်လမ်းညွှန်လိုင်စင်မရှိဘဲ နယ်မြေဒေသကျွမ်းကျင်မှုဖြင့်ဆောင်ရွက်နေသော ဒေသခံဧည့်လမ်းပြများကို စုစည်း၍ မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း၊ မြန်မာနိုင်ငံငှက်ကြည့်ဝါသနာရှင်များအသင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားရန်ရှိကြောင်းၾင်း ကပြောသည်။

“ဒီဗဟုသုတပေးရေးအစီအစဉ်ကို မေလလောက်မှာစနိုင်ပါမယ်။ အဓိကကတော့ ရှမ်းတောင်ဧည့်လမ်းညွှန်အသင်းက ဦးဆောင်ပြီးလုပ်သွားမှာ”ဟု ဦးဖော်ဝင်းချိုကဆိုသည်။



*ကလောမြို့တွင် တွေ့ရသည့် နိုင်ငံခြားသား ဧည့်သည်များ*

လက်ရှိတွင် အင်းလေးအပါအဝင် ရှမ်းပြည်နယ်တောင်ပိုင်းဒေသ၌ ယင်းကဲ့သို့ ဒေသခံဧည့်လမ်းပြလုပ်ငန်းလုပ်ကိုင်နေသော အဖွဲ့အစည်းပေါင်းသုံးဆယ်ခန့်ရှိကြောင်း မြန်မာနိုင်ငံဧည့်လမ်းညွှန်အသင်းမှသိရသည်။

ယခုကဲ့သို့ ဧည့်လမ်းညွှန်ဆိုင်ရာဗဟုသုတများကိုဆွေးနွေးပေးခြင်းဖြင့် ၎င်းတို့သည် နိုင်ငံခြားသားဧည့်သည်များနှင့်တိုက်ရိုက်ဆက်ဆံရာတွင် လွယ်ကူနိုင်ပြီး နိုင်ငံခြားသား ဧည့်သည်များအနေဖြင့် ဒေသအကြောင်း ပိုမိုလေ့လာနိုင်ရန် အထောက်အပံ့များရရှိနိုင်မည်ဖြစ်ကြောင်းဦးဖော်ဝင်းချိုက ပြောသည်။

အဆိုပါ ဒေသခံဧည့်လမ်းပြများသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ တရားဝင်သင်တန်းဖွင့်လှစ်ပြီး လိုင်စင်ရဧည့်လမ်းညွှန်များမဟုတ်သောကြောင့် ဧည့်လမ်းညွှန် အလုပ်ကို လုပ်ဆောင်၍ မရချေ။

သို့သော် ၎င်းတို့အတွက် အဆင်ပြေစေရန်အတွက် ဒေသခံဧည့်လမ်းညွှန်အဖြစ် သတ်မှတ်ပေးထားသည်။

# မြန်မာနိုင်ငံအား ကမ္ဘာ့အကောင်းဆုံး ခရီးစဉ်ဒေသအဖြစ် ဥရောပခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေးကောင်စီ ရွေးချယ်

**ခန့်ထက်**

**ရန်ကုန်၊ မတ်-၈**

ဥရောပခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေးကောင်စီက မြန်မာနိုင်ငံအား ကမ္ဘာ့အကောင်းဆုံး ခရီးစဉ်ဒေသအဖြစ် ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သတင်းရရှိသည်။

၂၀၁၄ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ခရီးစဉ်ဒေသအဖြစ် ရွေးချယ်ခံရခြင်းမှာ သမိုင်းအစဉ်အလာ ကြီးမားပြီး ယဉ်ကျေးမှုအမွေအနှစ်များရှိသော နေရာ၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးစဉ်ဒေသများဖြင့် ကမ္ဘာလှည့်ခရီးသည်များအား ပိုမိုဆွဲဆောင်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုတိုးတက်ရေးအတွက် အဆိုပါဆုကို ပေးအပ်ရခြင်းဖြစ်သည်ဟု ဟိုတယ်/ခရီးမှ သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံရရှိသော အကောင်းဆုံးခရီးစဉ်ဒေသဆုသည် ကမ္ဘာပေါ်ရှိ ခရီးသွားလုပ်ငန်းကဏ္ဍတွင် အမြင့်ဆုံးပေးသော ဆုဖြစ်ပြီး ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့၊ UNESCO နှင့် ဥရောပသမဂ္ဂခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်ရေးကောင်စီ (ECTT) တို့က သတ်မှတ်ရွေးချယ်ခြင်း ဖြစ်သည်။

အဆိုပါဆုကို ခရီးသွားလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်များ၊ နိုင်ငံခြားသား ဧည့်သည်များ၏ လုံခြုံမှု၊ နိုင်ငံ၏ ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု စသည့်အချက်များကို နိုင်ငံများက လိုက်နာမှုအပေါ် မူတည်၍ ၂၀၀၇ ခုနှစ်က စတင်၍ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

လက်ရှိတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ကဏ္ဍမြင့်တက်လာပြီး ၂၀၁၃ နှစ်ကုန်တွင် နိုင်ငံခြားသား ဧည့်သည် နှစ်သန်းကျော် ဝင်ရောက်ခဲ့သည်။ ၂၀၁၄ တွင်လည်း သုံးသန်းအထိ ဝင်ရောက်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ဟိုတယ်/ခရီးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မြန်မာ့ ခရီးသွားလုပ်ငန်း ပင်မစီမံကိန်းကိုလည်း ရေးဆွဲပြီးဖြစ်ရာ စီမံကိန်း ၃၈ ခုအဖြစ် ဒေသအသီးသီးတွင် ဆောင်ရွက်သွားမည်ဖြစ်၍ ၂၀၂၀ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသား ခရီးသည်ဦးရေ ခုနစ်သန်းခွဲအထိ ရောက်နိုင်ရန် ဝန်ကြီးဌာနက ခန့်မှန်းထားသည်။

ထို့အပြင် ဥရောပ မဂ္ဂဇင်းတစ်စောင်ဖြစ်သော Wanderlust Travel က ကမ္ဘာ့နိုင်ငံ အသီးသီးအနက် ခရီးသွားလာရန်အကောင်းဆုံးနေရာအဖြစ် ရွေးချယ်ရာ နံပါတ်တစ်အဖြစ် မြန်မာနိုင်ငံအား သတ်မှတ်ခဲ့သည်။



7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

# Cartoon

























7DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

# ''မော်စကိုဘက်ကလုပ်ရပ်တွေက ယူကရိန်းနိုင်ငံသားတွေကို ညီညွတ်သွားစေပြီး ရုရှားဆီကနေ ဝေးကွာသွားစေပါလိမ့်မယ်''

## ယူကရိန်းနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့်ဆွေးနွေးခြင်း



ကျော်မျိုး

ခရိုင်းမီးယားမှာ ရုရှားတပ်တွေဝင်ရောက်နေရာယူထားတာကြောင့် ယူကရိန်းအခြေအနေဟာပိုမိုရှုပ်ထွေးလာနေပြီးဖြစ်စဉ်တွေက လျင်မြန်စွာဖြစ်လာနေပါတယ်။ တစ်ရက်၊ နှစ်ရက်တာအတွင်းမှာပဲလုံးဝမထင်မှတ်ထားတဲ့ စစ်ပွဲဆီကိုတောင်ဦးတည်သွားနေနိုင်ပါတယ်။ မတ်လ ၇ ရက်အထိ နောက်ဆုံးဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ပြောရရင်တော့ ခရိုင်းမီးယားဒေသကို နိုင်ငံတကာလေ့လာသူတွေ ဝင်ခွင့်မရခဲ့တာ နှစ်ရက်ရှိသွားပါပြီ။ ယူကရိန်းမှ ခရိုင်းမီးယားခွဲထွက်သင့်၊ မသင့် မတ်လ ၁၆ ရက်မှာ ပြည်သူ့ဆန္ဒခံယူပွဲကျင်းပမယ်လို့ခရိုင်းမီးယားအာဏာပိုင်တွေက ကြေညာခဲ့တယ်။ ဒါကို ရုရှားအထက်လွှတ်တော်ကလည်း ထောက်ခံခဲ့တဲ့အတွက်အခြေအနေတွေပိုမိုရှုပ်ထွေးလာဖို့ ရှိနေပါတော့တယ်။ ယူကရိန်းကြားဖြတ်အစိုးရအဖွဲ့ဝန်ကြီးချုပ် အာဆင်နီယတ်ဆင်ယွတ်ကတော့အမေရိကန်ရုပ်သံစီအင်န်ဘီစီနဲ့ တွေ့ဆုံမှုမှာ ဒီလိုခွဲထွက်ဖို့ကြံစည်တာဟာ တရားဝင်မှာမဟုတ်ဘူး။ မြောက်ကိုရီးယား၊ ဆီးရီးယားနဲ့ ဗင်နီဇွဲလားတို့ကလွဲလို့ ဘယ်နိုင်ငံကမှ အသိအမှတ်ပြုထောက်ခံမယ်မဟုတ်ဘူး။ ခရိုင်းမီးယားဟာ ယူကရိန်းပိုင်နက်အဖြစ်ရှိနေခဲ့တယ်၊ဆက်ဖြစ်နေမယ်လို့ အပြတ်ပြောခဲ့ပါတယ်။ ဒါကြောင့် စီအင်န်အင်န်သတင်းဌာနမှ ဟာလာဂိုရန်နီက ကိဗ်မြို့တော်မှာရှိနေတဲ့ ယူကရိန်းနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီး ဂျော်ဖရီပိုင်ယတ်ထံ ဖုန်းနဲ့ဆက်သွယ်ပြီး မေးမြန်းထားတာကို ပြန်လည်ဝေမျှပေးလိုက်ပါတယ်။

**ခရိုင်းမီးယားဒေသကမတ်၁၆ရက်မှာပြည်သူ့ဆန္ဒခံယူပွဲကျင်းပပြီးယူကရိန်းကခွဲထွက်လို့ ရုရှားဖက်ဒရေးရှင်းထဲပြန်ဝင်မယ်ဆိုရင် ဘာတွေဖြစ်လာနိုင်မလဲသံအမတ်ကြီးခင်ဗျာ။**

ဟုတ်ကဲ့။ အဲဒါမှန်းရခက်ပါတယ် ဟာလာရေ။ ဒါပေမဲ့ ရှင်းလင်းနေတဲ့ကိစ္စ တစ်ခုကတော့ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ အမေရိကန်ပြည်ထောင်စုကပူပန်နေသလို၊ ယူကရိန်းအစိုးရကလည်း ပူပန်နေတာမို့ ခရိုင်းမီးယားဒေသဟာဒီနိုင်ငံရဲ့အစိတ်အပိုင်းအဖြစ်ဆက်ရှိနေပါလိမ့်မယ်။

**ဒါဆို ဆန္ဒခံယူပွဲကို မြန်မြန်လုပ်လိုက်ဖို့ ခရိုင်းမီးယားပါလီမန်ရဲ့ ဒီအရွှေ့နောက်ကွယ်မှာ မော်စကိုက တိုက်ရိုက်ကျကျရှိနေတယ်လို့ သံအမတ်ကြီးထင်ပါသလား။**

ဒါပြောဖို့ ခက်ပါတယ်။ ဆိုလိုတာက ဒီကိစ္စနဲ့ပတ်သက်လို့ မော်စကိုနဲ့ ကျွန်တော်တို့ လုပ်ဆောင်နေတာတွေက အခုထက်ထိတော့ ခင်ဗျားတို့အစောပိုင်းက ဖော်ပြခဲ့တဲ့အတိုင်း နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီနဲ့ သမ္မတ အိုဘားမား၊ဒုသမ္မတတို့အားလုံးဟာ ဒီအကျပ်အတည်းက ထွက်နိုင်ဖို့ လမ်းလွှဲတစ်ခုကိုရှာတွေ့ဖို့ ကြိုးစားနေကြပါတယ်။ရုရှားကစိုးရိမ်ပူပန်မှုတွေဖော်ပြတာနဲ့ ခရိုင်းမီးယားမှာ ရုရှားရဲ့ တရားဝင်အကျိုးစီးပွားတွေကို ဖြေရှင်းနိုင်မယ့် သံတမန်ရေးနည်းလမ်းတွေ ဖော်ထုတ်နိုင်ဖို့လည်း ကြိုးစားနေပါတယ်။ ဒါပေမဲ့ ကျွန်တော် သေချာပြောနိုင်တာကတော့ ဒီလိုဆန္ဒခံယူပွဲလုပ်မယ်လို့ ကြေညာလိုက်တာက အဲဒီပန်းတိုင်ကို အသာစီးရသွားစေမယ့်နည်းလမ်းတော့ လုံးဝမရှိပါဘူး။ အမှန်ကတော့ ဆန္ဒခံယူပွဲနဲ့တခြားနည်းလမ်းတွေကိုပေါင်းစပ်ပြီး ခရိုင်းမီးယားမှာ ဆုပ်ကိုင်ထားမှု တင်းကျပ်ဖို့ ကြိုးစားတာတာတွေက နောက်ပြန်လှည့်တဲ့ ခြေလှမ်းတွေဖြစ်ပါတယ်။

**ဒီတော့သံအမတ်ကြီးအနေနဲ့မျှော်လင့်ချက်ရှိနေဆဲလား။ အခြေခံအားဖြင့် အခြေအနေက တင်းမာမှုတွေ လွင့်ပါးသွားမယ့်အနေအထားမရှိတော့ဘူးဆိုပေမယ့် မျှော်လင့်နေဆဲလား။တကယ်လို့ဒီဆန္ဒခံယူပွဲကြေညာချက်နဲ့အတူအခြေအနေကတင်းမာခဲ့မယ်ဆိုရင်လေ။**

ဟုတ်ကဲ့။ ဒီမှာကျွန်တော်တို့တတ်နိုင်သမျှကြိုးစားပြီးသံတမန်ရေးလမ်းကြောင်းဖော်ဖို့ လုပ်နေပါတယ်။နိုင်ငံတကာလေ့လာသူတွေနဲ့ ဒီကိစ္စကို လုပ်နိုင်ဖို့ ဥရောပမိတ်ဖက်တွေနဲ့လည်းကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ကံမကောင်းစွာဘဲကုလကိုယ်စားလှယ် သံအမတ်ဟာ ခရိုင်းမီးယားကနေပြီးခဲ့တဲ့ညကပဲ နှင်ထုတ်ခံခဲ့ရပါတယ်။

ပြီးတော့လည်း ဗီယင်နာကလေ့လာသူတွေ၊ OSCE က စစ်ရေးလေ့လာသူတွေဟာယူကရိန်းအာဏာပိုင်အစိုးရက ဖိတ်ကြားခဲ့လို့ ခရိုင်းမီးယားကို ဒီနေ့နေ့လယ်ပိုင်း ရောက်သွားပေမယ့် ဝင်ခွင့်မရခဲ့ပါဘူး။ ဒါကြောင့် စိုးရိမ်မှုတွေအများကြီးရှိနေပါတယ်။ ဒါပေမဲ့ သံတမန်ရေးအရ ကြိုးပမ်းမှုကိုတော့ကျွန်တော်တို့လက်မလျှော့ပါဘူး။

ဘာကြောင့်လဲဆိုတော့ ကာလရှည်အနေနဲ့ဆိုရင် ရုရှားဟာ အမေရိကန်လိုပဲ ယူကရိန်းရဲ့ အိမ်နီးချင်းအားလုံးလိုပဲအချုပ်အခြာအာဏာပိုင်မှုရှိတဲ့၊ စုစည်းညီညွတ်တဲ့၊ တည်ငြိမ်တဲ့တိုင်းပြည်တစ်ခုမှာ အကျိုးစီးပွားရှိလို့ ဖြစ်ပါတယ်။

**ဒါပေမဲ့ အခုအချိန်ထိတော့ သံတမန်တွေဟာဘာမှမလုပ်နိုင်ခဲ့သေးပါဘူး သံအမတ်ကြီး။**

မဟုတ်ပါဘူး။ ဒီနေ့မှာပဲ နောက်ထပ်ခြေလှမ်းတွေ လုပ်ဆောင်ဖို့ကြေညာချက်ထုတ်နိုင်ခဲ့ပါတယ်။ ခင်ဗျားတို့ သတင်းတွေမှာ အစောပိုင်းက ဖော်ပြခဲ့သလိုပါပဲ။သမ္မတကထုတ်ပြန်တဲ့အမိန့်ပေါ့လေ။ ယူကရိန်းရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေပိုင်နက်ပေါင်းစည်းထားမှုကို ခြိမ်းခြောက်တဲ့သူတွေကို အရေးယူပိတ်ဆို့မှုတွေလုပ်သွားဖို့ပါ။

ဒါ့အပြင် ကျွန်တော်တို့ဟာ ယူကရိန်းအချုပ်အခြာအာဏာနဲ့ နယ်မြေပေါင်းစည်းမှုကို ခြိမ်းခြောက်တာတွေနဲ့ တွဲဖက်ပတ်သက်တဲ့ မည်သူမဆိုကို အမေရိကန်ပြည်ဝင်ခွင့်ဗီဇာ ပိတ်ပင်ဖို့လည်း လုပ်ခဲ့ပါတယ်။

**ပြောရရင် ဒီပိတ်ဆို့မှုကို တော်တော်လေးသေးငယ်တဲ့ ခြေလှမ်းတစ်ရပ်လိုပါပဲ။ အီးယူကိုယ်တိုင်ကလည်း အခုထက်ထိ ပိတ်ဆို့မှုတွေကို မလုပ်ရသေးပါဘူး။ ကျွန်တော်ဆိုလိုတာက ဒီလိုဖိအားပေးမှုဟာ တကယ်ပဲ အနောက်နိုင်ငံတွေကို သူတို့လိုချင်တဲ့ ပန်းတိုင်ရောက်အောင်ကူညီနိုင်ပါ့မလား။ ရုရှားဘက်က စစ်ရေးအရပြန်ရုပ်သိမ်းတာ၊ ခရိုင်းမီးယားကို ထိန်းချုပ်ထားတာကနေပြန်လက်လွှတ်ပေးတာမျိုးကို ဖြစ်စေပါ့မလားပေါ့။ဒီပိတ်ဆို့မှုလေးတွေကလက်တွေ့ဆန်ပါ့မလား။**

ဟုတ်ကဲ့။ ခင်ဗျားမှတ်မိဖို့ အရေးကြီးဆုံးအချက်ကတော့ ယနေ့အခါမှာ ရုရှားဟာ တော်တော်ကြီးအထီးကျန်လာခဲ့ပြီဆိုတာပါ။ ဒီတစ်ပတ် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေးမှာ အဲဒါအထင်အရှားပါပဲ။ တရုတ်ကိုယ်စားလှယ်ဘက်က ယူကရိန်းအချုပ်အခြာအာဏာကိုကာကွယ်တဲ့ထုတ်ပြန်ချက်ကိုခင်ဗျားတို့ကြည့်လိုက်ရင် ထူးခြားတာတွေ့ရမှာပါ။ နိုင်ငံတကာအသိုင်းအဝိုင်းတစ်ခုလုံးကလည်း စစ်ရေးကျူးကျော်မှုလို့ပဲ မြင်လို့ရတဲ့ ဒီကိစ္စနဲ့ပတ်သက်လို့ စိုးရိမ်ကြောင်း ဖော်ပြခဲ့ပါတယ်။ ရုပ်သံဌာနတွေကို သိမ်းပိုက်လိုက်တာ၊ တရားမဝင်တဲ့ ပြည်သူ့ဆန္ဒခံယူပွဲလုပ်ဖို့ ပြင်ဆင်တာတွေကြောင့် ရုရှားဟာ သူကိုယ်တိုင်ပဲ ဒီလုပ်ရပ်တွေလုပ်ရင်းနဲ့အထီးကျန်သလိုဖြစ်လာနေတာပါ။ဒါပေမဲ့ကျွန်တော်တို့ဆက်ပြီးစေ့စပ်ဆွေးနွေးနေဦးမှာပါ။

**ဟုတ်ကဲ့။ ယူကရိန်းကြားဖြတ်အစိုးရရဲ့ စီးပွားရေးဝန်ကြီးကလည်း သူကိုယ်တိုင်နဲ့ရုရှားက စီးပွားရေးဝန်ကြီးနဲ့ အခြားအစိုးရအဖွဲ့ဝင်တွေကြားမှာ တိုက်ရိုက် ပြောဆိုဆွေးနွေးနေတဲ့လမ်းကြောင်းတစ်ခုရှိနေတယ်လို့ ပြောပါတယ်။ ဥပမာအားဖြင့် ယူကရိန်းကြားဖြတ်ဝန်ကြီးချုပ်ဟာလည်း ရုရှားဝန်ကြီးချုပ် မက်ဗီဒက်နဲ့ စကားပြောဖြစ်ခဲ့တယ်ဆိုတော့ မော်စကိုနဲ့ ကိဗ်က ကြားဖြတ်အစိုးရတို့ကြားမှာဆွေးနွေးပြောဆိုမှုတွေတော့ရှိနေတဲ့ပုံပါပဲ။ ဒါမျိုးကသံအမတ်ကြီးကို စိတ်အားတက်စေပါသလား။ဘာတွေအလျှော့ပေးနိုင်ကြမလဲလို့ ထင်ပါသလဲခင်ဗျ။**

တကယ်ပဲအားတက်စေတာပေါ့။ မော်စကိုနဲ့ ကိဗ်ကြားမှာ ဆွေးနွေးမှုစတင်ခဲ့တာကို ကျွန်တော်တို့ အလွန်ထောက်ခံအားပေးပါတယ်။ ဒီလိုမျိုးတိုက်ရိုက်ဆွေးနွေးပြောဆိုမှုကတစ်ဆင့် ရုရှားနဲ့ ယူကရိန်းတို့ဟာ သူတို့ရဲ့ ဆက်ဆံရေးကို တည်ငြိမ်အောင်လုပ်နိုင်မယ်လို့ ထင်ပါတယ်။ ယူကရိန်းဟာ ရုရှားနဲ့ ခိုင်မာတဲ့ ဆက်ဆံရေးရှိဖို့ လိုတယ်လို့ ကျွန်တော်တို့ သေချာယုံကြည်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ရုရှားက ဒီနေရာမှာ ကြီးမားတဲ့ အခန်းကဏ္ဍကနေပါဝင်နေလို့ပါ။

**ဒါဆို ဒီကိစ္စက သမ္မတပူတင်ပေါ်မှာပဲတကယ်မူတည်နေတာလို့သံအမတ်ကြီး ထင်ပါသလား။ တချို့လူတွေကတော့ ပြီးခဲ့တဲ့သီတင်းပတ်တွေအတွင်း သူ့လုပ်ရပ်တွေကိုကြည့်ပြီးသူဟာဆိုဗီယက်ယူနီယံရဲ့ အစိတ်အပိုင်းတွေကို ပြန်စုစည်းဖို့ ကြိုးစားနေတယ်လို့ စွပ်စွဲနေကြပါတယ် ။**

ဟုတ်ကဲ့။ ပထမမေးခွန်းနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင်တော့ ဒီကိစ္စကို မော်စကိုမှာ ဘယ်သူက ဦးဆောင်ဆုံးဖြတ်နေသလဲဆိုတာကို ကျွန်တော် တကယ်မသိပါဘူး။ဒါပေမဲ့ထပ်ပြောရရင် ဘယ်သူကပဲပွဲကိုကြာရှည်အောင်ဆက်ကစားနေပါစေ။ သူတို့ဟာ ရုရှားအကျိုးစီးပွား ဘယ်မှာရှိတယ်ဆိုတာရယ်၊ ယူကရိန်းနဲ့ အပြန်အလှန် ရေရှည်ဆက်ဆံရေးရှိရမယ့်နေရာကဘယ်နေရာဆိုတာရယ်ကို သိကြမှာပါ။ ဒီကိစ္စမှာ မော်စကိုဘက်က လုပ်ခဲ့တဲ့လုပ်ရပ်တွေ၊ဆက်လုပ်ဦးမယ့်လုပ်ရပ်တွေကယူကရိန်းနိုင်ငံသားတွေကို စည်းလုံးညီညွတ်သွားစေပြီးယူကရိန်းကို ရုရှားဆီကနေ ဝေးကွာသွားစေပါလိမ့်မယ်။ ပြီးခဲ့တဲ့ညကလည်းနိုင်ငံအရှေ့ပိုင်းဒိုးနက်စ်မြို့မှာ လူပေါင်းတစ်သောင်းလောက်ပါတဲ့ဆန္ဒပြပွဲကြီးတစ်ရပ်ဖြစ်ခဲ့တာတွေ့ရမှာပါ။ အဲဒီပွဲက ရုရှားစကားပြောတဲ့ မြို့မှာဖြစ်တဲ့ ရုရှားဆန့်ကျင်ရေးဆန္ဒပြပွဲပါ။ဘာကြောင့်လဲဆိုတော့ လူတွေက သူတို့ အချုပ်အခြာအာဏာပိုင်နေရာလို့ သတ်မှတ်ထားတဲ့နေရာမှာ စစ်ရေးအရကျူးကျော်မှုကို မကြိုက်ကြလို့ပါ။

*—Ref: Hala Gorani:Interview with U.S. ambassador to Ukraine,6th March.CNN.*



REMO CASILLI/ REUTERS

## Leader's Profile

# အီတလီနိုင်ငံ၏ အသက်အငယ်ဆုံးဝန်ကြီးချုပ် မက်တီယိုရန်ဇီ

မက်တီယိုရန်ဇီသည် အီတလီနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ အီတလီဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ ၂၀၁၃ ခုနှစ်မှစ၍ ဒီမိုကရက်တစ်ပါတီ၏ အတွင်းရေးမှူးဖြစ်လာခဲ့သူ ရန်ဇီသည် ၂၀၀၉ မှ ၂၀၁၃ ခုနှစ်အထိ ဖလော်ရင့်မြို့၏ မြို့တော်ဝန်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၄ မှ ၂၀၀၉ ခုနှစ်အတွင်းဖလော်ရင့်ပြည်နယ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

ရန်ဇီကို ၁၉၇၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်က ဖလော်ရင့်မြို့တွင် မွေးဖွားခဲ့ပြီး ဖလော်ရင့်မြို့မှာပင် ကျောင်းတက်၍ ဖလော်ရင့် တက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် အီတလီပြည်သူ့ပါတီသို့ ဝင်ရောက်ခဲ့သူ ရန်ဇီသည် ၁၉၉၉ ခုနှစ်တွင် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဖြစ်လာသည်။ ၂၀၀၄ ခုနှစ်တွင် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ ဗဟိုနှင့် လက်ဝဲယိမ်း မဟာမိတ်အဖွဲ့ကိုယ်စားလှယ်အဖြစ် ထောက်ခံမဲ ၅၉ ရာခိုင်နှုန်းရရှိခဲ့ခြင်းဖြစ်သည်။

ဖလော်ရင့်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ငါးနှစ်ပြည့်မြောက်ချိန်တွင် ဒီမိုကရက်တစ်ပါတီဝင်ဖြစ်နေပြီဖြစ်သော ရန်ဇီက ဖလော်ရင့် မြို့တော်ဝန်ရွေးကောက်ပွဲ၌ အနီးဆုံးပြိုင်ဘက် ဂျီယိုဗန်နီဂယ်လီအပေါ် ၄၈ ရာခိုင်နှုန်းထောက်ခံမှုဖြင့် အနိုင်ရရှိခဲ့သည်။ ဖလော်ရင့်မြို့တော်ဝန်ဖြစ်လာပြီး တစ်နှစ်အကြာ အမျိုးသားလူထုထင်မြင်ချက် စစ်တမ်းများတွင် လူကြိုက်များလာခဲ့ရာ ရန်ဇီက အီတလီနိုင်ငံရေးအကြောင်း ဆွေးနွေးရန် ဖလော်ရင့်မြို့ လီယိုပိုလ်ဒါ အားကစားကွင်းတွင် လူထုအစည်းအဝေးတစ်ရပ် ခေါ်ယူခဲ့သည်။ ယင်းမတိုင်မီကပင် ၎င်းတို့၏ပါတီမှာ ပြောင်းလဲမှုလိုအပ်သည်ဟု ပြောကြားခဲ့သည်။ ၂၀၁၁ ခုနှစ်တွင်လည်း ရန်ဇီက ထပ်မံ၍ လူထုအစည်းအဝေးပွဲပြု လုပ်ပြီး ဆွေးနွေးရန် အချက်ပေါင်း ၁၀၀ ကို ချရေးခဲ့သည်။ ထိုအချိန်ခန့်မှာပင် ဝန်ကြီးချုပ်ဘာလူစကိုနီနှင့် တန်းတူမျိုးဆက် အီတလီနိုင်ငံရေးသမားများအားလုံး အနားယူသင့်သည်ဟု အကြံပြုခဲ့၍ ၎င်း၏ပါတီတွင်း ဝေဖန်မှုများကြုံတွေ့ခဲ့သည်။

ယင်းနောက်တွင် ၂၀၁၃ အထွေထွေရွေးကောက်ပွဲ၌ ဗဟိုနှင့် လက်ဝဲယိမ်းအဖွဲ့ကိုဦးဆောင်သွားရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ရန်ဇီက ကြေညာခဲ့သည်။ ၂၀၁၃ ခုနှစ် ဧပြီလတွင် ရန်ဇီက ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူးနေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရရှိခဲ့သည်။ ယင်းအတွက် ရန်ဇီမှာ အီတလီဝန်ကြီးချုပ်နေရာ ယှဉ်ပြိုင်ရန် ဗဟိုနှင့် လက်ဝဲယိမ်းအဖွဲ့၏ ကိုယ်စားလှယ်လောင်းအဖြစ် ပေါ်ထွက်လာခဲ့သည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများအတွင်း ရန်ဇီနှင့် အီတလီဝန်ကြီးချုပ် အင်ရီကိုလက်တာတို့ကြား ခေါင်းဆောင်မှု တင်းမာခြင်းသတင်းများ ဆက်တိုက်ထွက်ပေါ်ခဲ့ပြီးနောက် ၎င်း၏ အနေအထားကို ရှင်းလင်းစွာ ရပ်တည်ရေး ဝန်ကြီးချုပ်အင်ရီကိုလက်တာက ရန်ဇီအား ပြောကြားသည်။ ရန်ဇီက နောက်ပိုင်းတွင် ဒီမိုကရက်တစ်ပါတီခေါင်းဆောင်များအား အစည်းအဝေးခေါ်ယူခဲ့သည်။ ယင်းအစည်းအဝေးမစတင်မီမှာပင် ဝန်ကြီးချုပ်လက်တာရာထူးမှနုတ်ထွက်ရန် ရန်ဇီက လူသိရှင်ကြား ပြောကြားခဲ့သည်။

နုတ်ထွက်ရန် ပြောကြားမှုကို အစပိုင်းတွင် အင်ရီကိုလက်တာက ငြင်းဆန်ခဲ့သော်လည်း ရန်ဇီ၏ တင်ပြမှုဖြင့် အစည်းအဝေး၌ မဲခွဲဆုံးဖြတ်လိုက်ပြီးနောက် သမ္မတနာပိုလီတာနိုထံ နုတ်ထွက်စာတင်သွားမည်ဟု ဝန်ကြီးချုပ် အင်ရီကိုလက်တာက ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်အင်ရီကိုလက်တာက ဖေဖော်ဝါရီ ၁၄ ရက်တွင် သမ္မတထံ တင်သွင်းပြီးနောက် သမ္မတနာပိုလီတာနိုက အစိုးရဖွဲ့စည်းရန် ရန်ဇီကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ပြောကြားခဲ့သည်။ ရန်ဇီက ၎င်း၏ အစိုးရအဖွဲ့ကို ဖေဖော်ဝါရီ ၂၁ ရက်တွင် ထုတ်ဖော်ကြေညာခဲ့သည်။ သို့ဖြင့် ရန်ဇီ(၃၉)နှစ်သည် ၁၈၆၁ ခုနှစ် ပြန်လည်ပေါင်းစည်းရေးကာလ နောက်ပိုင်းမှစ၍ အီတလီနိုင်ငံ၏ အသက်အငယ်ဆုံး ဝန်ကြီးချုပ်နှင့် ပါလီမန်အမတ်တစ်ဦးမဟုတ်ဘဲ မြို့တော်ဝန်တာဝန်ထမ်းဆောင်ရင်း နိုင်ငံကိုခေါင်းဆောင်ခွင့်ရသော ပထမဆုံးပုဂ္ဂိုလ်ဖြစ်လာသည်။

မက်တီယိုရန်ဇီသည် ကျောင်းဆရာမဇနီးသည် လန်ဒီနီနှင့် သားနှစ်ဦး၊ သမီးတစ်ဦး ထွန်းကားခဲ့သည်။

*—Ref: Wikipedia*

# ဆိုက်ဘာသူလျှိုဆော့ဖ်ဝဲတိုက်ခိုက်မှုကြောင့် အမေရိကန်နှင့် ဥရောပတွင် ထိခိုက်ဆုံးရှုံးမှုများရှိ

**လန်ဒန်၊ မတ်-၈**

ယနေ့ခေတ်တွင် တွေ့ရှိသော အရှုပ်ထွေးဆုံး ဆိုက်ဘာသူလျှိုဆော့ဖ်ဝဲများအနက် တစ်ခုဖြစ်သည့် အဆင့်မြင့်သူလျှိုဆော့ဖ်ဝဲတစ်ခုသည် အမေရိကန်နှင့် ဥရောပတစ်ဝန်းရှိ အစိုးရကွန်ပျူတာ ရာပေါင်းများစွာသို့ တိတ်တဆိတ်ကူးစက်ပျံ့နှံ့ခဲ့သည်။

'Turla'ဟု ကျယ်ပြန့်စွာ သိရှိထားသည့် ယင်းအန္တရာယ်ပေးသည့် ဆော့ဖ်ဝဲကို ရုရှားအစိုးရဖြန့်ဝေသည်ဟု ယုံကြည်ကြောင်း လုံခြုံရေးသုတေသီများနှင့် အနောက်နိုင်ငံများ၏ ထောက်လှမ်းရေးအရာရှိများစွာကပြောသည်။ အမေရိကန်စစ်ဘက်ဆိုင်ရာ ကွန်ပျူတာများသို့ ချိုးဖောက်ဝင်ရောက်ခဲ့သည့် ၂၀၀၈ ခုနှစ်အတွင်း တွေ့ရှိခဲ့သော အမျိုးအစားတူ ဆော့ဖ်ဝဲနှင့် ချိတ်ဆက်မှုရှိသည်ဟု ၎င်းတို့ကပြောသည်။

သံတမန်ရေး၊ စစ်ရေးနှင့် နျူကလီးယား သုတေသနကွန်ရက်များကို ပစ်မှတ်ထားခဲ့သည့် Red October ဟုခေါ်သော ကမ္ဘာလုံးဆိုင်ရာ ဆိုက်ဘာသူလျှိုလုပ်ငန်းစဉ်နှင့်လည်း Turla ဆော့ဖ်ဝဲမှာ ချိတ်ဆက်မှုရှိသည်။

"အဲဒါက အဆင့်မြင့်အန္တရာယ်ရှိတဲ့ ဆော့ဖ်ဝဲတစ်ခုပါ။ တခြား ရုရှားနိုင်ငံရေး အမြတ်ထုတ်မှုတွေနဲ့ ချိတ်ဆက်မှုရှိပါတယ်။ အနောက်နိုင်ငံအစိုးရတွေကို ပစ်မှတ်ထားဖို့နဲ့ ဝှက်စာရေးသွင်းဖို့ အသုံးပြုတာပါ။ အဲဒီ ဆော့ဖ်ဝဲမှာ ရုရှားနိုင်ငံရဲ့ ခြေရာလက်ရာတွေ တွေ့ရပါတယ်"ဟု ဝါရှင်တန်ရှိ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာမှုဌာနမှ ထိပ်တန်းအရာရှိ ဂျင်းလီဝစ်ကပြောသည်။

ရုရှားနိုင်ငံက ယင်းသို့ လုပ်ဆောင်ခဲ့ကြောင်း မပြောပါက ယင်းသံသယရှိမှုများကို သက်သေပြရန် မဖြစ်နိုင်ဟု လုံခြုံရေးကျွမ်းကျင်သူများကပြောသည်။ ဆော့ဖ်ဝဲ ရေးသားသူများမှာ ၎င်းတို့မည်သူမည်ဝါဖြစ်ကြောင်း ဖုံးကွယ်နိုင်သော နည်းစနစ်များ မကြာခဏအသုံးပြုလေ့ရှိသည်။

ယင်းဗိုင်းရပ်စ်ဆော့ဖ်ဝဲနှင့် ပတ်သက်၍ လူသိနည်းသော ဂျာမန်ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်း G Data က အစီရင်ခံစာတစ်စောင် ထုတ်ဝေလိုက်ပြီးနောက် ယခုသီတင်းပတ်အတွင်း ယင်းဗိုင်းရပ်စ်ခြိမ်းခြောက်မှုအကြောင်း သိရှိလာခြင်းဖြစ်သည်။ ယင်းဗိုင်းရပ်စ်ဆော့ဖ်ဝဲကို G Data လုပ်ငန်းက ကိုယ့်အမြီးကို ကိုယ်စားသော နဂါးတစ်ကောင်၏ ဂရိသင်္ကေတကို ရည်ညွှန်းပုံပေါ်သည့် လျှို့ဝှက်ထည့်သွင်းထားသော အမည်ဖြစ်သည့် Uroburos ဟု ခေါ်သည်။

အမေရိကန်စစ်ဌာနချုပ်နှင့် အမေရိကန်ပြည်တွင်းလုံခြုံရေး အာဏာပိုင်များ ပြောကြားသော မှတ်ချက်များကို ရုရှားဖက်ဒရယ်လုံခြုံရေးအဖွဲ့က ငြင်းဆန်ထားသည်။

*—Ref: Reuters*

# Newsweek မဂ္ဂဇင်း ပုံနှိပ်ထုတ်ဝေမှု ပြန်လည်စတင်

**နယူးယောက်၊ မတ်-၈**

အမေရိကန် အပတ်စဉ်ထုတ်မဂ္ဂဇင်း Newsweek သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ပုံနှိပ်ထုတ်ဝေခြင်း ရပ်ဆိုင်းခဲ့ပြီးနောက် ၂၀၁၄ ခုနှစ် မတ်လ ၇ ရက်တွင် ပြန်လည်ပုံနှိပ်ခဲ့သည်။ ယင်းမဂ္ဂဇင်းကို အမေရိကန်ဒစ်ဂျစ်တယ် သတင်းလုပ်ငန်း IBT Media က ဝယ်ယူခဲ့ပြီးနောက် လအနည်းငယ်တွင် ပုံနှိပ်ထုတ်ဝေခြင်းကို ပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

၁၉၃၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် စတင်ထွက်ရှိခဲ့သော Newsweek မဂ္ဂဇင်းသည် နှစ်ပေါင်း ၈၀ ကြာအောင် အမေရိကန်၏ ထိပ်တန်းအပတ်စဉ်မဂ္ဂဇင်းတစ်စောင်အဖြစ် ရပ်တည်ခဲ့သည်။ ထို့နောက် စာဖတ်ပရိသတ်များသည် အွန်လိုင်းစာနယ်ဇင်းများကို ပိုမိုစိတ်ဝင်စားလာပြီး ကြော်ငြာဝင်ငွေများ ကျဆင်းခဲ့မှုကြောင့် ၂၀၁၂ နှစ်ကုန်တွင် Newsweek မဂ္ဂဇင်းပုံနှိပ်ထုတ်ဝေခြင်း ရပ်ဆိုင်းခဲ့သည်။




သို့ရာတွင် မဂ္ဂဇင်းပိုင်ရှင်အသစ်များက ၎င်းတို့သည် ကြော်ငြာဝင်ငွေအပေါ် အလွန်အမင်း မမှီခိုသော စီးပွားရေးပုံစံတစ်ခုကို ပြုလုပ်ထားပြီးဖြစ်သည်ဟု ပြောကြားသည်။ ကုမ္ပဏီသည် မဂ္ဂဇင်းပုံနှိပ်ထုတ်ဝေ၍ လစဉ်၊ နှစ်စဉ်ကြေးမှ ဝင်ငွေ ၉၀ ရာခိုင်နှုန်းကျော် ရရှိနိုင်ရန် ရည်ရွယ်ထားသည်ဟု IBT ကုမ္ပဏီအကြီးအကဲတစ်ဦးက ပြောကြားသည်။ အမေရိကန်နိုင်ငံ၌ Newsweek ပုံနှိပ်မဂ္ဂဇင်းတစ်စောင်လျှင် ကန်ဒေါ်လာ ရှစ်ဒေါ်လာဖြင့် ရောင်းချသွားမည်ဟု ၎င်းကပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ်တွင် Newsweek မဂ္ဂဇင်းမှာ အလွန်အမင်း အရှုံးပေါ်၍ ပိုင်ရှင်ဖြစ်သူက အမေရိကန်စီးပွားရေးလုပ်ငန်းရှင် ဆစ်ဒနေးဟာမန်းသို့ တစ်ဒေါ်လာဖြင့် ရောင်းချခဲ့သည်။ ယင်းနောက်တွင် IPT ကုမ္ပဏီက လွှဲပြောင်းယူခဲ့သည်။ *—Ref: BBC*

7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

# အင်ဒိုနီးရှားအိမ်အကူတစ်ဦးကို အစာအငတ်ထား၍ သေဆုံးစေမှုဖြင့် မလေးရှားဇနီးမောင်နှံနှစ်ဦး ကြိုးမိန့်ချမှတ်ခံရ




**ကွာလာလမ်ပူ၊ မတ်-၈**

အင်ဒိုနီးရှားအိမ်အကူအား သေစေနိုင်သည်အထိ အစာအငတ်ထားခဲ့သည့် မလေးရှားလူမျိုး ဇနီးမောင်နှံနှစ်ဦးကို မလေးရှားတရားရုံးတစ်ခုက ကြိုးမိန့်ပေးရန် ပြစ်ဒဏ်ချမှတ်လိုက်သည်။

သေဆုံးသူ အင်ဒိုအိမ်ဖော်မှာ အစ်စတီကိုမာရီယာဆိုသူဖြစ်ပြီး ၂၀၁၁ ဇွန်လတွင် ကွာလာလမ်ပူရှိ အိမ်ရှင်ဇနီးမောင်နှံနေအိမ်၌ သေဆုံးနေချိန်တွင် ကိုယ်အလေးချိန် ၅၇ ပေါင်သာရှိကြောင်း ဆိုသည်။ ထို့ကြောင့် တရားရုံးက ထိုအိမ်အကူသေဆုံးမှုမှာ အစာအငတ်ထား၍ သေဆုံးစေခြင်းဖြစ်ကြောင်း သတ်မှတ်ကာ ကြာသပတေးနေ့တွင် အိမ်ရှင်ဇနီးမောင်နှံကို ကြိုးမိန့်ချမှတ်လိုက်ခြင်းဖြစ်သည်။ "သူဟာ (၂၆)နှစ်ရှိပြီး သူ့ကို မာလာယာတက္ကသိုလ်ဆေးကုသရေးဌာနကို သယ်ယူလာတဲ့အချိန်မှာ ကျောကုန်း၊ လက်မောင်းနဲ့ နဖူးတို့မှာ ဒဏ်ရာတွေတွေ့ရပြီး ကိုယ်အလေးချိန်ကလည်း ၂၆ ကီလိုဂရမ်သာရှိပါတော့တယ်"ဟု သည်စတားသတင်းတွင် ရေးသားဖော်ပြသည်။ အိမ်ရှင်များဖြစ်သော ဖွန်ကွန်မန်(၅၈)နှစ်နှင့် ဇနီးဖြစ်သူ တီအိုချင်းယန် (၅၆)နှစ်တို့သည် အစ်စတီအား ၎င်းတို့အတွက် သုံးနှစ်တာကာလအလုပ်လုပ်ချိန်အတွင်း အစားအစာများကို ဝလင်အောင် မကျွေးဘဲထားခဲ့သည်။ အစ်စတီမှာ ၎င်းတို့ထံ အလုပ်ဝင်ရန် ရောက်လာစဉ် ကိုယ်အလေးချိန်မှာ ၄၆ ကီလိုရှိခဲ့သည်ဆိုသည်။

တရားခံများ၏ရှေ့နေ ရမ်ကာပယ်ဆင်းက တရားရုံးက ကြိုးမိန့်ချလိုက်ခြင်းကို အတည်ပြုခဲ့ပြီး ၎င်း၏အမှုသည်များသည် အယူခံဝင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ယခုအမှုမှာ အာရှတစ်လွှားရှိနိုင်ငံများတွင် အင်ဒို၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် အခြားနိုင်ငံများစွာမှ အိမ်အကူအမျိုးသမီးများကို အိမ်ရှင်များက နှိပ်စက်မှု ဇာတ်လမ်းများထဲမှ နောက်ဆုံးထွက်ပေါ်လာသည့်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

ဟောင်ကောင်တွင်လည်း အင်ဒိုအိမ်ဖော်တစ်ဦးကို အိမ်ရှင်ကလမ်းမလျှောက်နိုင်အောင် ရိုက်နှက်နှိပ်စက်မှုသတင်းများ ထွက်ပေါ်လာပြီးနောက် သက်ဆိုင်ရာတာဝန်ရှိသူများက အိမ်အကူများခန့်ထားရေးတွင် ဥပဒေပိုင်းအရ အကာအကွယ်များ ပိုပေးနိုင်ရန် လုပ်ဆောင်ခဲ့သည်။

မလေးရှားနိုင်ငံတွင် အိမ်အကူအဖြစ် အလုပ်လုပ်နေသည့် အင်ဒိုနီးရှားအမျိုးသမီးဦးရေမှာ လေးသိန်းခန့်ရှိပြီး ယင်းမှ ဦးရေထက်ဝက်ခန့်မှာ တရားမဝင်လုပ်ကိုင်နေသူများဖြစ်သည်။

—Ref: AFP

## ပါကစ္စတန်တွင် ကြက်သွန်နီဥများအတွင်း ဘိန်းဖြူများ လျှို့ဝှက်ထည့်သွင်းသည့် မူးယစ်ဂိုဏ်းဖမ်းမိ

**ကရာချိ၊ မတ်-၈**

ပါကစ္စတန်အာဏာပိုင်များသည် အနံ့ခံခွေးများဖြင့် စစ်ဆေးခြင်းကို ကျော်ဖြတ်နိုင်ရန်အတွက် ကြက်သွန်နီဥများတွင် ဘိန်းဖြူများ လျှို့ဝှက်ထည့်သွင်းကာ ခိုးထုတ်ရန်ကြိုးစားသည့် ရာဇဝတ်သားများကို ဖမ်းဆီးမိခဲ့သည်။

ကရာချိမြို့မှ လုံခြုံရေးအာဏာပိုင်များသည် နေအိမ်တစ်ခုအား ဝင်ရောက်စီးနင်းရှာဖွေရာတွင် အရည်အသွေးမြင့်မားသည်ဟု သတ်မှတ်ထားသော ဘိန်းဖြူ ၆၁ ဒသမ ၅ ကီလို (၁၃၅ ပေါင်)ကို ကြက်သွန်နီဥများထဲတွင် လျှို့ဝှက်ထည့်သွင်းထားသည်ကို တွေ့ခဲ့ရခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးများ တန်ဖိုးမှာ ရူပီး ၄၃ သန်း (ပေါင် ၂၅၀,၀၀၀) ခန့်ရှိကြောင်း သည်နေးရှင်းသတင်းစာတွင် ဖော်ပြသည်။ အမှုတွင် သံသယရှိသူ တရားခံငါးဦးကို ဖမ်းဆီးထားသည်။ အဆိုပါနေအိမ်ကို စီးနင်းခဲ့သည့် ပါကစ္စတန်မူးယစ်ဆေးတိုက်ဖျက်ရေးနှင့် ပြည်ထဲရေးတပ်ဖွဲ့များ၏ အဆိုအရ ထိုမူးယစ်ဂိုဏ်းသည် ကြက်သွန်နီဥများအား အခေါင်းပေါက်ဖြစ်အောင်လုပ်ကာ အထဲသို့ ဘိန်းဖြူဆေးတောင့်များထည့်ပြီးမှ ကြက်သွန်အခွံများကို ကော်နှင့်ပြန်ကပ်၍ပိတ်ကာ အနံ့ခံခွေးများ အနံ့မခံနိုင်အောင် ပြုလုပ်ထားကြောင်းဆိုသည်။

—Ref: Reuters

## တရုတ်လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးတွင် မောင်းသူမဲ့လေယာဉ်များ အသုံးပြုနေ

**ဘေဂျင်း၊ မတ်-၈**

တရုတ်အစိုးရသည် လေထုညစ်ညမ်းမှု တိုင်းတာရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် မောင်းသူမဲ့လေယာဉ်များကို အသုံးပြုနေကြောင်း သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဌာန လက်ထောက်ဝန်ကြီး ကျိုင်ချင်းကပြောကြားသည်။

ထိုမောင်းသူမဲ့လေယာဉ်များကို ဘေဂျင်းနှင့် အနီးဝန်းကျင်ရှိ ရှန်ဇီး၊ ဟီပိုင်ပြည်နယ်များမှ နေရာများ၌ လေထုညစ်ညမ်းမှုတိုင်းတာမှုများလုပ်ရန် အသုံးပြုခဲ့ကြောင်း ဆိုသည်။ အဆိုပါလေယာဉ်များမှာ ဧရိယာအကျယ်အဝန်း ကီလိုမီတာ ၇၀ ခန့်ကို နေ့စဉ် နှစ်နာရီပျံသန်းချိန်အတွင်း သွားလာနိုင်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သည့် ကိစ္စရပ်ပေါင်း ၂၀၀ ကျော်ကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း ဆိုသည်။

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် အပတ်က နိုင်ငံ၏၁၅ရာခိုင်နှုန်းခန့်တွင် လေထုညစ်ညမ်းမှုကြောင့် မီးခိုးမြူများဖုံးလွှမ်းခဲ့ရာ လေထုညစ်ညမ်းမှုတိုက်ဖျက်ရေးမှာ အစိုးရ၏ဦးစားပေးကိစ္စ ဖြစ်လာခဲ့သည်။

—Ref: China.org


USAID
FROM THE AMERICAN PEOPLE

pact building local promise.

SHAE THOT | ရှေ့သို့

**အိတ်ပိတ်တင်ဒါခေါ်ယူခြင်း**

ပက်မြန်မာသည် ကဏ္ဍစုံ ပါဝင်သော မြန်မာ့လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်(ရှေ့သို့) စီမံချက်ကို မြန်မာနိုင်ငံ အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ အဆိုပါစီမံကိန်း အတွက် လျှူဒါန်းရန် ဆေးစိမ်ခြင်ထောင်များကို အောက်ဖော်ပြပါ စံနှုန်းများအတိုင်း အိတ်ပိတ်တင်ဒါ စနစ်ဖြင့် ဝယ်ယူလိုပါသည်။

| Sr. | Description | Quantity |
|---|---|---|
| 1 | LLINS (Long Lasting Insecticide Treatment Nets)<br>Length – 190cm x Width-180cm x Height – 180cm<br>Country origin – Any (WHO recommendation under WHO pesticide evaluation scheme-PES)<br>Colour – Any<br>Point of delivery – Shae Thot township offices<br>( Yin Mar Bin= 12188 nos,<br>Bawlakhe'=2467 nos<br>Pharsaung=5197 nos<br>Pact Yangon office = 88 nos) | 19,940-nos |

တင်ဒါပိတ်ရက် - ၂၀၁၄ ခုနှစ်၊ မတ်လ (၃၀) ရက် ညနေ (၅) နာရီ
ဈေးနှုန်းအဆိုပြုလွှာများ (Request For Quotation) တို့ကို အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပြီး လိုအပ်သည့် မေးခွန်းများကို အောက်ပါ e-Mail သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
အိတ်ပိတ်တင်ဒါ ဈေးနှုန်းအဆိုပြုလွှာများ ကို မြန်မာကျပ်ငွေသို့မဟုတ် US Dollar နှင့် ဖော်ပြနိုင်ပြီးအသေးစိတ် အချက်အလက်များ နှင့်အတူသတ်မှတ်ရက်နှင့် သတ်မှတ်ချိန် မတိုင်မီ အောက်ဖော်ပြပါလိပ်စာသို့ ပေးပို့ နိုင်ပါသည်။
Pact Myanmar ၊ အမှတ်(၆၀၈)၊ ဘုံမြင့်ဆောင် (Penthouse)၊ ဗိုလ်ဆွန်ပက်ကွန်ဒိုမီနီယမ်၊ ကုန်သည်လမ်းနှင့်ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ e-Mail – shaethot@pactworld.org


## ဂျပန်မြေအောက်ရထားဘူတာရုံ အဆိပ်ဓာတ်ငွေ့တိုက်ခိုက်ခံရမှုတွင် ပါဝင်ခဲ့သော ဂိုဏ်းဝင်ဟောင်းတစ်ဦးကို ထောင်ဒဏ်ကိုးနှစ်ချမှတ်

**တိုကျို၊ မတ်-၈**


AFP

ဂျပန်နိုင်ငံမှ အုမ်ရှင်ရီကျိုဂိုဏ်းခေါ် အစွန်းရောက်ဘာသာရေးဂိုဏ်းဝင်ဟောင်းတစ်ဦးဖြစ်သည့် မာကာတိုဟီရာတာသည် တိုကျိုမြေအောက်ရထားဘူတာရုံ အဆိပ်ဓာတ်ငွေ့ တိုက်ခိုက်မှုအပါအဝင် ဖိုးခွဲတိုက်ခိုက်မှုနှစ်ခုတွင် ပါဝင်ပတ်သက်မှုဖြင့် ထောင်ဒဏ်ကိုးနှစ် ချမှတ်ခံလိုက်ရကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

၎င်းသည် ဆယ်စုနှစ် ၂ ခုနီးပါး ရှောင်တိမ်းနေပြီးနောက် ပြီးခဲ့သည့် ၂ နှစ်ခန့်က ကိုယ်တိုင်အဖမ်းခံခဲ့ခြင်းဖြစ်သည်။ ၎င်းသည် တိုကျိုမြေအောက်ရထားလမ်းကို ၁၉၉၅ တွင် အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှု၌ တာဝန်ရှိသူတစ်ဦးလည်းဖြစ်သည်။ ထိုအမှုတွင် လူ ၁၃ ဦး သေဆုံးခဲ့ရသည်။ ၎င်းကို ထိုအမှုဖြင့် တရားစွဲဆိုခြင်းမရှိသော်လည်း တိုကျိုမှ အဆောက်အအုံတစ်ခုကို တိုက်ခိုက်ခဲ့မှု၊ အုမ်အဖွဲ့အစည်းဌာနရှိရာကို ၁၉၉၅ မတ်လတွင် မီးရှို့ခဲ့မှုဖြင့် ထောင်ဒဏ်များ ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံတွင် အုမ်ရှင်ရီကျိုဂိုဏ်းမှာ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာယုံကြည်မှုများကို ရောစပ်ထားသည့် ဘာသာရေးဂိုဏ်းတစ်ခုဖြစ်ကာ ကမ္ဘာပျက်တော့မည်ဟု ယုံကြည်ကာ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည့် အစွန်းရောက်ဂိုဏ်းလည်းဖြစ်သည်။ ထိုအဖွဲ့၏ အဖွဲ့ဝင်ဟောင်း ၁၈၉ ဦးခန့်မှာ တရားခွင်တင် စစ်ဆေးခံခဲ့ရပြီး ခေါင်းဆောင် ရှိုကိုအဆာဟာရာနှင့် အဖွဲ့ဝင် ၁၃ ဦးမှာ သေဒဏ်ချမှတ်ခံခဲ့ရသည်။

—Ref: BBC

7 DAY NEWS JOURNAL
# Entertainment
Vol.13. N : MARCH 12 , 2014

## “အားလုံးအဆင်ပြေသွားတဲ့အချိန် ပြန်ရှင်းပါမယ်။ ဝင့်ကုဋေသူက ကျွန်တော့်ချစ်သူပါ”

■ ဆိုတေးနှင့်တွေ့ဆုံခြင်း



ဓာတ်ပုံ – နစ်ကီ

**ကြူကြူဟန်**

အလွမ်း၊ အဆွေးသီချင်းများပါဝင်သော မီးအိမ်ရှင်တစ်ကိုယ်တော်ခွေဖြင့်အောင်မြင်သည့် အဆိုရှင်တစ်ဦးဖြစ်လာသူ ဆိုတေးသည် ယာဉ်မတော်တဆမှုကြောင့် ခုနစ်လကျော်ကြာဆေးကုသခဲ့ရပြီးပြန်လည်ကျန်းမာလာချိန်တွင်ဂီတအလုပ်များကိုတဖြည်းဖြည်းချင်းပြန်လုပ်နေပြီ ဖြစ်သည်။ ယာဉ်မတော်တဆမဖြစ်မီက သီဆိုထားသော သီချင်းများပါဝင်သည့် ဒုတိယမြောက်အယ်လ်ဘမ် ‘မင်္ဂလာပါ ဆိုတေး’ အခွေကို မကြာသေးမီက ဖြန့်ချိခဲ့သည်။ ဆေးကုသမှုခံယူနေစဉ်အတွင်း ၎င်း၏ အိမ်ထောင်ရေးဆိုင်ရာ သတင်းအချို့ဖြစ်ပျက်ခဲ့သဖြင့် ဆိုတေး၏ဇနီးနှင့်ပတ်သက်သော အကြောင်းအရာများနှင့် ရှေ့ဆက်မည့်အနုပညာအလုပ်များအကြောင်း မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**ကျန်းမာရေး အခြေအနေကောင်းလာပြီဆိုတော့ ဘယ်လိုနေထိုင်ရမယ်လို့ ဆရာဝန်က ညွှန်ကြားထားလဲ။**

ဆရာဝန်ကတော့ ကျွန်တော့်ကို စိတ်ပျော်ရွှင်အောင် ထားရမယ်လို့ ပြောပါတယ်။ အိမ်ကလည်း အားလုံးအလိုလိုက်တယ်။ နောက်ပိုင်း ကျွန်တော်လုပ်နေကျ အနုပညာအလုပ်တွေကို ပြန်လုပ်ပါမယ်။ ကျွန်တော့်အလုပ်က အဲဒါပဲခင်ဗျ။

**‘မင်္ဂလာပါဆိုတေး’ အခွေထွက်တဲ့ ပြည်ထောင်စုနေ့က ကျိုက်ခေါက်စေတီပွဲတော်မှာ ပရိသတ်တွေနဲ့ တွေ့ပြီး လက်မှတ်ထိုးပေးခဲ့တယ်။ နေ ပြန်ကောင်းတဲ့အချိန်မှာ ပရိသတ်နဲ့ ပထမဆုံးပြန်တွေ့ရတော့ ဘယ်လိုခံစားခဲ့ရလဲ။**

ပျော်လည်းပျော်တယ်။ ပရိသတ်တွေက ဘာမှအားမလျှော့နဲ့။ နေကောင်းအောင်နေပါ။ စင်ပေါ်တက်ပြီး ကိုဖိုးချစ်နဲ့အတူ သီချင်းဆိုတော့ အော်ကြတယ်။ သနားပါတယ် မဆိုနဲ့တော့တဲ့။ အဲဒီအတွက် ပရိသတ်ကို တကယ်ချစ်မြတ်နိုးပါတယ်။ ကျွန်တော့်ကို ညီအစ်ကိုတစ်ယောက်လိုချစ်တဲ့ ကိုဖိုးချစ်ကိုလည်း ကျေးဇူးတင်ပါတယ်။ ပရိသတ်တွေက ဂီတကို ပြန်လုပ်လို့ ပြောကြပါတယ်။ ကျွန်တော့်ကို ကြိုဆိုတဲ့အတွက် အရမ်းပျော်ပါတယ်။

**သင်္ကြန်လည်း နီးပြီဆိုတော့ သင်္ကြန်အတွက် ဘာအစီအစဉ်ရှိလဲ။**

သင်္ကြန်မှာသီချင်းဆိုပါမယ်။ ရန်ကုန်ထဲမှာ အဆင်ပြေရင် ရန်ကုန်မှာဆိုမယ်။ နယ်ကျရင် နယ်ပေါ့။ အဆင်ပြေတဲ့နေရာမှာ ဆိုပါမယ်။

**ကျန်းမာရေးကြောင့် နားနေရတဲ့အချိန်တွေကို ဘယ်လိုဖြတ်သန်းလဲ။**

သီချင်းတွေပြန်နားထောင်တယ်။ ဂစ်တာတီးဖြစ်တယ်။ နောက်ထပ်သီချင်းတွေ ရေးဖြစ်ပါတယ်။ အလွမ်းအဆွေးသီချင်းတွေ ရေးဖြစ်ပါတယ်။ သီချင်းသုံးပုဒ်ရေးပြီးပါပြီ။ သီချင်းတွေကို သေချာစုပြီးသိမ်းထားမယ်။ စုပြီးတော့ တတိယအယ်လ်ဘမ်အတွက် သီချင်းတွေသွင်းပါမယ်။

**စာမျက်နှာ ၄၁ »**

## 12 Years a Slave ဇာတ်ကားကိုမကြည့်ဘဲ အော်စကာဆုအတွက် မဲပေးခဲ့ကြောင်း ဆုချီးမြှင့်ရေးအဖွဲ့ဝင်နှစ်ဦး ဝန်ခံ




**လော့စ်အန်ဂျလိစ်** -ဒါရိုက်တာ စတိဗ်မက်ကွင်း ရိုက်ကူးခဲ့သော 12 Years A Slave ရုပ်ရှင်ဇာတ်ကားသည် (၈၆) ကြိမ်မြောက် အော်စကာ ဆုပေးပွဲတွင် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုရရှိခဲ့သော်လည်း AMPAS အော်စကာဆု ချီးမြှင့်ရေးအဖွဲ့ဝင်နှစ်ဦးက ယင်းရုပ်ရှင်ကို မကြည့်ဘဲ လူ့အဖွဲ့အစည်းနှင့် ဆက်နွှယ်မှုကြောင့် မဲပေးခဲ့သည်ဟု ဝန်ခံခဲ့သည်။

ဆုပေးပွဲ ရာသီအတွင်းက ယင်းဇာတ်ကားသည် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုနှင့် ထိုက်တန်သည်၊ မထိုက်တန်သည်ဟူသော အငြင်းပွားမှုများ ရှိခဲ့သည်။ သို့ရာတွင် အော်စကာဆုပေးပွဲ ပြီးနောက်တွင် ဆုချီးမြှင့်ရေးအဖွဲ့ဝင်နှစ်ဦးက ယင်းဇာတ်ကားမှာ စိတ်အနှောင့်အယှက်ဖြစ်စရာ ကောင်းလိမ့်မည်ဟု မှတ်ယူ၍ ဇာတ်ကားကို မကြည့်ခဲ့ကြောင်း တိတ်တဆိတ်ဝန်ခံလိုက်သည်။ သို့သော် ရုပ်ရှင်ကား၏ လူ့အဖွဲ့အစည်းနှင့် ဆက်နွှယ်မှုကြောင့် ယင်းဇာတ်ကားကို မဲပေးရန် တာဝန်ရှိသည်ဟု ခံစားရ၍ မဲပေးခဲ့ခြင်းဖြစ်သည်ဟု အမေရိကန် L.A Times သတင်းစာက ဖော်ပြခဲ့သည်။

အာဖရိကန်၊ အမေရိကန် သမိုင်းအခြေခံ ဒရာမာဇာတ်ကား 12 Years A Slave သည် အော်စကာဆုအပြင် ရွှေကမ္ဘာလုံးဆု၊ ဗြိတိန်ရုပ်ရှင်အကယ်ဒမီဆု စသည့် ကမ္ဘာကျော်ဆုများကို ရရှိခဲ့ပြီး ဝေဖန်ရေးသမားများ၏ ချီးကျူးခြင်းကိုလည်း ရရှိခဲ့သော ဇာတ်ကားဖြစ်သည်။

—*Ref: UPI*






7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014


DRAMAFEVER.COM

# ၂၀၁၄ ကမ္ဘာလှည့်ဖျော်ဖြေပွဲမှာ ပရိသတ်တစ်သိန်းခန့်ကို ဖျော်ဖြေမယ့် B.A.P အဖွဲ့

**ဆိုးလ်၊ မတ်-၈**
တောင်ကိုရီးယားပေ့ါပ် အဆိုရှင်များအဖွဲ့ B.A.P သည် ယခုနှစ်အတွင်း အမေရိက၊ ဥရောပ၊ အာရှနှင့် ပစိဖိတ်သမုဒ္ဒရာဒေသသို့ သွားရောက်၍ နယ်လှည့်ဖျော်ဖြေပွဲများတွင် ပရိသတ် တစ်သိန်းခန့်ကို ဖျော်ဖြေနိုင်လိမ့်မည်ဟု မျှော်လင့်လျက်ရှိသည်။

"B.A.P အဖွဲ့ဟာ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ နယ်လှည့်ဖျော်ဖြေပွဲကို စတင်မှာ ဖြစ်ပါတယ်။ အဲဒီနောက်မှာ အမေရိက၊ ဥရောပ၊ အာရှနဲ့ ပစိဖိတ်သမုဒ္ဒရာဒေသတွေကို သွားပြီး ဖျော်ဖြေကြမှာပါ။ ဖျော်ဖြေပွဲတစ်ပွဲစီအတွက် ထိုင်ခုံငါးထောင်စီ စီစဉ်ထားပါတယ်။ ပရိသတ်တစ်သိန်းလောက်ကို ဖျော်ဖြေနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု B.A.P အဖွဲ့ အေဂျင်စီက ပြောကြားသည်။ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်ကလည်း B.A.P အဖွဲ့သည် အမေရိကနှင့် အာရှနိုင်ငံများရှိ မြို့ကြီးများတွင် ဖျော်ဖြေပွဲများ ပြုလုပ်ခဲ့ရာ ပရိသတ် ကိုးသောင်းခန့် လာရောက်အားပေးခဲ့သည်ဟု သိရသည်။

B.A.P အဖွဲ့သည် မတ်လ ၈ ရက်နှင့် ၉ ရက်များတွင် ဆိုးလ်မြို့၌ ဖျော်ဖြေပွဲများပြုလုပ်သွားမည်ဖြစ်ပြီး ယင်းဖျော်ဖြေပွဲများပြီးနောက်တွင် ကမ္ဘာလှည့်ဖျော်ဖြေပွဲအစီအစဉ် အသေးစိတ်ကို ကြေညာသွားမည်ဖြစ်သည်။

*—Ref: Kpop Starz*




## သကြၤန်မှာ သမီးဖြစ်သူနဲ့အတူပြန်လာဖို့ စီစဉ်နေတဲ့ တင်ဇာမော်


*သမီးလေးနှင့်အတူတွေ့ရသည့် တင်ဇာမော်တို့မိသားစု* ဓာတ်ပုံ – တင်ဇာမော်ဖေ့စ်ဘွတ်ခ်

**ဖွဲ့ညာဏ်**

**ရန်ကုန်၊ မတ်-၈**
လန်ဒန်မြို့တွင် နေထိုင်လျက်ရှိသည့် အဆိုတော်တင်ဇာမော်က သကြၤန်ရက်တွင် သမီးဖြစ်သူနှင့် မြန်မာပြည်ပြန်လာရန် စီစဉ်လျက်ရှိသည်။

"သကြၤန်ကို သမီးနဲ့နှစ်ယောက်တည်း ပြန်လာဖို့အစီအစဉ်ရှိပါတယ်။ သမီးအတွက် မြန်မာပတ်စ်ပို့ကို ဇန်နဝါရီလတည်းက လျှောက်ထားတာ မရသေးလို့ စောင့်နေတာပါ။ ပတ်စ်ပို့ရတာနဲ့ လက်မှတ်ဝယ်ပြီး ပြန်လာမှာပါ" ဟု တင်ဇာမော်ကပြောသည်။

သားအကြီးမှာ ကျောင်းတက်နေသောကြောင့် လိုက်ပါနိုင်မည်မဟုတ်ဘဲ ခင်ပွန်းကလည်း ၎င်းခရီးသွားနေသည့် အချိန်တွင် သားဖြစ်သူကို စောင့်ရှောက်ရမည်ဖြစ်သောကြောင့် လိုက်ပါနိုင်မည် မဟုတ်ကြောင်း တင်ဇာမော်ကပြောကြားသည်။

တင်ဇာမော်သည် ဒုတိယမြောက်ရင်သွေးကို ၂၀၁၃ နိုဝင်ဘာလအတွင်း မွေးဖွားခဲ့ခြင်းဖြစ်ပြီး Loretta Teresa Aung ဟု အမည်ပေးထားသည်။

၂၀၁၄ သကြၤန်ကို နှစ်စဉ်သကြၤန်ဖြတ်သန်းမှုကဲ့သို့ပင် မန္တလေး Alpine မဏ္ဍပ်၌ ရှိမည်ဖြစ်ကြောင်း တင်ဇာမော်က ပြောကြားသည်။

7DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

စာ(၄၁)သို့

# ဆိုတေးနှင့်တွေ့ဆုံခြင်း

**အိမ်ထောင်ရေးကိစ္စနဲ့ ပတ်သက်ပြီး ပရိသတ်ကို အံ့အားသင့်စေခဲ့တယ်နော်။ ပရိသတ်တွေကို ဘာကြောင့် ဖွင့်မပြောဖြစ်ခဲ့တာလဲ။**

ပရိသတ်အတွက် ဒီထက်မက အောင်မြင်အောင် ကြိုးစားချင်သေးတဲ့အတွက်ကြောင့် မပြောသေးတာပါ။ ဒုတိယအခွေထွက်ပြီးရင် ကျွန်တော့်ချစ်သူနဲ့ မင်္ဂလာဆောင်ပြီး နှစ်ဦးအတူနေဖို့ ဆုံးဖြတ်ထားတာပါ။ အတူမနေခင်မှာ ကျွန်တော့်အနားက ထွက်သွားတော့ ကျွန်တော်အရမ်းစိတ်မကောင်းဖြစ်ရတယ်။

**အစ်ကို့ကိစ္စတစ်ခုခုဖြစ်တိုင်း ဘာသာရေးနဲ့ပတ်သက်ပြီး ဝေဖန်ပြောဆိုကြတဲ့အပေါ် ဘယ်လိုတုံ့ပြန်လိုပါသလဲ။**

မပြောချင်ပါဘူး။ ကျွန်တော်ဗုဒ္ဓဘာသာအစစ်ပါဗျာ။ ကျွန်တော့် ဒူးခေါင်းက အနာသက်သာသွားရင် သက်န်းဆီးပါမယ်။ ပြီးရင် မေလ ကျွန်တော့်မွေးနေ့ကျရင် ဘုရားမှာထီးလှူဖို့ စီစဉ်ထားပါတယ်။ ဘုရားလာဖူးတဲ့သူတွေကို ထီးလှူမယ်လို့ စိတ်ကူးထားပါတယ်။

**ကားအက်စီးဒင့်မဖြစ်ခင် တစ်ရက်အလိုက ထွက်ခဲ့တဲ့သစ္စာသီချင်းကို အစ်ကို့ကိုလွမ်းဆွတ်တဲ့သီချင်းအဖြစ် ပရိသတ်တွေက မှတ်ယူကြတယ်။ အဲဒီသီချင်းနဲ့ပတ်သက်ပြီး အမှတ်တရများ ရှိပါလား။**

ဘန်နီဖြိုးရေးတဲ့ သီချင်းလေးက ကျွန်တော်နဲ့ အများကြီး တိုက်ဆိုင်ပါတယ်။ ဘန်နီဖြိုးရေးထားတာ အရမ်းကောင်းပါတယ်။

**ဆေးကုသနေတုန်းက ထိုင်းအမျိုးသမီးရောက်လာတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ပရိသတ်ကို ရှင်းပြချင်တာရှိပါလား။**

ကျွန်တော်နေကောင်းသွားပြီး အားလုံးအဆင်ပြေသွားတဲ့ အချိန်ကျရင် ပြန်ရှင်းပါမယ်။ ဝင့်ကုမ္မေသူက ကျွန်တော့်ချစ်သူပါ။

**နေပြန်ကောင်းပြီးတော့ ဘယ်လိုသီချင်းတွေနဲ့ ဖျော်ဖြေပေးဖြစ်လဲ။**

မီးအိမ်ရှင်တို့၊ ဟုတ်လားတို့၊ အဝေးရောက်ချစ်သူ၊ ဒုတိယအခွေမှာဆို အဖြူရောင်အချစ်၊ အသစ်ကပြန်စချင်တယ် သီချင်းတွေကို ပရိသတ်တွေက တောင်းပါတယ်။ လှော်ကား၊ တောင်ငူရယ်၊ ကျိုက်ခေါက်ဘုရားပွဲရယ်၊ ကျိုင်းတုံတို့မှာ ဆိုဖြစ်တယ်။ အစ်ကိုဖိုးချစ်စီစဉ်တဲ့ပွဲတွေ တော်တော်များများ ဆိုဖြစ်ပါတယ်။

**နေမကောင်းဖြစ်နေတုန်းက ဝိုင်းဆုတောင်းပေးပြီး အမာခံအားပေးနေတဲ့ ပရိသတ်တွေကို စကားလက်ဆောင် ပါးချင်တာများ ရှိပါသလား။**

ကျွန်တော့်ကို စိုးရိမ်စိတ်နဲ့ ဆုတောင်းပေးနေတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်နေပြန်ကောင်းနေပါပြီ။ သီးကုန်းရဲစခန်းတို့၊ မိတ္တီလာဆေးရုံကြီး၊ မန္တလေးဆေးရုံကြီးက ဆရာဝန်ကြီးတွေကို အရမ်းကျေးဇူးတင်ပါတယ်။

**အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**



*IC ရှိုးပွဲတစ်ခု ဖျော်ဖြေနေစဉ်* ဓာတ်ပုံ–ဂျေမောင်မောင်(အမရပူရ)

# အိုင်းရင်းခရော့စ်အဖွဲ့ ဒီချုပ်ရန်ပုံငွေဖျော်ဖြေပွဲ ပြုလုပ်မည်

**ဖွဲ့ညာဏ်**

**ရန်ကုန်၊ မတ်-၁၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး ရန်ပုံငွေပွဲအဖြစ် အိုင်းရင်းခရော့စ် (IC) အဖွဲ့၏ ဖျော်ဖြေပွဲကို မတ် ၇ ရက်တွင် အရှေ့မြင်းပြိုင်ကွင်းရှိ ရွှေထွဋ်တင်ဝန်း၌ ပြုလုပ်မည်ဖြစ်သည်။

အိုင်းရင်းခရော့စ်အဖွဲ့၏ ပင်တိုင်အဆိုတော်များဖြစ်သည့် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့ပါဝင်မည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲပြီးချိန်ဖြစ်၍ လုံခြုံရေးကို သေသေချာချာစီစဉ်ထားကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး အလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးမြင့်ဌေးက ပြောသည်။

ရန်ပုံငွေပွဲမှ ရရှိလာသည့် အလှူငွေဖြင့် ရန်ကုန်တိုင်းရုံးခန်းသစ်ဖြစ်မြောက်ရန် အဓိကသုံးစွဲမည်ဖြစ်ပြီး ၂၀၁၅ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက်လည်း အသုံးပြုသွားမည်ဟုရင်းကဆိုသည်။

ကျွန်တော်တို့ ခေါင်းဆောင်ကို ဖိတ်ကြားထားပါတယ်။ ဒါပေမဲ့ သူ့မှာ အလုပ်က အရေးပေါ်တွေများတဲ့အခါကျတော့ သူပေးထားတဲ့ ဒီနေ့ဒီရက်က အဆင်ပြေမယ်ဆိုရင်တော့ လာရောက်နိုင်လိမ့်မယ်ထင်ပါတယ်။ ဒီကိစ္စထက်အရေးကြီးတဲ့ ကိစ္စရှိရင်တော့ အခြားကိစ္စကို ဦးစားပေးဆောင်ရွက်ပါလိမ့်မယ်" ဟု ဦးမြင့်ဌေးက ပြောသည်။

ဖျော်ဖြေပွဲလက်မှတ်များကို ကျပ် ၁၅၀၀၀ နှင့် ကျပ် ၆၀၀၀ ဟု သတ်မှတ်ထားပြီး မတ်လ ၁၄ ရက်တွင် စတင်ရောင်းချသွားမည်ဖြစ်သည်။

လက်မှတ်များကို City Mart ဆိုင်ခွဲများ၊ ကိုကိုညီညီ Beauty Saloon၊ မန်းသီရိတေးသံသွင်း၊ The Sun Music Production ၊ IT လက်ဖက်ရည်ဆိုင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ရုံးချုပ်)၌ ရောင်းချပေးသွားမည်ဖြစ်သည်။

**ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်**

သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ ကမ္ဘာသစ်မြေ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ည / ၁၅ ရက်) ခရီးစဉ် **၉ သိန်း**

သံဝေဇနီယလေးဌာန နှင့် ဗုဒ္ဓဌာနများသို့ ( ၇ည / ၈ရက်) ခရီးစဉ် **၈ သိန်း**

(နယူးဒေလီတွင် ဟိုတယ် ၂- ည အိပ် တည်းခိုပြီး၊ အန္တရာယ်ရှိသော ညဖက် ကားမောင်းခြင်း လုံးဝမရှိပါ။)

ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း။
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 73150070, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ဖုန်း - 545215, 545216, 555173
ဗုဒ္ဓဓမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို- အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။ ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၈-B)၊၆၂ လမ်း၊၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး။ ဖုန်း -09 402 64 8989, 09 5300305

**ကိုရီးယားစကားပြန် ကျား(သို့)မ သုံးဦးအမြန် အလိုရှိသည်။**

လှိုင်သာယာရှိ ဆံပင်တုလုပ်ငန်းကုမ္ပဏီမှ သွက်လက်ဖျတ်လတ်သော လူလတ်ပိုင်းအရွယ် ကိုရီးယားစကားပြန် ကျား (သို့) မ သုံးဦး အမြန်အလိုရှိပါသည်။

မိမိကိုယ်ကို ယုံကြည်မှုရှိပြီး လုပ်ငန်းအတွေ့အကြုံကောင်းများ ရယူကြိုးစားလိုသူများ အမြန်ဆုံး လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန်-** အမှတ်(၁၈၆)၊ မက္ခရာမင်းသားကြီး မောင်ပျိုးလမ်း၊ လှိုင်သာယာစက်မှုဇုန်(၂)၊ လှိုင်သာယာမြို့၊ ရန်ကုန်။

**ဖုန်း–၀၁–၆၈၄၅၆၅၊ ၀၁–၆၈၄၆၈၅၊ ၀၉–၄၅၀၀၂၈၄၇၉**

ရွှေရောင်နှင်းဆီ
ကင်ဆာဖောင်ဒေးရှင်း
The Golden Rose for Cancer Awareness

**ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသည့် ကာတွန်းပြိုင်ပွဲ**

**၁။ ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်း၏ ရည်ရွယ်ချက် –**
ကြိုတင်ကာကွယ်၍ရသော ကင်ဆာရောဂါများကို ကာကွယ်နိုင်ရန်၊ ကြိုတင်ကာကွယ်၍မရနိုင်သော ကင်ဆာရောဂါများကို စောစီးစွာရှာဖွေတွေ့ရှိနိုင်ရန်၊ အများပြည်သူတို့အားကျန်းမာရေး ဗဟုသုတအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ကုသ၍ပျောက်ကင်းနိုင်ခြေရှိသော ကင်ဆာလူနာများအား ကုသနိုင်ရန်အတွက် ကူညီထောက်ပံ့ပေးရန် ဖြစ်ပါသည်။

**၂။ ကာတွန်းပြိုင်ပွဲ ရည်ရွယ်ချက် –**
ကြိုတင်ကာကွယ်၍ရသော ကင်ဆာရောဂါများကို ကာကွယ်နိုင်ရန်၊ ကြိုတင်ကာကွယ်၍မရနိုင်သော ကင်ဆာရောဂါများကို စောစီးစွာသိရှိရန်အတွက် အများပြည်သူတို့အား ကျန်းမာရေး အသိပညာပေးရန်။

**၃။ ပြိုင်ပွဲဝင်အဆင့် –**
(က) အထက်တန်းအဆင့်
(ခ) တက္ကသိုလ်၊ ကောလိပ်အဆင့်
(ဂ) အလွတ်တန်းအဆင့်

၄။ အသုံးပြုရမည့် စာရွက်အရွယ်အစား - A 3 size အတွင်း
၅။ အသုံးပြုရမည့် မှင်အမျိုးအစား - မှင် (Ink)/ ရေဆေး (color)
၆။ တစ်ဦးလျှင် အများဆုံးပေးပို့နိုင်သည့် ပုံအရေအတွက် - ၃ ပုံ
၇။ နောက်ဆုံး ပေးပို့ရမည့် နေ့ရက် - ၃၁. ၃. ၂၀၁၄ ( တနင်္လာနေ့)
၈။ ပေးပို့ရမည့် နေရာ - ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်း ရုံးခန်း၊ အမှတ်-၁၀၆၊ ၄၉ လမ်း၊ (အလယ်လမ်း) ပုဇွန်တောင်မြို့နယ်၊
၉။ ပေးပို့ရမည့် အချိန် - တနင်္လာနေ့ မှ သောကြာနေ့အတွင်း နံနက်(၁၀း၀၀)နာရီမှ (၁၆း၀၀)နာရီအထိ
၁၀။ ဆက်သွယ်ရန်တယ်လီဖုန်း - ၀၉-၂၅၀၅၀၇၀၈၃၊ ၀၉-၂၅၀၅၀၇၀၈၄။

Sports
7DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

# မြန်မာလိဂ်ကလပ်နှစ်သင်းရုန်းကန်ရနိုင်သည့် အေအက်ဖ်စီဖလားအုပ်စုဒုတိယပွဲစဉ်




နေပြည်တော်အသင်း

ဓာတ်ပုံ – Naypyitaw fc



ရန်ကုန်နှင့် ကီလန်တန်ယှဉ်ပြိုင်နေစဉ်

ဓာတ်ပုံ – YUFC

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မတ်-၁၀**

၂၀၁၄ အေအက်ဖ်စီဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်များအဖြစ် မြန်မာလိဂ်ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းသည် ဗီယက်နမ်ကလပ်ဗစ်ဆိုင်းအသင်းနှင့်လည်းကောင်း၊ နေပြည်တော်အသင်းသည် စင်ကာပူကလပ်တန်ပနိရိုဗာအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မတ်လ ၁၂ ရက်တွင်ကျင်းပမည့် အဆိုပါပွဲစဉ်များ၌ ရန်ကုန်အသင်းက (အဝေးကွင်း)သို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နေပြည်တော်အသင်းကအိမ်ကွင်း (ပေါင်းလောင်းကွင်း)တွင် လက်ခံယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု (ဆ)တွင် ပါဝင်သည့် ရန်ကုန်အသင်းသည် အဖွင့်ပွဲစဉ်တွင်မလေးရှားကလပ်ကီလန်တန်အသင်းကို အိမ်ကွင်းတွင် (၅–၃) ဂိုးဖြင့်လည်းကောင်း၊ ဗစ်ဆိုင်းအသင်းက ဟောင်ကောင်ကလပ်တောင်တရုတ်အသင်းကို အဝေးကွင်းတွင် (၃–၁)ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။ ၎င်းအုပ်စုဒုတိယပွဲစဉ်များအဖြစ် နိုင်ပွဲကိုယ်စီရရှိထားသည့် ဗစ်ဆိုင်းနှင့် ရန်ကုန်၊ ရမှတ်မရရှိကြသေးသည့် တောင်တရုတ်အသင်းနှင့် ကီလန်တန်အသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာလိဂ်ချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် မြန်မာလိဂ်နောက်ဆုံးနှစ်ပွဲတွင် ဂိုးမရရှိသည့်အပြင် နိုင်ပွဲပျောက်ဆုံးနေသည်။ အဖွင့်ပွဲစဉ်တွင် နိုင်ပွဲရယူထားသည့် ဗစ်ဆိုင်းအသင်း၏ အိမ်ကွင်းတွင် သွားရောက်ယှဉ်ပြိုင်ရမည့် အေအက်ဖ်စီဖလားအုပ်စု ဒုတိယပွဲစဉ်သည် ရန်ကုန်အသင်းအတွက် ရုန်းကန်ရမည့်အခြေအနေရှိနေသည်။

ရန်ကုန်အသင်း ကစားသမားများ ပွဲပန်းနေသည့်အတွက် အကောင်းဆုံးပုံစံ မရမည်ကို စိုးရိမ်နေကြောင်းနှင့် အဝေးကွင်းတွင်ရမှတ်ရရှိရန် အကောင်းဆုံးကြိုးစားသွားမည်ဖြစ်ကြောင်း ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ် အဲရစ်ဝီလျံကပြောသည်။

ဘရာဇီး၊ ရိုမေးနီးယား၊ ကွန်ဂိုနှင့် တောင်ကိုရီးယားကစားသမားများ ပါဝင်သည့် ၂၀၁၄ ဗီယက်နမ် စူပါဖလားချန်ပီယံဗစ်ဆိုင်းအနေဖြင့် အေအက်ဖ်စီဖလားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သော်လည်း ရန်ကုန်အသင်းအနေဖြင့် ခက်ခဲစွာယှဉ်ပြိုင်ရရန်ရှိနေသည်။

အုပ်စု(ဇ)တွင်ပါဝင်သည့် နေပြည်တော်အသင်းသည် အဖွင့်ပွဲစဉ်တွင် အိန္ဒိယကလပ်ပူနေးအသင်းနှင့် အဝေးကွင်း၌ (၂–၂) ဂိုးစီသရေရလဒ်ထွက်ပေါ်ထားပြီး ဟောင်ကောင်ကလပ်ကစ်ချီအသင်းက စင်ကာပူကလပ်တန်ပနိရိုဗာအသင်းကို (အဝေးကွင်း)၌ (၅–၀)ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ၎င်းအုပ်စုဒုတိယပွဲစဉ်များအဖြစ် နေပြည်တော်နှင့်တပ်ပနိရိုဗာ၊ ပူနေးအသင်းနှင့် ကစ်ချီအသင်းတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

နေပြည်တော်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက ကစ်ချီအသင်းကို ဂိုးပြတ်ရှုံးနိမ့်ထားသည့် တန်ပနိရိုဗာအသင်းနှင့် အိမ်ကွင်း၌ ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ခက်ခဲနိုင်ကြောင်း ပွဲကြိုသုံးသပ်ထားသည်။ သို့သော် ပူနေးအသင်းကို အဝေးကွင်းသရေ ရလဒ်ရရှိအောင် စွမ်းဆောင်ထားသည့် နေပြည်တော်အသင်းအနေဖြင့် ပြည်တွင်းလိဂ်ပြိုင်ပွဲတွင်လည်း နိုင်ပွဲဆက်နေသည်။ ထို့ကြောင့် ကစားသမားများ၏ စိတ်ဓာတ်ပိုင်းအခြေအနေများက အကောင်းဆုံးတွင်ရှိနေပြီး စင်ကာပူကလပ်အသင်းနှင့် ယှဉ်ပြိုင်ရမည့်အိမ်ကွင်းပွဲစဉ်တွင် ရလဒ်ကောင်း မျှော်လင့်နိုင်သည့်အခြေအနေရှိနေသည်။

သို့သော် စင်ကာပူလိဂ်ချန်ပီယံငါးကြိမ်ရရှိထားကာ သုံးနှစ်ဆက်ချန်ပီယံတန်ပနိရိုဗာအသင်းအနေဖြင့် အေအက်ဖ်စီဖလားပြိုင်ပွဲ (၇)ကြိမ်မြောက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။ ထို့ကြောင့် အေအက်ဖ်စီဖလားပြိုင်ပွဲ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခွင့်ရ နေပြည်တော်အသင်းအနေဖြင့် အိမ်ကွင်းတွင် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း သတိထားရမည်ဖြစ်သည်။ တန်ပနိရိုဗာအသင်းတွင် ဆားဘီးယား၊ ဂျပန်၊ ပါရာဂွေးကစားသမားများလည်း ပါဝင်သည်။

နေပြည်တော်အသင်းနှင့် တန်ပနိရိုဗာအသင်းတို့ပွဲစဉ်အား ပေါင်းလောင်းကွင်း၌ မတ်လ ၁၂ ရက်ညနေလေးနာရီတွင်လည်းကောင်း၊ ဗစ်ဆိုင်းအသင်း နှင့် ရန်ကုန်အသင်းတို့ပွဲစဉ်အား ဗီယက်နမ်နိုင်ငံ၌ မြန်မာစံတော်ချိန် ညနေလေးနာရီခွဲတွင်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

# အာရှမသန်စွမ်းအားကစားပြိုင်ပွဲအတွက် အချိန်စော၍ စခန်းသွင်းမှုကြောင့် ကစားသမားအချို့ အခက်တွေ့

**ချစ်ဝိုင်း**

**ရန်ကုန်၊ မတ်-၁၀**

တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အာရှမသန်စွမ်းအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် လက်ရွေးစင်မသန်စွမ်းကစားသမားများကို စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်နေသော်လည်း ကစားသမားအများစုမှာ လေ့ကျင့်လိုခြင်းမရှိကြောင်း ကစားသမားများက ပြောသည်။

“ပြိုင်ပွဲကျင်းပဖို့က အချိန်တစ်နှစ်လောက်လိုသေးတယ်။ ကစားသမားအများစုက နေပြည်တော်ကို မသွားချင်ဘူး။ အောင်မြင်မှုရရှိဖို့အတွက် အဲဒီလောက်အချိန်အကြာကြီး စခန်းသွင်းလေ့ကျင့်တာကို ကစားသမားတွေအတွက် အခက်အခဲတွေ အများကြီးရှိတယ်”ဟု အာဆီယံမသန်စွမ်းရေကူးချန်ပီယံအောင်ငြိမ်းဦးကပြောသည်။

တောင်ကိုရီးယားနိုင်ငံတွင် အောက်တိုဘာလအတွင်း ကျင်းပပြုလုပ်မည့် အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့မှ ကစားနည်းလေးမျိုးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရွှေတံဆိပ်ဆုများရရှိရန်အတွက် လက်ရွေးစင်ကစားသမားများကို အချိန်ယူကာ ပြန်လည်စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ရခြင်းဖြစ်ပြီး ကစားသမားများ အခက်အခဲမရှိစေရန် အတွက်ဆောင်ရွက်ထားကြောင်း မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးအောင်မြင့်ထွန်းကပြောသည်။

“ကစားသမားတွေအနေနဲ့ အချိန်အကြာကြီး နေပြည်တော်မှာ နေရမယ်ဆိုရင် မလွယ်ဘူး။ အခက်အခဲတွေ အများကြီးရှိတယ်။ တာဝန်ရှိသူတွေအနေနဲ့ ပြန်လည်သုံးသပ်တယ်”ဟု အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲဘော်လီဘောအားကစားနည်းတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် အားကစားသမားတစ်ဦးကပြောသည်။

ယခုလက်ရှိတွင် ဘော်လီဘောကစားသမားများကို စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး ဧပြီလ ၁၉ ရက်တွင် အီရန်နိုင်ငံတွင် အာရှမသန်စွမ်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန လက်ရည်စစ်ပွဲ သွားရောက်ကစားရမည်ဖြစ်သောကြောင့် စခန်းသွင်းလေ့ကျင့်ပေးနေကြောင်း ဦးအောင်မြင့်ထွန်းကပြောသည်။

အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် ကစားနည်း ၂၃ မျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံကအောင်မြင်မှုရရှိမည့် ကစားနည်း ရေကူး၊ ပြေးခုန်ပစ်၊ ဘော်လီဘော၊ မြားပစ် လေးမျိုးကိုသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ကစားသမားမည် မျှ ဝင်ရောက်ယှဉ်ပြိုင်မည်ကို မသိသေးကြောင်း ဇူလိုင်မှသာ ကစားသမားအရေအတွက် အတိအကျ ပေးပို့ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

# စပါး-အာဆင်နယ် လန်ဒန်ဒါဘီနဲ့ မန်ယူ-လီဗာပူးအပါအဝင် ဒီတစ်ပတ်ဥရောပလိဂ်ပွဲစဉ်များ



APF

**ကိုအေးမြတ်**

ဒီတစ်ပတ်ဥရောပလိဂ်ပွဲစဉ်တွေထဲမှာ ပရီးမီးယားလိဂ်ကတော့ လန်ဒန်ဒါဘီတစ်ပွဲ စပါး–အာဆင်နယ်နဲ့ မန်ယူ–လီဗာပူး ထိပ်တိုက်တွေ့တဲ့ ပွဲတွေ ရှိပါမယ်။ စီးရေးအေမှာ ဂျူဗင်တပ်၊ နာပိုလီတို့ အဝေးကွင်းကစားပြီး ရိုးမားအိမ်ကွင်းပွဲ ထပ်ကစားရမှာကြောင့် ပ၊ဒု၊တ သုံးသင်းစလုံး အမှတ်ကွာဟမှုတွေ ဆက်ရှိနေနိုင်ပါတယ်။ လာလီဂါကတော့ ပြိုင်ဆိုင်မှုပြင်းထန်ဦးမှာဖြစ်ပြီး ရီးရဲလ်၊ အက်သလက်တီကို၊ ဘာစီလိုနာတို့ သုံးသင်းလုံးရဲ့ ပြိုင်ဆိုင်မှုတွေကို စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

**ပရီးမီးယားလိဂ်**

**၁၅ မတ်၊ စနေ**

**ဟားလ်စီးတီး-မန်စီးတီး**

**ပကျော့ရလဒ် ၀-၂**

မန်စီးတီးခြေစွမ်းကောင်းနေတာကြောင့် အဝေးကွင်းနိုင်ပွဲ ရှာမယ့်ပွဲပါပဲ။ ခြေမမှန်သေးတဲ့ ဟားလ်စီးတီးကို မန်စီးတီးကပဲ ပထမအကျော့တုန်းကအတိုင်း နှစ်ဂိုးပြတ် (သို့မဟုတ်) အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်သွားမှာပါ။

**၁၆ မတ်၊ တနင်္ဂနွေ**

**ဖီလာ-ချယ်လ်ဆီး**

**ပကျော့ရလဒ် ၁-၂**

ဖီလာအိမ်ကွင်း နောက်ဆုံးငါးပွဲရလဒ်က နှစ်ပွဲပဲနိုင်ဖူးပြီး ချယ်လ်ဆီးကလည်း ဇယားထိပ်မှာ ဆက်လက်ရပ်တည်ဖို့ဖိကစားနိုင်တာမို့ ချယ်လ်ဆီးပို အလေးသာနေတယ်။ ဂိုးအနည်းနဲ့ချယ်လ်ဆီးကပ်နိုင်မယ်။ သရေဖြစ်နိုင်ခြေမရှိပါ။

**မန်ယူ-လီဗာပူး**

**ပကျော့ရလဒ် ၀-၁**

နှစ်သင်းလုံးခြေညီနေပေမယ့် လီဗာပူးက ပိုသာနေတယ်။ ဂိုးများဖို့ မရှိတဲ့ပွဲဖြစ်ပြီး သရေ (သို့မဟုတ်) လီဗာပူးကပ်နိုင်သွားမယ့်ပွဲဖြစ်ပါတယ်။ မန်ယူ ခြေတက်လာပေမယ့် မလွယ်သေးပါဘူး။

**စပါး-အာဆင်နယ်**

**ပကျော့ရလဒ် ၀-၂**

ဒီပွဲမှာစပါးတို့ နည်းစနစ်ပိုင်းရော အသင်းလိုက်ကစားပုံပါ ပြောင်းလဲမှုဖြစ်မယ်။ ချယ်လ်ဆီးကို ပထမလန်ဒန်ဒါဘီမှာ ဂိုးပြတ်ရှုံးပြီးတဲ့နောက် အာဆင်နယ်နဲ့ ထပ်ပြိုင်ရတဲ့အတွက် မလွယ်ပါဘူး။ အိမ်ကွင်းဆိုပေမယ့် စပါး ကပ်ရှုံးဖို့ပဲ ရှိတယ်။ မထင်မှတ်လွန်းမှ ဂိုးမရှိသရေတာမျိုး ဖြစ်နိုင်မယ်။

**စီးရီးအေ**

**၁၇ မတ်၊ တနင်္လာ**

**ဂျီနိုအာ-ဂျူဗင်တပ်**

**ပကျော့ရလဒ် ၀-၂**

ဂျီနိုအာ အိမ်ကွင်းမှာ အမြင့်ဆုံးသရေပဲ မှန်းနိုင်မယ့်ပွဲပါ။ ဂျူဗင်တပ် ပထမနေရာမှာ အမှတ်ဖြတ်ထားတယ်ဆိုပေမယ့် ဒီပွဲကို အလေးအနက်ထား ကစားဦးမှာပါ။ ဂျူဗီအနည်းဆုံး တစ်ဂိုးအသာနဲ့ နိုင်ခြေရှိပါတယ်။

**၁၈ မတ်၊ အင်္ဂါ**

**တိုရီနို-နာပိုလီ**

**ပကျော့ရလဒ် ၀-၂**

နာပိုလီတို့ရိုးမားနဲ့ ကစားအပြီး ဒီပွဲကို အဝေးကွင်းထပ်ကစားရတာပါ။ နာပိုလီနိုင်ခြေပိုများပြီး တောက်လျှောက်ရှုံးပွဲတွေ့နေတဲ့ တိုရီနို ဂိုးအနည်းနဲ့၊ အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်ရှုံးသွားနိုင်တယ်။

**ရိုးမား-အူဒီးနီးစ်**

**ပကျော့ရလဒ် ၁-၀**

ဒီနှစ်သင်းတွေ့တိုင်း ဂိုးမပြတ်တဲ့ပွဲတွေ ဖြစ်လေ့ရှိတယ်။ ရိုးမားအိမ်ကွင်းရလဒ်ပိုင်းမှာ ဂျူဗီနဲ့အတူ ရှုံးပွဲမရှိသေးတဲ့ အသင်းဖြစ်ပါတယ်။ အူဒီးနီးစ်နိုင်ဖို့ ခက်နိုင်ပြီး သရေရအောင် ကြိုးစားနိုင်တယ်။ ရိုးမားတစ်ဂိုးအသာထက် ပိုရဖို့ မရှိပါဘူး။

**လာလီဂါ**

**၁၆ မတ်၊ တနင်္ဂနွေ**

**မာလာဂါ-ရီးရဲလ်မက်ဒရစ်**

**ပကျော့ရလဒ် ၀-၂**

ရီးရဲလ်တို့အကောင်းဆုံးခြေစွမ်းရှိနေပြီး တိုက်စစ်ပိုင်းမှာ ဘေးလ်၊ ဘန်ဇီးမား၊ ရော်နယ်ဒိုတွဲလုံးမိနေတာက ကြောက်စရာဖြစ်နေတယ်။ အခုပွဲမှာလည်း ပထမအကျော့တုန်းကလို နှစ်ဂိုးပြတ်နိုင်ခြေရှိတယ်။ သရေဖြစ်နိုင်ခြေနည်းနည်းပဲ ရှိပါတယ်။

**အက်သလက်-အက်စပန်ညို**

**ပကျော့ရလဒ် ၀-၁**

အက်သလက်တီကို ခြေစွမ်းမြင့်မားနေဆဲရှိတာကို ဒီအိမ်ကွင်းပွဲမှာ ပြန်မြင်ရပါမယ်။ ပထမအကျော့အရှုံးကို ချေဖျက်ပြီး အိမ်ရှင်တို့ နှစ်ဂိုးလောက်ရနိုင်တယ်။ အက်သလက်တီကိုက လာလီဂါရဲ့ အိမ်ကွင်းရှုံးပွဲလုံးဝမရှိသေးတဲ့ တစ်ခုတည်းသော အသင်းပါ။

**ဘာစီလိုနာ-အိုဆာဆူနာ**

**ပကျော့ရလဒ် ၀-၀**

ဘာကာတို့ အိမ်ကွင်းနိုင်ပွဲရနိုင်ပါတယ်။ ဒါပေမဲ့ အက်သလက်တီကို ဂိုးပြတ်နိုင်ပြီး လီဗန်တေးကို ပြန်ရှုံးတဲ့ အိုဆာဆူနာတို့ ခြေမမှန်ဘဲ မှန်းရခက်နေတာကြောင့်သတိထားရမယ်။ ဘာကာ အမြင့်ဆုံး နှစ်ဂိုးပြတ်သွင်းနိုင်ဖို့ပဲ ရှိပါတယ်။






# ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 RESIDENCE

WE DEFINE LIFESTYLE

ဘိုးဘွားပိုင်မြေတစ်ဧကပေါ်တွင် တည်ဆောက်ပေးမည့် အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၆၉)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံ နှင့် SERVICED RESIDENCE ပါရှိသော မြန်မာနိုင်ငံ၏ အထင်ကရ အိမ်ရာစီမံကိန်း

- ကမ္ဘာအေးဘုရားလမ်းနှင့်ဆရာစံလမ်းထောင့် (ရန်ကုန်မြို့၏အထင်ကရနေရာ)
- တမူထူးခြားဆန်းပြားသော ဗိသုကာဒီဇိုင်း
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN
- မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် DUAL KEY SYSTEM UNIT များ
- အပူဓာတ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ LOW E-GLASS SYSTEM
- တစ်နေရာတည်းတွင် ရုံးခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် DUPLEX SYSTEM
- အဆင့်မြင့် MAIN DOOR နှင့် လုံခြုံရေး FINGER PRINT ACCESS SYSTEM
- အဆင့်မြင့်မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်
- ကမ္ဘာ့အဆင့် CONDOMINIUM နှင့် SERVICED RESIDENCE စီမံခန့်ခွဲမှု
- 24/7 အဆင့်မြင့်လုံခြုံရေးစနစ်များ
- အခန်းတိုင်းအတွက် လုံလောက်သော CAR PARKING များ
- INTERNATIONAL စားသောက်ဆိုင်များ
- LED သုံးစွဲပါရှိခြင်း
- MAGIC GLASS များ ထားရှိပေးခြင်း
- သင့်တင့်မျှတသောဈေးနှုန်း
- အကောင်းတကာ့အကောင်းဆုံးဝန်ဆောင်မှုများ

DEVELOPED BY:
UNITED
Development by
ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု

## PARTNERS

KBZ BANK ကမ္ဘောဇဘဏ်လီမိတက် | ZONE | SOMERSET SERVICED RESIDENCE Managed by The Ascott Limited | SOILBUILD GROUP HOLDINGS LTD | OrangeTee | 777 Lux GROUP CO., LTD. Real Estate Advisory

SHOWROOM (COMING IN JUNE): 44A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
PH: 09 4202 88025, 09 4253 10993, 09 730 40513

# ဘိုးရင်း ၇၈၇ Dreamliner လေယာဉ်များ တောင်ပံအက်ကွဲမှု ကုမ္ပဏီစစ်ဆေးနေ

**ဝါရှင်တန်၊ မတ်-၈**

အမေရိကန်နိုင်ငံတွင် ထုတ်လုပ်နေသော ၇၈၇ Dreamliner အမျိုးအစား လေယာဉ်များ၏ တောင်ပံများ၌ ဖြစ်ပေါ်နိုင်ခြေရှိသော အက်ကွဲမှုများအတွက် ဘိုးရင်းကုမ္ပဏီက စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

ဘိုးရင်းကုမ္ပဏီ၏ ထုတ်လုပ်မှုလုပ်ငန်းစဉ် အပြောင်းအလဲကြောင့် လေယာဉ်တောင်ပံအက်ကွဲမှု ဖြစ်ဖွယ်ရှိသည်ဟု ဂျပန်နိုင်ငံရှိ Mitsubishi Heavy Industries ကုမ္ပဏီက သတိပေးလိုက်ပြီးနောက် ယင်းကဲ့သို့ စစ်ဆေးမှုပြုလုပ်ခြင်းဖြစ်သည်။



ဓာတ်ပုံ – independent.co.uk

ယင်းကိစ္စကြောင့် လေယာဉ် အစီး ၄၀ နီးပါး ထိခိုက်နိုင်ပြီး လေယာဉ်ပေးပို့မှုများအတွင်း နှောင့်နှေးကြန့်ကြာမှုအချို့ ရှိလာနိုင်သည်ဟု ဘိုးရင်းကုမ္ပဏီကပြောသည်။ သို့သော် လက်ရှိ အသုံးပြုနေသော လေယာဉ်များတွင် ယင်းပြဿနာမရှိဟု ဘိုးရင်းကုမ္ပဏီက ယုံကြည်ထားသည်။

လေယာဉ် ပေးပို့မှုများအတွင်း နှောင့်နှေးကြန့်ကြာမှုအချို့ ရှိကောင်းရှိနိုင်သော်လည်း ၂၀၁၄ ပေးပို့ရန်စီစဉ်ထားမှုအတွက် ထိခိုက်ဖွယ်မရှိဟု မျှော်လင့်ထားကြောင်း ဘိုးရင်းကုမ္ပဏီ၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

၇၈၇ Dreamliner အမျိုးအစား ဂျက်လေယာဉ်များမှာ အဆင့်အမြင့်ဆုံး လေယာဉ်ပျံများဟု ထင်မှတ်ခံထားရသော်လည်း ပြဿနာအများအပြားရှိခဲ့သည်။ လုံခြုံရေးစိုးရိမ်မှုများရှိနေစဉ် ဘိုးရင်းကုမ္ပဏီ၏ အသုံးပြုနေသော ယင်းလေယာဉ်အမျိုးအစားများအားလုံးကို ပြီးခဲ့သည့်နှစ်က အာဏာပိုင်များက ပျံသန်းခွင့်ပိတ်ပင်ခဲ့သည်။

ဂျပန်လေကြောင်းလိုင်းတစ်လိုင်း၏ ၇၈၇ Dreamliner လေယာဉ်တစ်စီး မီးတောက်လောင်ခဲ့ပြီး ဘက်ထရီပြဿနာရှိခဲ့သောကြောင့် ဂျပန်လေကြောင်းလိုင်း ANA ၏ လေယာဉ်တစ်စီးအရေးပေါ် ဆင်းသက်ခဲ့ရသည်။

ဘိုးရင်းကုမ္ပဏီက ဘက်ထရီကို ပြန်လည်ပြုပြင်ခဲ့ပြီး ယင်းအချိန်မှစ၍ Dreamliner လေယာဉ်များကို တစ်ခါပျံသန်းခွင့်ပြုခဲ့သည်။ သို့သော် ပြဿနာဖြစ်စေသော အကြောင်းရင်းဟု သံသယကင်းစွာ သက်သေပြနိုင်ခြင်းမရှိခဲ့ပေ။

ယင်းလေယာဉ်အမျိုးအစားများတွင် ပြီးခဲ့သည့်လအနည်းငယ်အတွင်း အခြားသောပြဿနာများလည်း ရှိခဲ့သည်။

—*Ref: BBC*

# သူဌေးကြီး ကားလို့စ်စလင်းပိုင် ဖုန်းအင်ပါယာကို မက္ကဆီကိုအစိုးရ စတင်ထိန်းချုပ်

**မက္ကဆီကိုစီးတီး၊ မတ်-၈**

မက္ကဆီကိုနိုင်ငံ၏ ဖုန်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ကမ္ဘာ့အချမ်းသာဆုံး သူဌေးကြီးတစ်ဦးဖြစ်သူ ကားလို့စ်စလင်း၏ America Movil ဖုန်းကုမ္ပဏီနှင့် ၎င်း၏ ဘဏ္ဍာရေးနှင့် စက်မှုလုပ်ငန်းကုမ္ပဏီနှစ်ခုအပေါ် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်သတ်မှတ်လိုက်သည်။

America Movil ကုမ္ပဏီသည် မက္ကဆီကိုနိုင်ငံ၏ ကြိုးဖုန်းလုပ်ငန်း ၈၀ ရာခိုင်နှုန်းကို Telmex ဟူသော ကုမ္ပဏီခွဲမှတစ်ဆင့် ထိန်းချုပ်ထားပြီး မိုဘိုင်းဖုန်းလုပ်ငန်းကို Telcel ကုမ္ပဏီခွဲဖြင့် လွှမ်းမိုးထားသည်။ သုံးစွဲသူများကလည်း ဈေးနှုန်းကြီးမြင့်မှုနှင့် ညံ့ဖျင်းသော ဝန်ဆောင်မှုများအကြောင်း တိုင်တန်းခဲ့ကြသည်မှာ အချိန်ကာလအားဖြင့် ကြာမြင့်ပြီဖြစ်သည်။

ကားလို့စ်စလင်း၏ Inbursa ဘဏ်နှင့် လုပ်ငန်းစုံကုမ္ပဏီအုပ်စု Grupo Carso တို့မှာလည်း America Movil ကုမ္ပဏီတွင် စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများ ပါဝင်နေ၍ ဖုန်းလုပ်ငန်းကို လွှမ်းမိုးနေသူများဖြစ်သည်ဟု မက္ကဆီကို ဖက်ဒရယ်ဆက်သွယ်ရေးအင်စတီကျု့ဒ် (IFT)က ကြေညာခဲ့သည်။

IFT က ချမှတ်ခဲ့သော စည်းမျဉ်းများတွင် အခြေခံအဆောက်အအုံ မျှဝေသုံးစွဲရေး၊ ကွန်ရက်များကြား ချိတ်ဆက်မှုဆိုင်ရာ စည်းမျဉ်းများပါဝင်ပြီး ကမ္ဘာ့ဖလားကဲ့သို့ နာမည်ကျော်ပွဲများအတွက် တစ်ဦးတည်းမူပိုင်ခွင့်ရယူခြင်းများကို ပိတ်ပင်ခြင်းများလည်း ပါဝင်သည်ဟု America Movil က ပြောကြားသည်။

—*Ref: Reuters*



7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

## အီရန်လက်နက်တင် သင်္ဘောပေါ်တွင် တာဝေးပစ်ဒုံးကျည် ၄၀နှင့် ကျည်ဆန်များ ရှာဖွေတွေ့ ဟု အစ္စရေးပြော

**အီလတ်၊ မတ်-၁၀**

အီရန်နိုင်ငံမှ ဂါဇာကမ်းမြောင်ဒေသရှိ စစ်သွေးကြွများသို့ ပို့ဆောင်မည့် လက်နက်များကို သယ်ဆောင်လာသည်ဟု စွပ်စွဲခံထားရပြီး ပင်လယ်နီတွင် ဖမ်းဆီးခံရသော သင်္ဘောပေါ်၌ တာဝေးပစ်ဒုံးကျည် ၄၀ ရှာဖွေတွေ့ရှိခဲ့သည်ဟု အစ္စရေးအစိုးရက ပြောကြားသည်။

ကီလိုမီတာ ၁၆၀ အကွာသို့ ပစ်ခတ်နိုင်သော M–302 ဒုံးကျည် ၄၀ ကို ပနားမားအလံလွှင့်၍ မောင်းနှင်လာသော Klos–C သင်္ဘောပေါ်ရှိ ကုန်သေတ္တာများထဲမှ ရှာဖွေတွေ့ရှိခဲ့သည်ဟု အစ္စရေးစစ်တပ်က ပြောကြားသည်။ တာဝေးပစ်ဒုံးကျည် ၄၀ အပြင် မော်တာကျည်ဆန် ၁၈၁ တောင့်နှင့် သေနတ်ကျည်ဆန် လေးသိန်းခန့် တွေ့ရှိခဲ့သည်ဟု စစ်တပ်ကပြောကြားသည်။

Klos–C သင်္ဘောသည် မတ်လ ၅ ရက်တွင် ဆူဒန်နှင့် အီရီထရီးယားနိုင်ငံကြားရှိ ပင်လယ်နီ၌ အစ္စရေးရေတပ်အထူးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းကိုခံရပြီး မတ်လ ၈ ရက် ညနေတွင် အစ္စရေးဆိပ်ကမ်းမြို့ အီလတ်သို့ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသည်။ မတ်လ ၉ ရက်တွင် အစ္စရေးရေတပ်၊ စစ်အင်ဂျင်နီယာအဖွဲ့နှင့် စစ်လက်နက်အဖွဲ့များပါဝင်သော အထူးတပ်ဖွဲ့တစ်ဖွဲ့သည် ကုန်သေတ္တာများကို ဖွင့်ဖောက်စစ်ဆေးခဲ့ကြသည်ဟုဆိုသည်။

"ဒီဒုံးကျည်တွေဟာ အစ္စရေးပြည်သူတွေရဲ့ အသက်စည်းစိမ်ကို ခြိမ်းခြောက်နေပါတယ်။ ရှာတွေ့ခဲ့တဲ့ ကျည်ဆန်တွေနဲ့ ဒုံးကျည်တွေမှာ အစ္စရေးလိပ်စာတွေ ပါပါတယ်။ ဒေသတွင်း လက်နက်ခဲယမ်းတွေ များပြားလာမှုကို တားဆီးရေးလုပ်ငန်းစဉ်ဟာ မပြီးဆုံးပါဘူး။ ကျွန်တော်တို့အဖွဲ့အပြင် အခြားအဖွဲ့တွေလည်း ရှိနေပါတယ်"ဟု အစ္စရေးစစ်တပ်အကြီးအကဲ ဘန်နီဂန်းတက်ဇ်က ပြောကြားသည်။ ယခုသင်္ဘောကိစ္စတွင် ပါဝင်ပတ်သက်ခဲ့ခြင်းမရှိဟု အီရန်အစိုးရက ငြင်းဆိုထားသော်လည်း အီရန်အစိုးရသည် အရှက်မရှိ လိမ်ညာနေသည်ဟု ဝန်ကြီးချုပ်နေတန်ညာဟုက ပြောသည်။

—*Ref: AFP*

## သေပြီဟုယူဆထားသော မူးယစ်ဘုရင်တစ်ဦးကို မက္ကဆီကိုအာဏာပိုင်များ တွေ့ရှိသတ်ဖြတ်

**မက္ကဆီကိုစီးတီး၊ မတ်-၁၀**

လွန်ခဲ့သည့်သုံးနှစ်ခန့်က ပစ်သတ်ခံလိုက်ရပြီဟု သတင်းများထွက်ပေါ်ခဲ့သော မူးယစ်ဘုရင်တစ်ဦးကို သတ်ပစ်လိုက်ပြီဟု မက္ကဆီကိုအာဏာပိုင်များက ပြောသည်။

မူးယစ်ဘုရင်နာဇာရီယိုမိုရန်နိုမှာ အရူးသွပ်ဆုံးလူဟု အမည်ပြောင်ရသော အယ်လ်မာ့စ်လိုကိုဟုလည်း အများကသိကြပြီး La Familia မူးယစ်ဂိုဏ်းကို တည်ထောင်သူဖြစ်ကာ ယင်းအဖွဲ့၏ ရက်စက်သောအဖွဲ့ခွဲ Knights Templar အဖွဲ့၏ ခေါင်းကိုင်ဖခင်ခေါင်းဆောင်အဖြစ် မှတ်ယူခြင်းခံရသည်။

၂၀၁၀ ပြည့်နှစ်က ပစ်ခတ်တိုက်ခိုက်မှုတစ်ခုအပြီး ၎င်းသေဆုံးခဲ့ပြီဟု ပထမဆုံးကြေညာခဲ့သော်လည်း အလောင်းကိုမတွေ့ခဲ့ရဘဲ နောက်ပိုင်းတွင် အသက်ရှင်လျက် တွေ့ခဲ့ရသည်ဆိုသော သတင်းများထွက်ပေါ်ခဲ့သည်။

နောက်ဆုံးတွင် ၎င်းကို ခြေရာခံမိကာ မီချိုယာကန်ပြည်နယ်အတွင်း ပစ်သတ်လိုက်သည်ဟု ရဲတပ်ဖွဲ့ကပြောသည်။ လက်ဗွေရာပညာရှင်များထံမှ အကူအညီဖြင့် ယခုသတ်ပစ်လိုက်သူမှာ နာဇာရီယိုမိုရန်နိုဖြစ်သည်မှာ ရာနှုန်းပြည့်သေချာသည်ဟု ဖက်ဒရယ်အစိုးရရှေ့နေရုံးမှ စုံစမ်းစစ်ဆေးရေးခေါင်းဆောင် သောမတ်စ်ဇီရွန်ကပြောသည်။

မိုရန်နိုကို လုံခြုံရေးတပ်ဖွဲ့ဝင်များ ခြေရာခံနေသည်မှာ အချိန်အတိုင်းအတာတစ်ခုထိ ကြာပြီဖြစ်ကြောင်း အစိုးရလုံခြုံရေးပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် အလီဂျန်ဒရိုရူဘီဒိုကပြောသည်။

မိုရန်နိုမှာ အသက်ရှင်နေသည်သာမဟုတ်ဘဲ ခြိမ်းခြောက်ရယူမှု၊ ပြန်ပေးဆွဲမှုများနှင့် အခြားသော ရာဇဝတ်မှုများကိုလည်း ကျူးလွန်ခဲ့သည်ဟု အမည်မဖော်လိုသူများက ပြောကြားကြောင်း မက္ကဆီကိုစီးတီးမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ရူဘီဒိုကပြောသည်။

"သူသေပြီလို့ သတင်းထွက်ကတည်းက လူသတ်မှုအများကြီးသူ ကျူးလွန်းတယ်လို့ ရဲတပ်ဖွဲ့က ယုံကြည်ထားပြီး ဒီလူဟာ အန္တရာယ်ရှိတဲ့လူတစ်ယောက်ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

မတ်လ ၉ ရက် နံနက်က မီချိုယာကန်ပြည်နယ် တင်ဘစ်ကတီယိုကျေးရွာတွင် မိုရန်နိုကို ရဲတပ်ဖွဲ့ဝင်များက တားဆီးခဲ့ပြီး အဖမ်းခံခိုင်းရာ ၎င်းက ပြန်လည်ခုခံသဖြင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားပြီး ၎င်းသေဆုံးသွားခြင်းဖြစ်သည်ဟု ရူဘီဒိုကပြောသည်။

—*Ref: BBC*

## ဆန္ဒပြမှုများနှင့် ဆွေးနွေးမှုများက ဗင်နီဇွဲလားအတိုက်အခံများကို ကျယ်ပြန့်စွာသဘောထားကွဲလွဲစေ



*ဗင်နီဇွဲလားနိုင်ငံ ကာရာကတ်စ်မြို့တွင် အစိုးရကို ဆန့်ကျင်ဆန္ဒပြသူတစ်ဦးကိုတွေ့ရစဉ်*

Photo – Jorge Silva/REUTERS

**ကာရာကတ်စ်၊ မတ်-၁၀**

ဗင်နီဇွဲလားနိုင်ငံတွင် ဖြစ်ပေါ်နေသော အကြမ်းဖက်ဆန္ဒပြပွဲများကြောင့် အတိုက်အခံဘက်မှ သဘောထားအလယ်အလတ်ရှိသူများ အချင်းချင်း ကင်းကွာသွားစေပြီး သမ္မတမာဒူရိုကို ရာထူးမှ ဖြုတ်ချနိုင်မည့်အရိပ်အယောင် မတွေ့ရဖြစ်နေစဉ် ဆိုရှယ်လစ်ခေါင်းဆောင်မာဒူရို၏ ဆွေးနွေးညှိနှိုင်းရန် တိုက်တွန်းမှုများက ၎င်း၏ပြိုင်ဘက်အတိုက်အခံများကြား နက်ရှိုင်းစွာသဘောထားကွဲလွဲသွားစေသည်။

ဆယ်စုနှစ်တစ်ခုအတွင်း ဗင်နီဇွဲလားနိုင်ငံ၏ အဆိုးရွားဆုံး လူထုမငြိမ်သက်မှု၌ ပြီးခဲ့သည့်လအစောပိုင်းမှစ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် အနည်းဆုံးလူ ၂၀ ဦး သေဆုံးခဲ့ပြီးဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံတစ်ဝန်းမြို့များစွာတွင် အတိုက်အခံထောက်ခံသူ ထောင်ပေါင်းများစွာနေ့စဉ်ရက်ဆက် ချီတက်ဆန္ဒပြနေပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲရေး၊ ငွေဖောင်းပွမှုမြင့်တက်ခြင်း အဆုံးသတ်ရေး၊ စတိုးဆိုင်များတွင် အခြေခံလူသုံးကုန်ပစ္စည်းများ ပြတ်လပ်မှုနှင့် ကမ္ဘာပေါ်တွင် လူသတ်မှုနှုန်း အမြင့်မားဆုံး နိုင်ငံများအနက် တစ်ခုဖြစ်နေခြင်းတို့ကို အရေးယူဆောင်ရွက်ပေးရေး ဆန္ဒပြသူများက တောင်းဆိုကြသည်။

ကာရာကတ်စ်မြို့အရှေ့ပိုင်းရှိ ရင်ပြင်တစ်ခုတွင် ညစဉ်ဆိုသလို မျက်နှာဖုံးစွပ်အတိုက်အခံစစ်သွေးကြွများက ကျောက်ခဲများ၊ ဓာတ်ဆီပုလင်းများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်လျက်ရှိသည်။

ယင်းအကြမ်းဖက်တိုက်ခိုက်မှုများမှာ အနာဂတ်တွင် ထိန်းမနိုင်သိမ်းမရအခြေအနေသို့ရောက်ရှိလာနိုင်ပြီး အနာဂတ်တွင် ငြိမ်းချမ်းစွာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ထိခိုက်နိုင်သည်ဟု သဘောထားအလယ်အလတ်ရှိသူများက စိုးရိမ်နေပြီး အတိုက်အခံအဖွဲ့အတွင်း တင်းမာမှုများ အရှိန်မြင့်သွားစေသည်။

ဗင်နီဇွဲလားသမ္မတမာဒူရိုက ဆွေးနွေးညှိနှိုင်းရန် အကြိမ်ကြိမ်ဖိတ်ခေါ်ထားသောကြောင့် အတိုက်အခံခေါင်းဆောင်များ အကျပ်ရိုက်မှုတစ်ခု ထပ်မံကြုံတွေ့နေရသည်။

ယင်းဆွေးနွေးပွဲများကိုရပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပြီးကောင်းစွာယုံကြည်ရသူတစ်ဦးက ကြားဝင်ဆောင်ရွက်ပေးမည်ဆိုပါက မာဒူရိုနှင့်ဆွေးနွေးမည်ဟုအတိုက်အခံ ညွန့်ပေါင်းအဖွဲ့ ဒီမိုကရက်တစ်ယူနတီက မတ်လ ၇ ရက်တွင် ပြောသည်။

—*Ref: Reuters*

နောက်ကျောဖုံး မှ

## အိုဇုန်းလွှာ ပျက်စီးစေသော ဓာတ်ငွေ့သစ်များ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

အင်္ဂလန်ရှိအရှေ့အန်ဂလီယာ တက္ကသိုလ်မှ လေ့လာမှု ခေါင်းဆောင် စာရေးဆရာ ဟိုပာန်နိစ်လော်ဘီက ရိုက်တာ သတင်းဌာနအား ပြောသည်။

ယင်းအန္တရာယ်ရှိ ဓာတ်ငွေ့လေးမျိုး၏ စုစုပေါင်းအလေးချိန်တန်ပေါင်း၇၄,၀၀၀ ပမာဏ ဓာတ်ငွေ့များကမ္ဘာ့လေထုထဲသို့ရောက်ရှိနေသော်လည်း ၁၉၈၀ ပြည့်နှစ်များက နှစ်စဉ် CFC ဓာတ်ငွေ့ထုတ်လုပ်မှု တန်ချိန်သန်းပေါင်းများစွာ၏ သေးငယ်လှသော ပမာဏမျှသာဖြစ်ကြောင်း ဗြိတိန်၊ ဂျာမနီ၊ ဩစတြေးလျ၊ ပြင်သစ်၊ နယ်သာလန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ သိပ္ပံပညာရှင်များပါဝင်သောအဖွဲ့တစ်ဖွဲ့၏ လေ့လာမှုအရသိရသည်။ ယင်းဓာတ်ငွေ့များမှာ အားပြင်းသော ဖန်လုံအိမ်ဓာတ်ငွေ့များဖြစ်ဖွယ်ရှိကြောင်း လော်ဘီက ပြောသည်။ CFC ဓာတ်ငွေ့များမှာ ကမ္ဘာ့လေထုအတွင်း အပူသိုလှောင်ရာတွင် ကာဗွန်ဒိုင်အောက်ဆိုက်ထက် အဆပေါင်းထောင်ပေါင်းများစွာ အားပိုပြင်းသည်။

## Whatsapp ကို ဖေ့စ်ဘွတ်ခ်ဝယ်ယူမှု စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရ

**ဆန်ဖရန်စစ္စကို၊ မတ်-၈**

မိုဘိုင်းဖုန်းမက်ဆေ့ချ် ဝန်ဆောင်မှုပေးသည့် Whatsapp ကုမ္ပဏီကို ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏ ဝယ်ယူမှုနှင့်ပတ်သက်၍ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကာကွယ်ရေးအဖွဲ့များက ဆန့်ကျင်လိုက်သည်။

ယင်းကုမ္ပဏီကို ပေါင် ၁၁ ဘီလီယံဖြင့် ဝယ်ယူရန် မက်ဇူကာဘာ့ဂ်၏ ဖေ့စ်ဘွတ်ခ်ကုမ္ပဏီက စီစဉ်နေသည်။

သို့သော် ယင်းလုပ်ငန်းကို သီးခြားလုပ်ငန်းတစ်ခုအနေဖြင့် လုပ်ကိုင်သွားမည်ဟု ဖေ့စ်ဘွတ်ခ်ကုမ္ပဏီကပြောကြားပြီး ကြော်ငြာအတွက် အသုံးပြုသူများ၏ အချက်အလက်များ မစုဆောင်းရန် အချက်ပါဝင်ပြီးဖြစ်ကာ ပုဂ္ဂိုလ်ရေးကာကွယ်မှုအစီအစဉ်များကို အလေးထားမည်ဟု ဖေ့စ်ဘွတ်ခ်ကုမ္ပဏီကပြောသည်။

Whatsapp သိမ်းဆည်းထားသော အသုံးပြုသူများ၏ ဖုန်းနံပါတ်များနှင့် အချက်အလက်များသို့ ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ ဝင်ရောက်နိုင်စွမ်းကို အဓိကထားပြီး ယင်းအရောင်းအဝယ်ကို သေချာစွာစစ်ဆေးပေးရန် အမေရိကန်အာဏာပိုင်များအား အွန်လိုင်းအသုံးပြုသူများ ကာကွယ်ရေးနှင့် သုတေသနအဖွဲ့များက တိုက်တွန်းထားသည်။

အသုံးပြုသူ ၁ ဒသမ ၂ ဘီလီယံရှိသော ကမ္ဘာ့ထိပ်တန်း လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်မှာ အသုံးပြုသူများကို အသက်အရွယ်၊ လိင်ကွဲပြားမှုနှင့် အခြားသော စရိုက်လက္ခဏာများ အဓိကထား၍ ကြော်ငြာများပြသခြင်းဖြင့် အဓိကဝင်ငွေရသော ကုမ္ပဏီဖြစ်သည်။

"ကျွန်တော်တို့ ထပ်တလဲလဲပြောခဲ့သလိုပါပဲ Whatsapp ကို သီးခြားကုမ္ပဏီတစ်ခုအနေနဲ့ လုပ်ကိုင်သွားမှာပါ။ နောက်ပြီး ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်နဲ့ လုံခြုံရေးတို့အတွက် ပေးထားတဲ့ကတိတွေကိုလည်း တန်ဖိုးထားသွားမှာပါ"ဟု ရိုက်တာသတင်းဌာနက ကြည့်ရှုခွင့်ရလိုက်သည့် ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အခြားသော မီဒီယာများသို့ မိုဘိုင်းမှတစ်ဆင့် မက်ဆေ့ချ်များ၊ ဓာတ်ပုံများနှင့် ရုပ်ရှင်များပေးပို့နိုင်သည့် အသုံးပြုသူ သန်း ၄၅၀ ရှိထားသည့် Whatsapp ကို ဝယ်ယူရန် ရည်ရွယ်ထားသည်ဟု ဖေ့စ်ဘွတ်ခ်က ကြေညာထားသည်။

—*Ref: BBC*


ကိုယ်ရောစိတ်ပါကျန်းမာရွှင်လန်းစေဖို့ ဒေလီဗိုက်တာဂျင် ကိုသောက်ကြစို့...
DAILY VITAGIN
Soft Cap
DAILY VITAGIN
နေ့စဉ်မှန်မှန်သောက်သုံးခြင်းဖြင့်
စာမေးပွဲဖြေဆို အောင်မြင်မှု
ရလဒ်ကောင်းများ ရရှိစေဖို့
Daily Vitagin တွင် ပါဝင်သော ဂျင်ဆင်း၊ အာဂိုကယ်စီရောလ်၊ မဂ္ဂနီစီယမ်၊ ဗိုတက်စီယမ်
ဇင့်၊ ဗီတာမင်ဘီကွန်ပေါင်းများ၏ ပေါင်းစပ်စွမ်းအင်သည် မှတ်ဉာဏ်စွမ်းရည်ကို တိုးမြှင့်ပေးပါသည်။
ထို့ကြောင့်...
☑ စိတ်ဖတ်ခွန်အားအစဉ် လန်းဆန်းတက်ကြွစေခြင်း
☑ လေ့လာမှတ်သားသင်ယူနိုင်မှု စွမ်းအားများ ပိုမိုရရှိစေခြင်း
☑ ဖြတ်ထိုးဉာဏ်နှင့်စဉ်းစားတွေးခေါ်မှုဉာဏ်ကို ကောင်းမွန်စေခြင်း
☑ ဦးနှောက်၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း စသည့်
အကျိုးကျေးဇူးများကို ရရှိစေပါသည်။
PACIFIC
Manufactured under License by
Korea Pharma Co., Ltd. Kyeonggi-Do, Korea
For Pacific Pharmaceuticals Pte Ltd.


CP
ရင်ခုန်ပျော်ရွှင် ဂိမ်းအစီအစဉ်မှာ
အားလုံးပါဝင်
ဆုတွေယူကြစို့
5000
စီပီကြက်ကြော်ဆိုင်တိုင်းတွင် ၂၀၀၀ ကျပ်ဖိုးဝယ်ယူပြီး ဂိမ်းစက်တွင် ရင်ခုန်ပျော်ရွှင်စွာ ဆော့ကစားရင်း လူတိုင်း ဆုတွေ ပိုင်ဆိုင်နိုင်ပါပြီ။
၂၀၁၄ ခုနှစ်
မတ်လ (၅) ရက်နေ့မှ
ဧပြီလ (၁၀) ရက်နေ့အထိ
HOT LINE :
09-4211-33777, 09-42111-6868
Follow us on www.facebook.com/CPFoodBusinessMyanmar

7 DAY NEWS JOURNAL

# International

Vol.13, No.2 • MARCH 12 , 2014



*အမေရိကန်ရေတပ်၏ နောက်ဆုံးပေါ် လေယာဉ်တင်သင်္ဘော USS Gerald.R.Ford ကို တွေ့ရစဉ်* ဓာတ်ပုံ – govconwirecnews

## အမေရိကန် မျိုးဆက်သစ် လေယာဉ်တင်သင်္ဘော ၂ နှစ်ကြာ စမ်းသပ်မည်

**ဝါရှင်တန်၊ မတ်-၁၀**

အမေရိကန်ရေတပ်၏ နောက်ဆုံးပေါ် လေယာဉ်တင်သင်္ဘော USS Gerald.R.Ford အား ၂ နှစ်ကျော်ကြာ အချိန်ယူ၍ စမ်းသပ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

အမေရိကန် ရေတပ်၏ Ford–class လေယာဉ်တင် သင်္ဘောများဟု ခေါ်တွင်မည့် မျိုးဆက်သစ် လေယာဉ်တင် သင်္ဘောများ၏ ပထမဆုံးသင်္ဘောတွင် နောက်ဆုံးပေါ် ရေဒါစနစ်များ၊ မောင်းသူမဲ့ လေယာဉ်လွှတ်တင်နိုင်သောစနစ်များ တပ်ဆင်ထားသည်။

USS Gerald.R.Ford လေယာဉ်တင်သင်္ဘောအား ပြီးခဲ့သည့် နိုဝင်ဘာက ဗားမောင့်ပြည်နယ် နယူးပေါ့တ်နယူးစ်ဆိပ်ကမ်းတွင် စတင်ရေချခဲ့ပြီး ၂၀၁၆ ခုနှစ်၌ အမေရိကန်ရေတပ်တွင် စတင်အသုံးပြုရန် စီစဉ်ထားသည်။

သို့သော် ပထမဦးစွာ သင်္ဘော တည်ဆောက်ခဲ့သူများက သင်္ဘောတွင် တပ်ဆင်ထားသည့် ရှုပ်ထွေးများပြားလာသော အဆင့်မြင့်နည်းပညာစနစ်များကို (၂၆) လကြာ အချိန်ယူ၍ စေ့စေ့စပ်စပ် စမ်းသပ်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။ နည်းပညာသစ် အမြောက်အမြားကို စမ်းသပ်ရခြင်းဖြစ်၍ ပုံမှန်လေယာဉ်တင် သင်္ဘောများ စစ်ဆေးစမ်းသပ်ခြင်းထက် အချိန်ပိုယူရခြင်းဖြစ်သည်ဟု နယူးပေါ့တ်နယူးစ် သင်္ဘောဆောက်လုပ်ရေးကုမ္ပဏီကပြောသည်။ USS Ford သည် တန်ချိန်တစ်သိန်းနီးပါးရှိမည်ဖြစ်ပြီးတပ်ဖွဲ့ဝင်၄,၆၀၀ နှင့် လေယာဉ်ပေါင်း ၇၅ စီး သယ်ဆောင်နိုင်မည်ဖြစ်သည်။ *—Ref: Reuters*

## အိုဇုန်းလွှာ ပျက်စီးစေသော ဓာတ်ငွေ့သစ်များ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဘရပ်ဆဲလ်၊ မတ်-၁၀**

ကမ္ဘာကြီးကို ကာကွယ်ပေးသော အိုဇုန်းလွှာအား ပျက်စီးစေသည့် လူသားများကြောင့် ဖြစ်ပေါ်လာသော ဓာတ်ငွေ့များ ထုတ်လွှတ်မှုအားလုံးနီးပါးကို ၁၉၈၇ ပဋိညာဉ်စာချုပ်အရ တားမြစ်ထားသော်လည်း အလားတူ ဓာတ်ငွေ့သစ်များ သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့ကြောင်း လေ့လာမှုအသစ်တစ်ခုတွင် ဖော်ပြသည်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကမ္ဘာ့အကြီးဆုံးကျွန်းဖြစ်သော ဂရင်းလန်း၏ ရေခဲပြင်နှင့် ဩစတြေးလျနိုင်ငံ တက်စ်မေးနီးယားကျွန်း၏ လေထုနမူနာများတွင် တွေ့ရသော အေးခဲစေသည့်ပစ္စည်းများ (သို့မဟုတ်) ပိုးသတ်ဆေးများ ထုတ်လုပ်ရာတွင် သုံးစွဲခြင်းဖြစ်နိုင်သော ဓာတ်ငွေ့သစ်များ၊ စက်မှုလုပ်ငန်း ဆက်စပ်ရင်းမြစ်များမှ ပမာဏအနည်းငယ်ရှိ ဓာတ်ငွေ့များကို တိတိကျကျသိရှိရန် ပညာရှင်များက ကြိုးစားခဲ့ကြသည်။

မျက်စိရောဂါနှင့် အရေပြားကင်ဆာ ဖြစ်စေနိုင်သော ဖျက်ဆီးနိုင်သည့် ခရမ်းလွန်ရောင်ခြည်များကမ္ဘာမြေပေါ်သို့ရောက်မလာစေရန် အိုဇုန်းလွှာကကာကွယ်ပေးထားသည်။

အိုဇုန်းလွှာရှိ အပေါက်ကို ၁၉၈၀ ပြည့်နှစ်များအတွင်း အန္တာတိကတိုက်ပေါ်တွင် တွေ့ရှိခဲ့သော်လည်း ဆံပင်ဖျန်းဆေးများ၊ အမြှုပ်များ၊ အေးခဲစေသော ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် အိုဇုန်းလွှာပျက်စီးစေသော ဓာတုပစ္စည်းများ အသုံးပြုခြင်း တားမြစ်လိုက်ခြင်းကြောင့် လာမည့်နှစ်ပေါင်း ၅၀ အတွင်း ပြန်ကောင်းလာနိုင်ရန် အလားအလာ ကောင်းနေသည်။

Chlorofluorocarbon ဟုခေါ်သော CFC သုံးမျိုးနှင့် Hydro–chlorofluorocarbon ဟုခေါ်သော HCFC တစ်မျိုး၏ ပြင်းအားများမှာ အိုဇုန်းလွှာအတွက် အန္တရာယ်ရှိသော အဆင့်မရောက်ရှိသေးကြောင်း

စာမျက်နှာ ၄၆ ››

## ဩစတြေးလျတွင် စံချိန်တင် အပူချိန်မြင့်တက်

**ဆစ်ဒနီ၊ မတ်-၁၀**

ဩစတြေးလျနိုင်ငံတွင် စံချိန်တင် အပူလွန်ကဲမှု မှတ်တမ်းပေါင်း ၁၅၀ ကျော် ကျိုးပျက်ကာ ထပ်မံ၍ ပြင်းထန်သော နွေရာသီဒဏ်ကို ခံစားနေရကြောင်း မတ်လ ၁၀ ရက်က ထွက်ပေါ်သည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြသည်။ အပူလှိုင်းကျရောက်မှုနှင့် အပူချိန်မြင့်မားမှုများ ပိုမိုဆိုးရွားလာမည်ဟုလည်း အစီရင်ခံစာတွင် သတိပေးထားသည်။

ကျိုးပျက်သွားသော စံချိန်များတွင် ပါ့သ်မြို့၌ အပူပြင်းဆုံး ညအပူချိန် ၂၉ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိခဲ့မှု၊ အက်ဒလေ့ဒ်မြို့တွင် ဖေဖော်ဝါရီ အပူပြင်းဆုံးနေ့ (၄၄ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်စ်) ဆစ်ဒနီမြို့တွင် ၂၇ နှစ်အတွင်း အပူပြင်းဆုံး နွေရာသီ ကြုံခဲ့ရမှုစံချိန်များပါဝင်ကြောင်း အမိုအခိုကင်းရာသီဥတုကောင်စီက ပြောကြားသည်။

ယင်းမှာ ၂၀၁၃ ခုနှစ်က သမိုင်းတွင် အပူပြင်းဆုံးနှစ် ကြုံတွေ့ခဲ့ပြီးနောက် ထပ်မံဖြစ်ပေါ်လာသော စံချိန်တင်နှစ်တစ်နှစ်ဖြစ်သည်။ "ဩစတြေးလျနိုင်ငံဟာ နောက်ထပ် ဒေါသကြီးတဲ့ နွေရာသီနဲ့ ကြုံကြိုက်နေရတယ်"ဟု နိုင်ငံတစ်ဝန်း ရာသီဥတု အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာမှုလုပ်သော ရာသီဥတုကောင်စီမှ သိပ္ပံပညာရှင် တင်မ်ဖလန်နာရီက ပြောကြားသည်။

မဲလ်ဘုန်း၊ ကင်ဘာရာ၊ အက်ဒလေ့ဒ်မြို့များတွင် ကြာချိန်များသော အပူလှိုင်းများဒဏ်ခံစားခဲ့ရသော ဩစတြေးလျ၌ တောင်ဩစတြေးလျ၊ အနောက်ပိုင်း ဩစတြေးလျ၊ ဗစ်တိုးရီးယားပြည်နယ်များတွင် တောမီးလောင်ကျွမ်းမှုများ ရင်ဆိုင်ခဲ့ရသည်။

*—Ref: AFP*



# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## သမ္မတဦးသိန်းစိန်နှင့်ဒေါ်အောင်ဆန်းစုကြည် ငါးကြိမ်မြောက် သီးသန့်တွေ့ဆုံ

တွေ့ဆုံခြင်းမပြုသည်မှာ ခုနစ်လခန့်ကြာမြင့်ပြီဖြစ်သည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ယခုလ ၉ ရက်တွင် ပဉ္စမအကြိမ်အဖြစ် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့သည်။ နေပြည်တော်ရှိ သမ္မတ၏လယ်တောရိပ်သာတွင် တွေ့ဆုံမှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မည်သည့်အကြောင်းအရာများ ဆွေးနွေးခဲ့သည်ဆိုခြင်းကိုမူ မည်သည့်ဘက်ကမျှ သတင်းထုတ်ပြန်ခြင်းမပြုခဲ့ပေ။ သို့သော် နိုင်ငံတော်သမ္မတရုံးညွှန်ကြားရေးမှူးဦးဇော်ဌေးကမူ ယခုတွေ့ဆုံမှုသည် နိုင်ငံရေးခြေလှမ်းအရ ဒုတိယအဆင့်သို့ ကူးပြောင်းသွားပြီဖြစ်ကာ မတူသည့်အချက်များကို ငြိမ်းချမ်းစွာဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန် တွေ့ဆုံကြခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

## ဦးကိုကိုကြီးနှင့် မခင်သူသူဝင်း နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး

၈၈မျိုးဆက်ကျောင်းသား ခေါင်းဆောင် အသက် (၅၃) နှစ်အရွယ် ဦးကိုကိုကြီးသည် အသက် (၃၂) နှစ်အရွယ် မခင်သူသူဝင်းနှင့် မတ်လ ၅ ရက်နံနက်က တရားရုံးတွင် နှစ်ဦးသဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ လက်ထပ်စာချုပ်လက်မှတ်ရေးထိုးပွဲသို့ ကျောင်းသားခေါင်းဆောင် လူပျိုကြီး ဦးမင်းကိုနိုင်က အသိသက်သေအဖြစ်ပါဝင်လက်မှတ်ရေးထိုးပေးခဲ့သည်။ မခင်သူသူဝင်းသည် ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ကလေးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာသိန်းဝင်း(ကွယ်လွန်)၏ သမီး အငယ်ဆုံးဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ခြောက်နှစ်ခန့်နေထိုင်ခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံသို့ အပြီးအပိုင်ပြန်လာခဲ့ခြင်းဖြစ်သည်။ သူတို့နှစ်ဦး၏ မင်္ဂလာပွဲကို မတ်လ ၂၀ ရက်တွင် ကလေးမြို့၌ ပြုလုပ်မည်ဖြစ်သည်။

## တရုတ်လုပ်ငန်းရှင်များ လားရှိုးအထိ ကိုယ်ပိုင်ကားဖြင့် သွားလာခွင့်တောင်း

မတ်လဆန်းက မြန်မာအစိုးရနှင့်တွေ့ဆုံခဲ့သည့် ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက နှစ်နိုင်ငံချစ်ကြည်ရေးအခွန့်ရှည်ရန်အကြောင်းပြ၍ တရုတ်နိုင်ငံနယ်စပ်မှတစ်ဆင့် လားရှိုးမြို့အတွင်းသို့ကိုယ်ပိုင်ကားဖြင့် သွားလာခွင့်ရရှိရန် တောင်းဆိုခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ ယခု အခါ တရုတ်လုပ်ငန်းရှင်များကို မူဆယ် (၁၀၅မိုင်)အထိသာ ကိုယ်ပိုင်ကားဖြင့်သွားလာခွင့် ပြုထားသည်။

## ရန်ကုန်တွင် စိတ်ကြွဆေးပြားဆယ်သိန်းဖမ်းမိ

မင်္ဂလာတောင်ညွန့်နှင့် တာမွေမြို့နယ်တွင် ကျပ်သန်း ၅,၀၀၀ တန်ဖိုးရှိ စိတ်ကြွဆေးပြား ဆယ်သိန်းကို ရန်ကုန်အနောက်ပိုင်းခရိုင်မူးယစ်ရဲတပ်ဖွဲ့က မတ်လ ၈ ရက်တွင် သိမ်းဆည်းနိုင်ခဲ့ပြီး သံသယရှိသော အမျိုးသားနှစ်ဦးကို ဖမ်းဆီးခဲ့သည်။

## ရေနီမြို့နယ်တွင် အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

ပဲခူးတိုင်းဒေသကြီး ရေနီမြို့အနီးတွင် မတ်လ ၉ ရက်ည ၁၀ နာရီ ၃၂ မိနစ်က ရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိသော မြေငလျင်လှုပ်ခဲ့ပြီး နေပြည်တော်နှင့်တောင်ငူမြို့များတွင်ပါ အဆိုပါငလျင်လှုပ်သည်ကို ခံစားခဲ့ရကြောင်း မိုး/ဇလမြေငလျင်ဌာနမှ သတင်းရရှိသည်။ အဆိုပါငလျင်ကြောင့် ထိခိုက်ပျက်စီးမှုမရှိခဲ့ကြောင်း ရေနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးက ပြောကြားသည်။



ဓာတ်ပုံ – နစ်ကီ

## တရုတ်ဆေးဆရာများ ကုသသော ရွှေပိတောက်ဆေးရုံကို လိုင်စင်ပိတ်သိမ်း

ဆေးကုသခွင့်လိုင်စင်မရှိဘဲ တရုတ်ဆေးဆရာများဖြင့် ဆေးကုသနေသည့် ရွှေပိတောက်ဆေးရုံကို ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက လိုင်စင်ပယ်ဖျက်၍အရေးယူသည်။ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်း၊ ရွှေပိတောက်ရိပ်မွန်ရှိ ရွှေပိတောက်ဆေးရုံကို မြန်မာနိုင်ငံဆေးကောင်စီ၏ ကန့်သတ်ဆေးကုသခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားသားများနှင့်ဆေးကုသနေ၍ပုဂ္ဂလိကကျန်းမာရေး ဥပဒေပုဒ်မ ၂၆၊ (ဃ)အရ လိုင်စင်ပယ်ဖျက်လိုက်ခြင်းဖြစ်သည်။ထိုသို့အရေးယူမှုများပြုလုပ်နေသော်လည်းသတင်းမီဒီယာများက အကျယ်တဝင့်ဖော်ပြနေသည့် နာမည်ကြီးအပျောက်ကုဆေးခန်းအချို့မပါဝင်သေးသည်ကိုတွေ့ရသည်။

## ရေပြင်ပစ် သင်္ဘောဖျက်ပဲ့ထိန်းဒုံးကျည် တပ်မတော်(ရေ)စမ်းသပ်ပစ်ခတ်

မြန်မာ့ပင်လယ်ပြင်လုံခြုံရေးအတွက်ရည်ရွယ်၍ မြန်မာ့တပ်မတော် (ရေ)ပိုင်စစ်ရေယာဉ် ၇၇၁ မှ ဘင်္ဂလားပင်လယ်အော်အတွင်း ရေပြင်ပစ်သင်္ဘောဖျက်ပဲ့ထိန်းဒုံးကျည်တစ်စင်းကို ပထမဆုံးအကြိမ် စမ်းသပ်ပစ်ခတ်ခဲ့သည်။ မြန်မာ့တပ်မတော်(ရေ) အတွက် အောင်မြင်မှုတစ်ရပ်ဖြစ်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေကိုယ်တိုင် အနီးကပ်ကြည့်ရှုခဲ့ခြင်းဖြစ်သည်။ တပ်မတော်မှ ကျွမ်းကျင်ပညာရှင်များကိုယ်တိုင် တည်ဆောက်ခဲ့သည့် စစ်ရေယာဉ်က တရုတ်နိုင်ငံထုတ် ပဲ့ထိန်းဒုံးကျည်ကို မတ်လ ၁ ရက်က မိုးကုတ်စက်ဝိုင်းလွန်ပစ်မှတ်သို့ စမ်းသပ်ပစ်ခတ်ခဲ့သည်။ ထိုကဲ့သို့ စမ်းသပ်ပစ်ခတ်မှုသည် မြန်မာနိုင်ငံအနောက်ခြမ်းပင်လယ်ပြင် လုံခြုံရေးအတွက် အဘက်ဘက်မှ အင်အားတောင့်တင်းစေရန် ပြင်ဆင်နေမှုတစ်ခုသာဖြစ်ကာ ထပ်မံစမ်းသပ်ပစ်ခတ်ရန်ရှိကြောင်းသိရသည်။ လာမည့် (၆၉) နှစ်မြောက် တပ်မတော်နေ့တွင် အခြေပြုရေတပ်စစ်ရေးလေ့ကျင့်မှုကြီး တစ်ရပ်ကို ထည့်သွင်းကျင်းပနိုင်ဖွယ်ရှိသည်ဟု သုံးသပ်နေကြသည်။

## ကုမ္ပဏီပေါင်း တစ်သောင်းကျော် အခွန်ဆောင်ရန်ပျက်ကွက်နေဟုဆို

ပြည်တွင်းအခွန်များဦးစီးဌာနမှ မတ်လပထမပတ်က ပြည်တွင်းရှိ ကုမ္ပဏီပေါင်းတစ်သောင်းကျော်မှာ အခွန်ပေးဆောင်ရန် ပျက်ကွက်နေကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ပြည်တွင်းမှ ကုမ္ပဏီပေါင်းတစ်သောင်းကျော်မှာ အစိုးရရုံးသို့ဆက်သွယ်ရန်နှင့် အခွန်ပေးဆောင်ရန်ပျက်ကွက်နေပြီး မတ်လ ၂၀ ရက်နောက်ဆုံးထား အခွန်ဆောင်ရန် မတ် ၆ ရက်က ပြည်တွင်းကုမ္ပဏီများဦးစီးဌာနက နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် သတိပေးထုတ်ပြန်ခဲ့သည်။ပြည်တွင်းအခွန်များဦးစီး ဌာန၏ တရားဝင်အင်တာနက်ဝဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားချက်အရ ၂၀၁၂–၁၃ ဘဏ္ဍာနှစ်မှ ယနေ့အထိ အခွန်ပေးဆောင်ရန် ပျက်ကွက်နေသောကုမ္ပဏီပေါင်း ၁၀,၆၀၇ ရှိသည်ဟုဖော်ပြထားသည်။

## သီလဝါအများပိုင်ကုမ္ပဏီအစုရှယ်ယာ ငါးရက်အတွင်း ကျပ်သုံးဘီလီယံဖိုးရောင်းပြီး

သီလဝါအထူးစီးပွားရေးဇုန် အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော်မည့် မြန်မာသီလဝါအထူးစီးပွားရေးဇုန် ဟိုဒင်းအများပိုင်ကုမ္ပဏီ အစုရှယ်ယာများရောင်းချရာတွင် ငါးရက်အတွင်း ကျပ်သုံးဘီလီယံကျော်ရောင်းချရကြောင်း ကုမ္ပဏီဥက္ကဋ္ဌဦးဝင်းအောင်က ပြောကြားသည်။သီလဝါအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရေးအတွက်တစ်စုလျှင်ကျပ်တစ်သောင်းတန်အစုရှယ်ယာနှစ်သန်းကျော်ကို အများပြည်သို့ ရောင်းချမည်ဖြစ်ပြီး မတ်လ ၃ ရက်မှစတင် ၍ ငါးပတ်ကြာ ရောဝတီ၊ မြန်မာ့ရွှေဆောင်၊ သမာဝါယမ၊ ရိုးမနှင့် ကမ္ဘောဇဘဏ်တို့၏ နိုင်ငံအနှံ့အပြားမှ ဘဏ်ခွဲများတွင် ရောင်းချပေးမည်ဖြစ်သည်။

## အမေရိကန်နိုင်ငံတွင် အခြေစိုက်မည့် စုဖောင်ဒေးရှင်း စတင် ထူထောင်

ယိုယွင်းနိမ့်ကျနေသော မြန်မာနိုင်ငံ၏ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများတွင် ကူညီထောက်ပံ့ပေးနိုင်ရန်ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်နိုင်ငံတွင်အခြေစိုက်မည့်စုဖောင်ဒေးရှင်းကို ယခုလ ၉ ရက်တွင် စတင်ထူထောင်လိုက်ပြီဖြစ်သည်။ အဆိုပါဖောင်ဒေးရှင်းသည် အမေရိကန်နိုင်ငံ ဟာဝိုင်အီပြည်နယ်တွင်အခြေစိုက်မည်ဖြစ်ပြီး အမေရိကန်သမ္မတဟောင်းများ၏ဇနီးများဖြစ်သည့် လော်ရာဘုရှ်နှင့် ဟီလာရီကလင်တန်တို့က ဂုဏ်ထူးဆောင်ဥက္ကဋ္ဌများအဖြစ် ပူးတွဲတာဝန်ယူဆောင်ရွက်သွားမည်ဟု ဆိုသည်။ ရန်ပုံငွေရှာဖွေရရှိလျှင် မြန်မာနိုင်ငံ၏ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတိုးတက်လာစေရန် ဆောင်ရွက်မည်ဖြစ်သည်။

## မြောက်ကိုရီးယားထံမှ မြန်မာလက်နက် ဝယ်နေဆဲဟု အမေရိကန်စွပ်စွဲ

မြောက်ကိုရီးယားထံမှလက်နက်များ မြန်မာဝယ်ယူနေဆဲဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက စွပ်စွဲလိုက်သည်။ သို့သော် မြန်မာကာကွယ်ရေးဦးစီးချုပ်ရုံးမှ အမည်မဖော်လိုသူအရာရှိက အစိုးရသစ်လက်ထက်တွင် မြောက်ကိုရီးယားနှင့် ချုပ်ဆိုထားသော စာချုပ်အားလုံးဖျက်လိုက်ပြီဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။ အမေရိကန်စစ်ဘက်မှ ထုတ်ပြန်သည့် အဆိုပါအစီရင်ခံစာတွင် မြောက်ကိုရီးယားထံမှ အမာခံလက်နက်များလက်ခံရရှိနေသော်လည်း မြန်မာသည် အီရန်၊ ဆီးရီးယားတို့နှင့်အတူ လက်နက်လက်ခံရရှိမှု တဖြည်းဖြည်းလျော့ပါးလာသောနိုင်ငံအဖြစ် ဖော်ပြထားသည်။ ထို့အပြင် မြန်မာက မြောက်ကိုရီးယားနှင့်ဝေးဝေးနေရန် ကြိုးစားလာကြောင်းလည်း ဖော်ပြထားသည်။

# 7Day News Heros

7DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014



## 7Day News သူရဲကောင်းဆု

သာမန်ပြည်သူများထဲတွင် မိမိကျရာကဏ္ဍမှ ကိုယ်ကျိုးမဖက်ဘဲ တာဝန်သိသိ၊ သတ္တိရှိရှိ အများပြည်သူအကျိုးအတွက် အနစ်နာခံ စွမ်းဆောင်ခဲ့ကြသော၊ တာဝန်ကျေသော ပုဂ္ဂိုလ်များကို ၂၀၁၁ ခုနှစ်အတွက် စတင် ရွေးချယ်၍ 7Day သူရဲကောင်းဆု (7Day News Hero) အဖြစ် ရွေးချယ်ချီးမြှင့်ခဲ့ပါသည်။

သူရဲကောင်းဆုများကို 7Day News က နယ်ပယ်ပေါင်းစုံကို ဖြန့်ကြက်၍ ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပါသည်။

ဆုပေးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဘက်ပေါင်းစုံတွင် နိမ့်ကျနေသော မြန်မာနိုင်ငံ၌ သူရဲကောင်းစိတ်ဓာတ်ပိုင်ရှင်များ ထပ်မံတိုးပွားလာရေးအတွက်ဖြစ်သည်။ ထိုဆုကို 7Day News ဂျာနယ်က နှစ်စဉ်ရွေးချယ်ချီးမြှင့်မည်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်အတွက် 7Day News သူရဲကောင်းဆုကို ရဟန်းနှင့် လူပုဂ္ဂိုလ် ၄ ဦးအား ရွေးချယ်ချီးမြှင့်ပေးအပ်ခဲ့ပါသည်။ သူရဲကောင်းဆုရှင်များကို မတ်လ ၇ ရက်တွင် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသော 7Day News ဂျာနယ် နှစ်ပတ်လည် အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

### 7Day News Hero ဆုတံဆိပ်

ဆုတံဆိပ်အမြင့် – တစ်ပေ ခြောက်လက်မ
ဆုတံဆိပ်အလေးချိန် – နှစ်ကီလိုဂရမ်
ဆုတံဆိပ်တန်ဖိုး – ဒေါ်လာ ၂၅၀
**(ကျပ်နှစ်သိန်းတစ်သောင်းဝန်းကျင်) ဆုတံဆိပ်အောက်ခြေကို သစ်မာသားဖြင့် ပြုလုပ်ပြီး 7 အမှတ်တံဆိပ်ကို သတ္တုစပ်ဖြင့် ထုလုပ်ထားသည်။**
ဆုတံဆိပ် ဒီဇိုင်းဖန်တီးသူ – စောစည်သူမိုး
ဆုရရှိသူများအား သီးခြားချီးမြှင့်ငွေ – တစ်ခုလျှင် ကျပ်ငါးသိန်း
**(၂၀၁၁ နှင့် ၂၀၁၂ တွင် ကျပ်သုံးသိန်းစီ ချီးမြှင့်)**



*သာသနာ့ဘောင်ဝင်မည့်ကလေးငယ်များအား သင်္ကန်းတောင်းသင်ပေးနေသော ရတနာဦးကျောင်းတိုက်ဆရာတော် ဦးဝိသုဒ္ဓကိုတွေ့ရစဉ်*

## လူမျိုးရေး၊ ဘာသာရေး၊ အဓိကရုဏ်းအတွင်း ဘုရားသားတော်တစ်ပါး၏ စွမ်းဆောင်ချက်

ဆရာတော် ဦးဝိသုဒ္ဓ

လူ့အဖွဲ့အစည်းအားလုံးနှင့် ကမ္ဘာကပါ အံ့သြတုန်လှုပ်ခဲ့ရသော ဖြစ်ရပ်ကြီး ၂၀၁၃ မတ်လ ၂၀ ရက်တွင် မိတ္ထီလာမြို့၌ စတင်ဖြစ်ပွားခဲ့သည်။ မိတ္ထီလာအကြမ်းဖက်မှုကြီး ဖြစ်ပွားနေစဉ် ဒုက္ခရောက်နေသူများကို စာနာစွာ သတ္တိရှိစွာဖြင့် စွန့်စွန့်စားစား ကယ်တင်ခဲ့သူများလည်း ရှိခဲ့သည်။

မိတ္ထီလာမြို့ ရတနာဦးကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဦးဝိသုဒ္ဓက ဒုက္ခသည်ရှစ်ရာကျော်ကို ဘေးမသီရန်မခအောင် ရဲဝံ့စွာ ကယ်တင်ခဲ့ပါသည်။

သက်တော် (၅၅) နှစ်၊ ဝါတော် (၃၅) ဝါရှိ ဆရာတော် ဦးဝိသုဒ္ဓက ဒုက္ခရောက်နေသည့် အစ္စလာမ်ဘာသာဝင် ရှစ်ရာကျော်အား ကျောင်းအတွင်း မေတ္တာရိပ်၌ ခိုလှုံခွင့်ပေးခဲ့ပြီး အန္တရာယ်ပြုရန် လာရောက်သူများက ထုတ်ပေးရန်ပြောရာ ၎င်းကိုသတ်ပြီးမှ ဒုက္ခသည်များကိုသတ်ပါဟု ရဲရင့်သောပြောစကား လုပ်ဆောင်မှုများကြောင့် အကြမ်းဖက်ရန် လာသူအချို့ လှည့်ပြန်သွားပြီး လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးခဲ့သည်။

ဘာသာရေး၊ လူမျိုးရေးပဋိပက္ခအတွင်းမှာပင် ဘုရားသားတော်တစ်ပါး၏ မေတ္တာ၊ ကရုဏာ၊ သတ္တိတို့ကြောင့် လူ့အသက်ပေါင်းများစွာ ချမ်းသာရာရခဲ့ပြီး ဗုဒ္ဓဘာသာ၏ မေတ္တာ၊ ကရုဏာ ပြည့်စုံမှုအတွက်လည်း သာဓကကောင်း တစ်ခုဖြစ်ခဲ့ပါသည်။

ဒုက္ခရောက်နေသူများကို ကယ်တင်ခဲ့မှုမှာ ဗုဒ္ဓ၏လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဤသို့ကယ်တင်နိုင်ခဲ့၍ ပျော်ရွှင်ကျေနပ်ခဲ့ရကြောင်း ဆရာတော်က 7Day News အား မိန့်ကြားခဲ့သည်။

ရတနာဦးကျောင်းတိုက်တွင် သံဃာ ၃၅ ပါးရှိပြီး ပဋိပက္ခဖြစ်ပွားနေသည့် လေးရက်အတွင်း ဒုက္ခသည်ရှစ်ရာကျော် ကယ်တင်ပေးခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ပိုင်းအတွင်း မြန်မာနိုင်ငံ၌ဖြစ်ပွားနေသော လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများရှောင်ကြဉ်နိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ ဘာသာလူမျိုးမခွဲခြားဘဲ ငြိမ်းငြိမ်းချမ်းချမ်းနှင့်နေထိုင်ကြလျှင် မြန်မာနိုင်ငံသာမက ကမ္ဘာမှာပင် ထာဝရငြိမ်းချမ်းမည်ဟု ဆရာတော်က အကြံပြုသည်။

မြန်မာနိုင်ငံတွင် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအတွက် ဆရာတော်၏ စွမ်းဆောင်ချက်နှင့်အယူဝါဒမှာ နမူနာကောင်းဖြစ်ပြီး လူ့အသက်ပေါင်းများစွာကို စွန့်စွန့်စားစားကယ်တင်ပေးခဲ့သည့်အတွက် 7Day News က ၂၀၁၃ ခုနှစ်အတွက် 7Day News Hero ဆု ဆက်ကပ်ဂုဏ်ပြုခဲ့ခြင်းဖြစ်ပါသည်။

## ငြိမ်းချမ်းရေးအတွက် ဂစ်တာတီးနေသူ

ဦးရဲလွင်(လွတ်လပ်ငြိမ်းချမ်း ပန်းရဲ့လမ်း လူမှုကွန်ရက်အဖွဲ့)

မဇ္ဈိမလှိုင်း တေးဂီတအဖွဲ့မှ ဂစ်တာသမားကြီး ဦးရဲလွင်သည် ဂစ်တာတစ်လုံးကိုကိုင်လျက် ရာသီမရွေး၊ အချိန်နာရီမရွေး အလှူခံနေသည်။ ထိုမှရရှိလာသည့်အလှူငွေများသည် မြန်မာနိုင်ငံရှိ ဆင်းရဲသားဒုက္ခသည်များ၊ စစ်ဘေးဒုက္ခသည်များနှင့် အမှန်တကယ် လိုအပ်နေသူများအတွက် ကောက်ရိုးတစ်မျှင် ဖြစ်လာခဲ့သည်။

သူတို့အဖွဲ့၏ ဆောင်ပုဒ်မှာ "ပြည်သူ့ထံမှ ပြည်သူ့ထံသို့" ပြည်သူများက သူတို့အားလှူဒါန်းလိုက်သည့် တစ်ရာကျပ်မှ တစ်ထောင်ကျပ်အထိ ငွေကြေးများကိုစုပေါင်းကာ နိုင်ငံတွင် အမှန်တကယ်လိုအပ်နေသည့် နေရာဒေသများသို့ သွားရောက်လှူဒါန်းကြခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ်အတွင်း လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်း လူမှုကွန်ရက်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ ပညာရေးကွန်ရက်၊ ကျန်းမာရေးကွန်ရက်တို့အတွက် လမ်းဘေးတွင် သီချင်းလိုက်လံသီဆို၍ ရန်ပုံငွေရှာပေးခဲ့သည်။ ကချင်စစ်ဘေးသင့်ဒေသခံများအတွက်လည်း ရန်ပုံငွေများ ရှာဖွေလှူဒါန်းခဲ့ကြသည်။ ယခုအခါ ဦးရဲလွင်တို့အဖွဲ့ ရှာဖွေပေးခဲ့သည့် ငွေကြေးပမာဏမှာ ကျပ်သိန်းသုံးထောင်ကျော်လာခဲ့ပြီဖြစ်သည်။



*ငြိမ်းချမ်းရေးနှင့် ပရဟိတအတွက် ဂီတာတစ်လက်ဖြင့် ပေးဆပ်နေသော ဦးရဲလွင်*

မြန်မာ့လူ့အဖွဲ့အစည်းအတွက် လိုအပ်လစ်ဟာနေသည့် ကွက်လပ်ကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနေသည့် ငြိမ်းချမ်းရေးမြတ်နိုးသူ ဂီတသမားကြီး ဦးရဲလွင်အား 7Day News က ၂၀၁၃ ခုနှစ်အတွက် 7Day News Hero ဆုရှင်အဖြစ် ရွေးချယ်ခဲ့ပါသည်။

7DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

# 7Day News Heros

## ပြည်သူ့ဝန်ထမ်းကောင်း

### ဒေါက်တာသန်းမင်းထွဋ်

ဒေါက်တာသန်းမင်းထွဋ်ကို သူတာဝန်ကျရာနယ်မြေရှိ ဒေသခံများက လက်မလွှတ်လိုကြပါ။ ယခင်က ဆရာဝန်ဆိုသည်ကိုမမြင်ဖူးကြသည့် တောင်ပေါ်တိုင်းရင်းသားကျေးရွာအချို့မှာ ယခုအခါ သူတို့အခေါ် ဆရာကြီးဟူသည့် ဒေါက်တာသန်းမင်းထွဋ်ကို ယုံကြည်ကိုးစားလျက်ရှိကြပါသည်။

သူသည် ပင်းတယမြို့နယ်တွင် တာဝန်ကျစဉ် ၂ နှစ်တာကာလအတွင်း ကျေးရွာပေါင်း ၅၀ ကျော်ရှိ လူနာရှစ်ထောင်ကျော်အား အခမဲ့ဆေးကုသပေးခဲ့သည်။ ဝေးလံခေါင်ဖျားသည့် တောင်ပေါ်ကျေးရွာများသို့ ခက်ခက်ခဲခဲသွားရောက်ကာ ဆေးကုသပေးရင်း ကျေးရွာ၏ လိုအပ်ချက်များကိုလည်း ကူညီဖြည့်ဆည်းပေးခဲ့သည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဓနုဒေသအုပ်ချုပ်ရေးအဖွဲ့ကလည်း ဒေါက်တာသန်းမင်းထွဋ်နှင့်အတူဒေသဖွံ့ဖြိုးရေးလုပ်ငန်းအချို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဒေါက်တာသန်းမင်းထွဋ်သည် ကျေးရွာများသို့ အခမဲ့ဆေးကုသသည့် ခရီးစဉ်များကို ကုန်းတစ်တန်၊ ရေတစ်တန် ခက်ခဲစွာ သွားရောက်ခဲ့ရုံသာမက ကျန်းမာရေးဟောပြောပွဲများပြုလုပ်ခြင်း၊ ရေရှားပါးသည့် တောင်ပေါ်ဒေသတွင် အဝီစိတွင်းများ တူးဖော်ခြင်း၊ သွားလာရခက်ခဲသည့် ကျေးရွာများကို လမ်းဖောက်လုပ်ပေးခြင်း၊ သူကြုံတွေ့လာရသည့် ဒေသအခက်အခဲများကို ဒေသလွှတ်တော်ကိုယ်စားလှယ်အား တင်ပြ၍ ပူးပေါင်းပါဝင်ခြင်း၊ ဒေသအပေါ် စေတနာထားရှိခြင်းတို့ကြောင့် ခုတင် ၁၀၀ ဆံ့ ဆေးရုံအုပ်ကြီးအဖြစ် ရာထူးတိုးမြှင့်ခံခဲ့ရသည်။ သို့သော် သူ့ကို ဒေသမှ ထွက်မသွားစေရန် ဒေသခံလူထု သုံးထောင်ကျော်က ညတွင်းချင်း လက်မှတ်ရေးထိုးတင်ပြမှုကြောင့် တိုးမြှင့်ရာထူး ခုတင် ၁၀၀ ဆေးရုံအုပ်ကြီး (လက်ထောက်ညွှန်ကြားရေးမှူး) အဆင့် ရရှိခဲ့သော်လည်း ပင်းတယရှိ ခုတင် ၂၅ ဆံ့ ဆေးရုံလေးတွင် ဆက်လက်နေထိုင်ရဆဲဖြစ်သည်။

တာဝန်ကျသည့် ဆေးရုံကို အဆင့်ဆင့်တိုးမြှင့်တည်ဆောက်မှုများပြုလုပ်ကာ ဆေးရုံသို့ရောက်ရှိလာသည့် လူနာများ၊ လူနာရှင်များ သက်သောင့်သက်သာနေထိုင်နိုင်ရန် အဘက်ဘက်မှ စီစဉ်ထောက်ပံ့ပေးထားသည်ကို တွေ့ရသည်။

ယခုအခါ ဒေါက်တာသန်းမင်းထွဋ်ကဲ့သို့ စေတနာဆရာဝန်ကြီးများ တောင်ပေါ်ဒေသအချို့တွင် ပေါ်ပေါက်လာနေပြီဖြစ်သည်။ ထိုကဲ့သို့ ပြည်သူ့အကျိုးပြု စေတနာဆရာဝန်များ ပေါ်ပေါက်ပြန့်ပွားလာစေရန်နှင့် ပြည်သူ့အစေခံ စံမီပြည်သူ့ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဆရာဝန်ကြီး ဒေါက်တာသန်းမင်းထွဋ်အား 7Day News က ၂၀၁၃ ခုနှစ်အတွက် 7Day News Hero ဆု၊ ပြည်သူ့ဝန်ထမ်းကောင်း ဆုရှင်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။



*ဒေါက်တာသန်းမင်းထွဋ် တောင်ပေါ်ကျေးရွာတစ်ရွာမှ နေအိမ်တစ်အိမ်သို့ အခမဲ့ ဆေးကုသပေးပြီးနောက် ပြန်ဆင်းလာစဉ်*

## အားကျ အတုယူစေသူ

### အောင်ငြိမ်းဦး
### (မသန်စွမ်း ရေကူးကစားသမား)

မိဘမဲ့ကလေးငယ်တစ်ဦး၊ လေလွင့်ကလေးငယ်တစ်ယောက်၊ စိတ်ဓာတ်ကျဆင်းနေသော လက်နှစ်ဖက်မဲ့ ဒုက္ခသည်တစ်ဦးအဖြစ်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတစ်ဦးအဖြစ် စွမ်းဆောင်ခဲ့သူတစ်ဦးဖြစ်သည်။

မုံရွာသားအောင်ငြိမ်းဦးသည် ငယ်စဉ်ကပင် မိခင်ဆုံးပါးသွားသဖြင့် မန္တလေး ဖောင်တော်ကြီးကျောင်း ဘုန်းတော်ကြီးတစ်ပါးက စောင့်ရှောက်ထားခဲ့ရာမှ မန္တလေးရှိ မိဘမဲ့ကျောင်းတစ်ကျောင်းသို့ ရောက်ရှိခဲ့သည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ပြောစကားနှင့် စည်းကမ်းများကို မလိုက်နာဘဲ ကျောင်းမှထွက်ပြေးကာ ဘူတာတွင် နေထိုင်ခဲ့သည်။ (၁၅)နှစ်အရွယ် အောင်ငြိမ်းဦးမှာ ထိုအချိန်ထိ သန်သန်မာမာဖြစ်သည်။ ဘူတာတွင် ခြေသလုံးအိမ်တိုင်နေထိုင်ရင်း မီးရထားတွဲများပေါ်တွင် ကျင်လည်ကျက်စားခဲ့ရင်း တစ်နေ့တွင် ကံအကြောင်းမလှစွာ မတော်တဆမှုဖြင့် အောင်ငြိမ်းဦး၏ လက်နှစ်ဖက်မှာ မီးရထားတွဲအောက်သို့ ရောက်ရှိသွားခဲ့သည်။ လက်နှစ်ဖက်မဲ့ အောင်ငြိမ်းဦးမှာ မူလက စိတ်ဓာတ်လွန်စွာကျဆင်းခဲ့သော်လည်း မိဘမဲ့ကျောင်းရှိ လက်ဖွေ့ထိုးသူ ထိန်းလင်းငွေကို စံပြအဖြစ်အားကျကာ ကျောင်းအုပ်ဆရာမကြီးထံ ခွင့်တောင်း၍ ၂၀၀၇ ခုနှစ်တွင် ရေကူးစသင်ခဲ့သည်။ လက်နှစ်ဖက်မပါဘဲ ခြေထောက်ကို အားပြုကူးခတ်၍ အောင်ငြိမ်းဦးတစ်ယောက် မသန်စွမ်းချန်ပီယံ ဖြစ်လာခဲ့သည်။

၂၀၀၇ ခုနှစ်မှစတင်ကာ ပြည်တွင်းမသန်စွမ်းအားကစားပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်လာခဲ့ပြီး ရွှေ၊ ငွေ၊ ကြေးတံဆိပ်များစွာကို အောင်ငြိမ်းဦး တစ်ယောက် ဆွတ်ခူးနိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသော ပါရာဂိမ်းပြိုင်ပွဲကြီးသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်နှစ်ခုရယူပေးနိုင်ခဲ့သည်။ ယခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် (၇) ကြိမ်မြောက်ပါရာဂိမ်းပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်နှစ်ခု ရယူပေးလိုက်ပြန်သည်။

ယခုအခါ အောင်ငြိမ်းဦးသည် မြန်မာနိုင်ငံ၏ နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်းအားကစားရှင်တစ်ဦးအဖြစ် ရပ်တည်နေခဲ့ပါသည်။

လွန်ခဲ့သည့် ၁၁ နှစ်တာကာလက ဘူတာတွင် ခြေသလုံးအိမ်တိုင်နေထိုင်ပြီး ရထားတွဲများပေါ် ကျင်လည်ကျက်စားခဲ့ကာ ပတ်ဝန်းကျင်က ဆိုးသွမ်းသူဟု သတ်မှတ်ခံခဲ့ရသည့် လူငယ်လေးတစ်ဦးသည် ယနေ့အချိန်မှာတော့ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတစ်ဦးအဖြစ် ဘဝကို ရပ်တည်နေပါပြီ။

မသန်စွမ်းလူငယ်များကိုသာမကဘဲ လူငယ်၊ လူရွယ်ထုအတွက် ဘဝကို မည်သည့်အချိန်တွင်ပင်ဖြစ်စေအရှုံးမပေး၊ လက်မလျှော့ဘဲ ကြိုးစားအတုယူလိုစိတ်များ ဖြစ်ထွန်းလာစေရန်ရည်ရွယ်၍ အောင်ငြိမ်းဦးအား 7Day News က ၂၀၁၃ ခုနှစ်အတွက် 7Day News Hero ဆုရှင်အဖြစ် ရွေးချယ်ရန် ဆုံးဖြတ်ခဲ့ပါသည်။



*ရေကူးလေ့ကျင့်ပြီးနောက် အောင်ငြိမ်းဦးကို တွေ့ရစဉ်*

## 7Day News Hero ဆုရှင်များအား လုပ်ငန်းရှင်များ ဂုဏ်ပြု

**ရန်ကုန်**-7Day news ဂျာနယ်(၁၂) နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားတွင် ဂုဏ်ပြုဆုချီးမြှင့်ခဲ့သော 7Day News Hero (7Day News သူရဲကောင်း) ဆုရှင်များအား စီးပွားရေးလုပ်ငန်းရှင် သုံးဦးကလည်း ဂုဏ်ပြုငွေထပ်မံချီးမြှင့်ခဲ့သည်။

Integrated Trading ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းမြင့်က ဆုရှင်လေးဦးအတွက် တစ်ဦးလျှင် ကျပ်ငါးသိန်းစီ၊ စုစုပေါင်းကျပ်သိန်းနှစ်ဆယ် ဂုဏ်ပြုခဲ့သည်။

မက်စ်မြန်မာ ကုမ္ပဏီပိုင်ရှင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က မသန်စွမ်းရေကူးကစားသမား အောင်ငြိမ်းဦးအား အဆက်အသွယ်မရသေးသော ၎င်း၏မိခင်ကို ပြန်လည်ရှာဖွေရာတွင် အသုံးပြုရန် ကျပ်ဆယ်သိန်း ဂုဏ်ပြုခဲ့သည်။

ရောဟသ်ာကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်ဝင်းရှိန်ကလည်း ဆုရှင်တစ်ဦးလျှင် ကျပ်နှစ်သိန်းစီ၊ စုစုပေါင်း ကျပ်ရှစ်သိန်း ဂုဏ်ပြုချီးမြှင့်သည်။

စာမျက်နှာ ၃ မှ

## မျိုးစောင့်ဥပဒေကြမ်းနှစ်ခုက အခြေခံဥပဒေပြင်ဆင်ရေး အာရုံပြောင်းတာလား

ပုဂ္ဂိုလ်နှစ်ဦးအား အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့ (မ.ဘ.သ)မှ ဆရာတော်အချို့က ၎င်းဥပဒေများအမြန်ဆုံးပေါ်ထွန်းလာရေးအတွက် အစိုးရအဖွဲ့နှင့် လွှတ်တော်တို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်တိုက်တွန်းပြောကြားခဲ့သည်။

“ပြည်သူတွေက တောင်းဆိုတဲ့ကိစ္စဆိုတော့ ကျွန်တော်တို့က မလုပ်ပေးလို့မရပါဘူး။ လုပ်ကိုလုပ်ပေးရမယ့် ကိစ္စဖြစ်နေပါပြီ။ အားလုံးရဲ့အသံကို နားထောင်ပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်”ဟု သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သူ၏အမြင်ကို ပြောပြသည်။

မျိုးစောင့်ဥပဒေပြဋ္ဌာန်းရေးနှင့် ပတ်သက်၍ အမျိုးမျိုးဝေဖန်မှုများရှိနေသော်လည်း အဆိုပါဥပဒေပြဋ္ဌာန်းရန်လုပ်ဆောင်ခြင်းသည် တိုင်းပြည်တွင်းဖြစ်ပွားခဲ့သော ပဋိပက္ခများထပ်မံမဖြစ်ပွားစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း (မဘသ) ဗဟိုမှ မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာ ဦးကောဝိဒကမိန့်ကြားသည်။

အခြေခံဥပဒေပြင်ဆင်ရေး ဆောင်ရွက်နေသည့်ကာလတွင် ယင်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေး လုပ်ဆောင်လာခြင်းသည် အာရုံလွှဲပြောင်းသည့် ကိစ္စတစ်ခုဖြစ်ပြီး ဘာသာရေးကို အခြေခံသည့် နိုင်ငံရေးလှည့်ကွက်များကို သုံးခြင်းလည်းဖြစ်နိုင်ကြောင်း နိုင်ငံရေးသုံးသပ်သူအချို့က ပြောသည်။

ယခုအချိန်တွင် ပြည်သူလူထု၏ ရေရှည်အကျိုးစီးပွားကို ဖြစ်ထွန်းစေမည့် အခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်ကို အဓိကအာရုဏ်စိုက်သင့်ပြီး ဖော်ပြပါ ဥပဒေလေးခုကို အချိန်ယူရေးဆွဲသင့်ကာ ဥပဒေပါအချက်အလက်များသည် ဗုဒ္ဓအဆုံးအမများနှင့် လွဲချော်မှုမဖြစ်ရန် လိုအပ်ကြောင်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေကပြောသည်။ ထို့အပြင် သမ္မတ ဦးသိန်းစိန်မှာ ၂၀၁၅ ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ နိုင်ငံရေးအတွက် ဘာသာရေး၊ လူမျိုးရေးကို အသုံးချကာ အများကြိုက်လုပ်ဆောင်ပြီး ဦးနုလမ်းစဉ်လိုက်ခြင်းလားဟု ဝေဖန်စောင့်ကြည့်သူ အချို့လည်းရှိသည်။

သို့သော် နိုင်ငံရေးသုံးသပ်ချက်ဆောင်းပါးများရေးသားသည့် စာရေးဆရာ ဦးစည်သူအောင်မြင့်က အောက်ပါအတိုင်းသုံးသပ်သည်။

“ဖွဲ့စည်းပုံပြင်ရေးက သတ်သတ်ပါ။ ဖွဲ့စည်းပုံပြင်ဖို့ ဒီဥပဒေတွေကို လုပ်တယ်ဆိုတာ လူတွေက ဝေဖန်သုံးသပ်ကြတဲ့ သဘောပါပဲ။ ကျွန်တော့်အမြင်ကတော့ ဖွဲ့စည်းပုံပြင်ဆင်ရေးအတွက် သိပ်တော့ ပြဿနာမရှိပါဘူး။ ဒီဥပဒေတွေဟာ တိုင်းပြည်အတွက် အကျိုးရှိ၊ မရှိ။ ပြည်သူတွေအတွက် အကျိုးရှိ၊ မရှိဆိုတာ အချိန်က အသုံးအဖြတ်ပေးပါလိမ့်မယ်”

“ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ တခြားဘာသာခြားတွေနဲ့ အတူနေထိုင်ရတဲ့အခါ အရှည်သဖြင့် အေးအေးချမ်းချမ်းနေထိုင်နိုင်အောင် ရည်ရွယ်ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ တစ်ယောက်နဲ့ တစ်ယောက်ခံယူချက်ချင်းတူချင်မှ တူပါလိမ့်မယ်။ အခုလုပ်ဆောင်နေတဲ့ကိစ္စသည် ဘာအရောင်အသွေးမှ မပါဘဲ ဘာသာ၊ သာသနာအတွက် ရည်ရွယ်ဆောင်ရွက်တာဖြစ်ပါတယ်”ဟု ဆရာတော်ဒေါက်တာ ဦးကောဝိဒက မိန့်ဆိုသည်။

တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်နေထိုင်လျက်ရှိသည့် နိုင်ငံအတွင်းဘာသာ၊ သာသနာကို အခြေခံသည့် ဥပဒေများ ပြဋ္ဌာန်းရေးအပေါ် ဗုဒ္ဓဘာသာမဟုတ်သော အခြားဘာသာကိုးကွယ်သည့် တိုင်းရင်းသားအချို့ကလည်း အမြင်တစ်မျိုးဖြင့် ရှုမြင်ကြသည်။

“လူမျိုးပေါင်းစုံရောနှောနေထိုင်တဲ့ တိုင်းပြည်မှာ ပြည်ထောင်စုစနစ်မသွားဘဲနဲ့ အမျိုးဘာသာ၊ သာသနာကို အခြေခံပြီး အမျိုးသားနိုင်ငံထူထောင်နည်းကိုသွားမှာ ကျွန်တော်အရမ်းစိုးရိမ်တယ်။ အဲဒီလိုသွားနေသရွေ့ ကျွန်တော်တို့ တိုင်းရင်းသားတွေ လက်နက်ကိုင်နေရမှာဖြစ်ပါတယ်”ဟု ချင်းတိုင်းရင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ပြောသည်။

ဖော်ပြပါ ဥပဒေများသည် အမျိုးသားအကျိုးစီးပွား၊ နိုင်ငံသားများ၏အကျိုးစီးပွားဖြစ်ထွန်းမည်ဆိုပါက ပြည်ထောင်စုလွှတ်တော်အနေဖြင့် ၎င်းဥပဒေကြမ်းလေးခုအား အတည်ပြုပြဋ္ဌာန်းပေးနိုင်မည်ဖြစ်ကြောင်း မတ်လ ပထမပတ်တွင် ပြုလုပ်ခဲ့သည့် မီဒီယာများနှင့် တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းကပြောသည်။

မျိုးစောင့်ဥပဒေပြဋ္ဌာန်းရေးနှင့် ပတ်သက်၍ ထိုကဲ့သို့ အမြင်အမျိုးမျိုးကွဲပြားခြားနားနေသော်လည်း ဖော်ပြပါဥပဒေလေးခုအနက် အစိုးရအဖွဲ့ရှိဝန်ကြီးဌာနများမှ တာဝန်ယူရေးဆွဲရန် လွှတ်တော်နာယကကမှတ်ချက်ပြုထားသည့် ကိုးကွယ်ရာ ဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေနှင့် လူဦးရေထိန်းညှိခြင်းဆိုင်ရာ ဥပဒေတို့အား လွှတ်တော်သို့ တင်သွင်းနိုင်မည့် ဥပဒေကြမ်းအဖြစ် ယခုနှစ်ဇွန်လ ၃၀ ရက် နောက်ဆုံးထားရေးဆွဲနိုင်ရန် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာများထုတ်ပြန်လုပ်ဆောင်နေပြီဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းနှစ်ခုရေးဆွဲရေးအတွက် မတ်လ ၇ ရက်တွင် ဒုတိယရှေ့နေချုပ်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အဖွဲ့ဝင် ၁၂ ဦးပါဝင်သည့် ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်တစ်ရပ်ကို နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

အဆိုပါကော်မရှင်အနေဖြင့် ဥပဒေကြမ်းများ ရေးဆွဲရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေပြီး ကွဲပြားသော ဘာသာအယူဝါဒရှိနေမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုခိုင်မြဲစေရေးတို့ကို အလေးထားသုံးသပ်ရေးဆွဲရန် ကော်မရှင်၏ လုပ်ငန်းတာဝန်များတွင် ထည့်သွင်းဖော်ပြထားပြီး ရေးဆွဲရာတွင် အများပြည်သူတို့၏ အကြံပြုချက်များကို ရယူဆောင်ရွက်သွားရန်လိုကြောင်းလည်း ဖော်ပြထားသည်။

ထိုကဲ့သို့ ကော်မရှင်ဖွဲ့စည်းဆောင်ရွက်မှုအပေါ် “ကော်မရှင်မှာ ဥပဒေပညာရှင်တွေပိုပြီး ပါဝင်သင့်တယ်။ အခုတော့ ဥပဒေသမားဆိုလို့ ဥက္ကဋ္ဌဖြစ်တဲ့ ဦးထွန်းထွန်းဦးတစ်ယောက်ထဲပဲ တွေ့တယ်။ အစိုးရအဖွဲ့က ဒါမျိုးကော်မရှင်ဖွဲ့ပြီး ဥပဒေကြမ်းရေးရတယ်ဆိုတာ အမှန်တော့ လွှတ်တော်က သိက္ခာကျတာပေါ့။ ဥပဒေပြုဖို့က လွှတ်တော်မှာ အဓိကတာဝန်ရှိတယ်”ဟုဥပဒေပညာရှင်တစ်ဦးဖြစ်သူ တရားလွှတ်တော်ချုပ်ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)ကသုံးသပ်ပြောဆိုသည်။

ဥပဒေများသည် ဗုဒ္ဓဘာသာဝင်အမျိုးသမီးများအခွင့်အရေးကို ကာကွယ်ရန်ဟုဆိုထားသည့်အတွက် ဥပဒေကြမ်းရေးဆွဲရာတွင် အမျိုးသမီးအခွင့်အရေးဆိုင်ရာကိစ္စရပ်များကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း အမျိုးသမီးအခွင့်အရေး လှုပ်ရှားသူ မခင်လေးကပြောသည်။

ဥပဒေတစ်ခုပြုစုရာတွင် လိုအပ်မှုရှိခြင်း၊ မရှိခြင်းဆိုသည့်အချက်ကို ဦးစွာ စစ်တမ်းကောက်ယူမှုများပြုလုပ်ပြီးမှသာ ဥပဒေရေးဆွဲရေးကို ဆောင်ရွက်သင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာ ညိုညိုသင်းကပြောသည်။

ဥပဒေကြမ်းရေးဆွဲရေးကော်မရှင်အနေဖြင့် ရဟန်းရှင်လူပြည်သူများထံမှ ဥပဒေကြမ်းရေးဆွဲနိုင်ရေးအတွက် အကြံပြုချက်များ၊ ဥပဒေကြမ်းများကို ပေးပို့နိုင်ကြောင်း ယခုလ ၈ ရက်တွင် နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ဖိတ်ခေါ်မှုပြုခဲ့သည်။

အဆိုပါဖိတ်ခေါ်မှုအပေါ် အမျိုးသမီးအခွင့်အရေးလှုပ်ရှားမှုအချို့က လတ်တလောတွင် အကြံပြုချက်များ ပေးပို့သွားရန် အစီအစဉ်မရှိကြောင်း ပြန်လည် တုံ့ပြန်ခဲ့သည်။


ဓာတ်ပုံ – ကျော်ဇင်သန်း

စာမျက်နှာ (၂၃)မှ

## မပြယ်သည့်အဆိပ် (သို့မဟုတ်) ၈၈ မတ်လ ကျောင်းသားလှုပ်ရှားမှု

ကျောင်းသားထုကြီးရောက်ရှိနေသည့်နေရာမှာ ပြည်လမ်းမအင်းလျားကန်ပေါင်ဘေးတွင်ဖြစ်သည်။ တစ်ဖက်တွင် ထွက်ပေါက်ဟူ၍မရှိသလောက်ဖြစ်ကာ လုံးချင်း အိမ်၊ ခြံများသာရှိသော နေရာ၊ တစ်နည်းဆိုရလျှင် တစ်ဖက်မှာ အင်းလျားရေပြင်၊ တစ်ဖက်မှာ အလုံပိတ်ကိုယ်ပိုင်ခြံဝင်းများ၊ ထိုသို့ လိပ်ခဲတည်းလည်း အချိန်တွင် နောက်ဘက်ဆီမှ အသံအချို့ပြိုကျလာသည်။ ၎င်းတို့ယုတ်မာချင်တိုင်း အတိုင်းအဆမရှိ ယုတ်မာကြပြီတကား။ ခုနက လှည်းတန်းထိပ်နားချထားသောတပ်များသည် မိမိတို့ အနောက်ဘက်သို့ ရောက်လာပြီး ပြည်လမ်းမကို အသေပိတ်ထားလိုက်ကြသည်။ ကျောင်းသားများအဖို့ ရှေ့တိုးမရ၊ နောက်ဆုတ်မရဖြစ်ကာ တက်တခေါက်ခေါက်ဖြစ်ကုန်သည်။ တောင်နှင့်မြောက်ပြေးပေါက်မရှိချိန်တွင် သွေးဆာနေသောစစ်ခွေးနှင့် လက်ဝေခံလုံထိန်းတပ်များသည် အရှေ့နှင့်အနောက်ကိုပိတ်ကာ ကျောင်းသားထုကို ညှပ်ပူးညှပ်ပိတ်သုတ်သင်ပွဲကြီးဆင်နွှဲလိုက်လေသည်။ မည်မျှရက်စက်ယုတ်မာ၍အောက်တန်းကျသောနည်းလမ်းပေနည်း။

လက်နက်ဆို၍ အပ်တိုမျှမပါသော ကျောင်းသားထုကြီးသည် လုံထိန်းတပ်တွေဆင့်ကာဆင့်ကာရိုက်လိုက်သော နံပါတ်တုတ်တွေအောက် တစ်ယောက်ပြီးတစ်ယောက် လဲကျသွားသည်။ ကျောင်းသားတို့သွေးကား စွေးစွေးနီပါပြီ။ ကစဉ့်ကလျားဖြစ်သွားသော ကျောင်းသားတွေလွတ်လိုလွတ်ငြား အထိတ်အလန့်ပြေးကြသည်။အချို့ကပြန်ခုခံသော်လည်း အင်အားချင်းမမျှ၊ ကျောင်းသူလေးတွေအင်းလျားကန်ပေါင်ပေါ်တက်ပြေးသည်။အများစုမှာ ထဘီဝတ်ထားကြ၍ တုပ်မိသလိုဖြစ်ကာ လွတ်လွတ်လပ်လပ် မပြေးနိုင်၊ ဝီခနဲ ဝီခနဲကျရောက်လာသောနံပါတ်တုတ်များအောက် သွေးချင်းချင်း နီသွားကြသည်။ ရိုက်လိုက်၍ လဲပြိုသွားသော ကျောင်းသား၊ကျောင်းသူတွေကို စစ်ဖိနပ်ဖြင့်ဆောင့်ကာဆောင့်ကာကန်သည်။ အချို့ တုံးလက်ပက်လက်အင်းလျားကန်ထဲလျှောကျကုန်သည်။ အချိန်မှာ မွန်းလွဲသုံးနာရီသာသာခန့် ရှိမည်။ နေရှိန်ပြင်းပြင်းအောက်မှာ ကျောင်းသား၊ကျောင်းသူတွေ အလဲလဲအပြိုပြို၊ **“ခုနက အော်နေတာမင်းတို့လားကွ၊ ကဲ...ကြောက်ပြီလား ကြောက်ပြီလား”**ဟုပြောရင်း လုံထိန်းတပ်သားအချို့က ကျောင်းသူလေးတွေကို ဆင့်ကာဆင့်ကာ တုတ်ဖြင့်ရိုက်သည်။ ခြေဖြင့်ကန်ကျောက်သည်။ အင်းလျားကန်စပ်မြက်ခင်းပြင်သည် တစပြင်နှယ်ဖြစ်ပွားသည်။ ကန်ပေါင် အတိုင်းပြေးနေသော ကျောင်းသူအတော်များများဆံပင်များဝေ့ဝဲသွားစဉ်နောက်မှ အားဖြင့် ဆောင့်ဆွဲကာ ရိုက်သည်။ အင်းလျားကန်ပေါင်မှ ကန်ချသည်။ ထိုသို့ ဆံပင်ကိုစုရုံး ဆောင့်ဆွဲကာ အရိုက်ခံရသည့် ကျောင်းသူတွေမနည်းလှ...၊ အတော်များများ အရုပ်ကြိုးပြတ်လဲကုန်ကျသည်။ ကျောင်းသား အချို့က ပြည်လမ်းတစ်ဖက်ခြမ်းရှိ ခြံဝင်းတွေထဲ ပြေးဝင်ကြသည်။ လွတ်သူလွတ်၊ မိသူမိ၊ မိသည့်သူတိုင်းလိုလို အရိုက်ခံကြရသည်။ သွေးများမှာမြင်၍ မကောင်း...။

**“နာနာရိုက် နာနာရိုက်၊ ခေါင်းကိုတည့်တည့်ရိုက် များများရိုက်နိုင်တဲ့သူကို ဆုပေးမယ်”**

စစ်ခွေးများကားဆီမှ ပေါ်ထွက်လာသောအမိန့်ပေးသံကို အလဲလဲအပြိုပြိုဖြစ်နေသည့်ကြားမှ ကျောင်းသားများအတိုင်းသားကြားနေရသည်။ ယင်းသို့ရက်စက်ယုတ်မာသော ဖြစ်ရပ်ကြီးသည် အင်းလျားဝန်းကျင်တွင် တစ်နာရီသာသာခန့် ဖြစ်ပေါ်နေသည်။ ထို့နောက် ကျောင်းသားများဝါးအစည်းပြေသလို ဖြစ်သွားခါမှ ဒဏ်ရာရကျောင်းသား၊ကျောင်းသူတွေကိုအချုပ်ကားကြီးများပေါ် တရွတ်တိုက်ဆွဲတင်ကာ ခြေရာဖျောက်ရန် စစ်ခွေးတို့ကြိုးစားကြသည်။ လွတ်မြောက်လာသော ကျောင်းသား၊ ကျောင်းသူအချို့ဖိနပ်မရှိ သွေးသံရဲရဲ အင်္ကျီစုတ်ပြဲဖြင့် နေအိမ်နှင့်အဆောင်များရှိရာ ပြန်ကြရသည်။ အဖမ်းခံရမည်စိုး၍ တိတ်တဆိတ်ကျိတ်၍ ဆေးကုသကြရသည်။ ကျောင်းသား၊ ကျောင်းသူများကို ဖမ်းဆီးတင်ဆောင်သွားသော အချုပ်ကားဆီမှ နိုင်ငံတော် ‘ကမ္ဘာမကြေ’ သီချင်းသံသည် မတိုင်ပင်ရပါလျက်ပြိုင်တူပေါ်ထွက်လာသည်။ ဦးကားမည္ဒတ် . . .

(၄)

ဤကား အင်းလျားမြေကို သွေးစွန်းစေသော သမိုင်းဝင် တံတားနီသွေးမြေကျမှုဖြစ်ခဲ့သည်။ နောက်တစ်နေ့ မတ်လ ၁၇ ရက်တွင်လည်း ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ ထပ်မံ ဆန္ဒပြသပိတ်မှောက်သောကျောင်းသား၊ ကျောင်းသူများကိုလေးဘက်လေးတန်မှ ပိတ်ဆို့ရိုက်နှက် ဖမ်းဆီးရာ အရေအတွက်အားဖြင့် ရာနှင့်ချီဖမ်းဆီးခံခဲ့ရသည်။ သို့ရာတွင် ကျောင်းသားအင်အားစုများသည် ဖိလေကြွလေဖြစ်ရာ ရန်ကုန်မြို့ထဲ မဟာဗန္ဓုလပန်းခြံထိဆင်းကာ ပြည်သူလူထုကိုစည်းရုံးလှုံ့ဆော်ခဲ့ကြသည်။ ထိုမှဆက်၍ ဇွန်လ လူထုအုံကြွမှုများ၊ ကျောင်းတွင်းတရားဟောပြောပွဲများဆက်တိုက်ပေါ်ပေါက်လာပြီး သမိုင်းတွင်စေသောရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးပေါ်ပေါက်လာခြင်းဖြစ်သည်။

ကြာတော့လည်းကြာခဲ့ပါပြီ။ သို့ရာတွင် တံတားနီသွေးမြေကျမှုသည် မနေ့တစ်နေ့ကလို အာရုံတွင်ထင်ကျန်နေဆဲဖြစ်ပြီး အဆိုတော် မွန်းအောင်၏ ၈/၈၈ အင်းလျားသီချင်းကို အထူးပင်အမှတ်ရနေပါတော့သည်။

**ရှစ်ဆယ့်ရှစ်ရဲ့ မတ်လမှာ အင်းလျားရာဇဝင်ပြောင်းခဲ့ပြီ... စိမ်းမြတဲ့ ရေလှိုင်းတွေလည်း အရောင်ပြောင်းလဲ.... ဖြူစင်တဲ့ တံတားငယ်လည်း အနီစွန်းခဲ့ပြီ။ ရာသီအလီလီ ပြောင်းပေမယ့် မဟောင်းခဲ့နိုင်ဘူး...ရာသီအလီလီ ပြောင်းပေမယ့် . . . .မဟောင်းခဲ့နိုင်ဘူးအင်းလျားရယ်...။ ။**

(တံတားနီသွေးမြေကျမှုနှင့် ၈၈ မတ်လ ကျောင်းသားလှုပ်ရှားမှုအတွင်း ပါဝင်ခဲ့သော ကျောင်းသူကျောင်းသားများအား အောက်မေ့သတိရလျက်...)



ရိဒ်ရေကန်အနီးအမှတ်တရဓာတ်ပုံရိုက်နေသူအချို့ ဓာတ်ပုံ – ကိုစိုင်း

# ဒဏ္ဍာရီများစွာ မြှုပ်နှံထားတဲ့ ပျောက်ကွယ်နေသော နှလုံးသား

**ကမ္ဘာကျော် အသည်းနှလုံးပုံရေကန်ကြီးမှာ ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းချက်ကြောင့် အကြီးမားဆုံးစိန်ခေါ်ချက် ကြုံနေရပြီဖြစ်သည်။**

**ကိုစိုင်း**

“လမ်းပန်းဆက်သွယ်ရေးက ခက်တော့ ဒီလမ်းကို ပြည်ပကနေ ရိဒ်ရေအိုင်ကိုလာလည်တဲ့သူနည်းတယ်”ဟု မြန်မာစကားကို ကြိုးစားပမ်းစားနှင့် ပြည်မက မြန်မာတစ်ဦး နားလည်အောင် ပြောပြနေသူကတော့ ရိဒ်ခေါ်ဒါရ်မြို့နယ်နေ ဒေသခံချင်းတိုင်းရင်းသားကြီး ကပူးကြီးထန်ပီးဖြစ်သည်။

တောင်ပေါ်သားတို့ ထုံးစံအတိုင်း အသားအရေက ခပ်ညိုညို ကိုယ်ဟန်တောင့်တောင့်တင်းတင်းရှိသူ ထန်ပီးသည် အသက်အရွယ်(၅၀)နီးပါး ရှိနေပြီဖြစ်သော်လည်း အမြင့်ပေထောင်ကျော်မြင့်သော တောင်အောက်မှ ဂေါ်ဖီထုပ်များကို တောင်ပေါ်အထိထမ်းတင်နေနိုင်ဆဲ။ သူက ရိဒ်ခေါ်ဒါရ်မြို့နယ်တွင် ငယ်ငယ်ကတည်းက ဘယ်မှမပြောင်းမရွှေ့ဘဲ နေထိုင်လာခဲ့သူ။ သို့သော်လည်း မြန်မာစကားကိုတော့ လည်လည်ဝယ်ဝယ် ပြောနိုင်သည်။ မြန်မာစကားကို ထိုကဲ့သို့ ပြောနိုင်သည်မှာ သူငယ်စဉ်က ရိဒ်ခေါ်ဒါရ်မြို့ရှိ မူလတန်းကျောင်းတစ်ကျောင်းတွင် စာသင်ကြားခဲ့ရ၍ဖြစ်သည်ဟု သူကဂုဏ်ယူဝင့်ကြွားစွာ ပြောပြနေသေးသည်။

ရိဒ်ခေါ်ဒါရ်မြို့သည် ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းခရိုင်အတွင်း ပင်လယ်ရေမျက်နှာပြင်အထက်ပေပေါင်း ၂,၅၈၀ ပေအထက်တွင် တည်ရှိသည်။ ရိဒ်ခေါ်ဒါရ်မြို့သည် မြန်မာ–အိန္ဒိယနှစ်နိုင်ငံကုန်သွယ်မှုပြုလုပ်ရာ အဓိကအကြီးဆုံးကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင် ရှိသော်လည်း တစ်နှစ်လျှင် ခြောက်လကျော်သာ ကုန်စည်ကူးသန်းရောင်းဝယ်နိုင်သော လမ်းမပေါ်တွင်တည်ရှိနေခြင်းကလည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲနေမှုကို ဖော်ပြနေသည်။

အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် မြန်မာနိုင်ငံ၊ ချင်းပြည်နယ်တို့ကြား နှစ်နိုင်ငံနယ်စပ်တွင် တည်ရှိနေသော မြို့ကလေး။ ဒါက တောင်တန်းသားတွေ သိထားသော မြို့အနေအထား။ ပြည်မသားတွေအတွက်တော့ ရိဒ်ခေါ်ဒါရ်မြို့ဆိုတာ အသိဉာဏ်ထဲမှာ ရှိလိမ့်မည်မဟုတ်။ ဒါပေမဲ့ ရိဒ်ရေအိုင်ဟုအမည်ရသော ကမ္ဘာကျော်အသည်းနှလုံးပုံ ရေအိုင်ကြီးကိုတော့ ချစ်သူများ၏ ဝိညာဉ်များဆုံစည်းရာ ရေအိုင်ကြီးအဖြစ်လူတိုင်းသိနေကြသည်။ ဘယ်မှာရှိနေတယ်ဆိုတာကတော့ လူတိုင်းသိနိုင်ကြလိမ့်မည်မဟုတ်။ ဒဏ္ဍာရီထဲကလား၊ အခြားနိုင်ငံကလားဆိုတာ ဝေခွဲမရဖြစ်နေကြမည်သာ။

“လပြည့်ညတွေဆိုရင်ရိဒ်ရေအိုင်ထဲက နဂါးကြီးတစ်ကောင် ကန်ရေပြင်ထဲကနေ ထွက်လာပြီး ကန်ထဲမှာ ရေကစားနေလေ့ရှိတယ်”ဟု ရိဒ်ရေအိုင်၏ ပါးစပ်ရာဇဝင်များထဲမှ ပြောစမှတ်များသော စကားလုံးအချို့ကို ရိဒ်ရေအိုင်ပတ်ဝန်းကျင်တွင်နေထိုင်ကြသော ချင်းတိုင်းရင်းသားကြီးကပူကြီးထန်စေးကပြောသည်။

ရိဒ်ရေအိုင်ဆိုတာ ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းခရိုင်ထဲတွင်တည်ရှိပြီး အိုင်၏ ဧရိယာအကျယ်အဝန်း ၈၃၂၂ဧကရှိသည်။ထို့အပြင် ချင်းတိုင်းရင်းသားတို့အတွက် ညအိပ်ရာဝင်ဒဏ္ဍာရီပုံပြင်မြောက်မြားစွာ မြှုပ်နှံထားသော အိုင်တစ်ခုလည်းဖြစ်ပါ သည်။

အရှေ့ဘက်တောင်တန်းကြီးသည် အသည်းနှလုံးပုံ၏ အောက်ခြေအချွန်ပိုင်းသဏ္ဍာန်တည်ရှိပြီး အနောက်ဘက် တောင်တန်းကြီးကတော့ ကန်ဘက်ကို ချွန်ထွက်နေကာ အသည်းနှလုံးပုံ၏ အပေါ်ပိုင်းချိုင့်ဝှမ်းပုံသဏ္ဍာန်။ ချင်းတောင်တန်းကြီးက သဘာဝအတိုင်း အသည်းနှလုံးပုံ ရေးဆွဲထားသော သဘာဝပန်းချီကားတစ်ချပ်။ ရိဒ်ရေအိုင်ကြီး စတင်တည်ရှိသောနှစ်ကို မည်သူမျှ တပ်အပ်သေချာမပြောနိုင်သော်လည်း အိန္ဒိယနိုင်ငံနေ မိဇိုးလူမျိုးတို့၏ နှစ်စဉ်ဘိုးဘွားဝိညာဉ်များ လာရောက်ကန်တော့ရာ ဒေသ။ မိမိအိမ်၏ စီးပွားလာဘ်လာဘရွှင်စေရန်ရိဒ်ရေအိုင်ထဲရှိဘိုးဘွားများ၏ ဝိညာဉ်များကို လာရောက်ကန်တော့ အကူအညီတောင်းခံရာ လူသားများ၏ ဘဝအမောများကို ကူညီဖြေရှင်းပေးနေသည့် နှလုံးသားတစ်ခု။

“သူတို့ရဲ့အယူအဆက ဒီအိုင်ထဲမှာ သေဆုံးသွားပြီဖြစ်တဲ့ သူတို့ရဲ့ ဘိုးဘွားဝိညာဉ်တွေရှိတယ်။ သူတို့ကို နှစ်စဉ်လာရောက်ကန်တော့ခြင်းဖြင့် စီးပွားလာဘ်လာဘရွှင်တယ်ဆိုပြီး ကားလမ်းတွေကောင်းတဲ့အချိန် ဒီဇင်ဘာကနေ ဧပြီလအထိ လာရောက်ကန်တော့ကြတာတွေ ပြုလုပ်ကြတယ်”ဟု ရေအိုင်ကြီးဘေးတွင်နေထိုင်သော ကပူးကြီးထန်စေးက ပြောသည်။

ရိဒ်ရေအိုင်ကို မြန်မာ–အိန္ဒိယ နယ်မြေပိုင်းခြားမှု သဘာဝအမှတ်အသားတစ်ခုဖြစ်သော တီအိုချောင်းကြီးက ရစ်ခွေစီးဆင်းလျက်ရှိသည်။ ရိဒ်ရေအိုင်သည် တဖြည်းဖြည်း ရေနည်းခန်းခြောက်လာလျက်ရှိရာ ယခုဆိုလျှင် ၁၅ ပေခန့် နိမ့်ဆင်းသွားပြီဟု ရိဒ်ရေအိုင်ပတ်ဝန်းကျင်နေ တောင်တန်းသားတို့က ဆိုကြသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ အကြောင်းရင်းတော့ရှိရမည်ဟု ပညာရှင်တို့က လေ့လာစူးစမ်းမှုများ ပြုလုပ်လာခဲ့ရာ အိုင်၏ရေနည်းခြင်း အဓိကအကြောင်းရင်းမှာ အိုင်၏ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များ ပြုန်းတီးလာသောကြောင့် ဖြစ်သည်ဟု ထောက်ပြကြသည်။

ရိဒ်ရေအိုင်ပတ်ဝန်းကျင်တွင် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးထားမှုကို မြင်တွေ့နိုင်သည်။ တောင်ယာစိုက်ပျိုးကြသည်ဆိုသည့်အတိုင်း အိုင်၏ပတ်ဝန်းကျင်ရှိ သစ်တောသစ်ပင်များ ခုတ်လှဲကြရာမှ စတင်ဖြစ်ပေါ်လာကြသည်ဟု သုံးသပ်ကြသည်။

ရေအိုင်၏ ပတ်ဝန်းကျင်တွင် မတာခြံစည်းရိုးပင်ခေါ် သစ်ပင်ငယ်များ ပေါက်ရောက်နေပြီး အဆိုပါ အပင်များသည် ရိဒ်ရေအိုင်အတွင်း အနည်ပို့ချမှုနည်းအောင် သဘာဝကပေးထားသော အကောင်းဆုံး လက်ဆောင်တစ်ခုဖြစ်သည်။ ထိုအပင်များကို ဒေသခံတိုင်းရင်းသားတို့က ခုတ်လှဲကြသောအခါ မိုးရာသီတောင်ပေါ်မှ ရေများစီးကျလာချိန် ရေနှင့်အတူ မျောပါလာမည့် အမှိုက်သရိုက်များကို စစ်ယူထားနိုင်မှု အားနည်းလာသည်။ ထိုအပင်များ ခုတ်ယူလိုက်သောအခါ ကန်အတွင်း အနည်ကျမှု များလာခဲ့ပြီး အိုင်၏ရေဝပ်ဧရိယာ တဖြည်းဖြည်း ကျဉ်းမြောင်းလာခဲ့သည်။

ရိဒ်ရေအိုင်အကြောင်း လေ့လာစာတမ်းပြုစုနေသူ ရုက္ခဗေဒဌာနမှ ဒေါက်တာတစ်ဦးက “ကုန်းမြင့်ကနေ ရေစပ်ရောက်တဲ့အထိ ၄၃ ပေလောက်မှာ မတာခြံစည်းရိုးပင်ရှိတယ်။ မတာခြံစည်းရိုးပင်နောက်မှာ ဗေဒါကိုင်းပင်တွေရှိတယ်။ သူတို့က ကျွန်းမျောပုံသဏ္ဍာန်တည်ရှိနေပြီး ရေအောက်ကြမ်းပြင်ပေါ် အနည်ကျမှုကို သူ့နည်းသူ့ဟန်နဲ့ ကာကွယ်ပေးနေတယ်။ ဒီအပင်တွေကို ခုတ်လိုက်တဲ့အခါကျတော့ ရေအိုင်ထဲကို အပေါ်က ရေစီးကျလာတဲ့အခါ အနည်တွေကိုစစ်ချရမယ့် အမြစ်တွေက နည်းသွားပြီး ရေအိုင်တဖြည်းဖြည်း ရေတိမ်လာရခြင်းဖြစ်တယ်”ဟု ၎င်း၏တွေ့ရှိချက်ကို ပြောပြသည်။

ရိဒ်ရေအိုင်၏ အောက်ခြေသည် ကန်အပေါ် ရေပြင်ထက် အပူချိန် လျော့နည်းတတ်သော သဘောရှိပြီး ရေအိုင်၏အောက်ခြေအပူချိန်သည် သုညဒီဂရီဆဲလ်စီးယပ်စ်ရှိနေသောအခါ အပေါ်ရေပြင်အပူချိန်က ၄ ဒီဂရီဆဲလ်စီးယပ်စ် ရှိနေတတ်သည်။ ထို့ကြောင့် ရာသီဥတုအေးသည့် ကာလဖြစ်သော ဒီဇင်ဘာအတွင်း အိုင်၏ရေပြင်သည် အနီရောင်အဖြစ် ပြောင်းလဲသွားတတ်ခြင်းကို ဒေသခံတိုင်းရင်းသားများက အိုင်အတွင်းနေထိုင်သော နဂါးလူးသောကြောင့်ဖြစ်သည်ဟု ပြောကြသည်။ သို့သော် ရိဒ်ရေအိုင်အကြောင်း လေ့လာနေသူ ကထိက ဦးကျော်လင်းက အိုင်၏အောက်ခြေ ရေပြင်အေးလာသောအခါ အောက်ခြေရှိ အနည်များက အပေါ်ပိုင်း ရေအပူချိန်ရှိရာသို့ တက်လာခဲ့ပြီး အိုင်၏ရေပြင် နောက်ကျိရခြင်းဖြစ်သည်ဟု သူ၏လေ့လာတွေ့ရှိချက်ထဲမှ အချို့ကို သုံးသပ်ပြသည်။

သို့သော် အသည်းနှလုံးပုံ ရိဒ်ရေအိုင်ကြီး ရေနည်းခန်းခြောက်လာခြင်းသည် လူသားတို့အတွက် စိုးရိမ်စရာအခြေအနေတစ်ခုဖြစ်နေသည်ဆိုသည်ကိုတော့ တောင်ယာစိုက်တိုင်းရင်းသားတို့ ခဏမေ့လျော့နေခဲ့ကြသည်။

ထိန်းသိမ်းရန်မဆိုထားနှင့်၊ ရိဒ်ရေအိုင်ကို သွားရောက်လည်ပတ်ရာ ကားလမ်းကြောင်းကြီးဖြစ်သော တောင်တန်းပေါ်က လမ်းမကြီးက နွေရာသီတွင် ဖုံထူနေဆဲ၊ မိုးရာသီတွင် ရွှံ့နွံများနေဆဲ၊ တောင်ပြိုခြင်းများရှိနေဆဲ၊ ထို့ကြောင့် ခရီးသွားများလည်း သွားလာမှုနည်းပါးဆဲ။

ထို့အခြေအနေသည် ကမ္ဘာတွင် အသည်းနှလုံးပုံရိဒ်ရေအိုင်ဟု နာမည်ကြီးနေသော အိုင်ကြီးသို့ နှစ်စဉ်လာရောက်လည်ပတ်သူ ပြည်မသားမဆိုထားနှင့်၊ တောင်တန်းသားတို့ပင် လာရောက်လည်ပတ်ရန် အချိန်ယူစဉ်းစားရလျက်ရှိသော အနေအထားတွင် ရှိနေသေးသည်။

ထို့ကြောင့် ခရီးသွားလုပ်ငန်းမှ ပြည်နယ်၏ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရှာထားပေးနိုင်သည်ဟူသော မျှော်လင့်ချက်မှာ ရိဒ်ရေအိုင်ပေါ်တွင် ကျဆင်းနေသော နှင်းငွေ့များအလား ဝေဝါးနေဆဲဖြစ်သည်။ သို့သော် မိမိတို့လူမျိုးများ၏ ပိုင်ဆိုင်မှုနယ်နိမိတ်တွင် ရှိခဲ့ဖူးသည်ဟူသောသမိုင်းစာမျက်နှာနှင့် ရိဒ်ရေအိုင်၏ ဒဏ္ဍာရီဆန်ဆန် အိပ်ရာဝင်ပုံပြင်ကိုတော့ အိန္ဒိယနိုင်ငံ မိဇိုရမ်ပြည်နယ်ဌာနေတိုင်းရင်းသားများကတော့ ရိဒ်ရေကန်ကို တန်ဖိုးထားကြသည်။ မိဇိုရမ်စာသင်ကျောင်းတွင် မူလတန်း ကလေးငယ်များအတွက် ဗဟုသုတရဖွယ် ရိဒ်ရေအိုင်ကြီးအကြောင်း အော်ဟစ်ကျက်မှတ်နေသံ ရိဒ်ရေကန်ထက်ဝန်းကျင် တောင်တန်းများပေါ်တွင် လွင့်ပျံ့နေပါက အံ့ဩဖွယ်ရှိမည်မဟုတ်ပေ။ ။

7 DAY NEWS JOURNAL
Vol.13, No.2 • MARCH 12 , 2014

# ငြိမ်းချမ်းရေးအတွက်



နှစ်ဖက်ခေါင်းဆောင်များ နှုတ်ဆက်နေစဉ်

**အောင်သူရ**

**ရန်ကုန်** မြို့မြန်မာငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေးဗဟိုဌာနတွင် ပြုလုပ်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ထူးခြားမှုတစ်ခုကို တွေ့ရသည်။ ဆွေးနွေးပွဲသို့ မြန်မာတပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီးသုံးဦးနှင့် ဗိုလ်ချုပ်နှစ်ဦးတို့ တက်ရောက်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တက်ရောက်ဆွေးနွေးသူများထဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အထူးစစ်ဆင်ရေးမှူး (ကစထမှူး)များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ စရဖချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဗိုလ်ချုပ်မြထွန်းဦးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်မောင်မောင်အုန်းတို့တက်ရောက်ခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့တို့သည် လော်ခီးလာညီလာခံမှ ရေးဆွဲသော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းကို မတ် ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဆွေးနွေးခဲ့ကြသည်။

နှစ်ရက်တာ ဆွေးနွေးပွဲနှင့်ပတ်သက်၍ "နှစ်ရက်ဆွေးနွေးပွဲမှာတပ်မတော်ဘက်ကိုအများကြီးကျေးဇူးတင်ချင်ပါတယ်။ သေသေချာချာလေ့လာပြီးမှအကောင်းမြင်ပြီး ချဉ်းကပ်တယ်လို့ ပထမအနေနဲ့ တွေ့ရတယ်"ဟု တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေး(NCCT)မှ အကြံပေးဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းကဆိုသည်။

"တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးကို တကယ်လိုလားတဲ့ဆန္ဒနဲ့ကတိကဝတ်ကိုမြင်ရတယ်။ ကျွန်တော်တို့ တိုင်းပြည်အတွက်အင်မတန်ကောင်းတဲ့ အလားအလာဖြစ်တယ်"ဟု ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းကပြောသည်။

တပ်မတော်ဘက်မှ တင်ပြဆွေးနွေးရာတွင် မူတစ်ခုတည်းအသေမကိုင်ထားဘဲညှိနှိုင်းရမည်၊ ဆွေးနွေးရမည်၊ အဖြေရှာရမည်၊ အတူတကွလုပ်ရမည်ဆိုသည့်သဘောထားမျိုးတွေ့ရကြောင်း တိုင်းရင်းသားခေါင်းဆောင်တစ်ဦးကပြောသည်။

ထို့ကြောင့်နှစ်ရက်တာ ဆွေးနွေးပွဲပြီးနောက် ယခင်ကရေးဆွဲခဲ့သော မူကြမ်းနှစ်ခုကို ဖျက်သိမ်း၍ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုနိုင်ရေးနှင့် ပတ်သက်ပြီး အချက်လေးချက်ကို သဘောတူညီမှုရရှိခဲ့ကြသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပူးတွဲရေးသားပြုစုရေးလုပ်ငန်းအဖွဲ့ကို နှစ်ဖက်တာဝန်ရှိသူများအညီအမျှပါဝင်သော အရေအတွက်ဖြင့် ညှိနှိုင်းဖွဲ့စည်းသွားရန် သဘောတူညီခဲ့ကြသည်။ ထို့အပြင် မတ်လနောက်ဆုံးအပတ်တွင် ထပ်မံတွေ့ဆုံဆွေးနွေးရန် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲသို့အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တက်ရောက်နိုင်ရေး ဖိတ်ကြားသွားရန် နှစ်ဖက်ကိုယ်စားလှယ်များက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်မူကြမ်းတစ်ခုကို အခန်း (၇) ခန်းဖြင့် ပြုစုရေးသားရန် ပဏာမသဘောတူသည်တို့ဖြစ်သည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းကို အစိုးရဘက်မှကိုးဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဘက်မှကိုးဦး စုစုပေါင်း ၁၈ဦး ပူးပေါင်းကော်မတီမှ ရေးဆွဲကြမည်ဖြစ်သည်။ အစိုးရမှ ကိုးဦးတွင် နိုင်ငံတော် သမ္မတဘက်မှ သုံးဦး၊ လွှတ်တော်မှ သုံးဦးနှင့်တပ်မတော်မှ သုံးဦးတို့ပါဝင်ကြမည်ဖြစ်သည်။

"အခုက နားလည်မှု အတော်လေးရသွားတယ်။ အရင်က ဆိုရင် နှစ်ဖက်က မူနှစ်ခုဖြစ်နေတယ်။ အဲဒီလိုအနေအထားမျိုးမှာ ညှိနှိုင်းရအင်မတန်ခက်တယ်" ဟု NCCT အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာကဆိုသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်ချုပ်ဆိုနိုင်ရန် အတွက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်းနှစ်ခုကို တိုင်းရင်းသားများဘက်မှ ရေးဆွဲခဲ့သည်။ ပြီးခဲ့သည့် အောက်တိုဘာတွင် ကေအိုင်အိုဌာနချုပ်ရှိရာ လိုင်ဇာညီလာခံတွင် မူကြမ်းတစ်ခု၊ ကေအင်ယူထိန်းချုပ်နယ်မြေ လော်ခီးလားညီလာခံတွင် စာချုပ်မူကြမ်းတစ်ခုရေးဆွဲခဲ့သည်။ အ

# အပစ်အခတ်ရပ်စဲရေး အောင်မြင်လိမ့်မယ်ထင်ပါတယ်။ တိုင်းရင်းသားတွေရဲ့ နိုင်ငံရေးရပိုင်ခွင့်တွေကိုတော့ အစိုးရ

## ရက္ခိုင့်တပ်မတော် စစ်ရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ကျော်ဟန်နှင့် တွေ့ဆုံခြင်း




**အောင်သူရ၊ အောင်ခိုင်**

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးနိုင်ရန် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ၊ တပ်မတော်၊ ပြည်ထောင်စုလွှတ်တော်တို့မှ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့(NCCT) ကိုယ်စားလှယ်က မတ်လ၉ ရက်မှစတင်၍ ရန်ကုန်မြို့၌ နှစ်ရက်ကြာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအခြေအနေများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်အလားအလာ၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် တပ်မတော်ဘက်မှ ပါဝင်မှုအခန်းကဏ္ဍ၊ AA ၏ ရပ်တည်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးပွဲတက်ရောက်လာသော ရက္ခိုင့်တပ်မတော်(AA)မှ စစ်ရေးတာဝန်ခံဒုတိယဗိုလ်မှူးကြီးကျော်ဟန်နှင့် 7 Day Newsက သီးသန့်မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ပထမဆုံးအနေနဲ့ အခုဆွေးနွေးပွဲ အခြေအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် အလားအလာများအပေါ် ဗိုလ်မှူးကြီးရဲ့ အမြင်ကိုပြောပြပေးပါ။**

ကျွန်တော်ရဲ့ အမြင်ကတော့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးအတွက် လိုင်ဇာမှာတိုင်းရင်းသားအဖွဲ့တွေ စတွေ့ခဲ့တယ်။ လိုင်ဇာရလဒ်အရ NCCTနဲ့ အစိုးရဘက်ပထမဆုံးမြစ်ကြီးနားမှာ တွေ့ခဲ့တယ်။ လိုင်ဇာသဘောတူညီချက်နဲ့ အစိုးရဘက်ကချပြတဲ့ မူ ၁၄ ချက်ကို မြစ်ကြီးနားမှာ ဆွေးနွေးခဲ့ကြတယ်။ အဲဒီကတစ်ဆင့် NCCTအဖွဲ့နဲ့ အစိုးရချင်းမှာ အလွတ်သဘောတွေ့တယ်။ အဲဒီမှာ သူတို့ဘက်က ချပြတဲ့ တချို့အချက်တွေရှိတယ်။ ပြီးတော့ လော်ခီးလာမှာမူကြမ်းတစ်စောင်ထွက်လာတယ်။ အဲဒီလိုအဆင့်ဆင့် ဆွေးနွေးခဲ့တာမှာ အခုတစ်စုံ တစ်ရာတိုးတက်မှုရှိတယ်လို့ ပြောနိုင်ပါတယ်။ မနေ့ကနဲ့ ဒီနေ့ဆွေးနွေးပွဲမှာ လွှတ်တော်ဘက်က ကိုယ်စားလှယ်တွေ၊ MPCဘက်က၊ တပ်ဘက်ကရော ပါလာတော့ အရင်ကဆို MPCနဲ့ပဲ ဆွေးနွေးရတယ်။ အခုတော့အလုံးစုံဆွေးနွေးနိုင်တယ်။ ဒီတော့ ပိုကောင်းပိုပြီး

# ခြေတစ်လှမ်း


ဓာတ်ပုံ – အောင်သူရ

လားတူအစိုးရဘာကလည်း မူကြမ်းနှစ်ခုရေးဆွဲခဲ့သည်။

မူကြမ်းများရေးဆွဲပြီးနောက် အပြန်အလှန်ညှိနှိုင်းရာတွင် အဆင်မပြေသဖြင့် ယခုအချိန်အထိ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်မချုပ်ဆိုနိုင်ဖြစ်နေကြရသည်။

“ဒီပွဲမှာ ရလိုက်တဲ့အကျိုးအမြတ်ကတော့ အဖွဲ့တစ်ဖွဲ့ ဖွဲ့လိုက်မယ်။ မူတစ်ခုတည်းဖြစ်အောင် ပူးပေါင်းပြီးရေးမယ်”ဟု ဦးနိုင်ဟံသာက သုံးသပ်သည်။

ထို့အပြင် ပူးပေါင်းကော်မတီက အသစ်ရေးဆွဲမည့် မူကြမ်းတွင် ပြီးခဲ့သည့် တိုင်းရင်းသားများညီလာခံများတွင် ရေးဆွဲသော စာချုပ်မူကြမ်းများနှင့် အခန်းများနည်းသွားသည်ကို တွေ့ရသည်။

လိုင်ဇာညီလာခံတွင် ရေးဆွဲခဲ့သော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမူကြမ်း၌ အခန်း(၁၄)ခန်းပါရှိပြီး လော်ခီးလားညီလာခံတွင် ရေးဆွဲသောမူကြမ်း၌ အခန်း(၁၁)ခန်းပါဝင်သည်။

ယခုရေးဆွဲမည့် မူကြမ်းတွင်မူ အခန်း (၇) ခန်းသာပါဝင်ပြီး ထို အခန်းများမှာ အခြေခံမူများ ၊ ဦးတည်ချက်နှင့် ရည်ရွယ်ချက်၊ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကိစ္စများ၊ အပစ်အခတ်ရပ်စဲရေးကို ခိုင်မာစေရန်လုပ်ဆောင်ရမည့် နည်းလမ်းများ၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် အထွေထွေတို့ဖြစ်သည်။

အခန်း (၄) ဖြစ်သော အပစ်အခတ်ရပ်စဲရေးကို ခိုင်မာစေရန် လုပ်ဆောင်ရမည့်နည်းလမ်းများ အခန်းတွင် ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ နှစ်ဖက်လိုက်နာရမည့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ၊ လူ့အခွင့်အရေးနှင့် အရပ်သားများကာကွယ်ရေးတို့ပါသည်။

အခန်း (၅) ဖြစ်သော နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ အခန်းတွင် နိုင်ငံရေးဆွေးနွေးပွဲကို ကျင်းပရန် နိုင်ငံရေးဆွေးနွေးပွဲမူဘောင်များဆွေးနွေးရမည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးပြီးနောက် ရက်ပေါင်း ၆၀ အတွင်း နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို သဘောတူမည်။ နိုင်ငံရေးဆွေးနွေးပွဲကို ရက်ပေါင်း ၉၀ အတွင်း ဆွေးနွေးရမည်တို့ ပါဝင်သည်။

ထို့အပြင် ယုံကြည်မှုတည်ဆောက်ရေး၊ မတရားအသင်းမှ ပယ်ဖျက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးမရမီ ကြားကာလဆောင်ရွက်ရမည့်အချက်များပါဝင်သည်။

အထွေထွေကဏ္ဍတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်ရေးထိုးရာတွင်ပါဝင်ရမည်သူများတို့ ဖြစ်သည်။

နောက်ဆုံးရေးဆွဲခဲ့သော လော်ခီးလာမူကြမ်းတွင် တပ်ပိုင်းဆိုင်ရာကိစ္စများ၊ ပူးတွဲစောင့်ကြည့်ရေးကိစ္စနှင့် ကြားကာလဟု သတ်မှတ်ထားသည့် အပစ်အခတ်ရပ်စဲပြီးနောက် ထာဝရငြိမ်းချမ်းရေးမရမီတိုင်းရင်းသားဒေသများတွင်ရှိသော သဘာဝသယံဇာများ တူးဖော်ထုတ်လုပ်ရေးတို့တွင် အစိုးရနှင့် သဘောထားကွဲလွဲခဲ့ကြသည်။

အသစ်ပြန်လည်ဖွဲ့စည်းမည့် ကော်မတီက ရေးဆွဲမည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး မူကြမ်းတွင်လည်း အဆင်မပြေမှုများရှိနိုင်သည်။

“ဖက်ဒရယ်ပြည်ထောင်စုကို ဘယ်လိုပုံဖော်မလဲ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုဖြတ်ကျော်မလဲ။ အနာဂတ်မှာ တပ်မတော်ကို ဘယ်လိုနေရာချထားမလဲဆိုတဲ့ ကိစ္စတွေမှာတော့က ပြဿနာရှိနိုင်တဲ့ ကိစ္စတွေပါ” ဟု ဦးနိုင်ဟံသာကဆိုသည်။

ထိုကဲ့သို့ ရှိလာပါကလည်း တူညီသည့်အချက်များကို အရင်ရေးဆွဲပြီးနောက် မတူညီသည့် အချက်များကိုသက်ဆိုင်ရာသို့ပြန်လည်တင်ပြညှိနှိုင်းဆွေးနွေးသွားရန်ရှိသည်ဟု တိုင်းရင်းသားကိုယ်စားလှယ်အချို့ကဆိုသည်။

**ယခုဆွေးနွေးပွဲပြီးနောက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ ဘယ်အဆင့်ကို ရောက်ရှိသွားပြီလဲဟု တိုင်းရင်းသားခေါင်းဆောင် အစိုးရခေါင်းဆောင်နှင့် တပ်မတော်ခေါင်းဆောင်များအားမေးမြန်းသောအခါ NCCT အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက ‘‘အမှတ်အောင်သွားပြီပြောလို့ရတယ်။ စာမေးပွဲဖြေရင်တော့ ၄၀ ကျော်သွားပြီပေါ့ဗျာ’’**

“တူတာတွေဆက်လုပ်မယ်။ မတူတာတွေကို ဆက်ဆွေးနွေးမယ်။ မတူတာတွေကို နိုင်ငံရေးဆွေးနွေးပွဲထဲကိုရွှေ့လိုက်မယ်။ ကိုယ်ပြောတဲ့ အကြံအတိုင်းလုပ်မယ်ဆိုရင် မနက်ဖြန်ထိုးလို့ရတယ်”ဟု ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကဆိုသည်။

တစ်ဦးနှင့်တစ်ဦးစိုးရိမ်ကြောင့်ကြမှုမရှိဘဲ တစ်ယောက်နှင့်တစ်ယောက်ယုံယုံကြည်ကြည် လေးလေးစားစားနှင့် လုပ်ဆောင်မည်ဆိုပါက မြန်မြန်ဆန်ဆန် ဖြစ်လာမှာဖြစ်ကြောင်း ဝန်ကြီးဦးအောင်မင်းကဆိုသည်။

ဆွေးနွေးပွဲက သဘောတူလိုက်သည့် ကော်မတီ ၁၈ ဦးထဲတွင် အစိုးရမှ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဦးဆောင်ပြီး လွှတ်တော်ဘက်မှ ပြည်ခိုင်ဖြိုးပါတီ ပြည်သူ့လွှတ်တော်အမတ်ဦးသိန်းဇော်က ဦးဆောင်မည်ဖြစ်သည်။ တပ်မတော်ဘက်ကမူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ တင်ပြတောင်းခံရဦးမည်ဖြစ်သည်။

အလားတူ NCCT ဘက်မှာလည်း ယခုလ ၂၀ ရက်နေ့တွင် အစည်းအဝေးပြုလုပ်ပြီးနောက် ကော်မတီတွင် ပါဝင်မည့် ကိုးဦးကို ပြန်လည်ရွေးချယ်ကြမည်ဖြစ်သည်။

ထိုသို့ရွေးချယ်ပြီးနောက် မတ်လနောက်ဆုံးအပတ်တွင် ရန်ကုန်မြို့၌ ပြန်လည်တွေ့ဆုံ၍ မူကြမ်းရေးဆွဲကြမည်ဖြစ်သည်။

ထို့သို့ဆွေးနွေးရာတွင် NCCT တွင်မပါဝင်သော ‘ဝ’ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၊ မိုင်လားအဖွဲ့၊ ကိုးကန့်အဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦးတို့ကိုပါဖိတ်ကြား၍ ဆွေးနွေးကြမည်ဖြစ် သည်။

အသစ်ပြန်လည်ရေးဆွဲမည်ဆိုသော်လည်း ယခင်ရေးဆွဲခဲ့သည့် မူကြမ်းနှစ်ခုမှ တူညီသည့် အချက်များကိုယူပြီး မတူညီသည့် အချက်များအား နှစ်ဖက်ကိုယ်စားလှယ်များကညှိနှိုင်းရေးဆွဲမည့် ပုံစံဖြစ်ပြီး ယခုလုပ်မည့်အစီအစဉ်သည် နည်းလမ်းမှန်သော လုပ်ရပ်ဖြစ်ကြောင်း နှစ်ဖက်ကိုယ်စားလှယ်များက သုံးသပ်ကြသည်။

ထို့ကြောင့် ယခုဆွေးနွေးပွဲပြီးနောက် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်၍ ဘယ်အဆင့်ကို ရောက်ရှိသွားပြီလဲဟု တိုင်းရင်းသားခေါင်းဆောင် အစိုးရခေါင်းဆောင်နှင့် တပ်မတော်ခေါင်းဆောင်များအားမေးမြန်းသောအခါ NCCT အဖွဲ့ခေါင်းဆောင်ဦးနိုင်ဟံသာက “အမှတ်အောင်သွားပြီပြောလို့ရတယ်။ စာမေးပွဲဖြေရင်တော့ ၄၀ကျော်သွားပြီပေါ့ဗျာ”

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏အထူးအာဏာကုန်လွှဲအပ်ထားခြင်းခံရသူ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(ကစထမှူး ၁)က “အခုအခြေအနေကို ပြောမယ်ဆိုရင်တော့ခရီးတစ်ဝက်ရောက်သွားပြီလို့ ပြောရမှာပေါ့” ဝန်ကြီးဦးအောင်မင်းကမူ “ကိုယ့်အနေနဲ့ ၇၀ ရာခိုင်နှုန်းတူတယ်လို့ ပြောလို့ရပါတယ်”ဟူ၍ ဖြစ်သည်။

---

# ...ဘက်က စဉ်းစားဖို့လိုတယ်

တိုးတက်မှုရှိလာတယ်။ ဒီတစ်ခေါက်တွေ့ဆုံတာက ပိုပြီးတိုးတက်တယ်လို့ ပြောရပါမယ်။

**AA ကအပစ်အခတ်ရပ်စဲရေးလက်မှတ်မထိုးရသေးတော့ အခုတစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနဲ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ဘယ်လိုသဘောထားရပ်တည်ချက် ရှိပါသလဲ။**

AA အနေနဲ့ တိုင်းရင်းသားတွေအားလုံးနဲ့ ထပ်တူရှိပါတယ်။ ခွဲပြီးတော့ ရပ်တည်လို့လည်း အခုအချိန်မှာမရပါဘူး။ ကျွန်တော်တို့ကတော့ ကျန်တိုင်းရင်းသားအားလုံးနဲ့ ရပ်တည်ချက်တူပါတယ်။ တိုင်းရင်းသားတွေဘက်က ချမှတ်ထားတဲ့ အပေါ်မှာပဲ ခိုင်ခိုင်မာမာရပ်တည်ပါတယ်။ ဒါကို အစိုးရနဲ့ဆက်ညှိနှိုင်းရမှာပါ။

**ဒီတစ်ခေါက်တွေ့ဆုံပွဲမှာ တပ်မတော်ဘက်က ပြောကြားချက်တွေကို တိုင်းရင်းသားတွေဘက်က အားရကျေနပ်မှုရှိတယ်လို့ သိရပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တပ်မတော်ရဲ့ သဘောထား ပါဝင်လာမှုအပေါ် ဘယ်လိုထင်မြင်ပါလဲ။**

ခုနကပြောခဲ့သလိုပါပဲ။ အရင်က MPC နဲ့ပဲ ဆွေးနွေးရတယ်။ အခုအလုံးစုံဆွေးနွေးနိုင်တယ်။ ဒီတော့ ပိုတိုးတက်ကျေနပ်မှုရှိပါတယ်။

**အခုနှစ်ဖက်ပူးတွဲပြီး မူကြမ်းကိုရေးဆွဲမယ်။ လေးလပိုင်းမှာ နှစ်ဖက်ပြန်တွေ့မယ်လို့သိရပါတယ်။ ရှေ့ဆက်မယ့် အခြေအနေကို ဗိုလ်မှူးကြီးဘယ်လိုမြင်ပါသလဲ။**

အစိုးရကချပြတဲ့ NCAမူကြမ်းနဲ့ NCCTရဲ့မူကြမ်းကို အပြန်အလှန်ဆွေးနွေးကြပြီး ၉ ရက် ညနေပိုင်းက နှစ်ဖက်စလုံးပူးတွဲပြီး တစ်စောင်တည်းပူးတွဲရေးမယ်ပေါ့။ သဘောတူခဲ့ကြတယ်။ ဒီတော့ အကောင်းဆုံးလက္ခဏာမှာရှိပါတယ်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးနိုင်ဖို့၊ နိုင်ငံရေးဆွေးနွေးပွဲတွေသွားဖို့၊ မူဘောင်တွေချဖို့ ရှေ့ဆက်ဆောင်ရွက်မဲ့ကိစ္စတွေတော်တော်သဘောတူကြပါတယ်။ အခြေခံရပ်တည်ချက်တွေတူတော့ အကောင်းဆုံးတိုးတက်မှုတွေရှိတယ်လို့ပဲမြင်ပါတယ်။

**ရခိုင်အမျိုးသားအင်အားစုတွေ ပြည်သူတွေကလိုလားတောင်းဆိုနေကြပါတယ်။ AA အပါအဝင် ရခိုင်လက်နက်ကိုင်အဖွဲ့တွေကို အစိုးရနဲ့ ညှိပြီး ရခိုင်ပြည်နယ်မှာ ပြည်သူ့စစ်ပုံစံပဲဖြစ်ဖြစ်အခြေချဖို့ AA ရဲ့ သဘောထားကိုသိပါရစေ။**

ဒီနေ့အမျိုးသားလုံခြုံရေးပေါ့။ အစိုးရက ဖွံ့ဖြိုးတိုးတက်ရေးတွေကို ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ကလည်း လက်တွဲဆောင်ရွက်ချင်ပါတယ်။ ဖြစ်ချင်တာ၊ ရပ်တည်ချက်အတူတူပါပဲ။ လုပ်နည်းလုပ်ဟန်ကွဲတာတော့ရှိတာပေါ့။ ဒါကိုဆွေးနွေးညှိနှိုင်းရမှာပါ။ ဒီနေ့ရခိုင်ပြည်နယ်မှာ တရားမဝင်လူဦးရေ တိုးပွားမှုပြဿနာဟာ ရခိုင်တစ်ပြည်နယ်လုံးတင်မကတစ်နိုင်ငံလုံးရဲ့ပြဿနာ၊ ခြိမ်းခြောက်မှု၊ ဒါရခိုင်ပြည်ရဲ့ပြဿနာတင်မကပါဘူး။ ဒါကို အမျိုးသားလုံခြုံရေးကို နိုင်ငံတကာစံချိန် စံနှုန်းတွေနဲ့ အညီ ဥပဒေနည်းလမ်းအရ တစ်နိုင်ငံလုံး ဝိုင်းဝန်း ပူးပေါင်းပြီး ဒေသလုံခြုံရေးကို ပါဝင်ဆောင်ရွက်ကြဖို့လိုပါတယ်။

**ဟုတ်ကဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲအကြောင်းထပ်မေးချင်ပါတယ်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးနိုင်မယ်လို့ မျှော်လင့်ပါသလား။**

“အပစ်အခတ်ရပ်စဲရေးအောင်မြင်လိမ့်မယ်ထင်ပါတယ်။ တိုင်းရင်းသားတွေရဲ့ နိုင်ငံရေး ရပိုင်ခွင့်တွေကိုတော့ အစိုးရဘက်က စဉ်းစားဖို့လိုတယ်”စစ်မှန်တဲ့ ဖက်ဒရယ်စနစ်ပေါ်မှာ ရပ်တည်ချက်ရှိရင် အခြေခံရင်အကောင်းဆုံးဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ နှစ် (၆၀)ကျော်ပြည်တွင်းစစ်မှာ ဘယ်သူမှ မအောင်နိုင်ဘူး။ ဘယ်သူမှ မရှုံးဘူး။ တိုင်းပြည်ပဲ ချွတ်ခြုံကျသွားတယ်။ တိုင်းပြည်ကိုကောင်းစေချင်ရင် အားလုံးလက်ခံနိုင်မယ့် မူဘောင်ကို ချမှတ်ဖို့အရေးကြီးတယ်။ နှစ်ဖက်လက်ခံနိုင်တဲ့ မူဘောင်ကို ချမှတ်နိုင်ရင် ကျွန်တော်တို့ အေးချမ်းဖွံ့ဖြိုးရုံသာမက ချက်ချင်းတိုးတက်လာမှာပါ။

**ဟုတ်ကဲ့၊ ဗိုလ်မှူးကြီးတို့အနေနဲ့ ဘာများ ဖြည့်စွက်ပြောကြားချင်ပါသလဲ။**

ဖြည့်စွက်ပြောချင်တာက ဒီနေ့ငါ့မူ၊ သူ့မူဆိုတာထက် ကိုယ်ကိုင်စွဲထားတဲ့ မူမှန်ပေမယ့် တိုင်းပြည်ကို ကြည့်ဖို့လိုတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ ပဋိပက္ခတွေ ဖြစ်ပွားချိန်မှာ ဆုံးရှုံးခဲ့ရတဲ့ သယံဇာတအရင်းအမြစ်တွေ ဘယ်လောက်များပြီလဲ။ ကိုင်စွဲထားတဲ့မူက တစ်နိုင်ငံလုံးအေးအေးချမ်းချမ်း၊ အေးအတူပူအမျှဖြစ်ဖို့ အခြေခံဖို့ဆွေးနွေးညှိနှိုင်းသွားဖို့ လိုတယ်လို့ပြောချင်ပါတယ်။

**ကျေးဇူးတင်ပါတယ်**

# ၂၀၁၅ ရွေးကောက်ပွဲနှင့် နိုင်ငံရေး စီးပွားရေးအလားအလာ စကားဝိုင်းကောက်နုတ်ချက်များ

**7Day News Journal (၁၂)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် "၂၀၁၅ ရွေးကောက်ပွဲနှင့် နိုင်ငံရေး၊ စီးပွားရေး အလားအလာ "ဆိုသောခေါင်းစဉ်ဖြင့်စကားဝိုင်းကို ထည့်သွင်းကျင်းပခဲ့ရာ သတင်းစာဆရာ ဦးရဲနိုင်မိုး၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ဦးကိုကိုကြီး၊ သမ္မတ၏ စီးပွားရေး၊ လူမှုရေးအကြံပေးကောင်စီဝင် ဒေါက်တာဇော်ဦး၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT)မှ ပညာရှင်ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းတို့ပါဝင်ဆွေးနွေးခဲ့ပြီး အဆိုပါစကားဝိုင်းမှ ကောက်နုတ်ချက်အချို့ကို စာဖတ်ပရိသတ်များအတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**



*ဒေါက်တာဇော်ဦး၊ ဦးရဲနိုင်မိုး၊ ဦးကိုကိုကြီးနှင့် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းတို့ ဆွေးနွေးနေစဉ်*
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ဒေါက်တာဇော်ဦး** – အရင်တုန်းကချုပ်ထားတဲ့ ကြိုးနီစနစ်တွေ ဖယ်ရှားပေးဖို့ကိစ္စဟာ စီးပွားရေးမှာ အင်မတန်မှ အရေးကြီးတဲ့ကိစ္စပါ။ နိုင်ငံတစ်ခုအနေနဲ့၊ အစိုးရအနေနဲ့ ဒီကိစ္စကို ပထမအဆင့်အနေနဲ့ လုပ်ခဲ့ပေမယ့် ပြည်သူကြားမှာ ထင်ရှားပြီးတော့ ပြည်သူတွေလက်ဆုပ်လက်ကိုင်ပြနိုင်တဲ့ အကျိုးကျေးဇူးက ပြည်သူတစ်ဦးချင်းစီအနေနဲ့ပြောရမယ်ဆိုရင် ခုအချိန်အထိ မရသေးတဲ့ ပြဿနာဖြစ်နေတယ်။ အဲဒါကတော့ ဘာနဲ့ဆိုင်နေသလဲဆိုရင် ကြိုးနီစနစ်ကိုဖယ်ရှားတဲ့အခါ ပထမအဆင့်မှာ လွယ်လွယ်ကူကူနဲ့ လုပ်နိုင်ခဲ့ပေမယ့် ဒုတိယအဆင့်ဖြစ်တဲ့ တည်ဆောက်ရေးအပိုင်းမှာ အင်မတန်မှ အခက်အခဲတွေနဲ့ ကြုံနေရပါတယ်။အဲဒီအခက်အခဲတွေဟာ နိုင်ငံရေးအခက်အခဲတွေရှိသလို စီးပွားရေးပိုင်းမှာကိုက စီးပွားရေးအဆောက်အအုံတွေမရှိတဲ့ကိစ္စ၊ အဆောက်အအုံတွေကိုင်တွယ်ရမယ့် လူ့စွမ်းအားအရင်းအမြစ်ချို့တဲ့နေတဲ့ကိစ္စတွေ၊ နောက်ပြီးတော့ ကျွန်တော်တို့အပိုင်းမှာ ပေါ်လစီနဲ့ ဥပဒေပိုင်းမှာအားနည်းနေတဲ့ကိစ္စတွေအများကြီးဖြစ်နေတဲ့အတွက်ကြောင့်မို့ တည်ဆောက်ရေးပိုင်းမှာ အချိန်ယူနေရတာဖြစ်တဲ့အတွက်ကြောင့်မို့ ခုနကအခက်အခဲတွေနဲ့ကြုံနေရတယ်လို့ ပြောချင်ပါတယ်။ သို့သော်လည်းပဲ ပထမအဆင့်ဖြစ်တဲ့ နောက်ကြောင်းပြန်မလှည့်အောင် ဖြေလျှော့မှုအပိုင်းမှာ စီးပွားရေးမှာ စလိုက်တာဖြစ်တဲ့အတွက်ကြောင့်မို့ ဥပမာအားဖြင့် ငွေလဲနှုန်းဆိုရင် အခုအချိန်မှာ ၆ ကျပ်နှုန်းနဲ့ပြန်သွားချင်တယ်ဆိုရင်မရတော့ဘူး။ အခုအချိန်မှာ လိုင်စင်ခေတ်ကို ပြန်သွားမယ်ဆိုရင်မရတော့ဘူး။အဲဒီတော့ အဲဒီဘက်ကကြည့်မယ်ဆိုရင် နောက်ကြောင်းပြန်မလှည့်အောင်တော်တော်လုပ်နိုင်ခဲ့ပြီလို့ပြောလို့ရပါတယ်။

**ဦးကိုကိုကြီး** – ကျွန်တော်တို့က ဒီမိုကရေစီဆိုတာကို ရွေးကောက်ပွဲတစ်ခုတည်းနဲ့ နားလည်နေရင် မပြည့်စုံဘူးလို့ ကျွန်တော်မြင်တယ်။ အဲဒီတော့ လူစုဆန္ဒဖော်ထုတ်တာတွေ၊ မဲပေးတာတွေ ကျွန်တော်တို့ ကြိုးစားနေတဲ့တစ်ချိန်တည်းမှာ အရေးပါတဲ့ ဒီမိုကရေစီခေါင်းဆောင်တွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ဒီဘက်က စစ်တပ်၊ တပ်မတော် ခေါင်းဆောင်တွေ၊ အစိုးရတာဝန်ရှိသူတွေကြားထဲမှာ နိုင်ငံရေးသဘောတူညီချက်တစ်ခု (Political path) တစ်ခုရဖို့ လိုတယ်။ Political path ဆိုတာ တစ်ခါစာချုပ်စာတမ်းမှ မဟုတ်ဘူး။ Trust ပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့တောင်အာဖရိကနမူနာကိုကျွန်တော်ပြောဖြစ်တယ်။နယ်လ်ဆင်မန်ဒဲလားကိုထောင်ထဲမှာလာပြီးထုတ်လိုက်၊သွင်းလိုက်ဆွေးနွေးတာ အကျဉ်းသားဘဝနဲ့ ဆွေးနွေးတာနော်။ ဆွေးနွေးပြီးတဲ့အခါကျမှ လွတ်လာတယ်။ ပြီးတဲ့အခါကျတော့ ရွေးကောက်ပွဲလုပ်တယ်။ ANC က အပြတ်အသတ်နိုင်မယ်ဆိုတာကို သိတယ်။ ဒီဘက်က ရှုံး မယ်ဆိုတာကို သိတယ်။ အဲဒီတော့ သူတို့အပြတ်အသတ် ရှုံးမယ်ဆိုတာသိတဲ့ ရွေးကောက်ပွဲကိုလုပ်တယ်။ အပြတ်အသတ်နိုင်သွားတဲ့အခါကျတော့ ဒီရွေးကောက်ပွဲရလဒ်ကို သူတို့အကြီးအကျယ်ရှုံးနိမ့်တဲ့အတွက်ကြောင့် မလွှဲပေးဘူးဆိုတာလည်းမရှိဘူး။ဘာကြောင့်လဲဆိုတော့ Trustက ရှိသွားပြီ။ ဒီအဖွဲ့နိုင်သွားလို့ အာဏာရသွားလည်း သူ့အတွက် ခြိမ်းခြောက်မှုမခံစားရဘူး။ အန္တရာယ်လို့ မမြင်တဲ့အတွက်ကြောင့် ဒီတောင်အာဖရိက အပြောင်းအလဲက ညင်ညင်သာသာနဲ့ ဖြစ်သွားတယ်။ အဲဒီတော့ ကျွန်တော်တို့က ၂၀၁၅၊ ၂၀၁၅ ဆိုတာက ရွေးကောက်ပွဲမှာ အနိုင်ရအဖွဲ့တွေကို အာဏာပေးလိုက်ဆိုတာ လွယ်လွယ်လေး ပြောနေတာ။ တကယ်က ဒီမတိုင်ခင်မှာ အရေးပါတဲ့ Trust ကို အင်အားစုတွေကြားထဲမှာရထားမှ ဒီအပြောင်းအလဲက ညင်ညင်သာသာ ဖြစ်မှာ။ အဲဒီလို မဟုတ်ရင် A or B ပေါ့။ ကျွန်တော်တို့ ခန့်မှန်းလို့မရတဲ့ ဒီမငြိမ်မသက်မှုတွေဆိုတာက ဒီလူမျိုးရေး၊ ဘာသာရေးပုံစံနဲ့ ဖြစ်နိုင်တယ်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း** – အမျိုးဘာသာ၊ သာသနာဆိုတာNationality လို့ခေါ်တဲ့ အမျိုးသားရေးဝါဒရဲ့ အခြေခံဖြစ်ပါတယ်။ အဲဒီအမျိုးဘာသာသာသနာဆိုတဲ့ Nationalism အမျိုးသားရေးဝါဒကို ကျွန်တော်တို့အနေနဲ့ သုံးသင့်တဲ့နေရာမှာ သုံးရမယ့် တိုင်းပြည်မှာ သုံးရင်တော့ အကျိုးရှိတယ်။ မသုံးသင့်တဲ့နေရာ မသုံးသင့်တဲ့ တိုင်းပြည်မှာ သုံးရင်တော့အင်မတန်မှ အန္တရာယ်ကြီးတယ်။ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အဓိကပြဿနာကအဲဒီပေါ်မှာ မူတည်ပါတယ်။ အဲဒီတော့ အမျိုးဘာသာ သာသနာဆိုတော့ အမျိုးသားနိုင်ငံထူထောင်ဖို့အတွက် အင်မတန်ကောင်းတဲ့ နိုင်ငံရေးဝါဒဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ သို့သော် လူမျိုးဘာသာပေါင်းစုံရောနှောနေထိုင်တဲ့ တိုင်းပြည်မှာ အမျိုးသားနိုင်ငံတော်ထူထောင်မယ်ဆိုရင် လုံးဝမှားမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ ပြဿနာက အဲဒီအမှားပေါ်မှာပဲ အခြေခံတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ လူမျိုးပေါင်းစုံရှိတယ်။ ဘာသာစကားပေါင်းစုံရှိတယ်။ ကိုးကွယ်ယုံကြည်မှုလည်း အများကြီးရှိတယ်ဆိုတော့ အဲဒီဟာတွေကြောင့် ဒီတိုင်းပြည်ကို အမျိုးဘာသာသာသနာဆိုတဲ့ လူမျိုးတစ်မျိုးပဲရှိရမယ်။ ဘာသာစကားတစ်ခုပဲပြောရမယ်။ ကိုးကွယ်ယုံကြည်မှုတစ်ခုကိုပဲ နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ပြီး လူတိုင်းကကိုးကွယ်ရမယ်ဆိုတဲ့ အယူဝါဒကြောင့်ပဲ။ ကျွန်တော်တို့ တိုင်းပြည်ဟာ နှစ်ပေါင်း ၆၀ ကျော်ပြည်တွင်းစစ်နဲ့ ရင်ဆိုင်နေရတာဖြစ်တယ်ဆိုတော့ အမျိုးဘာသာသာသနာဆိုတာ အမျိုးသားနိုင်ငံကို ထူထောင်တဲ့ဝါဒကြောင့် နှစ် ၆၀ ကျော်တိုင်းပြည်ကို ဒုက္ခပေးနေတာဖြစ်တယ်။ ဒီတိုင်းပြည်မှာ လူမျိုးပေါင်းစုံအတူတကွ နေထိုင်သရွေ့ အမျိုးသားနိုင်ငံလမ်းစဉ်ကို ကျွန်တော်တို့ သွားလို့မရဘူး။ အမျိုးသားနိုင်ငံထူထောင်မယ်ဆိုတဲ့ လူမျိုးတစ်မျိုးပဲရှိရမယ်။ ဘာသာတစ်ခုပဲ ကိုးကွယ်ရမယ်ဆိုတဲ့ ဝါဒကြောင့် တိုင်းပြည်ဟာ နှစ်ပေါင်း ၆၀ ကျော် ပြဿနာနဲ့ ရင်ဆိုင်နေရတယ်။ နောက်ဆုံးပြောချင်တာ ခုနကပြောတဲ့အထဲမှာ အမျိုးဘာသာသာသနာကို ဆန့်ကျင်ပြောလိုက်တာမဟုတ်ဘူး။ လူမျိုးတိုင်းမှာ ဘာသာရှိရမယ်။ သို့သော်လူမျိုးပေါင်းစုံရောနှောနေထိုင်တဲ့ တိုင်းပြည်မှာဒါကို ကျွန်တော်တို့ နိုင်ငံတော်ပေါ်လစီ တစ်ခုအဖြစ် သုံးပြီးတော့ ပြည်ထောင်စုစနစ်မသွားဘဲနဲ့ အမျိုးဘာသာသာသနာကို အခြေခံပြီး အမျိုးသားနိုင်ငံထူထောင်နည်းကိုသွားမှာ ကျွန်တော်က အရမ်းစိုးရိမ်တယ်။ အဲဒီလိုသွားနေသရွေ့ ကျွန်တော်တို့ တိုင်းရင်းသားတွေက မလွဲမရှောင်သာ လက်နက်ကိုင် နေရမှာဖြစ်ပါတယ်။

စာမျက်နှာ (၂၀) မှ

## အများပိုင်မြေတွေ ဘယ်ရောက်သွားပြီလဲ

"ခွင့်ပြုချက် ရ၊ မရတော့ မသိဘူး။ ဘယ်လိုနားလည်မှုတွေနဲ့လုပ်နေကြလဲ မသိဘူး။ လမ်းမတန်းနဲ့ဆို အများပိုင်မြေနေရာက အတွင်းဘက်ကျလို့ ဘယ်သူမှလည်းမမြင်ကြတော့ဘူး။ ဒီလိုနဲ့ အများပိုင်မြေဆိုတာ မရှိတော့ဘူး" ဟု ၎င်းကပြောသည်။

ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ရပ်ကွက်များ၌လည်း မြေစရိတ်ကြီးမြင့်မှုများကြောင့် မြေမဝယ်နိုင်သော၊ အိမ်ငှားမနေနိုင်သော ပျံကျလုပ်ကိုင်စားသောက်သူများအနေဖြင့် အများပိုင်လမ်းနှင့် ရေမြောင်းများကြားတွင် ဆိုင်ခန်းများသဖွယ်အဖီဆွဲကာ နေထိုင်ကြရသည်။

"လမ်းမနဲ့ ရေနုတ်မြောင်းနှုတ်ခမ်းကိုခွဆောက်ထားတာ။ အဲဒီလိုမျိုး ၁၅ အိမ်လောက်ရှိတယ်။ ပထမတော့ ဆိုင်ခန်းတွေဖွင့်ဖို့ဆိုပြီး ဆိုင်ခန်းဇန်းပြပြီး အဖီတွေဆွဲကြတာ။ နောက်တော့ လူနေအိမ်တွေဖြစ်သွားတယ်"ဟု ယင်းမြို့နယ်တွင် ၁၅နှစ်ကျော်နေထိုင်လာသူတစ်ဦးကပြောသည်။

အလားတူ ပုလဲမြို့သစ်ရှိ အမှတ်(၃)လမ်းမကြီး၏ ဘေးတစ်ဖက်တစ်ချက်ရှိ လမ်းနယ်မြေမှာပေ ၁၅၀စီသတ်မှတ်ထားသော်လည်း လက်ရှိတွင်လမ်းနယ်မြေများပေါ်၌ လက်ဖက်ရည်ဆိုင်၊ ပါတီရုံးခန်းအချို့နှင့် ဈေးဆိုင်ခန်းများနေရာယူလာသည်ကိုတွေ့နေရသည်။

"ကိုယ်ကျိုးစီးပွားရှာနေကြတာက ၂၀၀၈ တွေလက်ထက်က အခုထိပဲ။ ဒီလူတွေ ကြောက်ဖို့ကောင်းပါတယ်။သမ္မတကလည်း လမ်းကြိုလမ်းကြားတွေအထိ မသွားဘူး။ အဲဒီအတွက် ဒါတွေကို ဘယ်သိမလဲ။ အဲဒီအတွက် အောက်မြေမှာက လက်ဝါးချင်းရိုက်ပြီးတော့ လုပ်ကြတာတော့ ဘယ်လောက်အထိ အချိန်ကြာကြာရှိနေမလဲဆိုတာပါပဲ" ဟု လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က မှတ်ချက်ပြုသည်။

"ဘာအဖွဲ့အစည်း၊ ညာအဖွဲ့အစည်းတွေက စည်ပင်နဲ့ပေါင်းပြီးလုပ်ကြတာပဲ။ အများပိုင်မြေတွေပေါ်မှာ တင်ပြတော့လည်း အထက်ကို တင်ပြရမယ်ဆိုတာကိုသာ ပြန်ဖြေကြတာပါ။ ဘယ်သူကမှ အတိအကျဆိုတာ မရှိပါဘူး" ဟု ၎င်းက ဆိုသည်။

ရန်ကုန်မြို့၏ အကြီးမားဆုံး မီးတားမြေကွက်ဖြစ်သည့် ပုလဲမြို့သစ်ရှိ မီးတားမြေပေါ်တွင် ယခုအခါ ကုမ္ပဏီတစ်ခုက အဆောက်အအုံများ ဆောက်လုပ်နေခြင်းနှင့်ပတ်သက်၍ စလုပ်ကတည်းက ကန့်ကွက်ခဲ့သလို ရှေ့ဆက်ပြီး ကန့်ကွက်သွားကြမည်ဖြစ်ကြောင်း ဒေသခံများက ဆိုသည်။

"ဒီမီးတားမြေပေါ်မှာ အဆောက်အအုံတွေ မလုပ်ဖို့အတွက် သမ္မတကြီးဆီ စာတင်ထားတယ်။ ဒါတောင်ဆက်လုပ်သွားမယ်ဆိုရင် ကျွန်တော်တို့က ဆက်ပြီး ကန့်ကွက်သွားမှာပဲ" ဟု ဦးရဲမြင့်က မာန်အပြည့်ဖြင့် ပြောသည်။

စစ်အစိုးရလက်ထက် ဗိုလ်ချုပ်ကြီးနေဝင်း၏ လုံခြုံရေးယာဉ်၌ ယာဉ်မှူးအဖြစ် လုပ်ကိုင်ဖူးသူ အသက် ၈၀ အရွယ် အဘိုးအိုဦးရဲမြင့်က "အများပိုင်တဲ့မြေကွက်တွေပေါ်လုပ်ငန်းရှင်တွေက အာဏာပိုင်တွေနဲ့ ပေါင်းပြီး နေရာယူလာတာ အခု ခေတ်မှာ မရှိသင့်တော့ပါဘူး" ဟု ဆိုသည်။